
www.burmeseclassic.com

# မိုးမိုး(အင်းလျား)

# မှ တစ်ဆင့်



www.burmeseclassic.com

# အပိုင်းတစ်

www.burmeseclassic.com

# ၁

ချစ်ခြင်းမေတ္တာ၏ အငွေ့အသက်တို့ဖြင့် လွှမ်းခြုံအပ်သော ဤကမ္ဘာတွင် လောဘ ဒေါသ မာန်မာနတို့ဖြင့် ဖျက်ဆီး ချေမှုန်းခြင်းကို ခံရသောအခါ မေတ္တာတရား၏ နယ်ပယ်သည်လည်း ကျဉ်းမြောင်း၍ လာရလေသည်။

စက္ကန့် နာရီတိုင်းသည် ဘဝ၏ အစိတ်အပိုင်းများကို ချိုးဖဲ့ ချေမွလျက်ရှိ၏။ နောက်ကြောင်းကို ပြန်လှည့်ချင်၍ မရတော့ပေ။

တစ်ခါတစ်ရံတော့လည်း လူ့ဘဝကြီးသည် နေချင့်စဖွယ် သာတောင့်သာယာ ရှိပါပေသည်ဟု မှတ်ယူမိသည်။ သို့သော် မကြာမီပင် လောကတစ်ခုလုံးသည် လုံးဝ သုံးမရအောင် ကမောက်ကမ ဖြစ်သွားပြန်လေသည်။

အကယ်၍သာ ကိုယ့်ဘဝကို မကျေနပ်တိုင်း အစကပြန်စ၍ ရမည်ဆိုပါလျှင် မေမေနှင့် မမိုးအေးသည်လည်း အလွန် ချစ်ခင်ကြင်နာအပ်သော၊ ပဋိပက္ခများ ချုပ်ငြိမ်းသော၊ မိဘမေတ္တာဟူသည် မည်သို့တည်းဟု ရင့်ကျူးဖွံ့သိနိုင်သော ဘဝမျိုးကို ဖန်တီးလိုက်ချင်စမ်းသည်။

BURMESE CLASSIC .com

သို့သော် မေမေသည် မမိုးအေးကို မမွေးဖွားမီကပင် သူ့အသွင်နှင့်သူ သီးခြားရပ်တည်ခဲ့သူဖြစ်ပြီး မမိုးအေးကို မွေးဖွားလိုက်သောအခါတွင်မူ မမိုးအေးသည် တစ်သွေးတည်းဖြစ်မလာဘဲ အရောင်ကွဲ၍ ထွက်လာခဲ့လေသည်။ ဤသည်ကပင် မေမေနှင့် အတိုက်အခံပြုဖို့ ဖြစ်လာရခြင်းပင်တည်း။

ရထားတွဲ ခေါင်းဆက်သံ ဂျိမ်းခနဲ မြည်သွားသည်။ နန်းမြထွေးသည် ငေးမောနေရာမှ ဖျတ်ခနဲ သူ့ကို လှမ်းကြည့်လေသည်။

'လေယာဉ်ပျံနဲ့မှ သွားရင်ကောင်းသား မိုးရယ်၊ မိုးကို စိတ်မချလိုက်တာ'

မမိုးအေးက သူငယ်ချင်းဖြစ်သူကို အားနည်းလှစွာ ပြုံးပြလေသည်။

'မိုး ဒီမှာ တစ်ရက်မှ ထပ်မနေချင်တော့ဘူးကွယ်၊ ဖလိုက်တွေက မသေချာဘူး မဟုတ်လား'

'ထွေး မိုးကို နားလည်ပါတယ်၊ ဒါပေမယ့် ခုလို မြန်မြန်ဆန်ဆန် ဆုံးဖြတ်ပြီး စိတ်လိုက်မာန်ပါ ထွက်လာတာတော့ မကောင်းဘူး ပေါ့ကွယ်၊ ခုလောက်ဆို မိုးရဲ့မေမေ စိတ်ပူနေမှာပဲ၊ ကိုစိုးသစ် ကော၊ သူလဲ စိတ်ပူမှာပဲ၊ တကယ်တော့ သူတို့နှစ်ယောက်လုံး မိုးကို ချစ်ကြပါတယ်လေ'

မမိုးအေးက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ သည်အကြောင်းတွေကို မေ့ပစ်ချင်သည်။ စိတ်ကို တင်းလိုက်ခြင်းဖြစ်သော်လည်း မျက်လုံးအိမ်အတွင်းမှာ မျက်ရည်စတွေ ခိုမှီလာကြသည်။ သက်ပြင်းကို ကြိတ်၍ မျိုချလိုက်သည့်အခါ ရှိုက်သံတစ်ဝက် ပေါ်လာလေသည်။

'အို မိုးရယ် မငိုပါနဲ့တော့ကွယ်'

'ပြန်တော့ ထွေး၊ သူတို့ ထွေးဆီကို လိုက်လာကြမှာပဲ၊ ထွေးကိုပါ မတွေ့ရဘူးဆိုရင် လေဆိပ်ကိုဖြစ်ဖြစ်၊ ဒီကိုဖြစ်ဖြစ် လိုက်လာကြမှာ၊ မိုး သူတို့ကို ရင်မဆိုင်ပါရစေနဲ့တော့'

'ရောက်ရောက်ချင်း စာရေးလိုက်ဦးနော်'

‘စိတ်ချပါ’

‘အလုပ်ကကော သေချာရဲ့လား’

‘မပြောနိုင်သေးပါဘူး ထွေးရယ်’

‘ထွေး ပြန်တော့မယ်လေ၊ အစစအရာရာ အဆင်ပြေပါစေလို့ ဆုတောင်းနေပါ့မယ်၊ သူတို့လဲ နေမှာမဟုတ်ပါဘူး၊ မိုးဆီ အမြန်ဆုံး လိုက်လာကြမှာပဲ’

‘မထင်နဲ့ထွေး၊ မေမေ့ စိတ်က တစ်မျိုးနော်၊ သူ ဘာလုပ်လုပ် သူ မှန်တယ်လို့ပဲ ထင်တတ်တာ’

မမိုးအေး မငိုတော့ပေ။ သူ့ မျက်လုံးများသည် ရီဝေသော်လည်း သတ္တိရှိပုံရလေသည်။ မမိုးအေးလို မိန်းကလေးတစ်ယောက်အတွက် စိုးရိမ်စရာတော့ မရှိပါပေ။ ဘဝကို ရေစုန်မျှောမနေဘဲ ရုန်းကန် လှုပ်ရှားခြင်းဖြင့် ရင်ဆိုင်လိုသော သတ္တိသည် မမိုးအေးလို နုနယ်သော မိန်းကလေး တစ်ယောက်တွင် တွယ်မှီနေသည်မှာ ကျေနပ်စရာ ကောင်းလှသည်။

ရထားဥသြဆွဲပေပြီ။

နန်းမြထွေးက လှည့်ပြန်ဖို့ ပြင်ရသည်။ သူတို့သည် နှုတ်မဆက်တော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ မမိုးအေးက ခေါင်းညိတ်ပြသည်။ နန်းမြထွေးက နှေးလေးစွာ ထွက်ခွာ လာလေသည်။ ခြေလှမ်းသုံးလှမ်းမျှ လှမ်းပြီးမှ နန်းမြထွေးက မမိုးအေးကို ပြန်လှည့်ကြည့်သည်။

‘ဒါနဲ့မိုး၊ ကိုကို့ကိုကော ဘာပြောလိုက်ရမလဲ ဟင်’

မမိုးအေးက အားနာလှစွာ ပြုံးပြမိလေသည်။

‘အားလုံးတော့ ပြောမပြလိုက်ပါနဲ့ ထွေးရယ်၊ မိုး ရှက်တယ်၊ အိမ်မှာ အဆင်မပြေလို့ လို့သာ ပြောလိုက်ပါတော့’

‘မိုးက ကိုကို့ကို ဘယ်တော့မှ ထည့်မစဉ်းစားဘူးနော်’

‘တစ်ချိန်ချိန်မှာတော့ စဉ်းစားမှာပါ ထွေးရယ်၊ မိုးကို ခွင့်လွှတ်ပါ’

နန်းမြထွေးက မမိုးအေးကို ကျောခိုင်းခဲ့သည်။ ရထားသည် ထွက်စပြုပေပြီ။

BURMESE CLASSIC .com

ယခုလို စိတ်အလိုလိုက်၍ အမြန်ဆုံး ထွက်လာခဲ့သည်မှာ မှားသလား၊ မှန်သလား မမိုးအေး မတွေးချင်တော့ပေ။ ရထားတွဲထဲကို ခေါင်းလှည့်လိုက်သောအခါ ပြည့်ကျပ်နေသော လူများကို တွေ့ရသည်။ လူတို့သည်နေရာမှာ အတည်တကျမရှိသေးဘဲ ဆူညံလှုပ်ရှားနေကြလေသည်။ မကြာမီပင် သူတို့သည် ငြိမ်သက်စွာ ငိုက်မြည်း၍ လိုက်ပါလာကြလေတော့မည်။ ရထားကြီးသည် မြင့်မားဝေသီသော တောင်ကမ်းပါးယံတို့ကို ကွေ့ကာပတ်ကာ တအိအိ ဆင်းပေတော့မည်။

ရှေ့ခရီးကို မြင်နိုင်စွမ်း မရှိပါပေ။

www.burmeseclassic.com

## ၂

မေမေကတော့ ဘဝအကျိုးပေး ကောင်းလှသည်ဟု ဆိုရပေမည်။ မေမေသည် ချမ်းချမ်းသာသာဖြင့် လူ့ဘဝကို အစပျိုးရသူ ဖြစ်လေသည်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကား မေမေသည် ချမ်းသာသော မိဘနှစ်ပါး၏ ဝမ်းတွင် ဝင်စားရသောကြောင့် ဖြစ်လေသည်။

မေမေ့ကို မွေးဖွားစဉ်က မေမေ့ မိဘများသည် စီးပွားတက်နေချိန်ဖြစ်သည်။ ဤသည်ကိုပင် မေမေ့ကို မွေးရသောကြောင့် စီးပွားတက်လာသည်ဟု ချမ်းသာသူတို့၏ ဓလေ့အတိုင်း အမွှမ်းတင်ခဲ့ကြပြန်လေ၏။ မေမေက သူ့သမီး မမိုးအေးကို မွေးဖွားပြီး မကြာမီအချိန်တွင်မှ ဖေဖေ ရာထူးကျခဲ့၏။ ထို့ကြောင့် မမိုးအေးသည် အကျိုးပေးသောသမီး မဖြစ်ခဲ့ရပေ။ ထို့ထက်ဆိုးသည်ကား များမကြာ မီပင် ဖေဖေ ဆုံးပါးသွားခဲ့ပြန်လေ၏။ ထို့ကြောင့် မမိုးအေးသည် ဂြိုဟ်မွှေသော သမီး ဖြစ်ရပြန်လေသည်။

မေမေ့ အဖေ ဘိုးဘိုးသည် တစ်ဦးတည်းသောသား ဖြစ်ခဲ့သည်။ မေမေသည်လည်း ဘိုးဘိုးနှင့် ဘွားဘွားတို့၏ တစ်ဦးတည်းသော သမီး

ဖြစ်၏။ မမိုးအေးသည် ဖေဖေနှင့် မေမေတို့၏ တစ်ဦးတည်းသော သမီး ဖြစ်လာရပြန်သည်။ ဖေဖေသည်ကား တစ်ဦးတည်းသောသား မဟုတ်ခဲ့ရှာ။ ဖေဖေ့အောက်တွင် ဖေဖေ့ညီ ကိုစိုးသစ် (လေးလေး) တစ်ယောက်ရှိခဲ့သည်။ ဖေဖေနှင့် အသက်ချင်းတော့ ၁၀ နှစ်ခန့် ကွာသည်။ ကြားထဲက သား သမီးတွေ အဖတ်မတင်သောကြောင့်ဟု ဖေဖေက ပြော၏။ ဖေဖေတို့ မျိုးရိုးသည် မေမေတို့လောက် မချမ်းသာပေ။ သို့သော် ဖေဖေတို့ဘက်က ရာထူးရာခံရှိသည်။ ပညာတတ်သည်။ ထိုပညာအရှိန်၊ ရာထူးအရှိန်ဖြင့် ဖေဖေသည် မေမေ့လို မိန်းမလှတစ်ယောက်ကို စည်းစိမ်ဥစ္စာနှင့်တကွ ရရှိလိုက်လေသည်။

ဖေဖေနှင့် မေမေတို့၏ မင်္ဂလာလက်ထပ်ပွဲကြီး ကြီးကျယ်ခမ်းနား ပုံကို ဘွားဘွားသည် ယနေ့အထိ ဂုဏ်ယူဝင့်ကြွားစွာပြောဆဲပင်။ ထိုသို့ ပြောနေနိုင်ခြင်းကြောင့်ပင် ဘွားဘွားသည် ယနေ့အထိ အသက်ရှည်ရှည် နေနိုင်ခြင်းဖြစ်မည်ဟု မမိုးအေး ထင်၏။ ယခုလို သွားတစ်ချောင်းမှ အကောင်းပကတိမရှိတော့ဘဲ သွားတုများဖြင့် ထမင်းကို တမြုံ့မြုံ့ ဝါးနေရသော အချိန်မှာပင် ဘွားဘွားသည် ထိုအကြောင်းများကို ပြောနေရ လျှင် အသံမာလာကာ စိတ်အားထက်သန်မှုဖြင့် နုပျိုလာသည်ဟု ထင်ရစမြဲ ဖြစ်၏။

'ခုလို အင်းယားလိပ်တို့ ဘာတို့တော့ မဟုတ်ဘူးပေါ့အေ၊ ဒါပေမယ့် မြို့တော်ခန်းမမှာ ဝန်ကြီးချုပ် ကိုယ်တိုင်က ကြွရောက်ချီးမြှင့် ပြီး လက်ထပ်ပေးခဲ့တာ၊ လာလိုက်တဲ့ လက်ဖွဲ့တွေကလည်း နည်းပါဘူး'

ထိုအချိန်က သတို့သားဖြစ်သူ ဖေဖေ ကိုယ်တိုင်ကလည်း ဒုဝန်ကြီး တစ်ယောက် ဖြစ်ခဲ့သည်ပင်။ မေမေကတော့ ရုပ်ရည် ချောမောကာ လှပခြင်း၊ အိမ်မှုကိစ္စ နိုင်နင်းခြင်း၊ လင်ယောကျ်ားကို ပြုစုတတ်ခြင်းတို့ကို ဘွားဘွားဆီမှ အမွေရလိုက်ကာ မိဘပေးစားသော ယောကျ်ား၏ အချစ် ကိုလည်း ရယူနိုင်ခဲ့ပြန်လေသည်။ ပြီးတော့ မေမေသည် ညှော်ခံပွဲများတွင် အထက်တန်းကျကျ ဝတ်စားဆင်ယင်ကာ

BURMESE CLASSIC .com

ပွဲလယ်တင့်ခဲ့သည်မို့ မင်းကတော် လောကတွင်လည်း မျက်နှာပန်းပွင့်ခဲ့လေသည်။ ထိုအချိန်ထိတော့ မေမေ့ဘဝ သည် ပန်းခင်းသောလမ်းသာ ဖြစ်ခဲ့၏။ ဘိုးဘိုး ဆုံးသွားသော်လည်း မေမေနှင့် ဘွားဘွား သည် အရှိန်အဝါမပျက်၊ စည်းစိမ်မပျက်၊ ဣန္ဒြေမပျက် ဆက်လက် နေနိုင်ခဲ့ကြလေသည်။

မမိုးအေး၏ ငယ်စဉ်ဘဝသည်လည်း လိုတရခဲ့တာ အမှန်ပင်။ မမိုးအေးသည် ဖေဖေနှင့် မေမေတို့၏ စီမံကိန်းဝင် သမီးတစ်ယောက်ပင် ဖြစ်လေရာ အားလုံး၏ ချစ်မေတ္တာများသည် မမိုးအေးထံတွင် စုပုံကျရောက်ခဲ့လေသည်။ ပြည်လမ်းမကြီးပေါ်မှ အင်းယားကန်ကို မျက်နှာပြုထားသော ကျယ်ဝန်းလှသည့် ခြံကြီးအတွင်းဝယ် မမိုးအေး၏ ဘဝကို စတင်ခဲ့ရ၏။ သည်တော့ မမိုးအေးသည်လည်း ဘဝအကျိုးပေးကောင်းသူ တစ်ယောက်ဟုပင် ဆိုနိုင်ပေသည်။

မမိုးအေး ငါးနှစ်သမီး အရွယ်မှာ နိုင်ငံရေး အပြောင်းအလဲကြောင့် ဖေဖေ ရာထူးကျခဲ့ရခြင်းနှင့် များမကြာမီ ဖေဖေ ဆုံးပါး သွားခြင်းတို့အတွက်မူ မမိုးအေးတို့ မိသားစု အခြေအနေသည် အနည်းငယ်ပြောင်းလဲခဲ့လေသည်။ ဘွားဘွား၏ အတွင်းပစ္စည်းအချို့ကို ချရောင်းခဲ့ရပြီး မေမေသည်လည်း အိမ်၏စီးပွားရေးကို ဦးဆောင်ခဲ့ရလေသည်။ သို့သော် မေမေတို့၏ အခြေအနေသည် စိုးရိမ်ဖွယ်ရာ ကောင်းလောက်အောင် ယိမ်းယိုင်ခြင်းမရှိခဲ့ဟု မမိုးအေးထင်သည်။ မေမေသည် ယနေ့ထက်တိုင် နုပျိုလန်းဆတ်စွာ တင့်တင့်တယ်တယ် နေနိုင်သေးသည်ကို ကြည့်ပြီး မမိုးအေး ဤသို့ပင် ယုံကြည်၏။ မေမေ၏ တိမ်မြုပ်နေသော အစွမ်းအစများသည် ဖေဖေမရှိကာမှ ပိုပြီး အသက်ဝင်လှုပ်ရှားလာကြဟန် တူလေသည်။ မေမေ၏ အလှသည် ပို၍ပင် ထင်ပေါ်ကျော်ကြားကာ မေမေ၏ ထက်မြက်မှုနှင့် လူပုံအလယ်မှာ ဝင်ဆန့်မှုသည်လည်း ပို၍ အသုံးဝင်လာလေသည်။ တစ်ချိန်ကတော့ ထိုအရာများသည် ဖေဖေ့ ရာထူးဂုဏ်ရှိန်အောက်မှာ ဝပ်တွားငုပ်လျှိုးနေခဲ့ကြ၏။ မေမေ့ အရည်အချင်းများသည်လည်း လင်ယောကျ်ားအတွက် အလုပ်အကျွေးပြုရန် သက်သက်သာဖြစ်ခဲ့ရ၏။

ယခုတော့ မေမေသည် အထက်တန်းလွှာ မုဆိုးမတို့အလယ်တွင် တစ်နည်းတစ်ဖုံ မျက်နှာပန်း လှခဲ့ပြန်လေ၏။

မေမေ့ အစွမ်းအစဖြင့် ဗိုလ်ချုပ်ဈေးမှာ ဆိုင်ခန်းတစ်ခန်းရပြီး စိန်ရွှေရတနာဆိုင် တစ်ဆိုင် ဖွင့်နိုင်ခဲ့သည်။ မေမေ့ ညီမဝမ်းကွဲ အန်တီခင်က အိမ်တွင်အတူနေပြီး မေမေ့ကို ကူညီသည်။ မိသားစု လေးယောက်မျှသာရှိသော မမိုးအေးတို့ အိမ်အတွက်တော့ ဖူလုံခဲ့တာ အမှန်ပင်။ အိမ်ဖော်တစ်ယောက်နှင့် ဒရိုင်ဘာတစ်ယောက်ကိုလည်း ဆက်၍ ထားနိုင်ခဲ့သည်။ ကားကိုတော့ တစ်စီးတည်းထားနိုင်တော့၏။ သို့သော် ဤမျှ ပြည့်စုံနေပါလျက် စားရမဲ့ သောက်ရမဲ့ ဘဝမျိုး ရောက်ရသည့်အလား ဘွားဘွားတို့ ညည်းတွားနေပုံကို ကြားရသောအခါ မမိုးအေး အံ့ဩ၏။ အသက်ကြီးလာသော်လည်း နိဗ္ဗာန်ရောက်ကြောင်းကို မျက်မှောက်မပြုနိုင်ဘဲ စိန်ထည်တွေ လျှော့ပါးသွားသည့်အတွက် သောကရောက်နေသော ဘွားဘွားကို သူကပင် ပြန်၍ သနားမိလေသည်။

သားသမီးအချစ် မြေးအနှစ်ဆိုသော်လည်း ဘွားဘွားနှင့် မမိုးအေးကတော့ အစေးမကပ်လှပေ။ မြေးအဘွားနှစ်ယောက်၏ အယူအဆများသည် ဆန့်ကျင်တွန်းကန်နေကြလေသည်။ မေမေကတော့ ဘွားဘွားနှင့် နီးစပ်သည်။ အန်တီခင်က ကြားနေ ဖြန်ဖြေရေးသမား။ သည်တော့လည်း မိသားစုလေးယောက်တည်းသာရှိသော အိမ်တွင် မမိုးအေးသည် တစ်ယောက်တည်းသမား ဖြစ်ရပြန်လေသည်။

မမိုးအေး ၁၀ တန်းအောင်သည့်နှစ်ကတော့ အိမ်နှင့် အပြင်းအထန် အတိုက်အခံပြုခဲ့ရသည်။ ဘွားဘွားနှင့် မေမေက သူ့ကို ဆေးတက္ကသိုလ် တက်စေချင်သည်။ မမိုးအေးက သူဝါသနာပါရာ မြန်မာစာအဓိကယူပြီး ဝိဇ္ဇာသိပ္ပံကိုပဲ တက်လိုသည်။ မမိုးအေးသည် ထုံးစံအတိုင်း တစ်ယောက်တည်း သမား ဖြစ်ရပြန်သည်။ မေမေကလည်း အံ့ဩစွာ ရှုတ်ချသည်။

'အမှတ်တွေလဲ ဒီလောက်ကောင်းနေတာပဲ စုဇီရယ်၊ သူများတကာတွေ ဆေးတက္ကသိုလ် တက်ချင်လွန်းလို့တောင် တက်ခွင့်မရဘူး၊

ကိုယ့်မှာ အခွင့်အရေးရှိရဲ့သားနဲ့ ဒီတစ်ခါတော့ မာမီ့သမီးကို မာမီ အထင်မကြီး တော့ဘူး၊ သမီး အတွေးအခေါ်တွေ တစ်ဖက်စွန်းရောက်နေပြီ’

မေမေသည် မမိုးအေးကို သာသနာပြုကျောင်းတွင်ပေးခဲ့သော နာမည်အတိုင်း ခေါ်လေသည်။ မမိုးအေးက ၁၀ တန်းဖြေမည့် နှစ်မှာပင် သူ့နာမည်ကို စူဇီကျော်အေးမှသည် မမိုးအေးဟု ပြောင်းလိုက်သည်။ သည်အချက်တွင်တော့ ဘွားဘွားက သူနှင့် သဘောချင်း ကိုက်ညီသည်။ မေမေ့ကိုလည်း ကျောင်းမှ ထွက်ကတည်းက မေမေဟုပင် ခေါ်သည်။ မေမေကတော့ သူ့ကိုယ်သူ မာမီဟုပင် ပြောမြဲဖြစ်လေသည်။

‘သမီး တစ်ဖက်စွန်း မရောက်ပါဘူး မေမေ၊ မေမေကသာ တစ်ဖက်စွန်းရောက်တာပါ၊ မေမေက တက္ကသိုလ်တက်တယ်ဆိုရင် ဆေး တက္ကသိုလ်တက်မှ အရည်အချင်းပြည့်တယ်၊ ဂုဏ်ရှိတယ်လို့ တစ်ထစ်ချ တွက်ထားတာကို’

ဘွားဘွား၏ အဆိုအရဆိုလျှင် မမိုးအေးတို့ သားအမိ နှစ်ယောက်သည် အမြဲ စကားနိုင်လုနေသူများ ဖြစ်လေသည်။ ဘွား ဘွားကတော့ သည်လို စကားလုလုတွေနှင့် ဆွေးနွေးညှိနှိုင်းနေသည်ကို စိတ်မရှည်လှပေ။ ‘ညည်းတို့ သားအမိနှစ်ယောက်လုံး နှုတ်ခမ်းဖျားမှာ မှဲ့ပါတိုင်း စကားသိပ်တတ်တယ်’ဟု ပြောတတ်လေသည်။ ‘ငါကတော့ ရှင်းရှင်းပဲဟေ့၊ စူဇီကို ဆရာဝန်ပဲ ပြစ်စေချင်တယ်၊ ဆရာဝန်ပဲ လုပ်ရမယ်၊ ဒါပဲ၊ တခြားဟာတွေ ငါ နားမလည်ဘူး’ဟုလည်း ပြတ်ပြတ်သားသား ဆိုသည်။

ကျောင်းဝင်ခွင့် လျှောက်လွှာတင်ရမည့် နောက်ဆုံးရက်သို့ နီးလာလေလေ၊ မမိုးအေးတို့ တိုက်ပွဲက ပြင်းထန်လေလေပင်။ သည်ကိစ္စက ‘လေးလေး’ ရောက်လာမှပင် ပြတ်သွားလေသည်။ သည်အတွက် မမိုးအေးက လေးလေးကို ကျေးဇူးတင်၍ မဆုံးတော့။ လေးလေးသည် မမိုးအေးတို့ မိသားစု၊ တစ်နည်းအားဖြင့် မမိုးအေး၏ ဘဝအတွင်းသို့ သိမ်မွေ့ညင်သာစွာ ဝင်ရောက်လာလေသည်။

‘လူငယ်ဆိုတာ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်ပိုင်ခွင့်ရှိပါတယ် မမဆွေ၊ သူတက်ချင်တဲ့ဆီ တက်ပါစေ၊ ကိုကိုလဲ ဒီလိုပဲ၊ သူ့ကို ဖေဖေတို့က ဆရာဝန်တို့၊ အင်ဂျင်နီယာတို့ ဖြစ်စေချင်တာ၊ သူက ဘီအေဘွဲ့ယူပြီး နိုင်ငံရေးလုပ်တယ်’

ဖေဖေ့ကို သတိရသောကြောင့်ပဲလားမသိ၊ မေမေနှင့် ဘွားဘွားတို့က ဘာမျှမပြောတော့။ မမိုးအေးကတော့ သွားလေသူ ဖေဖေ့ကိုပါ ကျေးဇူးတင်ရပြန်သည်။ ဖေဖေသာရှိလျှင် သူ့ဘက်တွင် တစ်ယောက် ရှိပေမည်ဟုလည်း တွေးမိသည်။ ယခုတော့လည်း လေးလေးရှိလာသည်မို့ တအားတက်မိတာ အမှန်ပင်။

လေးလေးသည် သူနေထိုင်ရာ တောင်ကြီးနှင့် ရန်ကုန်ကို မကြာခဏ ကူးသန်းသွားလာမြဲဖြစ်သည်။ ဖေဖေနှင့် လေးလေးတို့ ညီအစ်ကိုသည် လည်း အယူအဆချင်းတူသူများ မဟုတ်ကြ။ သို့သော် တစ်ယောက်နှင့် တစ်ယောက်တော့ နားလည်မှုရှိသူများဖြစ်ကြသည်။ ဖေဖေတို့ မိသားစုသည် မေမေတို့လောက် ငွေကြေးမချမ်းသာသော်လည်း အဆင့်အတန်းမြင့်ကာ နားလည်ခွင့်လွှတ်တတ်သော သဘောရှိလေသည်။ ဖေဖေသည် တောင်ကြီး မြို့မှာ အခြေစိုက်သော မိသားစုမှခွဲခွာကာ ရန်ကုန်တွင် တစ်ယောက်တည်း နေပြီး သူယုံကြည်ရာ သူ လုပ်ခဲ့သည်။ လေးလေးကတော့ အေးချမ်းဆိတ်ငြိမ် သော တောင်ပေါ်မြို့တွင်ပင် သူ့ဘဝကို အခြေချခဲ့သည်။ တက္ကသိုလ်မှ နည်းပြဆရာတစ်ယောက်အဖြစ် မိဘ၏ လိမ္မော်ခြံလုပ်ငန်းမှာ ကူညီသူ တစ်ယောက်အဖြစ်သာ အေးအေးဆေးဆေးနေခဲ့သည်။ လေးလေးတို့မှာ လောဘနည်းသူများဖြစ်၍ ခြံလုပ်ငန်းကလည်း ကြီးပွားလောက်အောင် အကျိုးမဖြစ်ထွန်းလှ။ သို့သော် လေးလေးတို့ မိသားစုက အေးချမ်းသည်။ မမိုးအေးတို့ မိသားစုမှာတော့ မိန်းမသားချည်း စုစည်းနေကြပါလျက် ငြိမ်းချမ်းမှုကို မရနိုင်သေးပေ။ အချိန်တိုင်းမှာ အနာဂတ်အတွက် သောက ပိုကာ စည်းစိမ်ဥစ္စာ ရှာဖွေစုဆောင်းခြင်းဖြင့် ပစ္စုပ္ပန်ကာလကို စတေးနေကြရလေသည်။

'သိပ်လဲ စိတ်ပူပြီး ပိုက်ဆံချည်း ဖိရှာမနေပါနဲ့ မမဆွေရာ၊ စူဇီ တစ်ယောက်ပဲ ရှိတော့တာကို၊ မမဆွေ့ပစ္စည်းတွေ တစ်သက် စားမကုန်ပါဘူး၊ တောင်ကြီးမှာလာပြီး အေးအေးဆေးဆေးနေကြပါလား'

ထိုအတွက်လည်း မမိုးအေးက လေးလေးကို ကျေးဇူးတင်မိပြန်သည်။ မေမေကတော့ ပြုံးရုံသာ ပြုံးနေခဲ့သည်။ ပြီးတော့ ဘွားဘွား၏ လေသံအတိုင်း ဆိုနေကျစကားကို ဆိုပြန်သည်။

'အပြင်ပန်းကြည့်ပြီး အထင်ကြီးနေကျတာပါ ကိုစိုးရယ်၊ အတွင်းပစ္စည်း ဘာမှရှိတော့တာ မဟုတ်ဘူး၊ ဒီတိုက်နဲ့ ကားလေးတစ်စီးပဲရှိတာ၊ ရွှေဆိုင်ကလဲ အရောင်းအဝယ်မကောင်းဘူး၊ မိစူဇီအတွက် စိတ်ချရရင်တော့ အေးအေးဆေးဆေး နေနိုင်ပါပြီ၊ မမဆွေ ရှာသမျှလဲ သူ့ဖို့ပါပဲ'

သည်လိုဆိုတော့လည်း မေမေ့ စေတနာကို လေးစားရမလိုလို။ သို့သော် မမိုးအေးကတော့ 'သမီးအတွက် ဘာမှမလိုပါဘူး'ဟု ပြောလိုက်ချင်သည်။ သည်လို ပြောပြန်လျှင် မေမေနှင့် စကားစစ်ထိုးပွဲ တစ်ပွဲတော့ ဆင်နွှဲရမှာသေချာလေသည်။ မမိုးအေးကတော့ တနင်္ဂနွေနေ့တိုင်း မေမေ့ အပေါင်းအသင်းဟောင်း မင်းကတော်ကျမျာနှင့် တွေ့ဆုံစားသောက်ကြသည့် စရိတ်၊ ရာထူးလက်ရှိ အရာရှိများ၏ မွေးနေ့ပွဲ ညစာစားပွဲတွေကို တက်ရောက်ရသည့်စရိတ်၊ ဘွားဘွားက ဥပုသ်နေ့တိုင်း ရိပ်သာသွားပြီး တရားထိုင်မထိုင်တော့ မသိ၊ သူဌေးကတော်ကြီးများနှင့်ဝိုင်းဖွဲ့ကာ တစ်ချိန်က ရွှေထီးဆောင်းရသည့် အဖြစ်တွေကို စမြုံ့ပြန်ရင်း အပြိုင်အဆိုင် လှူဒါန်းစွန့်ကြဲရသည့် စရိတ်တွေကို တွက်ကြည့်ပြီး သမီးအတွက် ဘာကုန်စရာရှိလို့လဲဟု တွေးမိပြန်သည်။

သို့သော် ထိုနှစ်က မမိုးအေး ၁၀ တန်းအောင်ပြီး တက္ကသိုလ်တက်ရမည့်နှစ်မို့ ဆိုပြီး မမိုးအေး၏ မွေးနေ့ပွဲကို အထူးတလည် စီမံပေးခဲ့သည်။ ကျယ်ပြန့်သော အိမ်ရှေ့မြက်ခင်းပြင်မှာ ရောင်စုံမီးလုံးတွေ ထွန်းပြီး သူငယ်ချင်း အပေါင်းအသင်းများနှင့် စုပေါင်း စားသောက်ကြရသည်မို့ ပျော်စရာတော့အကောင်းသားပင်။ ပြီးတော့ မမိုးအေးကို အခွင့်အရေး

ပေးသည့်အနေဖြင့် မမိုးအေး ခင်မင်သော သူငယ်ချင်းများကိုသာ သီးသန့် ဖိတ်စေသည်။ မေမေ့ မိတ်ဆွေများ၊ တစ်ချိန်က ဖေဖေ့ မိတ်ဟောင်းများ မပါ၍ စိတ်လွတ်လပ်ရလေသည်။ ထိုနေ့က လေးလေးကလည်း သူ တည်းခိုရာ အိုရီရင့်ဟိုတယ်ကို မပြန်ဘဲ အိမ်မှာပင် အိပ်သည်။ ဘွားဘွားက စောစောအိပ်ရာဝင်ပြီး မေမေနှင့် လေးလေးက သီးသန့်စားပွဲတစ်လုံးမှာ ဝိုင်ချိုချိုသောက်ပြီး ကင်းကင်းနေသည်။

အန်တီခင်နှင့် အိမ်ဖော်မလှကြည်သည် အခြား ကူဖော်လောင်ဖက် ငါးယောက်နှင့်အတူ အလုပ်ရှုပ်၍ နေလေသည်။ မေမေ့ အစီအမံဖြင့် ချက်ပြုတ်ထားသော အနောက်တိုင်းအစားအစာများနှင့် တရုတ်ဟင်းလျာ များကလည်း သူငယ်ချင်းများ အကြိုက်တွေ့စေသည်။ သည်အတွက်တော့ မေမေ့ကို ကျေးဇူးတင်လှသည်။

မမိုးအေးမှာ သူငယ်ချင်း များများစားစား မရှိလှပေ။ စကား နည်းခြင်းကို မာနကြီးခြင်းဟု အသတ်မှတ်ခံကာ အလိုအလျောက်ပင် အထီးတည်းနေတတ်သော အကျင့်ကို ရခဲ့သည်။ ပြီးတော့ မမိုးအေးတို့ နေရသည်က မိန်းကလေးကျောင်းမို့ ယောကျ်ားလေး မိတ်ဆွေ နည်းလှသည်။ သူငယ်ချင်းများ၏ အစ်ကိုတော်သူ၊ မောင်တော်သူအချို့ ပါလာ၍သာ မွေးနေ့ပွဲလေးက စည်စည်ကားကား ဖြစ်လာရလေသည်။

ရောင်စုံမီးလုံးလေးများ၏ အလင်းရောင်အောက်တွင် မမိုးအေး၏ အလှသည်လည်း ပြိုးပျက် တောက်ပနေခဲ့သည်။ ခရမ်း နုရောင် ဇာလုံချည်နှင့် ငွေချည်လေးများရောယှက်သော ဗေဒါရောင် အင်္ကျီလေးသည် ပန်းနုရောင်မျက်နှာလေးနှင့် ယှဉ်တွဲကာ မီးရောင် အောက်မှာ ပန်းလေးတစ်ပွင့်ပမာ ယိမ်းနွဲ့လှုပ်ရှားနေလေသည်။ ထိုနေ့က ဧည့်သည်တွေ မရောက်မီမှာပင် မေမေက သူ့ကို စိန်ပွင့် လေးများ ယှက်နွယ်ထားသော ဘယက်လေးတစ်ကုံးကို ဆင်ပေးသည်။

'အဲဒါလေ မာမီ အသက် ၂၀ ပြည့်တဲ့နေ့မှာ ဘွားဘွားက

BURMESE CLASSIC .com

ဆင်ပေးခဲ့တာ၊ ခုသမီး အသက် ၁၆ နှစ်ပြည့်ပြီနော်၊ ဒါပေမယ့် သမီးက မာမီထက် အသိဉာဏ်ပိုပါတယ်၊ သမီးက အဖေ့သွေး ပါတာပဲ၊ ဒီနေ့က စပြီး သမီး လူကြီးဖြစ်ပြီလို့ မှတ်လိုက်တော့'

'ကျေးဇူးတင်ပါတယ် မေမေ'

မေမေသည် သူ့ကို ပထမဆုံးအကြိမ် ရွှန်းရွှန်းစားစား ကြည့်နေခဲ့လေသည်။ ပြီးတော့ နဖူးကို ညင်သာစွာ နမ်းရှုပ်ကာ 'သမီးလေးက သိပ်လှတာပဲ'ဟု ချီးကျူးလိုက်သည်။ 'မေမေလဲ ဒီနေ့ သိပ်လှတာပဲ'ဟု ပြောချင်သော်လည်း မပြောဖြစ်လိုက်ပေ။ ထိုညက မေမေလည်း ထူးထူးခြားခြား လှခဲ့တာ အမှန်ပင်။ အရောင်းအဝယ်ကိစ္စ၊ ဘွားဘွား၏ ဝေယျာဝစ္စနှင့် အိမ်မှုကိစ္စများကြားတွင် ပြေးလွှားနေသော မေမေ့ကို အေးအေးဆေးဆေး မတွေ့ခဲ့ ရတာလည်း ကြာပြီဖြစ်သည်။ သည်ညတော့ မေမေသည် သူ၏ နှပျိုတက်ကြွဆဲဖြစ်သော အလှကိုလှစ်ပြကာ တည်ငြိမ်ဝင့်ထည်သော အပြုံးကိုလည်း ဆောင်ထားလေသည်။ ငွေချည်ဖောက်ထားသော ဇင်းမယ်လုံချည် အစိမ်းနုနှင့် ဖက်ဖူးရောင်အင်္ကျီကို ခပ်ယဉ်ယဉ် ဝတ်ထားသည့်တိုင် မေမေ့ ကိုယ်လုံးကိုယ်ထည်၏ ပြေပြစ်ချောမောမှုသည် ပို၍ပင် ပေါ်လွင်လာလေသည်။ စိန်နားကပ်တစ်ခုတည်းကိုသာ ရိုးရိုးဆင်တားသော်လည်း မေမေ့ ဆံယဉ်စများကြားမှ သဇင်ခက်များသည် ကုပ်ပေါ်ဝဲကျနေပြီး အဝါရောင်သန်းသော ပါးပြင်ကို ရောင်ပြန်ဟပ်နေကြလေသည်။

မေမေသည် သူ၏ တစ်ယောက်တည်းသော ဧည့်သည်ဖြစ်သူ လေးလေးကို ဧည့်ခံရင်း ရေးဟောင်းနှောင်းဖြစ်များကို ပြောနေလေသည်။ မမိုးအေးက လေးလေးကို နှုတ်ဆက်ရန် သူငယ်ချင်းများနားမှ ထလာခဲ့သည်။ ခြေဖျားဖုံးနေသော လုံချည်ဇာနားလေးများသည် မြက်ခင်းစိမ်းစိမ်းကို ထိခိုက် ပွတ်တိုက်လာခဲ့ကြလေသည်။

'လေးလေးလာတာ သိပ် ကျေးဇူးတင်ပါတယ်၊ မိုးကို ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် တက်ခွင့်ရအောင် ကူပြောပေးတာလဲ ကျေးဇူးတင်တယ်၊ မိုးရဲ့မွေးနေ့မှာ မေမေနဲ့လေးလေးကို မိုး ကန်တော့ပါတယ်'

မမိုးအေးက ဇာလုံချည်အနားကို သိမ်းပြီး ကြုံ့ကြုံ့လေး ထိုင်ကန်တော့သည့်အတွက် လေးလေးက အနေခက်နေဟန်ရှိသည်။ မေမေကတော့ မျက်ရည်တွေ ဝေ့ဝဲရင်းက ပြုံးပြလေသည်။

'သမီးကလေ သူ့အဖေလိုပဲ၊ သိပ် မြန်မာဆန်တာပဲ၊ သူ့နာမည် ကိုလဲ သူ့ဘာသာပြောင်းပစ်တယ်၊ မမဆွေကိုတောင် မာမီလို့ မခေါ်တော့ဘူး၊ မေမေတဲ့'

မေမေက လေးလေးဘက်သို့လှည့်၍ ပြောသည်။

'ကောင်းတာပေါ့ မိုးရယ်၊ ဒါဟာ မိုးရဲ့ ရင့်ကျက်တဲ့ အတွေးအခေါ်တွေ ဝင်လာလို့ပေါ့၊ ဒါပေမယ့် စိတ်သာ အဓိကပါကွယ်၊ မိုးရဲ့စိတ်က အမြဲတမ်း ရင့်ကျက်နေဖို့လိုတယ်'

မမိုးအေးသည် နေရာမှထရင်းက လေးလေးကို ကြည်ညိုစွာ ကြည့်ရင်း နားထောင်သည်။

'ကိုစိုးပြောတာ ဟုတ်တယ် သမီးရဲ့၊ ဘယ်လိုပဲ ခေါ်ခေါ်ပြောပြော စိတ်က အရေးကြီးတာ မဟုတ်လား၊ မာမီ့ကို သမီးကြိုက်သလို ခေါ်ပေါ့၊ သမီးဟာ မာမီ့ကိုချစ်ပြီး မာမီပြောတာ နားထောင်ဖို့၊ လိမ္မာဖို့သာ အဓိကပါကွယ်'

မေမေတစ်ယောက် လိုရာဆွဲယူသွားလေပြီဟု မမိုးအေး သိလိုက်သည်။ သို့သော် သည်နေရာတွင် မေမေနှင့် စကားနိုင်မလုလိုတော့၍ ဘာမျှမပြောတော့ပေ။ လေးလေးကတော့ မသိဟန်ဆောင်ကာ ပြုံး၍သာ နေသည်။

'လေးလေးကလဲ မိုးကို လက်ဆောင်ပေးရဦးမယ်'

'အို နေပါစေ လေးလေးရယ်'

'ဘာမှ အဖိုးမတန်ပါဘူး မိုးရဲ့၊ မိုး ကြိုက်မယ်ထင်လို့ပါ၊ စာအုပ်လေး တစ်အုပ်ပါ'

လေးလေးက မမိုးအေးကို လှမ်းပေးသည်က ကဗျာစာအုပ်လေး တစ်အုပ် ဖြစ်လေသည်။

‘အို ဝမ်းသာလိုက်တာ၊ မိုးရဲ့ မွေးနေ့မှာ ဘာလက်ဆောင်မှ မပေးရဘူးလို့ သူငယ်ချင်းတွေကို ပြောထားတယ်၊ ဒါပေမယ့် လေးလေးရဲ့ လက်ဆောင်ကိုတော့ ယူပါ့မယ်၊ မိုး သွားမယ်နော်၊ မေမေနဲ့ လေးလေးကို ကျေးဇူးအများကြီး တင်ပါတယ်’

မမိုးအေးသည် ဇာလုံချည်လေးကို ဝှေ့ဝိုက်စေကာ ကလေးငယ် တစ်ယောက်လို သူငယ်ချင်းများဆီ ပြန်ပြေးလာခဲ့သည်။ ညဥ့်အမှောင် က ယှက်သန်းလာပြီမို့ သူငယ်ချင်းများက ပြန်ရန်ပြင်ကြသည်။ မမိုးအေးက သူငယ်ချင်းများကို မေမေ လေးလေးတို့နှင့် မိတ်ဆက်ပေးသည်။

‘ဒါက မိုးရဲ့ မေမေပါ၊ ဒါက မိုးရဲ့ဖေဖေ့ညီ လေးလေး ကိုစိုးသစ်’

မမိုးအေး၏ အသံလေးက လွင်နေသည်။

‘ဒါက သမီးသူငယ်ချင်း ဝါဝါအောင်ပါ မေမေ၊ ဂုဏ်ထူးလေးခု ရတယ်လေ၊ ဒါက ဝါဝါ့ အစ်ကိုဝမ်းကွဲ ကိုတင်အောင်မြင့်၊ ဒါက မအေးအေးလှိုင်တဲ့၊ သူကတော့ ခင်ဌေးမြင့်၊ သူက သီဂီ’

သူငယ်ချင်းများကလည်း မေမေနှင့် လေးလေးကို ရိုသေစွာ ဦးညွှတ်နှုတ်ဆက်ကြသည်။ မေမေနှင့် လေးလေးကတော့ အားလုံးကို အပြုံးဖြင့် တုံ့ပြန်နေရသည်။

‘ဒါ သမီးအချစ်ဆုံးသူငယ်ချင်း နန်းမြထွေးတဲ့၊ တောင်ကြီးကနေ ကျောင်းလာနေတာ၊ ဩော် မေ့လို့ထွေးရေ၊ လေးလေးကလဲ တောင်ကြီးမှာ နေတယ်’

‘အို ဟုတ်လား၊ ထွေးက ရန်ကုန်မှာ ငယ်ငယ်ကတည်းက ကျောင်းလာနေတော့ မသိဘူး၊ တောင်ကြီးကို တစ်နှစ်မှ တစ်ခေါက် ပဲ ပြန်ရောက်တယ်၊ ကိုကိုတော့ သိမလားဘဲ’

မမိုးအေးက နန်းမြထွေး၏ အစ်ကို ကိုစောနိုင်ကို လှည့်ကြည့် သည်။ ကိုစောနိုင်က ရည်မွန်စွာ ပြုံးပြလေသည်။

BURMESE CLASSIC .com

'ဆရာ့ကို ကျွန်တော် သိပါတယ် ခင်ဗျား'

လေးလေးသည် ကိုစောနိုင်ကို လက်ဆွဲ၍ နှုတ်ဆက်လေသည်။

'တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ မမှတ်မိတာ ခွင့်လွှတ်ပါ၊ အခုကော ဒီမှာ ရောက်နေလား'

'ကျွန်တော် တောင်ကြီးမှာပဲ နေပါတယ်၊ ညီမလေးကို ကျောင်းပိတ်ရက်မို့ လာကြိုတာပါ'

'ဪ ဪ'

သူတို့ အပြုံးဖြင့် ခွဲခွာကြလေသည်။ မမိုးအေးက နန်းမြထွေးတို့ မောင်နှမကို ခြံဝအထိ လိုက်ပို့သည်။ နန်းမြထွေးက မမိုးအေး၏ နဖူးပြင်ကို လှမ်း၍ မွှေးမွှေးပေးလေသည်။

'ဟက်ပီးဘတ်သ်ဒေး၊ ယူက လက်ဆောင်မပေးရဘူးဆိုလို့'

'ကိစ္စမရှိပါဘူးကွယ်၊ ခုလိုလာတာ ကျေးဇူးတင်ပါတယ်'

'ကျွန်တော်ကတော့ မဖိတ်ခေါ်ဘဲပါလာတဲ့ ဧည့်သည်မို့ လက်ဆောင်လေးတစ်ခု ပေးပါရစေခင်ဗျာ'

ရှမ်းသံဝဲသော ကိုစောနိုင်၏ စကားကြောင့် မမိုးအေးက မျက်လုံးလေးဝိုင်းကာ ကြည့်လိုက်သည်။

'အို ကိစ္စမရှိပါဘူးရှင်၊ မိုးက သူငယ်ချင်းတွေရဲ့ မောင်နှမတွေပါ တစ်ပါတည်း ဖိတ်ခေါ်ထားတာပါ'

'ဟုတ်ပါတယ်ခင်ဗျာ၊ ဒါကြောင့်လဲ လိုက်လာဝံ့တာပါ၊ ညီမလေးကလဲ ပြောပါတယ်၊ ကျွန်တော်ကလဲ ညီမလေးရဲ့ သူငယ်ချင်း လှလှလေးကို စိတ်ဝင်စားလို့ လိုက်ခဲ့တာပါ၊ ကျွန်တော် ယူလာတဲ့ လက်ဆောင်လေးကိုလဲ လက်ခံပါခင်ဗျာ၊ ပို့စကတ်လေးတစ်ခုပါ၊ ဘာမှ အဖိုးမတန်ပါဘူး'

'အို အဖိုးမတန်ဘူးရယ်လို့ မရှိပါဘူး၊ လက်ဆောင်ပေးတာပဲဟာ၊ မိုး လက်ခံပါ့မယ်၊ သိပ်ကျေးဇူးတင်ပါတယ်ရှင်'

မမိုးအေးက ကိုစောနိုင် လှမ်းပေးသော ပို့စကတ်လေးကို လှမ်းယူပြီး ဖွင့်ကြည့်သည်။ ချယ်ရီပန်းလေးများဝေနေသော ပန်းချီ

BURMESE CLASSIC .com

ကားလေး။ စာကလည်း ရိုးရိုးလေး ရေးထားသည်။ 'တောင်ကြီးမြို့ ကိုလာလည်ပါ ခင်ဗျာ'တဲ့။

'ကဲ မိုးလဲ ကျေးဇူးတင်ရတာနဲ့ မောနေရော့မယ်၊ ထွေးကိုတော့ ကျေးဇူးမတင်နဲ့တော့နော်၊ သွားတော့မယ်'

သူတို့နှစ်ယောက် ကားပေါ်သို့ တက်သွားကြလေသည်။ မောင်းနေသူ နေရာမှ ကိုစောနိုင်က လက်ပြပြီး ကားကို စက်နှိုးသည်။ နန်းမြထွေးက ကားတံခါးကို ပိတ်ပြီး လှမ်း၍ အော်လိုက်သေးသည်။

'မိုးရေ၊ တောင်ကြီးကိုလာလည်ဖို့ မမေ့နဲ့နော်'

'ကောင်းပါပြီ ထွေးရယ်'

ကားလေး ဂူးခနဲ ထွက်ခွာသွားလေသည်။

ခြံကြီးသည် တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ခဲ့လေသည်။ အင်းယားကန်ဆီမှ လေပြည်လေးက ဝေ့ခနဲ တိုက်ခတ်လိုက်သည်။ လုံချည်ဇာနားလေးများ လွင့်သွားလေသည်။ မေမေပေးသော ဘယက်မှ စိန်ပွင့်လေးများသည် ညအမှောင်မှာ တလက်လက်တောက်နေကြသည်။ ကဗျာစာအုပ်လေးနှင့် ပို့စကတ်လှလှလေးကို ကိုင်ပြီး ခြံထဲကို ပြန်ဝင်ခဲ့သည်။ မြက်ခင်းစိမ်းစိမ်းလေးများသည် အေးစက်၍နေပြီ။ ရောင်စုံမီးလုံးလေးများကတော့ မငြိမ်းသေး။ စားပွဲများကို သိမ်းသွားကြပြီဖြစ်၍ မီးရောင်အောက်မှာ မြက်ခင်းပြန့်ပြန့်သာ ရှိတော့သည်။ ခြံထောင့်မှာတော့ စားပွဲတစ်လုံး ရှိနေသေးသည်။

မေမေနှင့် လေးလေးသည် စကားပြောနေကြဆဲရှိလေသည်။

*

ကျောင်းစတက်ရသည့် ကာလများကတော့ ပျော်စရာကောင်းခဲ့သည်ဟု ဆိုရပေမည်။ မေမေကလည်း မမိုးအေး အရွယ်ရောက်လာပြီဟုဆိုကာ

တတ်နိုင်သမျှ လွတ်လပ်ခွင့်ပေးသည်။ မေမေတို့တုန်းကဆိုလျှင် သည်အရွယ်မှာ ကပွဲသွားတတ်ပြီ၊ ရုပ်ရှင်ကြည့်တတ်ပြီ၊ ယောကျ်ားလေး မိတ်ဆွေများနှင့် ချိန်းတတ်နေပြီဟု ဆိုသည်။ သမီး မမိုးအေးတို့ကတော့ မေမေတို့နှင့် မတူတော့ပေ။ ကျောင်းသူကျောင်းသားများ စုပေါင်းပြီး လေ့လာရေးခရီး ထွက်သတဲ့။ ကျောင်းမဂ္ဂဇင်းအတွက် လုံးပန်းကြသည်တဲ့၊ လုပ်အားပေးသည်တဲ့။ ကွင်းဆင်းလေ့လာရ မည်တဲ့။ အလုပ်တွေက များလှသည်။ ပြီးတော့ မမိုးအေးသည် ကျောင်းမှာ ပတ္တလားတီးသင်သည်။ ပန်းချီဆွဲသည်။ မေမေက သဘောမကျလှပေ။ မေမေက ရေကူးသင်စေချင်သည်။ လေ့လျှော်အသင်း ဝင်စေချင်သည်။ သမီးကို စိတ်လေလွင့်သွားမှာ စိုးသည်။ ကျောင်းသူ ကျောင်းသားတွေနှင့် စုရုံး စုရုံးနေကာ စာမကျက်ဖြစ်မှာ စိုးသည်။ မေမေတို့ကတော့ ယောကျ်ားလေးတွေနှင့် အပြင်မှာ ဘယ်လောက်ပဲလည်လည် အိမ်ပြန်ရောက်လျှင် ဘွားဘွားရှေ့မှာ ဗိုင်းကောင်း ကျောက်ဖိ နေပြရသည်။ ထမင်းဟင်းချက် သင်ရသည်။ အင်္ကျီချုပ်ရသည်။

မမိုးအေးသည် နူးညံ့သိမ်မွေ့သယောင်ရှိသော်လည်း အိမ်မှုကိစ္စကိုတော့ စိတ်မဝင်စားပြန်ပေ။ ထမင်းချက် အဝတ်လျှော်နေမည့်အစား ပန်းချီကားတစ်ကား ထိုင်ဆွဲနေတာကမှ အဓိပ္ပာယ်ရှိသေးသည်တဲ့လေ။ ထိုအခါမျိုးတွင် မေမေနှင့် စကားနိုင်လုရသလို ဘွားဘွား၏ အဆူအဆဲကိုလည်း ခံရတတ်လေသည်။

'ဒီဟာမလေးကိုက ကြွစောင်းစောင်းနဲ့၊ ကြည့်တော့ဖြင့် ပျော့မယောင်နဲ့၊ အတော်ခေါင်းမာတဲ့ကောင်မလေး၊ လူကြီးက ဒါဆို သူက ဟိုဟာ'

ဘွားဘွားသည် ယခင်ကလောက်တော့ အသံမမာနိုင်တော့ပေ။ ဇရာကလဲထောင်းလာပြီ မဟုတ်လား။ ရိပ်သာကိုလည်း မှန်မှန်မသွားနိုင်တော့ပေ။ သို့သော် ခေါင်းအုံးအောက်တွင်ထားသော သူ့စိန်ထုပ်ကိုတော့ အိပ်ရာကနိုးတိုင်း စမ်းကြည့်တတ်လေသည်။

မေမေကလည်း မမိုးအေးကို ပုံသွင်း၍ မရတော့မှန်း တစ်စ

BURMESE CLASSIC .com

တစ်စ ရိပ်မိလာသည်။ မေမေက မမိုးအေးကို အပေါင်းအသင်း ဝင်ဆန့် စေချင်သည်။ လူတွေနှင့် လိုက်လျောညီထွေ ဆက်ဆံတတ်စေချင်သည်။ သည်လိုမှသာ အချိန်တန်လျှင် မေမေတို့လို ထိုက်တန်သော ယောကျာ်း တစ်ယောက်ကို ရွေးချယ်ယူနိုင်မည် မဟုတ်လား။ ဖေဖေသည် မေမေနှင့် တွေ့ချိန်မှာ ယောင်ချာချာ နိုင်ငံရေးသမားပေါက်စလေး မဟုတ်တော့ပေ။ အလားအလာရှိသော လူတော်လေးတစ်ယောက် ဖြစ်နေပေပြီ။ ဒါကြောင့် လည်း ဘိုးဘိုးနှင့် ဘွားဘွား တို့က ရည်းစားများပြီး လင်အရွေးတော်သော မေမေ့ကို အပြစ်မတင်ခဲ့ကြပေ။

မမိုးအေးကိုတော့ ရည်းစားတစ်ယောက်မှမထားဘဲ လင် အယူမှားမှာ စိုးရိမ်ကြလေသည်။ ဘွားဘွားနှင့် မေမေတို့၏ စိုးရိမ်မှုကတော့ လွန်လွန်းသည်။

မမိုးအေး ပထမဆုံး ခင်မင်မိသော ယောကျာ်းလေးမိတ်ဆွေမှာ နန်းမြထွေး၏ အစ်ကို ကိုစောနိုင်နှင့် တစ်တန်းတည်းသား မြန်မာစာ ကျောင်းသား ကိုဖေခင်တို့ပင် ဖြစ်ကြလေသည်။ ကိုစောနိုင်ကတော့ တောင်ကြီးမှာနေသူမို့ တစ်ခါတစ်ရံမှ တွေ့ရသည်။ ရင်ခုန်လှုပ်ရှား စေသော စာကလေးတွေ ရေးရင်းဖြင့်သာ ခင်မင်မှုကို တိုးပွားစေခဲ့သည်။ မမိုးအေးကတော့ တစ်ခါတစ်ရံ စိတ်ရမှသာ ဟိုမရောက် သည်မရောက် စာကြောင်းလေးများကို ရေးပို့တတ်လေသည်။ ကိုဖေခင်နှင့်ကတော့ ကျောင်းမှာလည်း နေ့စဉ်တွေ့ရသည်။ ဘာသာရပ်ဆိုင်ရာအသင်းမှာလည်း အတူတူ အလုပ်လုပ်ရသည်။ စာစောင်မှာလည်း အတူတူ ပါဝင်လှုပ်ရှား ကြသည်။ ပြီးတော့ ပန်းချီသင်တန်းမှာလည်း ဆုံကြသေးသည်။

စနေနေ့ ပန်းချီသင်တန်းပြီးချိန် တစ်နေ့မှာ သူက မမိုးအေးနှင့် အတ ပါလာသည်။ အပန်းဖြေရိပ်သာမှထွက်ပြီး အဓိပတိလမ်းအတိုင်း လျှောက်လာရာမှာ ကိုဖေခင်ကလည်း စကားပြောရင်း အမှတ်မထင် လိုက်၍လာ၏။

'မမိုးအေး အိမ်ကို ဘာနဲ့ပြန်မှာလဲ၊ ကားမစီးဘူးလား'

'ဘွဲ့နှင်းသဘင် ခန်းမနားရောက်မှ ကိုဖေခင်က မေးမိလေသည်။

'ကားမစီးရပါဘူး၊ ကျွန်မတို့အိမ်က အနီးကလေးပဲဟာ'

ကိုဖေခင်သည် မမိုးအေးနှင့် ခင်မင်သော်လည်း မမိုးအေး၏ နောက်ခံ အဆင့်အတန်းကို မခန့်မှန်းမိခဲ့ပေ။ မမိုးအေးက ရိုးရိုးနေသည်။ ရိုးရိုးဝတ်သည်။ မာနကင်းသည်။ အေးချမ်းသည်။ တစ်ခါတစ်ရံတော့ သူ ယုံကြည်ရာကို ဇွတ်လုပ်တတ်သည်။ သူ ရပ်တည်ရာ အနေအထားမှ အလျှော့ပေးလိုစိတ် မရှိ။ ပြီးတော့ စကားပြောလျှင် သူယုံကြည်ရာဘက်မှ အတိုက်အခံပြုတတ်သည်။ သို့သော် မမိုးအေးကို သူဌေးသမီးဟုတော့ သူ မထင်မိပေ။ သူနှင့်တွဲသော သချ်ာအဓိက ကျောင်းသူ နန်းမြထွေးကို ချမ်းသာမှန်းသိသော်လည်း မမိုးအေးကိုတော့ သာမန်မျှသာ ထင်ခဲ့မိသည်။

'မမိုးအေးက လမ်းလျှောက်ပြန်မှာလား'

ကိုဖေခင်က တအံ့တသြ မေးလေသည်။ မမိုးအေးက ခေါင်းညိတ်ပြသည်။ လမ်းကိုလည်း အေးအေးဆေး ဆက်လျှောက်သည်။ အင်းယားလမ်းမှထွက်ကာ အင်းယား ကန်ပေါင်ရိုးပေါ် ရောက်လာလေသည်။ နေရောင်ခြည်လဲ့လဲ့သည် အင်းယားရေပြင်ပေါ် ဖြာကျနေသည်။ မမိုးအေးသည် ကန်ပေါင်ပေါ်မှ ဆင်းကာ မြက်ခင်းများကြားမှ လူသွားလမ်းလေးအတိုင်း ပြေးဆင်းသွားလေသည်။ ရင့်ကျက်တည်ငြိမ်သော အသွင်ဖြင့် အစဉ်မြင်ခဲ့ရသော မမိုးအေးကို ယခုလို ကလေးဆန်ဆန်မြင်ရသောအခါ ကိုဖေခင် အံ့သြနေသည်။ သူနှင့် မမိုးအေးသည် နှစ်စကတည်းက ခင်မင်ခဲ့သည်။ သူတို့နှစ်ယောက်က ခုံနံပါတ်ချင်းလည်း နီးသည်။ အတန်းတက်တိုင်း အတူတူတက်ရသည်။ တစ်ခါတစ်ရံ မတော်တဆ မမိုးအေးနှင့် ယှဉ်တွဲထိုင်ရသည့်အခါ ဖားလျားချထားသော မမိုးအေး၏ ဆံပင်ရှည်ရှည်များသည် သူ့ပခုံးကို လာထိနေတတ်လေသည်။ သူက မမိုးအေးထက် အရပ် ပိုမြင့်သဖြင့် ဘေးမှထိုင်နေသော မမိုးအေး၏

BURMESE CLASSIC .com

မျက်တောင်ကလေးများ ကော့နေပုံ၊ နှာတံလေးစင်းနေပုံ၊ နှုတ်ခမ်းလေး တွဲနေပုံနှင့် ရင်ကလေး မို့နေပုံကိုပါ သူ အနီးကပ် မြင်ရတတ်လေသည်။ ထိုအခါ သူ့ရင်သည် လှုပ်ရှား သလိုလို ဖြစ်လာသော်လည်း မမိုးအေး၏ ရဲဝံ့သော အကြည့်နှင့် ပွင့်လင်းသော ဆက်ဆံမှုလေးများကို မြင်ရသောအခါ ထို မရိုးမသားစိတ်များ ကွယ်ပျောက်ရကာ ခင်မင်နှစ်လို စိတ်များသာ ပြည့်လျှမ်းခဲ့ရလေ၏။

မမိုးအေးသည် လွယ်အိတ်ကလေးကို ယမ်းကာ ရှေ့မှ ဆင်းသွားလေသည်။ သူကလည်း အလိုအလျောက်ပင် မမိုးအေးနောက်ကို ပြေးလိုက်သွားမိသည်။ မမိုးအေးသည် သည်နားက ရပ်ကွက်တွင်းသို့ ဝင်သွားလိမ့်မည်ဟု သူ ထင်နေသည်။ သို့သော် မမိုးအေးက ကြီးမားကျယ်ပြန့်သော တိုက်ကြီး၏ ခြံဝင်းရှေ့တွင်ရပ်လိုက်သောအခါ သူ ရုတ်တရက် အံ့အားသင့်သွားသည်။

'လာပါ ကိုဖေခင်ရယ်၊ ကျွန်မတို့ အိမ်ကို ဝင်လည်ပါဦး'

'တိုက်ကြီးက ခမ်းနားလွန်းလို့ ရုတ်တရက် လန့်သွားတယ်ဗျာ'

ကိုဖေခင်က ပွင့်လင်းစွာ ရယ်မောလိုက်ပြီး မမိုးအေး နောက်သို့ လိုက်သွားလေသည်။ အိမ်ကြီးသည် တိတ်ဆိတ်လျက်ရှိသည်။ အိမ်ရှေ့ သံတံခါးကို သော့ခတ်၍ ထားလေသည်။

'မလှကြည်၊ အန်တီခင်၊ တံခါးဖွင့်ပါဦး'

မမိုးအေးက အော်၍ ခေါ်လိုက်သည်။ အိမ်ထဲမှ အသက် ၆၀ ကျော်ခန့်ရှိသော အဘွားကြီးတစ်ယောက်သာ တလှုပ်လှုပ်ဖြင့် လျှောက်လာလေသည်။

'ဘာဖြစ်လို့ အရမ်းအော်နေသလဲ၊ လာမှာပေါ့'

အဘွားကြီးက လှမ်းပြောရင်း ကိုဖေခင်ကို မြင်သွားသဖြင့် မျက်မှောင်ကြုတ်သွားလေသည်။ ကိုဖေခင်ကလည်း အဘွားကြီးကို ရက်ရွဲ့စွာ ကြည့်လိုက်မိသည်။ တစ်ချိန်တည်းမှာပင် မဖိတ်မခေါ်ပါဘဲနှင့် မမိုးအေး၏

နောက်သို့ လိုက်ခဲ့မိသည်မှာ မှားပြီလားဟုတွေးလိုက်မိလေသည်။ အဘွားကြီး နောက်မှ မန်းမတစ်ဦး ထွက်၍ လာပြန်သည်။ အသက် ၃၀ ကျော်ခန့် ရှိ၍ အေးဆေးတည်ငြိမ်သော အသွင်ကို ဆောင်ထားလေသည်။

'အန့်တီခင်ရယ် ဧည့်သည်ပါလာလို့ မြန်မြန်ဖွင့်စမ်းပါ'

အန့်တီခင်ဆိုသူက အဘွားကြီးလက်ထဲမှ သော့ကိုယူကာ တံခါးကို ဖွင့်ပေးသည်။ ပြီးတော့ မမိုးအေး၏ လက်ထဲမှ လွယ်အိတ်ကို လှမ်း၍ ယူလေသည်။ မမိုးအေးက 'လာပါ ကိုဖေခင်'ဟု ပြောကာ ဧည့်ခန်း ဆိုဖာများရှိရာ ခေါ်သွားသည်။ ကိုဖေခင်သည် အဘွားကြီးကို တစ်ချက် လှမ်းကြည့်ပြီး မဝံ့မရဲ လိုက်သွားမိလေသည်။ အဘွားကြီးသည် သူတို့ နှစ်ယောက်ကို အကဲခတ်ရင်း နောက်မှ ထက်ကြပ်မကွာပါလာသည်။ ကိုဖေခင်၏ ရှေ့တည့်တည့်မှာပင် ဝင်ထိုင်ပြီး အကဲခတ်သော မျက်လုံး များဖြင့် အားမနာတမ်း ကြည့်နေလေသည်။

'အန့်တီခင်ရေ သံပရာရည်ယူခဲ့ပါ'

မမိုးအေးကတော့ ဣန္ဒြေတစ်စက်မျှ မပျက်ပေ။ တကယ်တော့ လည်း ဣန္ဒြေပျက်စရာ အကြောင်းမရှိ။ ကိုဖေခင်မှာသာ အဘွားကြီး၏ မျက်လုံးအောက်မှာ အလိုလိုနေရင်း အနေကြပ်နေမိသည်။ အဘွား ကြီးသည် ဖြူဖျော့သော ဆံပင်ကို ရွှေဘီးတစ်ချောင်းဖြင့် ခပ်မြင့်မြင့် ရစ်ပတ်ထား လေသည်။ သန့်ရှင်းသပ်ရပ်သော အဝတ်အစားတို့ကြောင့် အသက်ကြီး သော်လည်း ခံ့ခံ့ညားညား ရှိသည်။ မျက်လုံးများကမူ စူးရှ ခက်ထန်လွန်းသည်။ မလိုတမာစိတ်ရှိသော အသွင်သည် ပေါ်၍နေ၏။ ဇရာ၏နိမိတ်နှင့် အေးချမ်းသောအရိပ်ကို မတွေ့ရဟု ကိုဖေခင် ခံစားမိသည်။

'ဘွားဘွားရဲ့ သူက ကိုဖေခင်တဲ့၊ မိုးတို့အတန်းက ကလပ်စ် မိတ်ပေါ့၊ လမ်းကြုံလို့အိမ်ကို အလည်ခေါ်ခဲ့တာ'

မမိုးအေးကတော့ အေးဆေးစွာပင်ပြောနေသေးသည်။ ကိုဖေခင် သည် လက်နှစ်ဖက်ကို ဒူးပေါ်တွင် ယှက်ကာ ရိုရိုကျိုးကျိုးပင် ထိုင်နေရ လေသည်။

‘ဘယ်မှာနေသလဲကွယ့်’

အဘွားကြီး၏ ခွန်းဆက်စကား။ သို့သော် အထက်စီးနင်းနိုင်ခြင်း၊ ဩဇာလွှမ်းခြင်း၊ စစ်ဆေးခြင်း သဘောက အတိုင်းသား ပေါ်လွင်နေသည်။

‘ကျွန်တော် မြင်းခြံကပါ ခင်ဗျာ၊ ခုတော့ ပဲခူးဆောင်ကနေ ကျောင်းတက်ပါတယ်’

‘သူက ပန်းချီဆွဲ သိပ်တော်တာ ဘွားဘွားရဲ့၊ မန္တလေးမှာ ပန်းချီကျောင်းတက်လာခဲ့တာ’

မမိုးအေးကတော့ လွတ်လပ်စွာပင် ဝင်ပြောသည်။ အန်တီခင်ဆိုသူသည် သံပရာရည်နှစ်ခွက်ကို လာချပေးပြီး အေးအေးဆေးဆေး ပြန်ဝင်သွားသည်။

‘မိဘများက ဘာလုပ်သလဲကွဲ့’

‘ဩော် ဟို ရိုးရိုးကုန်သည်တွေပါပဲ ခင်ဗျာ’

မမိုးအေးက သံပရာရည်ခွက်ကို လှမ်းပေးရင်း သူကလည်း အေးအေးလူလူပင် တစ်ခွက်ယူသောက်သည်။ ကိုဖေခင်ကတော့ ခမ်းနားလှပသော ဧည့်ခန်း အဆောင်အယောင်များကို လှမ်းကြည့်ကာ သူ့ကိုယ်သူ အလိုလိုနေရင်း သိမ်ငယ်နေသလို ခံစားမိပြန်သည်။ ရွှေဘောင်ကွပ်ထားသော မင်္ဂလာဓာတ်ပုံတစ်ပုံကဖြင့် ထူးခြားလှသည်။ မမိုးအေးက ကိုဖေခင် မျက်လုံးကစားရာသို့လှမ်းကြည့်ရင်း ‘အဲဒါ ဖေဖေနဲ့ မေမေတို့ မင်္ဂလာဆောင်တုန်းက ပုံပေါ့ ကိုဖေခင်ရဲ့၊ မြို့တော်ခန်းမမှာ ဝန်ကြီးချုပ်က လက်ထပ်ပေးတာလေ၊ အဲဒီတုန်းက သိပ်စည်ကားတာတဲ့၊ မေမေဝတ်ထားတဲ့ လုံချည်က နိုင်ငံခြားက ဒါရိုက်မှာယူတာ၊ အဲဒီတုန်းကတောင် ၅၀၀ ကျော်ပေးရတာ၊ နော် ဘွားဘွား’ဟု ပြောကာ ကိုဖေခင်ကို မျက်စိတစ်ဖက် မှိတ်ပြလေသည်။ အဘွားကြီး၏ မျက်လုံးများသည် ရုတ်ရက် အရောင်တောက်လာ ကြလေသည်။ ‘အို ဘာပြောကောင်းမလဲကွယ်၊ လာလိုက်တဲ့ ဧည့်သည်တွေက’ အစချီကာ မင်္ဂလာဆောင် ရာဇဝင်ကို ခင်းလေတော့၏။

မမိုးအေးတို့ ဘွားဘွားက ဒိုင်ခံပြောပြီး ကိုဖေခင်က ခေါင်း

တညိတ်ညိတ်ဖြင့် နားထောင်ရသော စကားဝိုင်းသည် မမိုးအေးတို့ မေမေ ပြန်လာမှပင် အဆုံးသတ်ရလေသည်။ မမိုးအေးတို့ မေမေကတော့ ကိုဖေခင်ကို ယဉ်ကျေးစွာပင် အသိအမှတ်ပြုပြီး သူ့ အလုပ်ကိုပင် သူ လုပ်နေသည်။ ညော့ခံစကားကိုတော့ ပျူပျူငှာငှာမပြောတော့ပေ။ ကိုဖေခင် က အနေခက်စွာဖြင့် ထပြန်ရန်ပြင်သောအခါ မမိုးအေးက ‘ထမင်းစားသွားပါဦး’ဟု အပြုံးမပျက် ပြောနိုင်သေးသည်။ ကိုဖေခင်ကို နောက်တစ်ခါ လာလည်ရန် မည်သူကမျှ မဖိတ်ခေါ်ကြပေ။ မမိုးအေးကတော့ ကိုဖေခင်ကို ခြံတံခါးဝအထိ လိုက်ပို့ရင်း ‘စိတ်ပျက်သွားပြီလား’ဟု မေးလေသည်။ ကိုဖေခင်က အားနည်းစွာ ပြုံးပြမိသည်။

ထိုနေ့ညနေက ကိုဖေခင် အဆောင်အပြန်နောက်ကျ၍ ညစာထမင်းကို မစားလိုက်ရပေ။ မမိုးအေးတို့အိမ်တွင် ဘွားဘွားနှင့် မေမေက တစ်ဖက်၊ မမိုးအေးကတစ်ဖက် စကားစစ်ထိုးကြသည်ကိုလည်း ကိုဖေခင် မသိတော့ပေ။

ဘွားဘွားသည် နှုတ်ခမ်းကို ခပ်မဲ့မဲ့ပြုံးရင်းမှ ‘ငါ့မြေးကတော့ ဟော့ အပေါင်းအသင်း အရွေးတော်ပါပေတယ်၊ တကယ့် အညာသားတောသာကိုမှ ရွေးပေါင်းတာပဲ၊ အဝတ်အစားကလဲ နုံချာလိုက်တာ၊ လူပုံကလဲ ခပ်မွဲမွဲ’ဟု စတင်အဆိုတင်တော့၏။ မေမေကတော့ ဘာမျှ မပြောသေး၊ မမိုးအေးကို အကဲခတ်နေသည်။

‘မိတ်ဆွေအပေါင်းအသင်းပဲ၊ မွဲတာ ချမ်းသာတာတွေလိုသေးလို့လား၊ စိတ်သဘောချင်းတိုက်ဆိုင်တာ၊ သဘောထားဖြူစင်တာကိုလဲ ကြည့်ရမှာပေါ့၊

‘ညည်းဟာလေ ဘာမဆို ကလန်ကဆန်လုပ်ရမှ ကျေနပ်တယ်၊ လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် နေရတတ်တယ်ဟဲ့၊ အဆင့်အတန်းမရှိတဲ့သူနဲ့ပေါင်းရင် ကိုယ်လဲ အဆင့်အတန်း နိမ့်သွားတာပဲ’

‘အိုး ဘာအဆင့်အတန်းလဲ၊ မလိုပါဘူး၊ လူဆိုတာ စိတ်ဓာတ်မြင့်မားဖို့ပဲ လိုတယ်’

BURMESE CLASSIC .com

'ဟဲ့ စိတ်ဓာတ်မြင့်မားတယ် ဆိုတာလဲ အဆင့်အတန်းမြင့်မှ မြင့်တော့မပေါ့'

'ချမ်းသာမှ စိတ်ဓာတ်မြင့်မှာလား ဘွားဘွားရာ၊ ချမ်းသာပြီး စိတ်ဓာတ်အရာမှာ တစ်စက်မှ သုံးမရတဲ့လူတွေ အများကြီး၊ ချမ်းသာတဲ့လူက ပိုတောင် ကြောက်စရာကောင်းသေးတယ်'

'ဥပမာ ဘွားဘွားတို့ပေါ့'ဟု မမိုးအေး၏ စိတ်ထဲက ဆက်ပြောမိသည်။ မေမေကတော့ မမိုးအေးထံကိုလျှောက်လာပြီး စကား တစ်ခွန်းပဲ ဆိုသည်။

'ဘာပဲဖြစ်ဖြစ် စုဇီ၊ သမီးရဲ့ ပညာရေးမှာ သမီးစိတ်ကြိုက် ရွေးချယ်ခွင့်ကို မာမီတို့ ပေးခဲ့ပြီ၊ သမီးရဲ့အိမ်ထောင်ရေးမှာတော့ မာမီတို့ ပါရလိမ့်မယ်'

မေမေ သည်မျှ အစိုးရိမ်ကြီးသည်ကို မမိုးအေး အံ့သြသွားမိလေသည်။ မေမေသည် စကားကို သွယ်ဝိုက်မနေဘဲ တဲ့တိုးကြီး ပြောချလိုက်သည့် အတွက်လည်း ပို၍ အံ့သြမိသည်။ မမိုးအေး အနေနှင့်တော့ ကိုဖေခင်သည် မမိုးအေး၏ အိမ်ထောင်ရေးနှင့် မည်သို့မျှ မပတ်သက်ပေ။ ပတ်သက်လာစရာ အကြောင်းလည်း မရှိပေ။ မေမေတို့ ဘာကြောင့် သည်မျှ အလောကြီးနေရပါသနည်း။

'ဘာဆိုင်လို့လဲ မေမေရယ်၊ သမီးရဲ့အိမ်ထောင်ရေးက အဝေးကြီးလိုပါသေးတယ်၊ ကိုဖေခင်ဟာ သာမန် မိတ်ဆွေတစ်ယောက်ပါ၊ ပြီးတော့ အိမ်ထောင်ရေးမှာ မေမေတို့ကပါ ပါတယ်ဆိုတာလဲ မဟုတ်သေးပါဘူး၊ အိမ်ထောင်ရေးက ပိုအရေးကြီးတာပေါ့ မေမေ၊ သမီးအတွက် အရေးအကြီးဆုံးကိစ္စ သမီးဘာသာ ဆုံးဖြတ်မှာပေါ့၊ အို တစ်ခုမှ မဟုတ်သေးပါဘူး၊ မေမေရယ်'

သည်တစ်ခါတော့ မေမေသည် မမိုးအေးကို ပြတ်ပြတ်သားသား ရင်ဆိုင်လေသည်။

'ဘာမှပြောမနေနဲ့ မိစုဇီ၊ အိမ်ထောင်ရေးက အဝေးကြီး

လိုသေးတယ် ဆိုတာလဲ မဟုတ်ဘူး၊ ခုချိန်မှာ သမီးပေါင်းသင်းတဲ့ ယောကျ်ားလေးတိုင်းဟာ သမီးအိမ်ထောင်ရေးမှာ ပါကောင်းပါနိုင်တဲ့ လူတွေချည်းပဲ မှတ်ရမယ်၊ ဒီတော့ ခုကတည်းက ရွေးပေါင်းရမှာပဲ၊ သမီး အိမ်ထောင်ရေးဟာ သမီးအတွက် အရေးကြီးလို့မို့ကိုပဲ မာမီတို့က ပါရမှာပဲ၊ ဒါပဲ မိစူဇီ’

မမိုးအေးကတော့ မေမေ့ကို ပထမဆုံးအကြိမ် ကြီးစွာ စိတ်ပျက်မိလေသည်။ ယခင်က မေမေ့ကို အထင်ကြီးထားသမျှတွေလည်း ပျောက်ပျက်ကုန်သည်။ ဘွားဘွားနှင့် ငြင်းရသည်ကို စိတ်ထဲမှာ မထောင်းတာလှသော်လည်း မေမေနှင့် အယူအဆချင်း ညှိနှိုင်းမရသည့်အတွက်မူ များစွာ စိတ်ထိခိုက်မိသည်။ တစ်လောကလုံးမှာ သမီးနဲ့ မေမေ နှစ်ယောက်တည်း ရှိတဲ့ဟာ ဘာကြောင့်များ တစ်ယောက်တစ်မျိုး ဖြစ်နေရပါလိမ့် မေမေရယ်။

‘ခုကတည်းက အိမ်ထောင်ရေးအတွက်ပါ စိတ်ကူးပြီး ရွေးပေါင်းရမယ်၊ ဟုတ်လား မေမေ၊ ဒီလိုဆို သာမန် မိတ်ဆွေဆိုတာ မရှိတော့ဘူးပေါ့၊ ပြီးတော့ သမီး ပညာသင်နေတာ လက်ထပ်ဖို့ ယောကျ်ားကိုပါ တစ်ခါတည်း ရှာရမယ်ဆိုတဲ့ သဘောလား’

တကယ်တော့ အရွဲ့တိုက်၍ ပြောလိုက်ခြင်း ဖြစ်သည်။ ‘ပညာသင်ရင်း လင်ပါရှာရမယ်လား’ဟု ပြောချင်သော်လည်း ရိုင်းပျ လွန်းမည်စိုး၍ မပြောတော့ပေ။ သို့သော် မေမေကတော့ အံ့သြစရာ စကားတွေကိုချည်း ပြောလို့နေခဲ့သည်။

‘ဟုတ်တယ်၊ အဲဒီ သဘောပဲ’

‘အို’

မမိုးအေးကြီးစွာ တုန်လှုပ်မိသည်။ ရှက်လည်း ရှက်မိသည်။

‘ဒါကြောင့် ပြောတာပေါ့၊ ဆေးတက္ကသိုလ်တို့ ဘာတို့ တက်ပါလို့၊ ဒီနေရာမှာသွားပြီး ပန်းချီ ဆွဲတယ်၊ ပတ္တလားတီးတယ် ဆိုကတည်းက ဒါမျိုးပဲ တွေ့မှာပဲ’

BURMESE CLASSIC .com

'မေမေတို့ အတွေးအခေါ်တွေက ခေတ်နောက်ကျလိုက်တာ'

ဘာပဲဖြစ်ဖြစ် သည်စကားကိုတော့ အရဲစွန့်၍ ပြောမိသည်။

'ဘာပြောတယ် မိစုဇီ'

မမိုးအေး ငြိမ်နေမိလေသည်။ ဝမ်းနည်းလွန်း၍ မျက်ရည်များပင် ဝဲစပြုလာသည်။ မေမေကတော့ မဲ့ပြုံး ပြုံးလိုက်သေးသည်။ 'စိတ်ဓာတ်မမြင့်မားဘူးဆိုတာ ဒါမျိုးကို ပြောတာပေါ့'ဟု မမိုးအေး၏ စိတ်ထဲက ဆက်၍ ပြောမိလေသည်။ 'ခေတ်နောက်ကျတယ် ဟုတ်လား မိစုဇီ၊ အေးမာမီ ပြောမယ်၊ လောကမှာ မိန်းကလေးတစ်ယောက်ကို သာမန်မိတ်ဆွေလို လာပေါင်းတဲ့ ယောကျ်ားရှိသလား၊ အထူးသဖြင့် သမီးလို ရုပ်ရည်ချောမောပြီး ပစ္စည်းဥစ္စာချမ်းသာတဲ့ မိန်းကလေး တစ်ယောက်ကို'

'အို တော်ပါတော့ မေမေ'

'အေးလေ သမီးတို့က သမီးတို့ခေတ် အတွေးအခေါ်နဲ့မို့ သာမန် မိတ်ဆွေရှိတယ်၊ လက်ထပ်ရမယ့် လူက တခြားပဲဆိုရင်တော့ မာမီ ပြောပါရစေ၊ သမီး လက်ထပ်ရမယ့် လူမျိုးဟာ ဒီလို လူမျိုး မဖြစ်ပါစေနဲ့'

'အို ဒီလိုလဲ မဟုတ်ဘူး မေမေ'

'ဒါဖြင့် ဘယ်လိုလဲ သမီးရယ်'

မမိုးအေးကလည်း မေမေ့ကို ပြတ်ပြတ်သား ရင်ဆိုင်ဖို့ ကြိုးစားရတော့သည်။

'သမီးတို့ဟာ မိတ်ဆွေတွေပဲ၊ ဒါပေမယ့် သမီးလက်ထပ်မယ့် လူဟာ ဒီလိုလူမျိုးဖြစ်ချင်လဲ ဖြစ်မှာပဲ၊ မဖြစ်ချင်လဲ မဖြစ်ဘူး၊ ဒီလူ ဟုတ်ချင်လဲ ဟုတ်မယ်၊ မဟုတ်ချင်လဲ မဟုတ်ဘူး'

'ဒါဖြင့် သမီးဟာက ဘာမှလဲ မခိုင်မာပါလား'

မမိုးအေး မော၍လာသည်။ ချေပရန် စကားလုံးကို ရှာမရတော့ပေ။

'အို မေမေ ဘာပဲဖြစ်ဖြစ် သမီးတို့ခေတ်ဟာ မေမေတို့လို ယောကျ်ားလေးတွေနဲ့ ဒိတ်လုပ်ပြီးတွဲ၊ စိတ်ကြိုက်လင်ရွေးပွဲလုပ်တဲ့ခေတ်

BURMESE CLASSIC .com

မဟုတ်တော့ဘူး မေမေ၊ အယူအဆချင်းတူရင် လက်တွဲမှာပဲ'

'တော်တော့ မိစုဇီ၊ ညည်းဟာ အခွင့်အရေးပေးလို့လူပါးဝတယ်၊ ငါလုပ်သမျှ ငါရှာသမျှဟာ ညည်းအတွက်၊ ညည်းကောင်းစားဖို့ချည်းပဲ၊ ငါ့စေတနာကို ညည်းနားလည်၊ ငါပြောတာကို လက်ခံ၊ ဒါပဲ'

သည်လိုဆိုတော့ မေမေသည် သာမန် မိန်းမတစ်ယောက်နှင့် ဘာထူးတော့လို့လဲ။ မမိုးအေး များစွာ ဝမ်းနည်းမိသည်။

'အစောကြီးကတည်းက အဲဒီလို ပြတ်ပြတ်သားသား ပြောလိုက်လဲ ပြီးတာပဲ၊ ညည်းတို့ သားအမိကိုက လျှာအင်မတန်ရှည်တယ်'

ဘွားဘွား၏ နောက်ဆုံးပိတ်စကား။ မမိုးအေး နွမ်းလျ မောပန်းလွန်း၍ စကားဆိုချင်စိတ် မရှိတော့ပေ။ သို့သော် ဘွားဘွားတို့ မေမေတို့ကိုကား အလျှော့ပေးရန် စိတ်မကူးမိ။ သည်အချိန်မှာ လေးလေးကို သတိရမိသည်။ လေးလေးသာရှိလျှင် ဘာပြောမည်လဲ။ မမိုးအေးဘက်က ပါမည်လား။ ဖေဖေသာ အသက်မသေဘဲ ရှိနေသေးရင်ကော ဘာပြောမည်လဲ။ ဖေဖေသည် သူ့ကို မေမေက စိတ်တိုင်းကျ ရွေးချယ်ယူခဲ့သည်ဆိုတာ သိမှ သိသွားပါလေရဲ့လား မသိ။

ဖေဖေနှင့် မေမေတို့၏ မင်္ဂလာ ဓာတ်ပုံကြီးကတော့ ဧည့်ခန်းတွင် ဝင့်ထည်ခံ့ညားစွာ ရှိနေလေသည်။

# ၃

ဒုတိယနှစ်ဝက်မှာတော့ မမိုးအေး ကျောင်းမှန်မှန် မတက်ဖြစ်တော့ပေ။ အိမ်မှထွက်လာပြီး နန်းမြထွေးတို့၏ ရတနာဆောင်မှာ သွားနေသည်က များလေသည်။ နန်းမြထွေး ကျောင်းသွားတက်လျှင်လည်း အခန်းသော့ကို ယူကာ အဆောင်မှာပင် အိပ်ချင်အိပ်နေတတ်သည်။ တစ်ခါတစ်ရံတော့လည်း တစ်ယောက်တည်း ရုပ်ရှင်သွားကြည့်ချင် ကြည့်နေသည်။ ကျောင်းသူအချို့လို ဗိုလ်ချုပ်ဈေးတော့ မသွားတတ်ပေ။ နန်းမြထွေးတို့ ခေါ်လျှင်လည်း ဗိုလ်ချုပ်ဈေးကို မလိုက်ပေ။ မေမေ့ ဆိုင်ကကိုလည်း မသွားချင်ပေ။ မှတ်မှတ်ရရ မေမေ ဈေးရောင်းရာကို တစ်ခါရောက်ဖူးသည်။ မမိုးအေး၏ ရှေ့တွင် သုံးထောင့်ငါးရာနှင့် ဝယ်လိုက်သော စိန်ထည်တစ်ခုကို နာရီပိုင်းအတွင်းမှာပင် ရှစ်ထောင်နှင့် ပြန်ရောင်းလိုက်သည်ကို မြင်သောအခါ များစွာ အံ့သြမိလေသည်။ ဈေးရောင်းရာတွင် မေမေက နှုတ်လည်းချိုသည်၊ အပြောလည်း ကောင်းသည်၊ ရုပ်ကလည်း လှပသည်ဆိုတော့ မေမေ့ကို လူတွေ က သဘောကျကြသည်။ ယုံကြည်ကြသည်။ သို့သော်

BURMESE CLASSIC .com

မမိုးအေးကတော့ မေမေ့ နှုတ်ခမ်းလှလှလေးဖြင့် တစ်ဖက်သားကို ညှာနေသည်ဟုသာ မြင်မိလေသည်။

မမိုးအေးကတော့ မေမေ့လို ဈေးရောင်းတတ်ဖို့ တစ်ခါမျှ အားမကျ ဘူးပေ။ မေမေကလည်း မမိုးအေးကို ဈေးရောင်းရန် တစ်ခါမျှ မပြောဘူးပေ။ မေမေက မမိုးအေးကို လှလှပပနှင့် ပညာတတ်မလေး ဖြစ်စေချင်ကာ မေမေတို့အမြင်အရ အဆင့်အတန်း မြင့်သော ယောကျ်ား တစ်ယောက်နှင့် ပေးစားဖို့သာ ဆန္ဒရှိလေသည်။

ကိုဖေခင်နှင့် မမိုးအေးကတော့ အခင်အမင်မပျက် ရှိခဲ့သည်။ မမိုးအေး၏ အိမ်ကို ရောက်ပြီးကတည်းက ကိုဖေခင်သည် မမိုးအေးကို ဆက်ဆံရာမှာ မဝံ့မရဲဖြစ်၍ နေလေသည်။ မမိုးအေးက အိမ်ကို လိုက်လည်ရန် ထပ်ခေါ်သော်လည်း မလိုက်တော့ပေ။ ဘွားဘွား၏ မင်္ဂလာဆောင် ပုံပြင်ရှည်ကြီးနှင့် မေမေ၏ စူးရှသော မျက်လုံးများ ဒဏ်ကို ကြောက်နေပုံ ရသည်။ 'မမိုးအေးတို့ မေမေက ထက်မြက်ပုံ ရတယ်နော်'ဟု ကိုဖေခင်က ပြောသည်။ 'ကျွန်မကော'ဟု မမိုးအေးက ပြန်မေးသည်။ 'မမိုးအေးကလဲ ထက်မြက်ပုံပါပဲ ဒါပေမယ့် တစ်မျိုးပါ၊ မမိုးအေးက ရိုးသားပုံလဲရတယ်'ဟု ဆိုသည်။ မမိုးအေးက ရယ်ပြီး 'မေမေကတော့ ရိုးသားပုံ မရဘူးပေါ့'ဟု မေးရာ 'ဟာဗျာ ဒီလို မဟုတ်ပါဘူး'ဟူ၍ မြန်မြန် ဖြေရှင်းလေသည်။

ကိုဖေခင်သည် အညာသားပီပီ ရိုးလည်း ရိုးသားသည်။ ခင်မင်ဖွယ်လည်းကောင်းသည်။ သို့သော် မေမေတို့ လိုချင်သော အဆင့်အတန်းမျိုးတော့ မရှိပေ။ ကိုဖေခင်၏ ပန်းချီအနုပညာမှာ ပါရမီထူးတာ၊ စာပေအရာမှာ နှံ့စပ်တာတွေကိုတော့ မေမေတို့လည်း အားကျမည် မဟုတ်ပေ။ မေမေက အထက်တန်းကျသော၊ ပါးရည်နပ်ရည်ရှိသော၊ သို့မဟုတ်ကလည်း ရာထူးမြင့်မားသော၊ ဘွဲ့ထူးရှိသော၊ ချမ်းသာသောသူများကိုသာ အဆင့်အတန်းမြင့်သည်ဟု ထင်လေသည်။ မမိုးအေးကတော့ ကိုဖေခင်ကို တစ်ဦးတည်းသော ယောကျ်ားလေး မိတ်ဆွေအဖြစ် ခင်မင်မြဲ အထင်ကြီးမြဲ ဖြစ်သည်။ အတန်းအားချိန် များတွင် အိမ်မပြန်တော့ဘဲ ကိုဖေခင်ကလည်း အဆောင်

BURMESE CLASSIC .com

မပြန်ဘဲ စားသောက်ဆိုင် တစ်ခုခုမှာ ဝင်ပြီး မုန့်အတူစားသည်။ စိတ်ရလျှင် ဘွားဘွားအကြောင်း၊ မေမေ့အကြောင်း၊ အန်တီခင့် အကြောင်းနှင့် သူတို့၏ အိမ်တွင်း စကားရည်လုပွဲကလေးများ အကြောင်းကို ပြောပြတတ်လေသည်။

'မေမေက ပြောတယ်၊ ယောကျ်ားတစ်ယောက်ဟာ မိန်းကလေး တစ်ယောက်ကို ရိုးရိုးသားသား ခင်မင်လို့ လာပေါင်းတယ်ဆိုတာ မရှိဘူးတဲ့၊ သာမန်မိတ်ဆွေဆိုတာ မရှိဘူးပေါ့၊ အဲဒါဖြစ်နိုင်လား ကိုဖေခင်၊ ဒီလိုဆို ကျွန်မတို့မှာ မိန်းကလေးချင်းချင်း ယောကျ်ားလေး ချင်းချင်းပဲ မိတ်ဆွေတွေရှိရတော့မလို ဖြစ်နေတာပေါ့၊ သိပ်ကျဉ်းမြောင်း နေမှာပေါ့၊ မဟုတ်ဘူးလား'

ကိုဖေခင်က မမိုးအေး၏ အမေးကို မဖြေဘဲ မမိုးအေးကိုသာ ငေးကြည့်နေသည်။

'အဲဒီစကားကို မမိုးအေးရဲ့ မေမေက ဘယ်တုန်းက ပြောတာလဲ ဟင်'

မမိုးအေးက မျက်နှာပျက်သွားသယောင်ရှိသော်လည်း ခဏချင်း မှာပင် ရယ်မောလိုက်လေသည်။

'ဒီလိုပဲ မေမေနဲ့ ကျွန်မ ခဏခဏ ငြင်းခုံနေကျပဲ၊ ဒါပေမယ့် ပထမတော့ စကားလုလုတွေနဲ့ အနိုင်လုကြတာပေါ့၊ နောက်တော့လဲ မေမေက ထုံးစံအတိုင်း ခြိမ်းခြောက်ပြီး အနိုင်ယူသွားတာပဲ'

ကိုဖေခင်သည် ငြိမ်သက်စွာပင် စဉ်းစားနေလေသည်။ သူသည် မမိုးအေးတို့ မေမေ ပြောခဲ့သလို တစ်နည်းအားဖြင့် စွပ်စွဲခဲ့သလိုပင် မမိုးအေးကို ရိုးရိုးသားသား ခင်မင်လို၍ မဟုတ်ဘဲ တစ်စုံတစ်ခုကို မျှော်ကိုး၍ ပေါင်းခဲ့မိလေသလား။ မမိုးအေးသည် အပြစ်ကင်းစင်၏။ ပြီးတော့ လှလည်း လှ၏။ ချစ်စရာလည်းကောင်းသည်။ သူ မမိုးအေးကို မချစ်ဘဲမနေနိုင်ပေ။ သို့သော် ချစ်သူတွေလို ချစ်ကြရအောင်ဟုတော့ ချစ်ရေးမဆိုဘူးသေး။ ဆိုရန်လည်း စိတ်မကူးမိသေးပေ။ မမိုးအေးနှင့်

BURMESE CLASSIC .com

နီးနီးကပ်ကပ် နေခွင့်ရှိခြင်းသည်ပင် မမိုးအေးကို သူ ချစ်နေရခြင်းနှင့် အတူတူပင် ဖြစ်သည်ဟု သူ ထင်ခဲ့သည်။ ယခုတော့ မမိုးအေး၏ စကားကြောင့် သူ တွေဝေရလေပြီ။

'မမိုးအေးတို့ မေမေ ပြောတာ ဖြစ်နိုင်ပါတယ် မမိုးအေး'

မမိုးအေးသည် လန့်ဖျပ်သွားသလို သူ့ကို မော့ကြည့်လေသည်။

'အို ကိုဖေခင် ကျွန်မတော့ ဒီလိုမထင်ဘူး၊ ကိုဖေခင် ကျွန်မကို ပေါင်းတာ ရိုးရိုးသားသားခင်လို့ပဲ မဟုတ်လား'

ကိုဖေခင်ကလည်း လက်ကိုကာ၍ မြန်မြန်ဖြေရှင်းသည်။

'ဟုတ် ဟုတ်ပါတယ် မမိုးအေး၊ ကျွန်တော်က ယေဘုယျ သဘောကို ပြောတာပါ၊ လူတစ်ယောက်နဲ့ တစ်ယောက် ပေါင်းသင်းတယ် ဆိုကတည်းက တစ်ယောက်ကို တစ်ယောက် နှစ်လိုလို့၊ ခင်မင်လို့၊ တစ်နည်းအားဖြင့် ချစ်လို့ ပေါင်းကြတာပဲ မဟုတ်လားဗျာ၊ ယောကျ်ားလေးနဲ့ မိန်းကလေးဆိုတော့ ပြဿနာရှိလာရတာပေါ့၊ တကယ်တော့ ရိုးသားတယ်၊ မရိုးသားဘူးဆိုတာလဲ ယောကျ်ားနဲ့ မိန်းမပို့လို့ ဖြစ်ရတာပါ၊ ကိုယ့်အနေနဲ့ ဘယ်လိုမှ နှစ်သက်စရာ မကောင်းတဲ့ လူတစ်ယောက်ကိုတော့ ဘယ်လို လုပ်ပြီး ပေါင်းချင်မလဲဗျာ'

'အင်း ရှင်းမလိုလိုနဲ့ ရှုပ်ကုန်ပါပြီ'

'ဒီအတွက် ခေါင်းရှုပ်မခံပါနဲ့ မမိုးအေးရယ်၊ အထူး သဖြင့် ကျွန်တော့် အတွက်ပေါ့'

သည့်နောက်တွင်တော့ ကိုဖေခင်က မမိုးအေးကို မသိမသာ ရှောင်လေသည်။ အတန်းထဲတွင် မမိုးအေး၏ ဘေးတွင် လာမထိုင်တော့ချေ။ မမိုးအေးက အရင်ရောက်နှင့်၍ နေရာ ယူထားပေးလျှင်လည်း သူက နောက်ဆုံးမှဝင်ကာ နောက်ဆုံးတန်းမှာ ဝင်ထိုင်တတ်သည်။ မမိုးအေးက သူ့ကို ရှောင်နေမှန်းသိ၍ ကိုဖေခင်ကို တမင်လိုက်ပြီး မျက်နှာချင်း ဆိုင်သည်။ နေ့လယ် မုန့်စားဆင်းချိန်မှာ ကိုဖေခင် နောက်ကိုထက်ကြပ်မကွာ လိုက်သွားသည်။ ကိုဖေခင်သည် မမိုးအေး လိုက်လာမှန်းသိသော်လည်း

BURMESE CLASSIC .com

လှည့်မကြည့်ဘဲ အဓိပတိ လမ်းကို ဖြတ်၍ ဘွဲ့နှင်းသဘင် ခန်းမဘက်အထိ ဆက်လျှောက်သွားသည်။ အရိပ်ကောင်းသော သစ်ပင်အောက်မှ ထိုင်ခုံပေါ်တွင် မောလျစွာ ထိုင်လိုက်ချိန်တွင် မမိုးအေးက သူ့ဘေးမှာ ရပ်၍ နေလေသည်။

'ပြေးရတာ တော်တော် မောသွားလား ကိုဖေခင်'

မမိုးအေးက လွယ်အိတ်ကိုလွယ်ကာ ရပ်ရင်း ကိုဖေခင်ကို မကြည့်ဘဲနှင့် မေးလေသည်။ ဖားလျားချထားသော ဆံပင်များသည် ပို၍ ရှည်လျားနေကာ ခါးနားဆီသို့ ရောက်လုလု ဖြစ်နေသည်။ မတ်တတ်ရပ်ထားသော မမိုးအေး၏ ပါးလျားကျစ်လျစ်သည့် ခန္ဓာကိုယ်လေးသည် တည်ငြိမ်အေးဆေးသောအသွင်ကို ဆောင်သည်။ အချို့မိန်းကလေးများလို သွေးဆူစေသော အလှဖြင့် ဆွဲဆောင်တတ် သော အစွမ်းသတ္တိမျိုး မမိုးအေးတွင် မရှိ။ သို့သော် မမိုးအေး၏ စိတ်တန်ခိုးကမူ တစ်နည်းတစ်ဖုံ ဆွဲဆောင်နိုင်စွမ်း ရှိနေလေသည်။ မမိုးအေး၏ အပြစ်ကင်းစင်၍ ထက်မြက်သော မျက်လုံးများကို ကိုဖေခင် ရင်မဆိုင်ဝံ့ချေ။

'အပြစ်ရှိတဲ့သူဆိုတော့ ပြေးရပါတယ် မမိုးအေးရယ်'

မမိုးအေးသည် ကိုဖေခင် မျှော်လင့်ထားသလို အံ့ဩဟန်ကို မပြချေ။ သူ့ဘေးမှာဣန္ဒြေရရပင် ဝင်ထိုင်လေသည်။ ပြီးတော့ လွယ်အိတ်ထဲမှ ပါလာမြဲဖြစ်သော ပေါင်မုန့်ကြော်နှစ်ချပ်ကို ထုတ်ကာ ကိုဖေခင်ကို ကျွေးသည်။ လွန်ခဲ့သည့် နှစ်ရက်အတွင်းကတော့ ကိုဖေခင်သည် မမိုးအေးနှင့် မုန့်အတူ မစားဖြစ်ခဲ့ချေ။ ထိုကာလအတွင်းက ခံစားခဲ့ရသော သူ၏ စိတ်သောကများကိုတော့ ပြောပြရန် မဝံ့ပါချေ။

'လောကမှာလူတွေဟာ တစ်ယောက်တစ်မျိုး အပြစ်ရှိကြတာပဲ မဟုတ်လား ဟင်'

ကိုဖေခင်သည် မမိုးအေးကို မဝံ့မရဲ မော့ကြည့်လေသည်။ မမိုးအေး ၏ မျက်လုံးလေးများ ညိုမှိုင်းနေသည်။ သူ မမိုးအေးကို သနားသွားပြန်သည်။ တကယ်တော့ မမိုးအေးသည် အဖော်ရှိသူ မဟုတ်ပေ။

သူ မပျော်မွေ့သော၊ အတင်မကြီးသော သိုက်မြုံထဲမှာ ကြီးပြင်းလာရပြီး လွတ်လပ်မှုနှင့် အမှန်တရားကို သနားစဖွယ် ဖွေရှာနေသူ ဖြစ်သည်။

'အပြစ်ကင်းတဲ့ မိန်းကလေးတစ်ယောက်ကို ပြစ်မှားမိလို့ ကျွန်တော့် အပြစ်က ကြီးပါတယ် မမိုးအေးရယ်'

မမိုးအေးက သူ့လွယ်အိတ်ထဲမှ ဖြူလွလွ စက္ကူစလေးများကို ထုတ်ကာ သူ့ လက်ချောင်းလေးများနှင့် နှုတ်ခမ်းတစ်ဝိုက်တို့ကို သုတ်နေသည်။ သူသည် စကားပြောရင်းမှ ပေါင်မုန့်တစ်ချပ်ကို ကုန်အောင်စားခဲ့သည်။ ကိုဖေခင်ကတော့ သူ့အတွက်ဝေစုကို မစားဖြစ်သေးဘဲ မမိုးအေးကိုသာ အယူခံဝင်နေမိသည်။

'ကျွန်မကို ပြစ်မှားမိတယ် ဟုတ်လား၊ ကျွန်မတော့ မထင်ပါဘူး ကိုဖေခင်ရယ်၊ ကျွန်မနဲ့ ကိုဖေခင် အတူသွားလာနေခဲ့ကြတဲ့ အချိန်အတွင်းမှာ ကိုဖေခင် ကျွန်မကို ဘာတစ်ခုမှ ပြစ်မှားကျူးလွန်တာ မတွေ့ပါဘူး'

'ကျွန်တော်လဲ အစက ဒီလိုပဲ ထင်ခဲ့တာပဲ၊ နောက်တော့ မမိုးအေးတို့မေမေ ပြောတယ်ဆိုတဲ့စကားကို ကြားရတော့ ကျွန်တော့် ကိုယ် ကျွန်တော် ပြန်စစ်ဆေးမိတယ်၊ ကျွန်တော့်ရဲ့ စိတ်ကိုပေါ့ဗျာ'

မမိုးအေးက ခေါင်းလေးမော့၍ ရယ်လေသည်။ သူ့ဆံပင်စများသည် ကိုဖေခင့် ပခုံးစွန်းကို လာထိကြပြန်လေ၏။

'ဒီတော့ မေမေပြောတာ မှန်နေရောလား၊ ကိုဖေခင်က ကျွန်မကို ခင်တာ ရိုးရိုးခင်တာ မဟုတ်ဘူးပေါ့၊ ရိုးရိုးခင်လို့ လာပေါင်းတာ မဟုတ်ဘူးပေါ့'

'အစကတော့ ရိုးရိုးခင်မင်လို့ ပေါင်းတာပါ မမိုးအေးရယ်'

'ဒါဆိုရင်လဲ ပြီးတာပါပဲ ကိုဖေခင်ရယ်၊ အရေးကြီးတာက ကိုဖေခင် ကျွန်မအပေါ် ဆက်ဆံခဲ့သမျှတွေဟာ တစ်စုံတစ်ရာကို လိုချင်လို့ ချဉ်းကပ်တာမျိုး မဖြစ်ဖို့ပဲ၊ ဥပမာ၊ ကျွန်မရဲ့ ခန္ဓာကိုယ်'

ကိုဖေခင်၏ မျက်နှာများ နီရဲလာလေသည်။ မမိုးအေး၏ အတွေးအခေါ်များ ရဲရင့်ပြတ်သားလာလေလေ သူ့မှာ သတ္တိနည်းလာရလေလေပင်။ သူ မမိုးအေးနားမှ ထွက်ခွာပြေးချင်စိတ်ပေါက်လာမိ လေသည်။

BURMESE CLASSIC .com

မမိုးအေးကတော့ အစွမ်းထက်သော စိတ်တန်ခိုးဖြင့် သူ့ကို တုပ်နှောင်ထားလေသည်။ ပြီးတော့ ဆုံးမ သြဝါဒပေးနေလေသည်။

'ကျွန်တော် ဒီလို စိတ်ထားမျိုးတော့ မရှိပါဘူးဗျာ'

ကိုဖေခင်က သည်အချက်ကိုတော့ မတွန့်မဆုတ် ဖြေကြားလိုက်သည်။ မမိုးအေးနောက်ကို သည်လောက်မျှ အမီမလိုက်နိုင်ဘူးဆိုလျှင် သူ ပျော့ညံ့ရာကျမည်။ မမိုးအေးအတွက်လည်း ကြေကွဲစရာဖြစ်၍နေလေမည်။ သူသည် ချစ်ခြင်းမေတ္တာနှင့် လိုချင်တပ်မက်မှုဆန္ဒမျှကိုတော့ မမိုးအေးအတွက် ခွဲခြားပေးနိုင်စွမ်း ရှိသည်ဟုထင်မိလေသည်။

မမိုးအေးသည် နေရာမှထကာ လွယ်အိတ်ကို ပြန်လွယ်သည်။ ဆံပင်များကို နောက်သို့ဖယ်ရှားလိုက်ပြီး ကိုဖေခင်ကို ကြည်လဲ့သော အပြုံးဖြင့် ကြည့်သည်။

'ဒီလောက်တောင်ဘဲ ကိုယ့်စိတ်ကို ဆုံးမဖို့အပြစ်ပေးဖို့ မလိုပါဘူး ကိုဖေခင်ရယ်၊ ကျွန်မတို့ဟာ လွတ်လပ်တဲ့ လူငယ်တွေပဲ၊ စိတ်ခံစားမှုကို ဘယ်မှာတားဆီးလို့ရမလဲ၊ ဒါပေမယ့် ကိုဖေခင်ဟာ ကျွန်မအပေါ်မှာ ဘယ်တော့မှ ကောက်ကျစ်တဲ့စိတ်ထားမျိုး မထားဘူး၊ ထားလို့မရဘူးဆိုတာ ကျွန်မ ယုံကြည်တယ်'

မမိုးအေး၏ ခြေလှမ်းများ စတင် ရွေ့လျားသွားကြလေသည်။ ကိုဖေခင်သည် ထိုင်နေခဲ့ရမည်လား၊ ထလိုက်သွားရမည်လား ဝေခွဲမရဖြစ်ကာ မမိုးအေးကို ငေးကြည့်နေမိသည်။ မမိုးအေးက နောက်တစ်ခါ လှည့်ကြည့်သည်တွင်မှ သူသည် အလိုလို ထရပ်ကာ မမိုးအေးနောက်လိုက်သွားမိလေသည်။

စာသင်ခန်းထဲသို့ဝင်သောအခါ သူနှင့် မမိုးအေးကို စိတ်ကောက်ရာမှ ပြေလည်သွားကြသူများအဖြစ် ကျန်လူများက ကြည့်နေကြသည်။ မမိုးအေးကတော့ ဣန္ဒြေမပျက်ပင် စာအုပ်ကို အသင့်ဖွင့်ကာ ထိုင်နေလေသည်။

*

BURMESE CLASSIC .com

စာမေးပွဲနီး၍ မမိုးအေးက ကျောင်းမှန်မှန် ပြန်တက်သော်လည်း ကိုဖေခင်ကတော့ ကျောင်းတက် မမှန်တော့ပေ။ ကိုဖေခင်အတွက် ကျောင်းစာများကို မမိုးအေးက ဒိုင်ခံကူးပေးနေရသည်။ ကိုဖေခင်သည် အဆောင်မှာလည်း မနေတော့။ အဆောင်ခနှင့် ထမင်းခကို မှန်မှန် မသွင်းနိုင်တော့၍လားမသိ၊ လှည်းတန်းက အဒေါ်တစ်ယောက်အိမ်မှာ သွားနေလေသည်။ ပြီးတော့ ကိုဖေခင်သည် ပန်းချီဆရာ၊ ကဗျာဆရာ လူငယ်အချို့နှင့် မြို့တွင်း လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် အချိန်ပြည့် ထိုင်နေတတ်သည်ကို မမိုးအေးက သိနေသည်။ အပေါင်းအသင်းများ၏ ပန်းချီပြပွဲအတွက် လုံးပန်းရာတွင်လည်း သူပါ ဝင်ရောက်ကူညီနေသည်။ သူ့အဒေါ်ကတော့ အညာသူပီပီ ရိုးသား လှကာ မမိုးအေး ရောက်သွားလျှင် ဘုရင့်သမီးလေး အလည်လာသလို ပြူးပြူးပျာပျာဖြစ်၍ နေတတ်လေသည်။

'မောင်ဖေခင် ကျောင်းမတက်လို့ လိုက်လာသလား ကလေးမ၊ သူလဲ မနက်ကတည်းက ထွက်သွားတာပဲ၊ ဆံပင်ရှည်ရှည် ကောင်လေးတွေနဲ့လေ၊ ပန်းချီဆရာတွေဆိုလား၊ သြော် နေဦး နေဦး၊ ထန်းလျက်ဖြူဖြူလေးတွေရှိတယ်၊ စားသွားပါဦးကွယ်၊ ရေနွေးလဲ ကျိုလိုက်ဦးမယ်'

မမိုးအေးကလည်း 'နေပါစေ'ဟု မတားဘဲ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကို စောင့်၍ စားတတ်သေးသည်။ ကိုဖေခင်၏ စာအုပ်စင်ကို ဖွကာ ကူးစရာရှိသည်ကို ကူးပေးရန် လိုအပ်သည့် စာအုပ်များကို ယူလေသည်။ ကိုဖေခင်တစ်ယောက် ကျောင်းစာကို လုံးဝ လက်လွှတ်ပစ်မှာ စိုးနေမိသည်။ မမိုးအေးကတော့ လူ့ဘဝမှာ ကျောင်းပညာသည်လည်း သင်ယူထိုက်သည်ဟု ထင်နေမိသည်။ ဒါမှမဟုတ်လဲ ကျောင်းတက်ဖို့က လွဲ၍ ဘာမျှ လုပ်စရာမရှိသောကြောင့်လည်း ဖြစ်ချင်ဖြစ်ပေမည်။ ကိုဖေခင်လိုတော့ ယုံကြည်ရာ အလုပ်တစ်ခုမှာ နှစ်မြှုပ်ရန် သတ္တိမရှိသေးပေ။ နှစ်မြှုပ်နိုင်ရန်လည်း ဘာကိုမျှ ရေရေရာရာ မတတ်သေးပေ။ တတ်အောင် ဘယ်လိုလုပ်ရမည်လည်း မသိ။ သည်အတွက် မေမေကလည်း အားမပေး။ အခြား အားပေးမည့်သူလည်းမရှိ။ ကိုဖေခင်ကလည်း သူ့ကိုတော့ လက်တွဲ

BURMESE CLASSIC .com

ခေါ်ဖို့ စိတ်ကူးဟန်မတူဘဲ သူတစ်ယောက်တည်းပင် ရှန်းနေလေသည်။ ကိုဖေခင့် ဦးလေးမှာလည်း စာရေးကြီး တစ်ယောက်မျှသာဖြစ်၍ ကိုဖေခင်ကို ပညာသင်စရိတ် ထောက်ပံ့နိုင်ဟန် မရှိပေ။ ကိုဖေခင့် အိမ်မှ ငွေမပို့သည်မှာ သုံးလခန့်ရှိပြီဟု သူ့အဒေါ်က ပြောလေသည်။

ကိုဖေခင်နှင့် မတွေ့ရသည်မှာ တစ်လခန့်ကြာသွားသည်။ မမိုးအေး ကတော့ ကိုဖေခင် ကျက်စားရာ ရန်ကုန်မြို့လည်ခေါင်ကို မသွားတတ်၊ မသွားဘူး၍ ကိုဖေခင် ကျောင်းပြန်တက်မည့်ရက်ကိုသာ စောင့်နေရသည်။ မမိုးအေးက ဗိုလ်ချုပ်ဈေးနှင့် ရုပ်ရှင်ရုံကိုသာ ကျွမ်းသည်။ ဗိုလ်ချုပ်ဈေးထက် ရုပ်ရှင်ရုံကို ပို၍ ခုံမင်သည်။ စနေနေ့ဝက် ကျောင်းဆင်းချိန်မှာ အန်တီခင်ကို ချော့မော့နှုတ်ပိတ်ကာ နန်းမြထွေးနှင့်အတူ ရုပ်ရှင်သွားကြည့်ကြသည်။ ကြည့်စရာ မရှိတော့၍ အိန္ဒိယ ကားတစ်ကားကို ဝင်ကြည့်ပြီး ၃၃ လမ်း အတိုင်း ပြန်ထွက် လာလေသည်။ လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသော ကိုဖေခင်ကို တွေ့လိုက်ရတော့ နန်းမြထွေးကို ထားခဲ့ကာ ဆိုင်ထဲကို စွတ်ရွတ် ဝင်သွားလေသည်။ နန်းမြထွေးက ဆိုင်ပြင်မှ ကြောင်၍ ရပ်နေဆဲ လက်ဖက်ရည်ဆိုင်ထဲကို သားသားနားနား မိန်းကလေး တစ်ယောက်တည်း ဝင်လာ၍ လူများက ဝိုင်းကြည့်ကြသည်။

'ဟင် မမိုးအေး'

ကိုဖေခင်က သူ့ကို ကြောင်၍ ကြည့်နေသည်။ တစ်ဝိုင်းတည်း ထိုင်နေသော ဆံရှည်ကိုယ်တော် တစ်စုက စူးစမ်းလိုဟန်ရှိသော်လည်း ယဉ်ကျေးသမှုဖြင့် ဣန္ဒြေဆောင်၍ နေကြလေသည်။ မမိုးအေးကတော့ ရှက်ရွံ့ရမည့်အလုပ်ဟု လားလားမျှ မထင်မိပေ။

'ကိုဖေခင် ဘာလို့ ကျောင်းမတက်တာလဲ၊ ကျွန်မလဲ စာကူးပေးရတာ လက်ညောင်းလှပြီ၊ မနက်ဖြန် လာခဲ့ပါ၊ အိမ်က ပေါင်မုန့်ကြော် ထည့်ခဲ့မယ်၊ သွားမယ် သိလား'

မမိုးအေးက လိုရာကိုပြောပြီး ပြန်ထွက်ခဲ့လေသည်။ လက်ဖက်

BURMESE CLASSIC .com

ရည် ဆိုင်ထဲတွင် ဆူညံ ဆူညံဖြင့် ကျန်ရစ်ဆဲ၊ ကိုဖေခင်မှာတော့ အပေါင်းအသင်းများကို ဖြေရှင်းချက်တွေ ထုတ်နေမိသည်။ သည့်နောက်တော့ မမိုးအေးအတွက် သူ ကျောင်းပြန်တက်ဖြစ်လေသည်။ သို့သော် သူ့ ခေါင်းထဲမှာ ကျောင်းသင်ခန်းစာထက် ပြိုင်ပွဲရက်အမီ ခင်းကျင်းရမည့် လက်စမသပ်သေးသော ပန်းချီကားများသာ စိုးမိုး နေသည်ကို မမိုးအေး မသိပါပေ။ ကိုဖေခင်သည် မမိုးအေးကို သူ နေထိုင်ရာ အသိုင်းအဝိုင်းမှ ဆွဲထုတ်လိုစိတ် မရှိပေ။ သူ့ရေမြေနှင့် သူ့အပင်သည်သာ အဆင်အပြေ ဆုံးဟု သူ ထင်သည်။ မမိုးအေးကို သူ ချစ်သော်လည်း သူ့ဘဝထဲဆွဲသွင်းရန် စိတ်မကူးမိ။ လွတ်လပ်ခြင်းကို ဖွေရှာနေသော မိန်းကလေးတစ်ယောက်ကို ဆွဲဆောင်စည်းရုံးလိုစိတ် သူ့တွင် မရှိ။ ပြီးတော့လည်း မမိုးအေး၏ အတွေးအခေါ်များကို သူ လေးစားသော်လည်း မမိုးအေးသည် တကယ့် လက်တွေ့ဘဝမှာ အံဝင်ခွင်ကျ နေနိုင်လိမ့်မည်ဟု သူ မထင်။ သူ မမိုးအေး ကို အထင်သေးမိတာလဲ ဖြစ်ချင်ဖြစ်မည်။

မမိုးအေးကတော့ သူ ကျောင်းပြန်တက်သည့်အတွက် ပျော်နေ သည်။ ကိုဖေခင်က ဆရာ စာသင်ချိန်မဆုံးမီ ခြေတစ်ဖက်က အတန်းအပြင် ဘက် လှမ်းနေတတ်လျှင် မသိမသာ မျက်စောင်းထိုးကာ သူပါ ထလိုက် မည့်ဟန် ပြင်လေသည်။ တစ်နေ့မှာတော့ ကိုဖေခင်က မမိုးအေးကို တားမရသဖြင့် သူသွားရာ ခေါ်လာခဲ့ရသည်။ အပေါင်းအသင်းတွေနှင့် ကုက္ကိုင်း ဘုံကျောင်းမှာ ချိန်းထားသည်။ မသွား၍ မဖြစ်။ ပြီးတော့သည်ပွဲက အရင်းနှီးဆုံး ကိုအောင်ငြိမ်းက သူ့အောင်ပွဲ အတွက် ပေးသောပွဲ။ လွန်ခဲ့သောလက ဗိုလ်ချုပ်ဈေးမှာ တစ်ကိုယ်တော် ပြပွဲ လုပ်ခဲ့သည်။ ငွေကြေးအရ မည်မည်ရရ မဟုတ်သော်လည်း လုပ်ရပ်တစ်ခု ပြီးမြောက် အောင်မြင်ခြင်း အထိမ်းအမှတ် ဖြစ်သည်။ ကိုဖေခင်က မမိုးအေးကို တားတော့ တားကြည့်သေးသည်။

'မိန်းကလေးတစ်ယောက်တည်း ဖြစ်နေမယ်၊ မမိုးအေး ကြောင် နေမှာပေါ့၊ ပြီးတော့ ကိုယ်တို့အုပ်စု ပုံပန်းက ဆံပင်ရှည်ရှည် ဘောင်းဘီ

ဖားဖားနဲ့ မမိုးအေးက သားသားနားနား ဖြစ်ပါ့မလား’

မမိုးအေးက ကိုဖေခင့် အပြောကို သဘောကျစွာ ရယ်သည်။

‘ရန်ကုန်မြို့ပဲ ကိုဖေခင်ရယ်’

‘သူငယ်ချင်းတွေကတော့ မမိုးအေးအကြောင်း သိပါတယ်၊ ဒါပေမယ့် ယောကျ်ားလေးတွေဆိုတော့ ဟိုပြော ဒီပြော တွေ့ကရာ ပြောတတ်ကြတာ’

‘ယောကျ်ားလေးတွေ စုမိရင် ဘာတွေပြောလဲဆိုတာ ကျွန်မ နားထောင်ကြည့်ချင်တယ်၊ မိန်းကလေးတွေ စုမိရင်တော့ အဝတ်အစား အကြောင်း၊ ရည်းစားအကြောင်းပဲ ပြောကြတာပဲ၊ သိပ်မုန်းတယ်’

‘အရက်တွေ ဘာတွေ သောက်ချင်သောက်နေမှာ မမိုးအေးရဲ့’

‘ဆေးမရှူရင်ပြီးတာပဲ ကိုဖေခင်ရဲ့’

မမိုးအေးက ခေါင်းမာလှသည်။ ချိန်းထားသည့် အချိန်ထက် နောက်ကျပြီး ရောက်သွားသော သူတို့နှစ်ယောက်ကို အပေါင်းအသင်း များက အံ့ဩဝမ်းသာစွာ ဆီးကြိုကြသည်။ မမိုးအေးသည် သူတို့ ထင်ထားသည်ထက် ရိုးသားပွင့်လင်းပြီး ရဲလည်း ရဲဝံ့သည့်အတွက် မမိုးအေးကို အထင်ကြီးစွာလက်ခံကြလေသည်။ ကိုဖေခင်ကတော့ ဆုံးမ မရသော နှမတစ်ယောက်ပါလာသလို အချိန်တိုင်းမှာ မမိုးအေး အတွက် သောကပိုကာ ဂနာမငြိမ် ဖြစ်နေလေသည်။

‘လေးနာရီထိုးပြီ မမိုးအေး၊ ကားစီးရဦးမှာနဲ့ဆိုတော့ သိပ် နောက်ကျနေမယ်၊ ဒီပွဲက တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး၊ ကျွန်တော် ပြန်ပို့မယ်’

အပေါင်းအသင်းများကတော့ သူတို့ဝိုင်းမှာ မိန်းမလှလေး တစ်ယောက် ရှိနေသည့်အတွက် အနေကျုံ့သော်လည်း မမိုးအေးကို မပြန်စေလိုပေ။

‘တစ်ခါတလေ သူပျော်လို့နေတာ နေပါစေဗျာ၊ ခင်ဗျားကလဲ’

မမိုးအေးကတော့ ခပ်ပေပေပင် ထိုင်နေလေသည်။ သူတို့ ပြောသော လေးလေးနက်နက် စကားတွေရော၊ ပေါ့ပျက်ပျက် စကား

BURMESE CLASSIC .com

တွေ အားလုံးကိုပါ မကြားမသိရသေးသော ဗဟုသုတများသဖွယ် လေးလေးစားစား နားထောင် နေလေသည်။ နောက်ဆုံးတော့ မမိုးအေး အတွက် သူတို့ကပင် ပွဲကို စောစောသိမ်းပေးလိုက်ရသည်။ ထိုနေ့က ကိုဖေခင်သည် မမိုးအေးကို ပြောမရသည့်အတွက် ပထမဆုံးအကြိမ် စိတ်မတိုစဖူး တိုမိကာ အပြန် လမ်းတစ်လျှောက်လုံး စကားတစ်ခွန်းမျှ မပြောမိပေ။ အင်းယားလမ်းထိပ် ရောက်မှ တစ်ယောက်တည်း ကန်ပေါင်ပေါ်မှ ဆင်းသွားသော မမိုးအေးကို ကြည့်ကာ သက်ပြင်း ချမိလေသည်။

*

အိမ်ရှေ့တံခါးသည် အဆင်သင့်ပွင့်၍နေ၏။ မမိုးအေးက ခြေသံ မကြားအောင် ဝင်ခဲ့သော်လည်း မေမေက အခန်းဝမှာ မားမားကြီးရပ်ကာ စောင့်ကြိုနေလေသည်။

'အိမ်ပြန်နောက်ကျလှချည်လား စုဇီ'

သည်နေ့မှပဲ မေမေက ဈေးစောစောသိမ်းလာသည်။ သို့သော် မမိုးအေးက ဣန္ဒြေမပျက် အခန်းထဲဝင်ခဲ့ပြီး အဝတ်အစားလဲနေသည်။ မေမေက ကျေနပ်သေးဟန် မတူဘဲ၊ နောက်မှ လိုက်လာလေသည်။

'မာမီမေးနေတယ် စုဇီ'

မမိုးအေးက မှန်ထဲမှနေ၍ မေမေ့ကို လှမ်းကြည့်လိုက်သည်။

'မေမေ ဘာမေးလို့လဲ'

'စကားကိုကပ်မနေနဲ့ စုဇီ၊ အိမ်ပြန်နောက်ကျလှချည်လားလို့ ပြောနေတာ၊ မေးနေတာပဲပေါ့'

'လေးနာရီကျော်မှ ကျောင်းကပြီးတာ အဆောင်ကို ဝင်နေလို့'

မေမေ့ကို ပထမဆုံးအကြိမ် ညာလိုက်မိလေသည်။ မေမေ့ မျက်လုံး ဝင်းခနဲ တောက်သွားသည်။ မေမေသည် သူ့ ဒေါသဖြစ်လျှင်

ပြောင်းလဲလာမြဲ ဖြစ်သော နှုတ်ကြမ်း လျှာကြမ်း မိန်းမကြမ်းကြီးအသွင်သို့ ပြောင်းသွား လေသည်။

'မညာနဲ့ မိစုဇီ၊ ညည်း ဒီအထိဖြစ်နေတာ ငါမသိဘူး၊ ငါ့သမီး ဒီလောက်မမိုက်ဘူး ထင်နေတာ၊ ငါ အဆောင်ကို ရောက်ခဲ့ပြီးပြီ၊ ကဲ ဘာပြောဦးမလဲ'

မေမေက သမီးတစ်ယောက်ကို ဆုံးမပုံမျိုးမဟုတ်ဘဲ တရားခံ တစ်ယောက်ကို စစ်ဆေးသလို စစ်ဆေးလာ၍ မမိုးအေး ဝမ်းနည်းမိသည်။

'မေမေ သမီးက ဘယ်အထိ ဘာတွေဖြစ်နေလို့လဲ'

'ညည်းငါ့ကို နှုတ်လှန်မထိုးနဲ့၊ ညည်းဘာတွေဖြစ်နေတယ် ဆိုတာ ညည်းသိမှာပေါ့၊ ခု ဘယ်သွားနေတာလဲ ပြောစမ်းပါဦး'

မဟုတ်တာ မလုပ်ဘူးဆိုသော အသိဉာဏ်လေးသည် မမိုးအေး ၏ ခေါင်းထဲ ပြေးဝင်လာပြန်သည်။ မိမိလုပ်သမျှသည် ရိုးသား၍ အပြစ် ကင်းစင်သည်ဟု ထင်မြဲအတိုင်းထင်ကာ အမှန်တရားကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

'သမီး ကိုဖေခင်နဲ့ လိုက်သွားတာပါ၊ သူ့သူငယ်ချင်းတွေ ပန်းချီပြပွဲတစ်ခု ပြီးသွားလို့ ပျော်ပွဲစားကြတာ၊ သမီး'

မေမေက မမိုးအေး၏ လက်မောင်းကို ကြမ်းတမ်းစွာ ဆွဲလှုပ်လိုက် လေသည်။

'ဟင် တော်တော်လဲ ဟုတ်နေပါလား၊ ယောကျ်ားလေးတွေနဲ့ လိုက်သွားတယ် ဟုတ်လား၊ ငါက ရှေ့က စီးပွားရှာ၊ ညည်းက နောက်ပိုင်း က ထင်သလိုနေ'

'မဟုတ်ပါဘူး မေမေ၊ သမီးတို့ရိုးရိုးသားသား သွားလာနေကြ တာပဲ၊ သမီးကိုယ်သမီး ထိန်းနိုင်ပါတယ်၊ မေမေတို့တုန်းကလဲ ဒီအရွယ်မှာ ဒီလိုပဲ သွားနေပြီ မဟုတ်လား'

BURMESE CLASSIC .com

'မတူဘူး မိစုဇီ၊ ညည်းသွားလာ ပေါင်းသင်းနေတာတွေက တကယ့် ကလေကချေ အလေအလွင့်တွေ၊ လမ်းသရဲတွေ'

'အို မဟုတ်ဘူး မေမေ၊ မေမေမသိဘဲ အရမ်းမပြောနဲ့၊ တစ်ဖက်သားကို အရမ်းအထင်မသေးပါနဲ့၊ မေမေတို့ ခေတ်တုန်းကလို ကပွဲတက်ပြီး ဗိုက်တစ်လုံးနဲ့ထားပစ်ခဲ့တတ်တဲ့'

'တော်စမ်း'

မေမေ့ လက်ဝါးတစ်ဖက်သည် မမျှော်လင့်သော မမိုးအေး နားထင်ဆံစပ်ဆီသို့ ကျလာလေသည်။

'အို မေမေ'

မမိုးအေးက အိပ်ရာဆီသို့ ပြေးသွားပြီး ငိုရှိုက်ကာ လှဲချလိုက်သည်။ မေမေသည် ဒေါသမပြေသေးဘဲ သူ့ကို ရက်စက်စွာကြည့်နေဆဲရှိလေသည်။ အပြင်လောကတွင် အပြုံးလှလှဖြင့် နူတ်မြွက်ချိုသာ ယဉ်ကျေးစွာပြုမူလှုပ်ရှားတတ်သော မေမေသည် သမီးတစ်ယောက်ကို ဆုံးမရာတွင်မူ ငါးစိမ်းသည်တစ်ယောက်နှင့် မခြားပါလားဟု တွေးမိကာ များစွာကြေကွဲမိလေသည်။

ထိုနေ့ညကတော့ မမိုးအေးတို့၏ အိမ်တွင် မေမေ၊ ဘွားဘွား၊ အန်တီခင်နှင့် မမိုးအေးတို့သည် တစ်အိမ်တည်းနေထိုင်ပြီး စုစည်းမရဖြစ်ကာ လောက၏ စည်းစိမ်ချမ်းသာတို့သည်လည်း အချည်းနှီး အလဟဿဖြစ်ကြရလေ၏။

*

စာမေးပွဲပြီးသည့်အခါမှာတော့ ကိုဖေခင်နှင့် မတွေ့ရတော့ပေ။ ကိုဖေခင်က အညာမပြန်ဘဲ ရန်ကုန်မှာနေပြီး ပန်းချီဆွဲနေမည်ဟု ပြောသော်လည်း ဘယ်မှာနေမည်ကိုတော့ မပြောပေ။ မမိုးအေးကလည်း မမေးမိ။ စိတ်ညစ်ညစ်နှင့် ကျောင်းပိတ်ရက်တွင် နန်းမြထွေးနှင့်အတူ တောင်ကြီးကို လိုက်သွားရန်သာ စိတ်ကူးနေမိသည်။ သည်မှာလည်း မေမေနှင့် စကားပြောရပြန်သည်။

BURMESE CLASSIC .com

'သမီးတစ်ယောက်တည်း လိုက်သွားလို့တော့ ဘယ်ဖြစ်မလဲ၊ မာမီလဲ ဆိုင်ကိုပစ်ထားလို့မဖြစ်သေးဘူး၊ သမီး ဘွားဘွားကလဲ ကောင်းကောင်း နေမကောင်းဘူး မဟုတ်လား'

'ဟိုရောက်ရင် လေးလေးကလဲ လာကြိုမှာပဲ မေမေ၊ ပြီးတော့ သမီးက လေးလေးတို့ဆီမှာ နေမှာမှ မဟုတ်တာ၊ နန်းမြထွေးတို့ဆီမှာ နေမှာ၊ မေမေက လေးလေးတို့၊ ဘဘတို့ဆီ အလည်သွားမှာ မဟုတ်လား'

'ဒါပေမယ့် အတူတူသွားတော့ ကောင်းတာပေါ့ သမီးရယ်'

'အရင်ကတော့ မေမေက တောင်ကြီးသွားမယ်လို့လဲ မပြောဘဲနဲ့'

မမိုးအေးသည် မေ့ကို ရန်တွေ့သလို ဖြစ်နေ၍ စကားကိုရပ်ရန် ပြင်လိုက်ရသည်။

'သမီး မသိလို့ပါ၊ သမီးဖေဖေ ဆုံးပြီးကတည်းက မာမီ တောင်ကြီးကို တစ်ခေါက်ပဲ ရောက်တယ်၊ နောက်မရောက်တော့ဘူး၊ သမီးရဲ့ ဘဘက ခေါ်နေတာကြာပြီ၊ တောင်ကြီးမှာလာပြီး အခြေချ စေချင်တယ်တဲ့၊ ကိုစိုးသစ် လာတုန်းကလဲပြောတယ်၊ မာမီလဲ တစ်ခေါက်တော့ သွားကြည့်မလို့ ဒီက အလုပ်တွေ မပြတ်သေးတာနဲ့'

'ဒီလိုဆိုလဲ သမီး သွားနှင့်မယ်၊ မေမေ လိုက်လာခဲ့လေ'

'အို ကိုယ့်အမျိုးအရင်းကြီးတွေ ရှိရဲ့သားနဲ့ သမီး သူများအိမ်မှာ သွားတည်းလို့ ဘယ်ကောင်းမလဲ'

'ဘာဆိုင်လဲ မေမေရဲ့၊ သမီးက သမီးသူငယ်ချင်းဆီ လိုက်လည်တာပဲဟာ'

မေမေသည် စိတ်ရှည်ဟန် မတူတော့ပေ။ နောက်ဆုံးတော့ ထုံးစံအတိုင်း တစ်ဖက်သတ်ပင် ပြောလေသည်။

'ဘာပဲဖြစ်ဖြစ် မာမီနဲ့မှ အတူတူသွားရမယ် မိစုဇီ၊ ဟိုရောက်မှ ညည်းဟာညည်း နေချင်တဲ့ဆီမှာနေ ဒါပဲ'

မကျေမနပ်ဖြင့်ပင် မေမေ့ကို အရှုံးပေးလိုက်ရသည်။

မမိုးအေးက နန်းမြထွေးနှင့် နန်းမြထွေးကိုလာကြိုသူ ကိုစောနိုင်တို့နှင့်အတူ လိုက်သွားလိုသော်လည်း မလိုက်ဖြစ်တော့ပေ။ သို့သော် မေမေက မမိုးအေး စိတ်ကောက်နေမှန်းသိ၍ သူ့အလုပ်ကိစ္စများကို မြန်မြန်ပြီးအောင် လုပ်သည်။ နန်းမြထွေးတို့ ပြန်သွားပြီး ဆယ်ရက်လောက်မှာပင် တောင်ကြီးကို ရောက်နိုင်ခဲ့သည်။ လေဆိပ်မှာ လေးလေး၊ နန်းမြထွေးနှင့် ကိုစောနိုင်တို့က လာကြိုကြသည်။ ကိုစောနိုင်နှင့် ခင်မင်ခြင်းအတွက်မူ မေမေနှင့် ပြဿနာမဖြစ်ရတော့ပေ။ ကိုစောနိုင်သည် သစ်ထုတ်လုပ်ရေးဌာနမှ လက်ထောက်မန်ေဂျာတစ်ဦး ဖြစ်သည်မို့ အဆင့်အတန်းမနိမ့်လှပေ။ ပြီးတော့ တစ်ချိန်က ပဒေသရာဇ်နွယ်ဝင်များလည်း ဖြစ်ခဲ့လေသည်။ အေးမြသော ရာသီဥတုနှင့် လိုက်ဖက်စွာ အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး ယောကျ်ားပီပီ ခန့်ချော ချောသော၊ ပွင့်လင်း၍ စကားပြောရည်မွန်သော ကိုစောနိုင်ကို မမိုးအေးကလည်း မခင်မင်နိုင်စရာ အကြောင်းမရှိပေ။

မေမေက လေးလေး၏ ကားပေါ်တွင်လိုက်ပါကာ မမိုးအေးက နန်းမြထွေးတို့ကားပေါ်တွင် လိုက်ခဲ့ပြီး ဟဲဟိုးမှ တောင်ကြီးသို့ တက်ခဲ့လေသည်။ မြေပြန့်ဒေသနှင့် အသွင်ခြားသော ရှုခင်းများ၊ အသည်းအေးရင်ဖိုဖွယ် ဝေ့ဝိုက်တက်ခဲ့ရသော တောင်ကမ်းပါးယံ လမ်းများ၊ နေခြည်လဲ့လဲ့အောက်မှာ သဘာဝအတိုင်း လှနေကြသော အလေ့ကျ ပန်းလေးများကိုကြည့်ရင်း မမိုးအေးက သန့်ရှင်းလတ်ဆတ်သော လေကို တစ်ဝကြီးရှူမိသည်။

'လှလိုက်တာနော်၊ ဒါကြောင့်လဲ တောင်ကြီးမြို့က နာမည်ကြီးတာပဲ၊ သဘာဝအတိုင်း ပေါက်နေတဲ့ ပန်းကလေးတွေကအစ လှတာ'

မမိုးအေးကတော့ ကလေးငယ် တစ်ယောက်လို ရွှင်လန်းတက်ကြွ နေသည်။ ကျပ်တည်းကျဉ်းမြောင်းသော မြို့ပြအလယ်မှာ ကြီးပြင်းခဲ့ရသူမို့ သဘာဝ တောတောင်ရေမြေများကို မြင်ရသောအခါ လွတ်လပ်ခြင်း၏ အငွေ့အသက်ကို နှစ်သက်မက်မောစွာ ခံစားရသည်။

BURMESE CLASSIC .com

'မေမေ တောင်ကြီးမှာ အခြေချမယ်ဆိုတာ ဖြစ်မြောက်အောင် တိုက်တွန်းရတော့မှာပဲ'

ကိုစောနိုင်က ကားမောင်းနေရာမှ လှည့်ကြည့်လေသည်။

'မိုးတို့ တောင်ကြီးမှာ လာနေကြမလို့လား၊ ဒီလိုဆို နေဖြစ်ပါစေလို့ ကျွန်တော်တို့လဲ ဆုတောင်းပါတယ်ဗျာ'

'ကိုကိုနော် နောက်လှည့်ပြီး စကားမပြောနဲ့၊ ထွေး ကြောက်တယ်'

'ထွေးကလဲ တောင်ကြီးမှာနေတာကြာလှပြီ၊ ကြောက်တာပဲလား'

'ကားလမ်းကိုတော့ ကြောက်တာပဲ၊ ထွေးက ရန်ကုန်မှာ နေတာလဲ များတယ်လေ၊ ပြန်ရင်လဲ လေယာဉ်ပျံနဲ့ပဲ ပြန်တာ'

မေမေတို့ ကားလေးက ရှေ့မှပြေးနေသည်။ လေးလေးက ကားမောင်းပြီး မေမေက ဘေးမှထိုင်ကာ အေးဆေးစွာ စကားပြောရင်း လိုက်ပါသွားသည်။ မေမေက အရွယ်တင်သူမို့ နောက်ကကြည့်လျှင် လေးလေးနှင့် ရွယ်တူလောက်ပင် ထင်ရသည်။

'ဒါနဲ့ မိုးရဲ့ လေးလေးဆိုတာ မိုးတို့ ဖေဖေရဲ့ ညီအရင်းလားဟင်'

ကိုစောနိုင်က မေးလေသည်။

'ဟုတ်ပါတယ် ညီအရင်းပါပဲ၊ ဘာဖြစ်လို့ မေးတာလဲ ကိုစောနိုင်'

ကိုစောနိုင် နှုတ်ဆိတ်နေသည်။ နန်းမြထွေးက ကိုစောနိုင်ကို တစ်စုံတစ်ခု ပြောလိုဟန်ရှိသော်လည်း ကိုစောနိုင်က လှည့်မကြည့်၍ မပြောရပေ။ ကိုစောနိုင်က မှန်ထဲမှနေပြီး မမိုးအေးကို ကြည့်၍သာ စကားပြောနေသည်။

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော် မသိလို့ မေးတာပါ'

ကိုစောနိုင်က ထိုမျှသာ ပြောလေသည်။ ဘဘနှင့် လေးလေးတို့ နေထိုင်ရာ မြတ်လေးလမ်းမှ အိမ်ကြီးသို့ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်

ရောက်လာသည်။ ဘဘသည် သူတို့ကို ဝမ်းသာအားရ ဆီးကြိုနေရှာသည်။ သားဖြစ်သူ သေဆုံးကတည်းက ချွေးမနှင့် မြေးကို မတွေ့ရသည်မှာ ကြာပေပြီ။ ဘဘသည် ဖေဖေနှင့် ရုပ်ချင်းဆင်ပြီး ဖေဖေ့လိုပင် တည်ငြိမ် အေးဆေးပုံရသည်။ အရွယ်ကတော့ ကျစပြုပြီ။ နွေရာသီဖြစ်သော်လည်း ကျန်းမာရေးကြောင့် တောင်ကြီးမြို့၏ အအေးဒဏ်ကို ခံနိုင်ရန် ဆွယ်တာအင်္ကျီ ထပ်ဝတ်ထားသည်။ ဘဘသည် မေမေ့လက်ကို ဆီးကြိုဆွဲယူပြီး မမိုးအေး၏ ပခုံးလေးကိုလှမ်းဖက်၍ အိမ်ပေါ်သို့ ခေါ်ခဲ့လေသည်။

'ငါ့သမီးနဲ့ မြေးကို တွေ့ရတာ ဝမ်းသာသကွယ်၊ ဘဘမှာတော့ မင်းတို့အဘွားလဲ မရှိတော့တာမို့ တစ်ယောက်တည်း ယောင်ချာချာပါပဲ၊ စီးပွားရေးလဲ သား ကိုစိုးနဲ့ လွှဲထားရတယ်၊ ဒါထက် ဒေါ်အေးရှင် တစ်ယောက်ကော နေကောင်းရဲ့လား'

'ကောင်းပါတယ် ဘဘ၊ ခုတစ်လောတော့ နည်းနည်းချူချာတယ်၊ မေမေက စိတ်ကတော့ မကျပါဘူး'

မေမေက သူ့အမေ အကြောင်းကို ပြောပြနေလေသည်။ နန်းမြထွေး တို့ မောင်နှမက ညနေတွင်လာတွေ့ရန်ချိန်းဆိုပြီး ပြန်ရန်ပြင်ကြသည်။

'ငါ့မြေး သူငယ်ချင်းတွေဆိုတာလား၊ မပြန်ကြနဲ့ဦးလေ၊ ကော်ဖီလေး သောက်သွားပါဦး၊ အိမ်း အိမ်မှာလဲ လုပ်မယ့်သူကမရှိတော့ ခဏစောင့်ကွယ်'

'အို နေပါစေ ဘဘရယ်၊ ထွေးတို့ ညကျမှ မိုးကို ခဏလာခေါ် ပါ့မယ်၊ ခုတော့ နားကြပါစေဦး၊ ပြန်လိုက်ပါဦးမယ်'

'အားလုံးက ကျေးဇူးတင်စကားဆိုပြီး သူတို့ မောင်နှမကို မမိုးအေးက ကားနားအထိ လိုက်ပို့သည်။

'တောင်ကြီးမြို့ကိုတော့ သိပ်ကြိုက်သွားပြီကွယ်၊ ရာသီဥတုကော၊ အိမ်တွေကော၊ ပန်းတွေကော'

BURMESE CLASSIC .com

'လူတွေကောဗျာ'

'လုပ်ပြီ ကိုကိုကဖြင့်'

မမိုးအေးက သူတို့ကားလေးကို မျက်စိတဆုံး ကြည့်နေလိုက်သည်။ ပြီးတော့ အိမ်ပေါ် ပြန်မတက်သေးဘဲ ခြံရှေ့မှ ပန်းပွင့်လေးတွေကို ရွှင်လန်းအားရစွာ ခူးနေမိသည်။

'ဟော စုဇီ လာလေ၊ ဘဘက သူ့မြေးကို ကြည့်မဝသေးဘူး၊ လာပါဦးတဲ့'

လေးလေးက အိမ်ရှေ့မှရပ်ပြီး မမိုးအေးကို လှမ်းခေါ်နေသည်။ မမိုးအေးက ပန်းတွေကို တစ်ဆုပ်ကြီး ခူးခဲ့ပြီးမှ ပြေးဝင်လာလေသည်။

'လေးလေးကလဲ မိုးကို အဲဒီလိုမခေါ်ပါနဲ့၊ မိုးလို့ ခေါ်စမ်းပါ'

'ကောင်းပါပြီ မိုးရယ်၊ ဟော လက်ထဲကပန်းတွေ ဘာလို့ ခူးလာတာလဲ၊ အဲဒီပန်းတွေ မကိုင်နဲ့ ယားတတ်တယ်'

'အို ပန်းကလေးတွေက သိပ်လှတာပဲဟာ'

'ဒီမှာတော့ ဒါအလေ့ကျပေါက်တဲ့ ခြံစည်းရိုးခတ်တဲ့ပန်းပါ မိုးရယ်၊ မကိုင်နဲ့၊ နောက်တော့ လေးလေး ပန်းလှလှလေးတွေ အများကြီး လိုက်ပြပါ့မယ်'

မမိုးအေးသည် သူ့အပေါ် ကလေးတစ်ယောက်လို ကြင်နာစွာ ပြောသော လေးလေး၏ စကားကို နားထောင်မိလေသည်။ ဘဘနှင့် မေမေကတော့ ဧည့်ခန်းတွင်ထိုင်ကာ စကားပြောနေဆဲဖြစ်သည်။ မေမေ့ မျက်လုံးတွင် မျက်ရည်တွေဝဲနေသလို၊ ဘဘမျက်နှာတွင်လည်း ဝမ်းနည်းမှု အရိပ်အရောင်တွေ တွေ့နေရသည်။ ဖေဖေ့အကြောင်း ပြောနေကြခြင်းပင် ဖြစ်ရပေမည်။

'ခုတော့ ကိုစိုးတစ်ယောက်ကိုပဲ အားပြုပြီး ဘဘ ရပ်တည်နေရတာပါ၊ အစကတည်းကလဲ သားကြီးက မိဘနဲ့မနေဘူး မဟုတ်လား၊ ကိုစိုးပဲ ဘဘနားမှာရှိခဲ့တာ၊ ခုတော့ ဘဘလဲ အသက်ကြီးပြီ၊ ကိုစိုးကိုလဲ သူ့ဟာနဲ့သူ တင့်တင့်တယ်တယ် ရှိစေချင်ပြီ'

BURMESE CLASSIC .com

ဘဘ၏ စကားကို တစ်စွန်းတစ်စ ကြားလိုက်ရသော မမိုးအေးက လေးလေးကိုကြည့်ပြီး ပြုံးလေသည်။

'ဟော ဘဘက လေးလေးကို မိန်းမပေးစားချင်လို့နဲ့ တူတယ်'

လေးလေးက မမိုးအေး၏ ခေါင်းလေးကို ထုလိုက်လေသည်။ ဘဘသည် မမိုးအေးကို အနားသို့ခေါ်ပြီး ရီဝေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်လေသည်။

'ငါ့မြေးက သားကြီးအတိုင်းပါပဲလားကွယ်၊ ရုပ်ကော၊ အမူအရာကော'

'အမလေး စိတ်ကကော ဘဘ၊ သူ့အဖေအတိုင်းပဲ သူ လုပ်ချင်တာ လုပ်ရမှ'

မေမေက ဝင်ပြောလိုက်သည်။ မမိုးအေးသည် အဆောင်အယောင်တွေဖြင့် ခမ်းနားထည်ဝါသော ရန်ကုန်အိမ်ကြီးထက် ရိုးရိုးရှင်းရှင်း ခင်းကျင်းထားသော ဘဘတို့အိမ်ကြီးကို ပို၍ နှစ်သက်မိသည်။ ပြီးတော့ အရွယ်ထောက်သော်လည်း တရားမပေါက်နိုင်သေးသော ဘွားဘွားကို ဘဘနှင့် နှိုင်းယှဉ်မိကာ မမိုးအေးတို့ အိမ်ကြီးမှာ သည်လို အကြင်နာလေးတွေရှိခဲ့ရင် ဘယ်လောက်ကောင်းမလဲဟု တွေးမိလေသည်။ ပြီးတော့ တောင်ကြီးမြို့၏ အလှကလည်း မမိုးအေး ကို ညှို့ယူစ ပြုချေပြီတည်း။

*

'ချယ်ရီတွေက ဒီအချိန် မပွင့်ဘူး မိုး၊ ဒီအချိန်က ပန်းရှားတဲ့အချိန်ပဲ၊ ဆောင်းမှာဆို ပန်းတွေသိပ်ပွင့်တယ်၊ မမိုးအေး လာခဲ့ပါဦး၊ ဒီမှာအမျိုးတွေ ရှိတာပဲဗျာ'

တောင်ကြီးဟိုတယ်ရှေ့မှ ကတ္တရာလမ်းလေးတွင် လျှောက်ရင်း သုံးယောက်သား စကားဆိုနေမိကြသည်။ မမိုးအေးကတော့ မြက်ခင်းစိမ်းစိမ်းများကြားတွင် ပန်းကော်ဇော ခင်းထားသလို လှပလွန်းသော ခရမ်းရောင် နှင်းပန်းပွင့်လေးများကို အားရအောင် ခူးနေမိသည်။ နန်းမြထွေး

BURMESE CLASSIC .com

တို့ မောင်နှမသည် မမိုးအေးတစ်ယောက် ပန်းရှူးနေပုံကို သဘောကျစွာ ကြည့်ရင်း ရယ်နေကြလေသည်။

'ကိုကိုကလဲ ခုအတိုင်းဆို မိုးက တောင်ကြီးကတောင် ပြန်ပါတော့မလား မသိဘူး၊ ပန်းတွေခူးလို့ အားမရနိုင်တာနဲ့လေ'

မမိုးအေးကတော့ အလေ့ကျ ပန်းတွေကိုပင် သူ့ခေါင်းမှာ ဝေနေအောင် ပန်လေသည်။

'ဟား ဟား မိုးက ဟာဝိုင်ရီမလေးနဲ့ တူတယ်'

'ဟင်း သူကတော့ အမေရိကားက ပြန်လာသလား အောက်မေ့ရတယ်'

မမိုးအေးက ခေါင်းလောင်းဘောင်းဘီဖြင့် ဘလောက်စ် အင်္ကျီဝတ်ထားသော နန်းမြထွေးကို ပြောလိုက်သည်။ နန်းမြထွေး၏ ပါးပြင်များသည် တောင်ကြီးမြို့ပြန်ရောက်မှ ပိုပြီး နီထွေးလာသည်ဟု မမိုးအေးထင်မိလေသည်။ ကိုစောနိုင်ကတော့ သူ ဝတ်ဆင်မြဲဖြစ်သော အနောက်တိုင်းအဝတ်အစားကို မဝတ်ဘဲ ရှမ်းဘောင်းဘီပွပွနှင့် အင်္ကျီဖားဖားကို ဝတ်ထားသဖြင့် အသွင်ဆန်းပြီး တစ်မျိုး ကြည့်ကောင်းနေလေသည်။

'ဒီလိုလုပ်ပေါ့ဗျာ၊ ထွေးက ရန်ကုန်မှာနေ၊ မိုးက ရှမ်းပြည်မှာနေ၊ မကောင်းဘူးလား'

'ကိုကိုက ပြောတတ်လိုက်တာ'

ထိုနေ့ညနေက နန်းမြထွေးတို့အိမ်မှာ ညစာ စားရလေသည်။ ကြီးမားကျယ်ပြန့်သော အိမ်ကြီးမှာ ခမ်းနားလှသည်။ သို့သော် အိမ်ထောင်ပရိဘောဂများကမူ ဟောင်းနွမ်း၍ ရှေးဆန်လျက်ရှိလေသည်။ ခြံထဲတွင် ရေကူးကန်လေးရှိခြင်းကို မမိုးအေးက လွန်စွာ သဘောကျနေသည်။ မာနကင်း၍ ခေတ်မီ ယဉ်ကျေးသော မိသားစုမို့ မမိုးအေးကို ခင်မင်ရင်းနှီးစွာ ဧည့်ဝတ်ပြုကြသည်။ နန်းမြထွေး၏ မေမေသည် အသားညို၍ ခံ့ခံ့ထည်ထည်ရှိပြီး စကားပြော ညင်သာလေသည်။

'သမီးသူငယ်ချင်းကို အင်းလေးဘက် လိုက်ပို့လိုက်ဦးလေ'

BURMESE CLASSIC .com

'ကိစ္စမရှိပါဘူး မေမေ၊ ဖြည်းဖြည်းပဲ၊ မိုးက နောက်ဆို တောင်ကြီးမှာ နေတော့မှာ'

'သြော် ဟုတ်လား'

ရိုးသားသော အဘွားကြီး၏ စကားကြောင့် သူတို့ ပြုံးမိကြ လေသည်။

'မိုးရဲ့အဘိုးက ဒီမှာနေတာပဲ မေမေရဲ့၊ ဦးအောင်မှိ ဆိုတာလေ'

'သြော် အင်း အင်း၊ သိပါတယ်ကွယ်၊ သူ့သားက အရင်က ဝန်ကြီးဆိုလား ခု ဆုံးသွားပြီလေ'

'အဲဒါ မိုးတို့ ဖေဖေပေါ့'

'သြော် အေး အေး၊ ဒါကြောင့် သမီးက ဒီမှာ မတည်းတာကိုး၊ ဒီမှာလဲ နေနိုင်ပါတယ်ကွယ်'

'မေမေလဲ ပါလာလို့ပါ အန်တီရယ်၊ ဘဘကလဲ ခွဲနေရတာ ကြာလို့ဆိုပြီး ဘယ်မှ မလွှတ်ဘူး၊ နောက်တစ်ခါလာရင် ဒီမှာ တည်းပါ့မယ်'

'နေပါ့မယ်လို့ ပြောပါကွ'

နန်းမြထွေးက တိုးတိုးဆိုသည်။ မမိုးအေးက နန်းမြထွေးကို မသိမသာလေး တွန်းထိုးရင်း တိုးတိုးကျိတ်ကျိတ် ရယ်မောကြ လေသည်။ အဘွားကြီးက အလိုက်သိစွာပင် လူငယ်များကိုထားပြီး နေရာမှထသွားသည်။

'ထွေးကို ထွေးရဲ့ကိုကိုက မုန့်ဖိုးဘယ်လောက် ပေးထားလဲဟင်၊ ထွေး သိပ်နောက်တတ်နေပြီ'

ကိုစောနိုင်သည် တမင်ပင် ခပ်တည်တည် အမူအရာလုပ်ပြီး 'ကျွန်တော် ဒီလိုမရိုးမသား မလုပ်တတ်ပါဘူးဗျာ'ဟု ဆိုသည်။ သုံးယောက်သား ပွင့်လင်းစွာ ရယ်မောကြလေသည်။

*

မေမေကတော့ တောင်ကြီးမြို့ကို မည်သည့်ရည်ရွယ်ချက်ဖြင့် လာသည်ကို မသိနိုင်တော့ပေ။ မမိုးအေးသွားလိုရာကို အရိပ်ပမာ လိုက်ပါလို့၍

ပဲလား၊ ဘဘနှင့် တွေ့လို၍ပဲလား၊ လေးလေးနှင့် စကားတွေ မကုန်နိုင်မခန်းနိုင် ပြောလို၍ပဲလား၊ တကယ်ပဲ တောင်ကြီးမှာ အခြေချချင်၍ပဲလား မသိတော့ပေ။ မမိုးအေးကတော့ ပန်းတွေ ပေါသောမြို့မှာ နေရသည်ကို ပျော်မိတာ အမှန်ပင်။ အချစ်ဆုံး သူငယ်ချင်းနှင့် ခင်မင်ဖွယ်ကောင်းသော သူ့အစ်ကို ကိုစောနိုင်တို့ ရှိသည့်အတွက်လည်း ပို၍ ပြည့်စုံနေသည်။ စိတ်နှလုံးအေးချမ်းသော ဘဘနှင့် ကြင်နာယုယတတ်သော လေးလေးတို့ ရှိနေ၍လည်း နှစ်သိမ့်ကြည်နူးမိတာ အမှန်ပင်။ ပြီးတော့ ဘွားဘွားနှင့် ရန်မဖြစ်ရတော့ဘဲ မေမေနှင့်လည်း စကားအနိုင်မလုရ၍ စိတ်ချမ်းသာသည်။

ဆယ်ရက်ခန့် အကြာမှာတော့ မေမေက ရန်ကုန်သို့ ပြန်ဖို့ အထုပ်အပိုး ပြင်လေသည်။

'သမီး ဘွားဘွားလဲ ကောင်းကောင်းနေမကောင်းဘူး၊ ပစ်ထားလို့ မဖြစ်ဘူး၊ ဆိုင်လဲ ကြာကြာပိတ်ထားလို့မကောင်းဘူး၊ မာမီပြန်မှ ဖြစ်မယ်'

'ဒါဆိုလဲ ပြန်ကြတာပေါ့ မေမေ'

'သမီးနေချင် နေခဲ့လေ'

မေမေက လိုက်လျောနေပါလားဟု ထင်လိုက်မိသည်။

'မနေတော့ပါဘူး မေမေ၊ နောက်တစ်ခေါက်မှပဲ အန့်လျှောက်လည် တော့မယ်၊ ဟုတ်တယ် သမီးလဲ ဘွားဘွားနဲ့ မတည့်မယ့်သာ မတည့်တာ၊ သမီးတို့ထွက်လာတော့ သူတစ်ယောက်တည်း ပျင်းနေမှာပဲ သနားပါတယ်၊ အန်တီခင်ကလဲ တစ်နေ့လုံးနေလို့ စကားတစ်ခွန်းမှ ပြောတာမဟုတ်ဘူး'

မေမေက စဉ်းစားသလို တွေနေသေးသည်။

'သမီးရဲ့ ဘဘက သမီးကို မပြန်စေချင်ဘူး၊ ဖြစ်နိုင်ရင် ဒီမှာပဲ ကျောင်းတက်စေချင်တယ်တဲ့'

မမိုးအေး များစွာ အံ့သြသွားလေသည်။

‘အဲဒါ မေမေကကော သဘောတူလို့လား၊ သမီးကိုလဲ ဘာမှ မပြောပါလား’

‘အခုပြောနေတာပဲ သမီးရယ်၊ မာမီ့အနေနဲ့ သမီးကို ဘယ်ခွဲချင်ပါ့မလဲ၊ ဒါပေမယ့် သမီး ဒီမှာကျောင်းတက်ရလဲ တစ်နှစ်ပေါ့၊ ဒုတိယနှစ်ဆို ရန်ကုန်မှာ ပြန်တက်ရမှာ မဟုတ်လား’

‘သမီး စဉ်းစားဦးမယ် မေမေ’

မမိုးအေးသည် မေမေ့ကို ဆက်ဆံရာတွင် တစ်စထက်တစ်စ ပိုမိုပြတ်သားလာလေသည်။ သို့မဟုတ်လျှင်လည်း မေ့မေ့ဘက်က ပိုပြီး ချုပ်ကိုင်လာလိမ့်မည်ဟု မမိုးအေး ထင်နေသည်။

‘သမီးရဲ့ ဘဘက နေစေချင်တာ နေလိုက်ပါ သမီးရယ်၊ ပြီးတော့ သမီးလဲ ဒီမှာပျော်တယ် မဟုတ်လား’

‘ပျော်တော့ ပျော်တာပေါ့ မေမေ၊ ဒါပေမယ့် ပျော်တာက တခြားပဲ၊ သမီး ကျောင်းကို ဟိုပြောင်း ဒီပြောင်း မလုပ်ချင်ဘူး၊ ပြီးတော့ ရန်ကုန်မှာ သမီးလုပ်စရာတွေ အများကြီးရှိသေးတယ်’

မေမေ့ မျက်နှာလည်း အနည်းငယ် တင်းမာစပြုလာလေသည်။

‘ဘာတွေများလဲ သမီးရယ်၊ သမီးအနေနဲ့ ဘာလုပ်စရာများ လိုသေးလို့လဲ၊ သမီးအတွက် အစစအရာရာ မာမီ ကြိုးပမ်းပေးနေတာပဲ၊ သမီး ပညာသင်ဖို့တစ်ခုပဲ ရှိပါတယ်၊ ဒီကို ပြောင်းလို့လဲ သမီး ပညာရေးကို မထိခိုက်ပါဘူး’

‘အို ဘယ်ဟုတ်မလဲ မေမေ၊ လူတစ်ယောက် အသက်ရှင်နေတာ ကျောင်းတက်ဖို့နဲ့ ထမင်းရှာစားဖို့ချည်းပဲမှ မဟုတ်တာ’

‘မာမီ့ကို စကားနိုင်မလုနဲ့တော့ စုဇီ၊ လူတစ်ယောက်မှာ လူတန်းစေ့ နေနိုင် စားနိုင်ဖို့ထက် အခြားဘာတွေများ လိုအပ်သေးလို့လဲ’

မေမေနှင့် မမိုးအေးတို့၏ တိုက်ပွဲကတော့ ထုံးစံအတိုင်း စပြန်လေသည်။ တောင်ကြီးရောက်မှတော့ သည်တစ်ပွဲပဲ နွှဲရသေးသည်။ မေမေနှင့် မမိုးအေးသည် ခြံရှေ့မှ နှင်းဆီရုံကြီးအောက်တွင် ထိုင်ကာ

BURMESE CLASSIC .com

စကားပြောလျက်ရှိသည်။ လေးလေးကတော့ ခြံကိစ္စအတွက် အောင်ပန်းကို ဆင်းသွားလေသည်။ အိမ်ဖော်တွင်ဘဘနှင့် ကူဖော် လောင်ဖက် ထားသော ကောင်လေး စံထွန်းရွှေတစ်ယောက်သာ ရှိသည်။

မမိုးအေးက မေမေတော့ သာမန်မိန်းမတွေပြောတဲ့စကားမျိုး ပြောပြန်ပြီဟု တွေးလိုက်မိလေသည်။

'လိုတာပေါ့ မေမေရယ်၊ မေမေ သမီးကို ဇွတ်မှိတ်မပြောပါနဲ့၊ မေမေပြောချင်ရာကို ငါ အမေပဲဆိုပြီး ဇွတ်ပြောရင်တော့ သမီးအတွက် ဘာအခွင့်အရေးမှ မရှိတော့ဘူးလား၊သမီးမှာလဲ ပြောခွင့်ရှိပါရစေ'

'မိစုဇီ ညည်းဟာလေ ညည်းအဘွားပြောသလိုပဲ ငါက လိုက်လျော ခဲ့လို့ တဖြည်းဖြည်း ကန်းတက်လာပြီ၊ ညည်းစကားတွေက မိဘကို ပြန် တော်လှန်တဲ့စကားတွေပဲ'

'မဟုတ်ပါဘူး မေမေရယ်'

'ကဲ ပြောစမ်းပါဦး၊ ညည်းရန်ကုန်မှာ ဘာတွေလုပ်မလဲ၊ ပန်းချီ ဆွဲမယ်၊ ပတ္တလားတီးမယ်၊ ရုပ်ရှင်ကြည့်မယ်၊ ဟိုကောင်လေးနဲ့ လျှောက်သွား မယ်၊ ဒါပဲ မဟုတ်လား'

'အို'

'ဘာမှမပြောနဲ့ မိစုဇီ၊ ညည်းပြန်မလိုက်ခဲ့နဲ့၊ ကျောင်းဖွင့်ရင် ထရန်စဖာရအောင် ငါလုပ်ပေးမယ်၊ ညည်းရဲ့ တဇွတ်ထိုးအကျင့်တွေ ဖျောက်ပြီး ဒီမှာ လူသစ် စိတ်သစ် မွေးရမယ်'

'လူသစ်စိတ်သစ်မွေးရအောင် သမီးက ဘာဖြစ်ခဲ့လို့လဲ မေမေ'

'ညည်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ ညည်းအသိဆုံးပဲ၊ ညည်း လုပ်သမျှ ငါသိတာပဲ'

'အို မဟုတ်ဘူး၊ မေမေပြောတာ တစ်ခုမှ မဟုတ်ဘူး၊ သမီး မဟုတ်တာ ဘာမှမလုပ်ဘူး၊ ဘာမှလဲ မဖြစ်ဘူး မေမေ၊ မေမေ ဇွတ် ထားခဲ့တိုင်း သမီး ဒီမှာ မနေခဲ့နိုင်ဘူး'

'တိတ်စမ်း မိစုဇီ'

မမေ့ လက်တစ်ဖက်က မမိုးအေး၏ နားရွက်နားကို ရွယ်မိလျက်သား ဖြစ်သွားလေသည်။

'မမဆွေ'

တိုးတိတ်ညင်သာစွာ ခေါ်လိုက်သောအသံကြောင့် သားအမိနှစ်ယောက်လုံး လှည့်ကြည့်မိကြသည်။

'လေးလေး'

မမိုးအေးက လေးလေးဆီ ပြေးသွားလေသည်။

'လေးလေး မိုးကို ကူပြောပေးပါဦး လေးလေးရယ်၊ မေမေက မိုးကို တောင်ကြီးမှာ ထားခဲ့မလို့တဲ့၊ မိုး တောင်ကြီးမှာ နေရတာ ပျော်ပါတယ်၊ ဒါပေမယ့် မိုးမနေချင်သေးဘူး၊ ရန်ကုန် ပြန်ချင်တယ်၊ ပြန်ပါရစေ လေးလေးရယ်'

လေးလေးသည် မမိုးအေး၏ ပခုံးကို ဆုပ်ကိုင်ရင်း မေမေရှိရာသို့ လျှောက်လာလေသည်။ ယနေ့တော့ လေးလေးသည် ဘောင်းဘီရှည်နှင့် ဂျာကင်အင်္ကျီကို ဝတ်ထားသဖြင့် မြင့်သောအရပ်နှင့် လိုက်ဖက်ကာ ကြည့်ကောင်းနေလေသည်။ လေးလေး၏ ဟန်ကတော့ အစဉ်ပင် နူးညံ့သိမ်မွေ့လျက်ရှိသည်။

'ဒီလိုလုပ်ပါလား မမဆွေ၊ ခုတော့ သူ့ သူငယ်ချင်းတွေလဲ ရှိတုန်း နေခဲ့ပါစေ၊ ကျောင်းဖွင့်ရက်ရောက်လို့ ပြန်ချင်စိတ်ရှိသေးရင် ပြန်ပစေပေါ့၊ သူ့သဘောအတိုင်း ဖြစ်ပါစေ'

'မဖြစ်ဘူး ကိုစိုး၊ ကျောင်းဖွင့်ရင် သူ ဟိုကောင်လေးနဲ့ ပြန်တွဲမှာပဲ'

'အို မေမေ'

မမိုးအေးက လေးလေးကို ရှက်ရွံ့အားနာသဖြင့် လှမ်း၍ ပိတ်ပင်လိုက်မိလေသည်။ မေမေကတော့ လေးလေးကို အစစအရာရာ တိုင်ပင်ထားပုံရသည်။

‘ဒီလောက်လဲ မစိုးရိမ်ပါနဲ့ မမဆွေရယ်၊ မိုးဟာ စဉ်းစားဉာဏ်ရှိပါတယ်’

‘ဒါပေမယ့် သူလုပ်ချင်ရင် ဇွတ်ပဲ ကိုစိုး’

‘ကဲပါလေ၊ ကျောင်းမဖွင့်ခင်တော့ မိုးကလဲ နေဦးပေါ့၊ ဒီကြားထဲမှာ တဖြည်းဖြည်းစဉ်းစားပေါ့၊ ဒါတော့ မိုးက သဘောတူတယ် မဟုတ်လားဟင်’

မမိုးအေးက ခေါင်းညိတ်လိုက်မိတော့သည်။

‘ဒီမှာ မိုး အနဲ့လျှောက်လည်ဦးပေါ့၊ ဘယ်မှလဲ မရောက်သေးဘူး မဟုတ်လား၊ မိုး သူငယ်ချင်း နန်းမြထွေးလဲ ဒီမှာရှိနေတာပဲ’

‘ကိုစောနိုင်လဲ ရှိသားပဲ’

မေမေက ဝင်ပြောပြန်သည်။

‘ဘာဆိုင်လဲ မေမေ’

မမိုးအေးကလည်း မေမေ့ စကားတိုင်းကို အလစ်မပေးပေ။

‘မေမေပြောတယ် မဟုတ်လား၊ သမီးနဲ့ ဆက်ဆံတဲ့ ယောကျ်ားတိုင်းဟာ ’

မေမေက သူ့စကားကို သူ ရပ်ပစ်သည်။ လေးလေးရှိနေသောကြောင့်ပဲဖြစ်မည်။ ‘သမီးဆက်ဆံတဲ့ ယောကျ်ားတိုင်းဟာ သမီး အိမ်ထောင်ရေးမှာ ပါကောင်းပါလာနိုင်တဲ့ လူတွေချည်းပဲ မှတ်ရမယ်’ ဆိုသော မေမေ့စကားကို သတိရလိုက်သည်။ သည်လိုဆိုတော့ မေမေက ကိုစောနိုင်နှင့် ဆက်ဆံသည်ကို မကန့်ကွက်ကြောင်း ပေါ်လွင်နေလေသည်။ မမိုးအေးက မေမေ့ကို ပိုလို့ပင် စိတ်ပျက်သွား မိသည်။ မေမေတို့ သဘောထားတွေက အထက်တန်းလွှာမှ ပေါက်ဖွားလာသူပီပီ မှန်ကန်မှုမရှိဟု စွပ်စွဲမိသည်။ ပြီးတော့ မေမေသည် ဖေဖေ မရှိကတည်းက တစ်ချိန်လုံး စီးပွားရှာနေသဖြင့် တခြား ပြောင်းလဲမှုတွေကို ဂရုမထားခဲ့ပေ။ မေမေ ပေါင်းသင်းကျင်လည်ရာ ဝန်းကျင်ကလည်း မေမေ့လိုပင် ငွေကြေးပြည့်စုံသော အရာရှိ အရာခံ

ဇနီးများ၊ မင်းကတော်ကျွမ်းသာ ဖြစ်သည်။ မေမေကတော့ လင်ကောင်းမှ စံရသည်ဟူသော အတွေးအခေါ်မျိုး သက်ဝင်နေပေပြီ။

မေမေ့ စေတနာကို မမိုးအေး နားလည်ပါ၏။ သို့သော်လည်း မေမေ၏ သမားရိုးကျ အတွေးအခေါ်များကိုတော့ လက်မခံနိုင်ပေ။ မေမေက မမိုးအေး စားဝတ်နေရေး မချို့ငဲ့ရအောင် ကြိုးပမ်းရှာဖွေ၏။ မမိုးအေး တင့်တင့်တယ်တယ် နေနိုင်ရေးအတွက် ပညာသင်ပေး၏။ မေမေ၏ နောက်ဆုံး ရည်ရွယ်ချက်သည် မမိုးအေး လင်ကောင်းသားကောင်း ရရှိရေးပင် ဖြစ်လေသည်။

မမိုးအေးကတော့ ယောကျ်ားတစ်ယောက်ကို ငွေကြေးချမ်းသာတာ၊ ရုပ်ရည်ချောမောတာ၊ ပညာတတ်တာနှင့် တစ်သက်လုံး အားကိုးလောက်အောင် ပြီးပြည့်စုံသည့် ယောကျ်ားဟု မမှတ်ယူနိုင်ပေ။ ပြည့်ဝသော၊ ရင့်ကျက်တည်ငြိမ်သော၊ အတွေးအခေါ်မြင့်မားသော၊ အနုပညာ အရည်အချင်း ရှိသော ယောကျ်ားမျိုးကိုမှ အထင်ကြီးသည်။ ထိုယောကျ်ားမျိုးကိုမှ ချစ်ချင်သည်။

ယနေ့ထိတော့ မမိုးအေး ချစ်မိသည့်ယောကျ်ား မရှိသေးပေ။ ကိုဖေခင်ကို ခင်မင်နှစ်လိုသော်လည်း ချစ်သည်ဟုတော့ မမိုးအေး မထင်ခဲ့။ ကိုစောနိုင်နှင့် ပွင့်လင်းစွာ ဆက်ဆံသော်လည်း ချစ်သူ တစ်ယောက်အနေဖြင့်မူ စိတ်ကူးမယဉ်မိသေး။ မေမေကတော့ မမိုးအေးနှင့် ခင်မင်သည့် ယောကျ်ားတိုင်းကို သူ့ဝါသနာအတိုင်း မမိုးအေး၏ ခင်ပွန်းလောင်း အမည်စာရင်း တန်းစီဇယားတွင် ထည့်သွင်းထားလေသည်။

နောက်ဆုံးတော့ မမိုးအေးသည် လေးလေး၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာခဲ့ပါ၏။ မေမေသည် သူ့သမီးကို သူစိတ်ချယုံကြည်သော အရပ်ဒေသတွင် လုံခြုံစွာထားခဲ့ကာ ရန်ကုန်သို့ပြန်ရန် ပြင်လေသည်။ မမိုးအေးလည်း ပညာပြည့်စုံသည့်အချိန် တစ်ချိန်ချိန်မှာတော့ တောင်ကြီးမြို့တွင်လာပြီး အခြေချနိုင်ပါလိမ့်မည်ဟု မေမေက ဘဘကို ကတိစကားပေးခဲ့သည်။ မမိုးအေး တစ်စွန်းတစ်စသိရ သလောက်တော့

BURMESE CLASSIC .com

မေမေသည် သူ့တွင်ရှိသော ငွေအချို့ကို ဘဘတို့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားရန် ပေးအပ်ခဲ့လေသည်။

မေမေ့ကို မမိုးအေး၊ ဘဘ၊ လေးလေးနှင့် နန်းမြထွေးတို့ မောင်နှမက လေဆိပ်ထိ လိုက်ပို့ကြသည်။ ထိုနေ့က မေမေ၏ နှပျိုတက်ကြွဆဲအလှကို မမိုးအေး ဒုတိယအကြိမ် သတိထားမိသည်။ ခေတ်မီ အဖိုးတန်သော အဝတ်အစားများဖြင့် မေမေသည် ခံ့ခံ့ထည်ထည် ရှိလှသည်။ သားရေအိတ်ကို လွယ်ပြီး နေကာမျက်မှန် ကြီးကြီးကိုတပ်ကာ လေယာဉ်ပျံပေါ်တက်သွားသော မေမေ့ကို ကြည့်ရသည်မှာ ရုပ်ရှင်မင်းသမီး တစ်ယောက်နှင့်ပင် တူသေးတော့ဟု မမိုးအေး ဂုဏ်ယူစွာ တွေးမိလေသည်။ ဖေဖေ ဆုံးကာစကတော့ မုဆိုးမဖြစ်သူ မေမေသည် အနာဂတ်အတွက် စိုးရိမ်ပူပန်ကာ စီးပွားရေးမှာ ရှာဖွေလုံးပန်းရင်း အနည်းငယ် ကသီခဲ့ရသည်။ ယခုတော့ မေမေ့မှာ ဣန္ဒြေရစပြုလေပြီ။ အကယ်၍ သမီး မမိုးအေးအတွက်သာ စိတ်မပူရလျှင် မေမေသည် လောကအလယ်မှာ တစ်ကိုယ်တည်း လွတ်လပ်စွာ နေထိုင်ဖို့အချိန်များစွာ ရပေဦးမည်။

'မိုးတို့မေမေက ရုပ်ရှင်မင်းသမီးကြီး ကြည်ကြည်ဌေးနဲ့ တူတယ်နော်'

မမိုးအေး၏ စိတ်တွင်းမှ အတွေးများကို နန်းမြထွေးက ထုတ်ဖော် ပြောဆိုလိုက်သည်။

'မိုးတို့ မေမေက မိုးကိုတော့ တကယ်ချစ်တာပဲဗျာ'

ကိုစောနိုင်က သူ့အတွေးကို ထုတ်ဖော်သည်။ စောစောကပင် မေမေက ကိုစောနိုင်ကို လက်ဆွဲနှုတ်ဆက်ရင်း 'သမီးကိုတော့ မင်းတို့ လက်ထဲမှာ အပ်ခဲ့ပြီ'ဟု ပြောသွားသေးသည် မဟုတ်လား။ ကိုစောနိုင် က မေမေ့ကို များစွာနှစ်ခြိုက်ပုံရသည်။ မေမေသည် လူငယ်တို့၏ သဘော၊ လူငယ်တို့၏ လွတ်လပ်မှုကို များစွာအလေးပေးသူဟု မှတ်ထင်နေပုံ ရလေသည်။ မမိုးအေကတော့ မေမေသည် သူ ကျင်လည်ပျော်မွေ့ခဲ့ရာ ခေတ်ဆီသို့ နောက်ပြန်သွားနေသူ၊ လူငယ်တို့၏ တိုးတက်ရန်းကန်

BURMESE CLASSIC .com

တတ်သော သဘောကို မသိတတ်သူ၊ ချမ်းသာမှုနှင့် ပြည့်စုံမှုကို ခွဲခြား မသိသူဟု ထင်နေလေသည်။

'သမီးရဲ့ မေမေကို လွမ်းနေလား'

'မလွမ်းပါဘူး ဘဘ'

မမိုးအေး၏ ပွင့်လင်းသောအဖြေကို ဘဘက အံ့သြပုံရသည်။ လေးလေးကတော့ ထုံးစံအတိုင်း နားလည်စွာ ပြုံး၍ နေလေသည်။

'ဒီလိုဆို သမီးက ဘဘတို့နဲ့ပဲ နေမယ်ပေါ့'

'အဲဒါတော့ မဆုံးဖြတ်ရသေးပါဘူး ဘဘ'

ဘဘက အနည်းငယ် အံ့သြသွားပုံရသည်။ အပြန်တွင်တော့ မမိုးအေးက နန်းမြထွေးတို့ မောင်နှမနှင့်ပင် လိုက်သွားသည်။ ကိုစောနိုင်သည် ကားကိုမောင်းရင်း တည်ငြိမ်စွာတွေးလာလေသည်။ လေးလေးတို့ကားလေး က သူတို့ကို ကျော်တက်သွားသည်။

'ကျွန်တော် တစ်ခုပြောမယ်၊ စိတ်မဆိုးနဲ့နော် မိုး'

ကိုစောနိုင်၏ အေးဆေးသောစကား။

'ကိုကိုက ဘာတွေပြောဦးမလို့လဲ'

နန်းမြထွေးက တားသယောင်ဆိုသည်။

'ပြောပါ ကိုစောနိုင်ရယ်၊ မိုးတို့ဟာ အခုမှ တွေ့ပေမယ့် ပွင့်ပွင့် လင်းလင်း မောင်နှမရင်းလို ဆက်ဆံနေကြတာပဲ'

'ဪ မိုးတို့ မေမေက အရွယ်လဲ ငယ်သေးတယ်၊ လှလဲ လှသေး တယ်၊ နောက်အိမ်ထောင်ပြုရင် ရသေးတာပေါ့'

'အင်း ဟုတ်ပါတယ်၊ မေကေ မိုးအတွက် စိတ်မအေးနိုင်သေးလို့ ထင်ပါရဲ့'

'တကယ်လို့များ မိုးတို့မေမေသာ အိမ်ထောင်ပြုမယ်ဆိုရင် မိုးတို့ လေးလေးနဲ့ အသင့်တော်ဆုံး ဖြစ်မှာပဲ'

'အို ကိုကိုကလဲ ဘာတွေ လျှောက်ပြောနေတာလဲ'

မမိုးအေးကတော့ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ မေမေက တောင်ကြီးမှာအခြေချမယ်ဆိုတာ ဒီအတွက်များလားဟု ပထမဆုံးအကြိမ် တွေးမိလေသည်။ ပြီးတော့လည်း ဘာကြောင့်မှန်းမသိ ဝမ်းနည်း၍သွားသည်။ မေမေ့ကို နှမြော၍ပဲလား။

'ကိုစောနိုင် ဘာဖြစ်လို့ အဲဒီလို ထင်တာလဲဟင်'

'ဘာမှမဖြစ်ပါဘူးဗျာ၊ ကျွန်တော့်ဘာသာ စိတ်ကူးကြည့်တာပါ၊ မိုး စိတ်ထိခိုက်သွားလား၊ ဆောရီးဗျာ'

နန်းမြထွေးကလည်း သူ့အစ်ကိုကို အပြစ်တင်သည်။

'ကိုကိုဟာလေ ဘာမှန်းလဲ မသိဘူး၊ အလာကားပါ မိုးရယ်၊ စိတ်ထဲမှာ အနှောင့်အယှက် မဖြစ်ပါနဲ့'

'မဖြစ်ပါဘူး ထွေးရယ်'

မမိုးအေး၏ ရင်မှာတော့ တစ်လောကလုံးမှာ နှစ်ယောက်တည်းသာ ရှိသည်ဟု မှတ်ယူထားသော၊ အလွန်မှပင် ချစ်လည်းချစ်ရသော၊ အငြင်းအခုံလည်း ဖြစ်ရတတ်သော မေမေနှင့် သူတို့ ဘဝရေ့ရေးကို မတွေးစဖူး တွေးပြီး စိတ်တွေ လေလွင့်ရပြန်လေသည်။

www.burmeseclassic.com

# ၄

အိမ်ပြတင်းပေါက်မှ မြင်ရသော ပြာညိုညို တောင်တန်းသည် အလင်းရောင် သမ်းလာသည်နှင့်အမျှ ဝိုးတဝါး ပျောက်ကွယ်နေရာမှ တစ်စတစ်စ ထင်ရှား ပြတ်သားလာလေသည်။ ညက မိုးတစိမ့်စိမ့် ရွာခဲ့သည်။ ယနေ့ မနက်တွင်တော့ မိုးစက်မိုးပေါက်တို့သည် မြူနှင်းတို့အဖြစ် ပြောင်းလဲကာ ကျဆင်းလာကြပြန်သည်။

ရာသီဥတုက စိမ့်အေးနေသည်။ ဘဘ၊ လေးလေးနှင့် စံထွန်းရွှေ တို့က အိပ်၍ကောင်းနေဆဲ ဖြစ်သည်။ မမိုးအေးအတွက် အဖော်ရရန် ခေါ်ထားသော မသောင်းဆိုသည့် ကောင်မလေးက မီးဖိုဆောင်တွင် ရေနွေးအိုးတည်နေလေသည်။

မမိုးအေးကတော့ အခန်းထဲမှ တိတ်တဆိတ်ထွက်ပြီး အိမ်ရှေ့ ပြတင်းတစ်ချပ်ကို အသာလေး ခိုးဖွင့်ခဲ့သည်။ စိမ့်အေးသော လေသည် အနည်းငယ်သာ ဟလိုက်သော ပြတင်းဝမှ အတင်းတိုးဝင်လာ လေသည်။ မမိုးအေးက အခန်းတွင်းပြန်ဝင်ပြီး အနွေးထည်နှင့်အတူ ပန်းချီဆွဲရန်

BURMESE CLASSIC .com

ကားချပ်နှင့် ခဲတံကိုပါ ယူလာခဲ့သည်။ နေအထွက်တွင် သဘာဝအလှ ပွင့်လင်းလာပုံကို အမိအရဖမ်းယူရန် စောင့်ဆိုင်းနေလေသည်။

'ဒီအချိန်မှာ ကိုဖေခင်ရှိရင် သိပ်ကောင်းမှာပဲ၊ သူသာဆိုရင် မြူတွေကို ထိုးဖောက်ပြီး နေထွက်လာတာကို မိမိရရ ဖမ်းယူနိုင်မှာပဲ၊ ငါကတော့ သူ့လောက်မှ ပါရမီမရှိတာ၊ သင်တန်းတက်တာကလဲ မဆို စလောက်ဆိုတော့ အလကားပါပဲ၊ သဘာဝအလှကို ဖျက်ဆီး လိုက်ရသလို နေမှာ နှမြောစရာပဲ'

ခဲတံကိုကိုက်ပြီး ငေးနေမိပြန်သည်။ နေဝန်းသည် ထုနှင့် ထည်နှင့်။ အုပ်ဆိုင်းနေသော မြူတိမ်တို့ကို ထွင်းဖောက်ရန် ကြိုးစား နေလေသည်။ တောင်တန်းပေါ်မှ ရွှေဘုန်းပွင့်စေတီ၏ မီးရောင်လက်လက် ကိုမူ မြင်နေရသည်။ လေသည် အေးစက်စွာဝင်ရောက်မွှေ့ယမ်းဆဲဖြစ်သည်။ မမိုးအေး၏ နှုတ်ခမ်းလေးများ ပြာလာလေသည်။ ဆွယ်တာအင်္ကျီကို ရင်ဘတ်မှ ဆွဲစေ့လိုက်သည်။

'အခုအချိန်ဆို ကိုဖေခင် ရန်ကုန်မှာပဲ ရှိနေမှာ၊ သူက အနုပညာနဲ့ လူ့ဘဝကို ရင်ဆိုင်မလို့တဲ့ ပြောတာပဲ၊ အားကျစရာ ကောင်းလိုက်တာ'

နေရောင်ခြည်သည် မြူတို့ကို ဖောက်ထွက်လာဆဲ ဖြစ်သည်။ မီးခိုးပြာ ကောင်းကင်ပြင်သည် အနီရောင်သမ်းစ ပြုလာလေသည်။

'အင်း လက်စသပ်တော့ မေမေက ငါ့ကို ကိုဖေခင်နဲ့ တွဲမှာ စိုးလို့ တောင်ကြီးမှာ ထားခဲ့တာပဲ၊ မေမေတို့များ အစိုးရိမ်ကြီးလိုက်တာ၊ ဒါပေမယ့် အဲဒီလို ဇွတ်တိုက်တွန်းတာမျိုးတော့ လက်မခံနိုင်ပါဘူး'

နေလုံးကြီးသည် တစ်စ တစ်စ မြင့်တက်လာသည်။ စက်ဝန်း ဝိုင်းသဏ္ဍာန် ရေးရေးမှ နေဝန်းကြီးတစ်ခုလုံး ထွက်လာသည်။ ကောင်းကင် တစ်ခုလုံးနီစွေး၍ သွားလေသည်။ တောင်တန်းညိုညိုသည် ပြာလဲ့လဲ့ အရောင်ဖြင့် တောက်ပလာလေသည်။

နွေးထွေးစပြုလာသဖြင့် ပြတင်းတံခါးကို ဖွင့်လိုက်သည်။

‘ကြည့်စမ်း၊ သိပ်လှတာပဲ၊ ဒီနေ့မှပဲ ကိုဖေခင်ကို သတိရလိုက်တာ၊ သူလဲ ငါ့ကို သတိရနေမှာပဲ၊ ဘာပဲဖြစ်ဖြစ် ကျောင်းပြန်ဖွင့်ရင်တော့ ရန်ကုန်ကိုပဲ ပြန်တော့မယ်၊ ငါ လုပ်ချင်တာတွေ လုပ်ဦးမယ်၊ ဒီလောက်တော့ ငါ့မှာ အခွင့်အရေး ရှိပါတယ်လေ’

လေပြည်လေနုအေးသည် မမိုးအေး၏ ဆံယဉ်စများကို မွှေ့ယူသွားကြလေသည်။ ပါးပြင်နှစ်ဖက်သည် အေးစက်၍လာ၏။

‘မေမေက ပြောတယ်၊ လူတစ်ယောက်မှာ လူတန်းစေ့ နေနိုင်စားနိုင်ဖို့ထက် အခြားဘာတွေများ လိုအပ်သေးလို့လဲတဲ့၊ အပေါ်ယံကြည့်ရင်တော့ ဟုတ်သလိုလိုပါပဲ၊ ဒါပေမယ့် လူ့ဘဝရဲ့ အဓိပ္ပာယ်ဆိုတာ ဒီတစ်ခုတည်းတော့ မဖြစ်နိုင်ပါဘူး၊ ကိုယ်နေထိုင်ရာ သဘာဝလောကကြီးကို စူးစမ်းလေ့လာချင်တာ၊ ဆုပ်ကိုင် ဖမ်းယူလို့မရတဲ့ အနုပညာရဲ့ အနှစ်သာရတွေကို ရှာဖွေခံစားချင်တာ၊ ချစ်ခြင်းမေတ္တာရဲ့ အရိပ်မှာ နှစ်သိမ့်ခိုနားချင်တာ၊ ဒါတွေလဲ ရှိဖို့လိုသေးတယ် မဟုတ်လား၊ မေမေဟာ ဒါတွေကို မသိရှာသလား၊ လုံးဝမသိတာတော့ မဖြစ်နိုင်ပါ ဘူးလေ၊ မေ့ထားတာပဲ ဖြစ်ရမှာပါ၊ မေမေ မေ့ထားတာပဲ ဖြစ်ရမှာပါ၊

အတွေးများသည် ပျံ့လွင့်၍ နေ၏။ ဟင်းလင်းပွင့်နေပြီဖြစ်သော ပြတင်းတံခါထက်မှာ မမိုးအေး၏ ခေါင်းလေးသည် ငိုက်စင်းကျနေသည်။ ဖြောင့်စင်းသော ဆံပင်များသည် ဝေ့ဝဲရင်း မျက်နှာပေါ်ကို အုပ်မိုးကျနေ၏။ နောက်နားဆီမှ ခြေသံရှပ်ရှပ်ကို ကြားရလေသည်။

‘မိုး’

လေးလေး၏ ခေါ်သံတိုးတိုးက ထွက်ပေါ်လာသည်။ မမိုးအေးက ဖြည်းညင်းစွာ လှည့်ကြည့်သည်။ လေးလေးသည် သူ့ထံသို့ အေးဆေးစွာ လျှောက်လာလေသည်။ လေးလေးကတော့ မျက်နှာသစ်ပြီးစ အိပ်ရေးဝသော အသွင်ဖြင့် လန်းဆန်းလျက်ရှိသည်။

‘မိုး ဘာလုပ်နေလဲ၊ အိပ်ရာက အစောကြီးနိုးနေသလား၊ မအေးဘူးလာကွယ်’

BURMESE CLASSIC .com

'ခု မအေးတော့ပါဘူး လေးလေး၊ တောင်ပေါ်က နေထွက်လာတာကို စောင့်ကြည့်နေတာ'

လေးလေးက မမိုးအေး၏ လက်ထဲမှ စာရွက်နှင့် ခဲတံကို မြင်သွား ည်။

'ပန်းချီဆွဲမလို့လား'

'ဟင်း၊ စိတ်ကူးတာပါ၊ ဆွဲမှ မဆွဲတတ်ပဲ လေးလေးရယ်၊ မိုးတော့ ဖြစ်ဖြစ်မြောက်မြောက် လုပ်တတ်တာဆိုလို့ ဘာမှ မရှိဘူး၊ အဲဒါ ကောင်းသလား ဟင်'

လေးလေးသည် မမိုးအေး၏ ဘေးတွင်ရပ်ပြီး တောင်တန်းဆီကို ရောယောင် ငေးမောကြည့်နေလေသည်။

'မိုး ဘာပြောတာလဲ'

'သြော် မိုးမှာ လိုလေသေးမရှိ နေရပြီး မိုးကိုယ်တိုင်တော့ ဘာတစ်ခုကိုမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်တတ်တာ ကောင်းရဲ့ လားလို့'

'မိုးက ဘာလုပ်ချင်လို့လဲ'

'လောကမှာရှိနေတဲ့ မသိသေးတာတွေ၊ မတတ်တာတွေကို သိချင်တတ်ချင်တာပေါ့'

'ခုလဲ ပညာသင်နေရတာပဲကွယ်'

'ဒါက တကယ့်ပညာလား လေးလေး'

'သူလဲ အပါအဝင်ပေါ့'

'မိုးက ဒီထက် ကျယ်ကျယ်ပြန့်ပြန့် တစ်လောကလုံးကို သိချင်တယ်'

'သိရင် မိုး စိတ်ပျက်သွားမှာပဲ'

'အဲဒါမှ ဘဝအကြောင်းသိတာ မဟုတ်လား လေးလေးရဲ့'

'သိပ်ကျယ်ဝန်းပါတယ် မိုးရယ်၊ ပြီးတော့ မိုးက ငယ်သေးတယ်'

BURMESE CLASSIC .com

မမိုးအေးသည် လေးလေး၏ ညို့မှိုင်းသော မျက်လုံးများကို ငေးမောရင်း လေးလေးလဲ မေမေ့ အဖွဲ့ဝင်ပါပဲလားဟု တွေးနေမိသည်။

'ကဲ မိုးမျက်နှာသစ်ပြီး ကော်ဖီလေးဘာလေး သောက်ရအောင်၊ မိုးလုပ်ချင်တာတွေ ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့၊ စိတ်မစောပါနဲ့'

လေးလေးက မမိုးအေးကို ကလေးတစ်ယောက်လို ဆုံးမရင်း လက်ကလေးကို ဆွဲခေါ်ခဲ့လေသည်။

မမိုးအေး၏ လက်ကလေးများ အေးစက်နေရာမှ နွေးထွေး လာခဲ့ကြလေသည်။

*

'မိုးက ဘဝအကြောင်း သိချင်တယ် ဟုတ်လား၊ ဘဝအကြောင်း သိချင်ရင် မိုး စိတ်ညစ်ရမှာပေါ့ဗျာ'

ကိုစောနိုင်က မမိုးအေး၏ ဖြူဖွေး နုနယ်သော မျက်နှာလေးကို ကြည့်ရင်း ပြောလိုက်သည်။ ပါးပြင်ပေါ်တွင် အကြောစိမ်းကလေးများ ယှက်သန်းပြီး အစဉ်ရီဝေနေတတ်သော မျက်ဝန်းများက အပြစ်ကင်းစင်နေပုံ ပေါ်လွင်နေသည်။ သည်မျှ နုနယ်လှပပြီး ချစ်စဖွယ်ကောင်းတဲ့ ကောင်မလေးတစ်ယောက်က လူ့ဘဝအကြောင်းကို ဂဃနဏ သိချင်သတဲ့ လားဟု ကိုစောနိုင်က တွေးရင်း ပြုံးမိသည်။

'လေးလေးကလဲ ဒီအတိုင်းပဲ ပြောတာပဲ၊ မိုးကို အထင်သေး လိုက်ကြတာ၊ စိတ်ညစ်စရာရှိလာတော့လဲ ညစ်လိုက်မှာပေါ့ ကိုစောနိုင် ရဲ့'

မမိုးအေးက နှုတ်ခမ်းတွဲတွဲလေးများကို စူရင်း ရေပြင်ထက်မှ ဗေဒါပွင့်လေး တစ်ပွင့်လို လှမ်းဆွဲလိုက်သည်။ ရေဖွားများသည် မမိုးအေး၏ ပါးပြင်ကို လာစဉ်ကြလေသည်။

အင်းလေးရေပြင်သည်ကြည်စိမ်း၍ နေသည်။ လှေကလေးသည် ရေပြင်မှာ ရုပ်တိုက်ပြေးလွှားနေသည်။ နန်းမြထွေးသည် လှေဦးပိုင်းတွင်

BURMESE CLASSIC .com

တစ်ယောက်တည်းထိုင်ကာ ကက်ဆက်မှ 'ချစ်သောနန်း' သီချင်းကို လိုက်ဆိုနေလေသည်။ ကိုစောနိုင်ကတော့ မမိုးအေးနားမှာထိုင်ကာ ထီးလေးကို မိုးပေးရင်း မမိုးအေး မျက်နှာကို တစိမ့်စိမ့် ကြည့်နေလေသည်။

'မိုး အခုအင်းလေးရေပြင်ကိုကြည့်တော့ ဘယ်လို ခံစားရသလဲ'

မမိုးအေးက ကလေးတစ်ယောက်လို ရယ်မောလိုက်သည်။

'ကြည်နူးတာပေါ့ ကိုစောနိုင်၊ ကြည့်ပါလား၊ ရေပြင် စိမ်းစိမ်းရယ်၊ ဗေဒါပန်းလေးတွေရယ်၊ လှေကလေးတွေ၊ ပြီးတော့ စိမ်းညိုညို တောင်တန်းကြီး အားလုံးဟာ စိတ်ကြည်နူးစရာ အလှအပ တွေချည်းပဲ၊ ရန်ကုန်မှာ ဒီလို သန့်ရှင်းလတ်ဆတ်တဲ့ သဘာဝအလှကို မတွေ့ရဘူး'

'အင်းယားကန် ရှိသေးတယ်လေ'

'ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် ဒီလို တကယ့် အပြစ်ကင်းစင်တဲ့ အလှ မဟုတ်ပါဘူး၊ ဒီမှာတော့ ပင်ကိုအလှဘဲ'

'မိုးက လူ့ဘဝထဲကို တိုးဝင်ချင်တယ်ဆိုတော့ ဒီလို သဘာဝ ပင်ကို အလှကြားမှာ မပျော်မွေ့နိုင်ဘူးလား ဟင်'

နန်းမြထွေးသည် ခမောက်ကလေးကို မျက်နှာပေါ်တွင် အုပ်ကာ လှေပေါ်တွင် လဲလျောင်းနေရာမှ သူတို့ဆီကို ဗေဒါပွင့်ဖြင့် လှမ်းပေါက်လိုက်လေသည်။

'ကိုကိုနော် ကိုယ့်ဘက် ကိုယ်ယက်မနေနဲ့'

ကိုစောနိုင်က ပွင့်လင်းစွာ ရယ်မောလိုက်သည်။

'ဩော် မိုးက လူ့ဘဝအကြောင်း သိချင်တယ်ဆိုတော့ ကိုယ်လုပ်ချင်တာ လုပ်ရမှ ဘဝအကြောင်း သိနိုင်တယ်လို့ ထင်နေမှာ စိုးလို့ပါ'

'ဒီလိုဆို မိုး ဘာလုပ်ရမှာလဲ ကိုစောနိုင်'

'ဒီလိုရှိပါတယ် မိုးရယ်၊ မိုးဘယ်မှာပဲနေနေ၊ ဘာပဲလုပ်လုပ် မိုးရဲ့ စိတ်ထဲမှာ လူတွေရဲ့ တကယ့်ဘဝထဲကို ဝင်ပြီး ခံစားကြည့်ဖို့၊

တတ်နိုင်ရင် နေကြည့်ဖို့ပဲလိုပါတယ်၊ မိုး အဲဒီလို တကယ်နေနိုင်ရင်တော့ မိုးဟာ တကယ့် ဘဝအကြောင်းကို သိရမှာပဲ’

မမိုးအေး ငြိမ်သက်စွာ စဉ်းစားနေလေသည်။ ကိုစောနိုင်က သူ့စကားကို သူ ဆက်သည်။

‘မိုး အခုပျော်နေတယ် မဟုတ်လား၊ လွတ်လွတ်လပ်လပ် သွားလာရတယ်၊ သာယာတဲ့ သဘာဝအလှကြားမှာ ကြည်နူးနေရတယ်၊ ဒီအချိန်မှာ မိုးဟာ အချုပ်ချယ် အနှောင်အဖွဲ့ကြားက ကင်းလွတ် နေရလို့ လူ့ဘဝရဲ့ အဓိပ္ပာယ်ကို ခံစားနေရတယ်လို့ ထင်ချင်ထင်နေမယ်၊ ဒါပေမယ့် မိုးရဲ့ ခံစားမှုဟာ အပေါ်ယံလွှာလေးမှာပဲ ရှိနေတာပါ’

‘ဘယ်လိုပါလိမ့် ကိုစောနိုင်’

‘ဟိုမှာ ကြည့်ပါလား မိုး၊ လူငယ်လေးတစ်ယောက် မမိုးအေး လောက်တောင် အသက်မကြီးသေးပါဘူး၊ လှေတစ်စင်းကို လှော်နေတယ်လေ’

မမိုးအေးက လှမ်းကြည့်လိုက်သည်။ ၁၆ နှစ်ခန့်ရှိသေးမည် ထင်ရသော လူငယ်လေးတစ်ယောက်သည် လှေတစ်စင်းကို အင်းသားတို့၏ ထုံးစံအတိုင်း ခြေဖြင့် ကျင်လည်စွာလှော်ခတ်နေလေသည်။

‘ကျွန်တော်တို့က ပဲ့ချိတ်လှေပေါ်မှာ ငြိမ်ငြိမ်လေး လိုက်နေတယ်၊ အင်းလေးကန်ကြီးက သာယာလှပါပေရဲ့ဆိုပြီး ကြည်နူးနေကြတယ်၊ သဘာဝအလှကိုကြည့်ပြီး၊ ဇိမ်ခံနေကြတာပေါ့ဗျာ၊ သူ့မှာတော့ ဒါတွေကို မတွေးအားပါဘူး၊ သူဘာလုပ်နေလဲ မိုး သိလား’

မမိုးအေးက ခေါင်းခါပြလိုက်သည်။

‘မှော်ပင်တွေကို လိုက်ဆယ်နေတာလေ၊ ဒါတွေစုဆောင်းပြီး ရေပြင်ပေါ်မှာ ကျွန်းမျောတွေဖြစ်အောင် ဖန်တီးရမယ်၊ အဲဒီပေါ်မှာမှ အသီးအနှံတွေ စိုက်ပျိုးရမယ်၊ သူ အလုပ်လုပ်နေတာပါ မိုး၊ သူဟာ တကယ့်ဘဝထဲ ဝင်ရောက်နေတာပါ၊ ဒါပေမယ့် သူ့မှာ ဘဝဆိုတာ ဘာပဲရယ်လို့ အဓိပ္ပာယ် ဖွင့်မနေအားပါဘူးဗျာ’

မမိုးအေးက ကိုစောနိုင်ကို လေးစားစွာ ကြည့်လိုက်လေသည်။

BURMESE CLASSIC .com

'ဒီလိုတော့လည်း ကိုစောနိုင်က မိုးထက်ပိုပြီး လေးနက်တာပဲ၊ မိုးကတော့ ကိုစောနိုင်တို့ အသိုင်းအဝိုင်းဟာ ဒါတွေကို စိတ်ဝင်စားမယ် မထင်မိဘူး'

'ဟာဗျာ ဘယ်လိုပြောလိုက်တာလဲ၊ မိုးက ကျွန်တော်တို့ကို တစ်ချိန်ကလို သီးခြား လူတန်းစားတစ်ရပ်လို့ ထင်နေလို့လား၊ ကျွန်တော်တို့မှာ ဒီအမြင်မျိုး မရှိတော့ပါဘူး'

'အမြင်မပြောင်းသေးတာကတော့ ဘွားဘွားတို့၊ မေမေတို့ပဲ'ဟု မမိုးအေး တွေးလိုက်မိသည်။

'ကိုစောနိုင်ပြောပြတာ မိုး ကျေးဇူးတင်ပါတယ်၊ လူ့ဘဝ အကြောင်းကို အပေါ်ယံ ဝင်ကြည့်ရုံနဲ့တော့ မသိနိုင်ပါဘူး၊ ဒါပေမယ့် မိုးကို အဲဒီလို ဘဝထဲ မဝင်နိုင်တဲ့ မိန်းကလေးလို့ထင်နေလားဟင်'

'မိုး၊ကို အထင်မသေးပါဘူးဗျာ၊ ဒါပေမယ့် မိုးက လူ့ဘဝ အကြောင်းကို သိချင်တယ်လို့ ကြွေးကြော်နေတော့ ဘဝဆိုတာ လွတ်လွတ် လပ်လပ် နေကြည့်ရုံနဲ့ သိမှာပဲလို့ ထင်နေမှာစိုးလို့ပါ'

မမိုးအေးကတော့ ကိုစောနိုင်ကို လေးလေးနှင့် တန်းတူထား၍ လေးစားစွာ အသိအမှတ်ပြုလိုက်သည်။

'မိုး ရန်ကုန်ပြန်မှာကို ကိုစောနိုင် မလိုလားဘူး မဟုတ်လား ဟင်'

'ဟုတ်တယ်ဟေ့ ဒါပဲ ဒါပဲ၊ ပြောချင်တာ ဒါပဲ'

နန်းမြထွေးက လှမ်းအော်လိုက်သည်။

'မဟုတ်ရပါဘူး မိုးရယ်၊ ကျွန်တော်ကတော့ မိုးကိုလဲ ရွာစေချင်တယ်၊ ပျိုးကိုလဲ သာစေချင်တယ်ဆိုတဲ့ သဘောပါ'

'ဟား ဟား ကိုကိုက သိပ်စကားတတ်တာပဲ ဟေ့'

အင်းလေး ရေပြင်ထက်မှာ ကြည်နူးစရာ ရယ်မောသံလေးများ ပျံ့လွင့်သွားသည်။

ဟင်းသီးဟင်းရွက်များ အပြည့်တင်ဆောင်ထားသော လှေတစ်စင်းအား အဘိုးအိုတစ်ယောက်က ခြေတစ်ဖက်တည်းကို အားပြုရင်း လှော်ခတ်သွားလေသည်။

www.burmeseclassic.com

# ၅

## ကိုဖေခင်ရှင့်

ကျွန်မတော့ မေမေ၊ ဘဘတို့ရဲ့ ဆန္ဒအရ ဒီနှစ်တောင်ကြီးမှာ ကျောင်းတက်ဖြစ်ပါတယ်။ ကျွန်မ ရန်ကုန်ခေတ္တဆင်းလာစဉ် လှည်းတန်းက အဒေါ်အိမ်ကို ဝင်ကြည့်ပါသေးတယ်။ ကိုဖေခင်ကို မတွေ့၍ နှုတ်မဆက်ခဲ့ရပါ။ ကျောင်းဖွင့်ချိန်အမီ တောင်ကြီးကို ပြန်လာခဲ့ရပါတယ်။ နောက်နှစ်မှာတော့ ရန်ကုန် ပြန်လာရမှာပါပဲ။ မေမေတို့က ကျွန်မရဲ့ ပညာရေးကိုတော့ ထိခိုက်စေလိမ့်မယ်မထင်ပါ။

ကိုဖေခင်ရဲ့ ရည်ရွယ်ချက်များရော အထမြောက် ရဲ့လား၊ ကျွန်မ သိချင်ပါတယ်။ စန္ဒာမှာတော့ ကိုဖေခင်ရဲ့ ပန်းချီကားတစ်ချပ်ကို တွေ့လိုက်ပါတယ်။ ကျွန်မကတော့ တွေ့ထိကိုင်တွယ်ရုံမျှနဲ့ မကျွမ်းကျင် နိုင်တဲ့ ပညာတစ်ရပ်ကို ဆက်လက် ဆည်းပူးနိုင်တော့မယ် မဟုတ်ပါ။ ကိုဖေခင်ရဲ့ အောင်မြင်မှုကိုပဲ မျှော်လင့်နေပါတယ်။

ရှမ်းပြည်ရဲ့ ရှခင်းတွေကတော့ ကိုဖေခင်အတွက် များစွာ အဖိုးတန်လိမ့်မယ် ထင်ပါတယ်။ ကျွန်မတော့ ကိုဖေခင်ကို အမြဲ သတိရနေပါတယ်။ တောင်ကြီးကို အလည် လာပါလို့ ဖိတ်ခေါ်ပိုင်ခွင့် မရှိသော်လည်း ဘဘနဲ့ လေးလေး တို့က ယဉ်ကျေးဖော်ရွေသူများမို့ ဧည့်သည်လာရင် ဧည့်ဝတ်ပြုဖို့ ဝန်လေးမယ်မထင်ပါ။

ကိုဖေခင် ဒီနှစ် ပြပွဲလုပ်ဖြစ်သေးလား၊ ကျွန်မဆီ စာရေးပါဦး။

**ခင်မင်လျက်**

**မမိုးအေး**

www.burmeseclassic.com

# ၆

တကယ်တမ်းကျတော့လည်း မမိုးအေးမှာ လူ့ဘဝထဲဝင်ရောက်ဖို့ အချိန်မရနိုင်သေးပေ။ အချိန်တန်လျှင် လေးလေးနှင့်အတူ ကျောင်းတက်သွားရသည်။ ပြန်ရောက်လျှင် မသောင်းနှင့် ကူညီကာ ဘဘ ဝေယျာဝစ္စကို လုပ်ပေးရသည်။ စာကျက်ရသည်။ ပန်းပင်တွေကို ပြုပြင်ရသည်။ အချိန်ပိုလျှင်တော့ စန္ဒရားတီးခွင့် ရလေသည်။ ပတ္တလားနှင့် တွေ့ထိဖူးနေ၍ မမိုးအေး လက်က မစိမ်းလှပေ။ လေးလေးကတော့ အိမ်ပြန်ရောက်လျှင်ပင် မနားရပါပေ။ ယခုမှ လေးလေးမှာ အလုပ်တွေ ပိုများနေလေသည်။

မေမေက တစ်ချိန်က လေးလေးတို့လုပ်ခဲ့ဖူးသော သနပ်ဖက်ပွဲရုံကို ပြန်လုပ်ဖို့ လေးလေးကို တာဝန်ပေးခဲ့သည်။ မေမေက မမိုးအေးဆီကို ရေးသော စာများထက် လေးလေးဆီကိုရေးသော စာများက ပိုရှည်လျားလေသည်။ မေမေသည် သူ၏ လူတန်းစေ့နေနိုင်ရေး စီမံကိန်းကို တိုးချဲ့ရန် ကြိုးပမ်းလျက်ရှိပေပြီ။

BURMESE CLASSIC .com

မမိုးအေးမှာတော့ မေမေ့ အစီအစဉ်များကို အရပ်လေး တစ်ရပ်လို နာခံရင်း သူ့အတွက်ရရှိမည့် ကိုယ်ပိုင်အခွင့်အရေးများကို မျှော်လင့်နေရဆဲပင် ရှိလေသည်။ နန်းမြထွေးက ရန်ကုန်ကို ပြန်ဆင်းသွား၍ မမိုးအေးမှာ အဖော်လည်း မဲ့နေရသည်။ ကိုစောနိုင်နှင့်လည်း မကြာခဏ မတွေ့ရ တော့ပေ။ တစ်ခါတစ်ရံ လာလည်မှသာ တွေ့ရသည်။ နှစ်ယောက်တည်း အလည်ထွက်ရမှာလည်း မကောင်းလှ။ နန်းမြထွေး ပြန်လာမည့်ရက်ကိုသာ စောင့်နေရတော့သည်။

အားလပ်လျှင်တော့ လေးလေး၏ စာအုပ်စင်ကို မွှေနှောက်၍ နှစ်သက်ရာ စာအုပ်တစ်အုပ်နှင့် အချိန်ဖြုန်းခွင့်ကို ရသည်။ လေးလေး၏ စာအုပ်များကလည်း များသောအားဖြင့်တော့ အင်္ဂလိပ်စာအုပ်များသာ ဖြစ်လေသည်။

'လေးလေးဟာ ဒီစာအုပ်တွေကို ဘယ်အချိန်တွေမှာ ဖတ်ပါ လိမ့်၊ အရင်တုန်းက ဖတ်ခဲ့တာတွေ ထင်ပါရဲ့၊ ခုချိန်မှာတော့ လေးလေးဟာ စီးပွားရှာနေတဲ့ လူတစ်ယောက်ပါပဲ'

မမိုးအေးက လေးလေးကို တိတ်တခိုး မှတ်ချက်ပေးနေမိ လေသည်။ လေးလေးသည် ကျောင်းမှပြန်ရောက်လျှင်ပင် အိမ်တွင် အနားမနေနိုင်သေး။ လိမ္မော်ခြံကိစ္စနှင့် မေမေ့ ပွဲရုံကိစ္စအတွက် အပြင်ထွက်ရပြန်လေသည်။ လေးလေးက ဘဝကိုအချိန်ပြည့် အလုပ်လုပ်ခြင်းဖြင့် ကုန်ဆုံးစေနေသည်ဟု ထင်ရပေသည်။ မမိုးအေးကတော့ ငြီးငွေ့ဖွယ် ကာလများကို စန္ဒရားနှင့် စာအုပ်ကြားမှာ မြှုပ်နှံပစ်ရသည်။ ကိုဖေခင့်ထံမှ စာလေးများ တစ်ခါတစ်ရံ ရောက်လာတတ်သော်လည်း ဖွဲ့ဖွဲ့နွဲ့နွဲ့တော့ မဖတ်ရတတ်ပေ။ မမိုးအေးကို သူ့ဘဝနှင့် မဆိုင်နိုင်တော့ဘူး ဟူ၍များ မှတ်ယူထားသည်လား မသိနိုင်ပေ။

မမိုးအေးတစ်ယောက် တောင်ကြီးမှာ ရောက်နေခြင်းအတွက် အကျေနပ်ဆုံးသူကား ဘဘပင် ဖြစ်လေသည်။ ယခင်ကတော့ ဘဘတို့ အိမ်ကြီးသည် ထိန်းသိမ်းစောင့်ရှောက်မည့် မိန်းမသားမရှိ၍ ဖရိုဖရဲ

ပြန့်ကျဲနေခဲ့သည်။ ယခုတော့ အနုပညာဆန်သော မမိုးအေး၏ မွမ်းမံမှုဖြင့် စိတ်အေးချမ်းမြေ့ဖွယ် ဖြစ်လာလေသည်။ ပန်းကြိုက်သော မမိုးအေးက ဘုရားစင်မှ စကာ အိမ်ရှေ့စားပွဲ၊ ထမင်းစားပွဲ၊ စာကြည့်စားပွဲအထိ ပန်းတွေ ဝေနေအောင်ထိုးထားတတ်သည်။ အေးမြသော ရာသီဥတုနှင့်မို့ ပန်းတွေကလည်း ရက်ကြာသည့်တိုင် မနွမ်းနိုင်ဘဲ အချိန်ကြာကြာ ပွင့်လန်းနေကြမြဲ ဖြစ်သည်။ မမိုးအေးက ဘုရားစင်ပေါ်တွင် နှစ်းဆီပန်းတွေ ဝေနေအောင်ထိုးပြီး အိမ်ရှေ့စားပွဲတွင် လက်ထပ်ပန်းတွေကို လှလှပပ စိုက်ထားသည်။ စာကြည့်စားပွဲပေါ်တွင်မူ ဒေစီပန်းရောင်စုံတွေ ဝေဆာနေတတ်လေသည်။

'ငါ့မြေးက သူ့အဘွားနဲ့တူတာ၊ နူးညံ့ပုံ၊ စကားပြောညင်သာပုံ၊ အလှကြိုက်ပုံတွေပေါ့'

ဘဘက သွားလေသူ သူ့ဇနီးကို သတိရစွာပြောပြတတ်သည်။ မမိုးအေးသည် မေမေ့အမေ ဘွားဘွား ဒေါ်အေးရှင်နှင့် မတူသည်ကတော့ သေချာသည်။ ဖေဖေတို့ဘက်က ဘွားဘွားနှင့် တူသည်ဆိုခြင်းမှာ ဖြစ်နိုင်ပေသည်။ ဘဘတို့ အိမ်ရှေ့ခန်းတွင် ချိတ်ဆွဲထားသော ရှမ်းသွေးဆန်ဆန် ဘွားဘွား၏ ဓာတ်ပုံကြီးမှာ မမိုးအေးနှင့် မျက်နှာကျပုံခြင်း တူလှပေသည်။ မျက်ခုံးများ သွယ်တန်းပြီး နှာခေါင်းရင်းတွင် ဆက်နေပုံကတော့ ဖေဖေနှင့် တူသည်ဟု ဆိုကြသည်။ မမိုးအေးသည် ဘွားဘွားလို နူးညံ့ပြီး ဖေဖေ့လို တော်လှန်လိုသောစိတ် ရှိသည်ဟု လေးလေးက မှတ်ချက်ချဖူးသည်။

'လေးလေးကျတော့ ဘယ်သူနဲ့မှ မတူဘူးနော်၊ ဘဘနဲ့လဲ မတူဘူး၊ ဘွားဘွားနဲ့လဲ မတူဘူး'

မမိုးအေးက အမှတ်တမဲ့ပြောလိုက်ခြင်းကို ဘဘက မျက်နှာပျက်သွားသည်။

'ဒါပေမယ့် ကိုစိုးဟာ ဘဘရဲ့ အသက်ပါပဲကွယ်၊ ဘဘ ကနေ့အထိ အသက်ရှင်နေတာ ကိုစိုးကြောင့်ပဲ'

မမိုးအေးက လေးလေးကို ပို၍ စိတ်ဝင်စားလာသည်။ တစ်ချိန်က ကိုစောနိုင်က လေးလေးကို ဖေဖေ့ညီ အရင်းလားဟု မေးသည်ကိုလည်း သတိရမိသည်။

'လေးလေးက ကနေ့ထိ အိမ်ထောင်လဲမပြုဘဲ တစ်ယောက်တည်း နေနေတာ မပျင်းဘူးလား မသိဘူးနော်၊ အလုပ်ကျတော့လဲ မနားတမ်း လုပ်နေတာပဲ'

ဘဘသည် အတိတ်ကိုပြန်တွေးရင်း ငေးနေလေသည်။ လေးလေးနှင့် ပတ်သက်၍ ဘဘတွင် တစ်စုံတစ်ရာ ရင်တွင်းခံစားချက် ရှိနေသည်ဟု မမိုးအေးက ထင်မိပြန်သည်။

'ဘဘ'

'ဘာလဲ သမီး'

'လေးလေးဟာ ဖေဖေနဲ့ ညီအစ်ကိုအရင်းလား'

သည်တစ်ခါတော့ ဘဘထံမှ ထူးခြားသည့်အမူအရာ မမြင်ရတော့ပေ။

'ကိုစိုးဟာ ဘဘရဲ့ သားအရင်းတော့ မဟုတ်ပါဘူးကွယ်၊ တောင်ကြီးမြို့က လူတွေတော့ သိကြပါတယ်၊ သမီးရဲ့ဖေဖေဟာ ဘဘတို့ရဲ့ တစ်ဦးတည်းသော သားပါ၊ ဒါပေမယ့် ပညာသင်ရမယ့် အရွယ်ရောက် ကတည်းက ရန်ကုန်ကို ပို့ထားခဲ့တယ်၊ နောက်တော့လဲ သူယုံကြည်ရာ သူ လုပ်ရင်း ဒီကို ပြန်မရောက်တော့ပါဘူး၊ ကိုစိုးဟာ သမီး ဘွားဘွားရဲ့ တူအရင်းပေါ့ကွယ်၊ ဘွားဘွားမစောသီရဲ့ညီမ မစောလှရဲ့သား။အင်မတန် စိတ်နှလုံးကောင်းတဲ့ မိန်းကလေး၊ မိဘ သဘောမတူသူနဲ့ လိုက်ပြေးပြီး ယောကျ်ားကလဲ အသုံးမကျလို့ မစောသီက မွေးခဲ့ရတယ်၊ ဘဘတို့မှာလဲ သားတစ်ယောက်မွေးပြီး ကျန်တဲ့ကလေးတွေ အဖတ်မတင်ဘူးလေ'

'ဪ'

'ကိုစိုးဟာ သူ့အမေလိုပဲ စိတ်နှလုံး သိမ်မွေ့ပါတယ်၊ သူ့အဖေကတော့ မိဘသဘောမတူတာလဲမပြောနဲ့၊ အရက် အင်မတန် သောက်သကိုး'

မမိုးအေးကတော့ လေးလေး၏ဘဝ တစ်စွန်းတစ်စကို သိရ၍ ကျေနပ်မိသည်၊ လေးလေးသည် သူ့ဘဝကို သူ ဆွေးမြေ့မနေဘဲ အလုပ် လုပ်ရင်း၊ စာဖတ်ရင်း၊ ကျေးဇူးရှင် ဘဘကို ကူညီစောင့်ရှောက်ရင်းဖြင့် အချိန်တွေကို မအားလပ်အောင် အသုံးချနေသည်ကို ကြည့်၍လည်း အားကျမိသည်။ ပြီးတော့ သူ့အပေါ်တွင် တကယ့် ဦးလေးတစ်ယောက်လို ပြောဆိုဆုံးမချင်သော လေးလေးကိုလည်း မကျေနပ်သလို ဖြစ်လာမိ လေသည်။

ထိုနေ့က ဘာကြောင့်မှန်းမသိ လေးလေး၏ အခန်းတွင်းဝင်ပြီး စာအုပ်တွေကို ဖွကာ လေးလေး၏ ကိုယ်ရေးကိုယ်တာမှန်သမျှကို စပ်စု ရှာဖွေနေမိလေသည်။ ကဗျာချစ်တတ်သော လေးလေး၊ စာချစ်တတ်သော လေးလေး၊ အချိန်ပြည့် အလုပ်လုပ်တတ်သော လေးလေးတွင် အခြား စိတ်ဝင်စားစရာတွေ ရှိနေမည်ဟု သူ ထင်နေမိသည်။ သို့သော် လေးလေး၏ အခန်းတွင်းမှာ မမိုးအေးမျှော်လင့်သော မိန်းကလေး တစ်ယောက်နှင့် ပတ်သက်ခဲ့သည့် အခြင်းအရာ တစ်ခုကိုမျှ မတွေ့ရပါပေ။ စိတ်ဝင်စားစရာ ဆို၍ ချယ်ရီပန်းခြောက်လေးများ ညှပ်ထားသော သီချင်းစာအုပ်လေး တစ်အုပ်သာ တွေ့ရလေသည်။ ခေတ်ဟောင်း သီချင်းစာအုပ်လေး၏ ရှေ့ဆုံး မျက်နှာတွင်တော့ 'ချစ်သောစိုးသို့'ဟူသော စာကြောင်းလေးကို တွေ့ရသည်။ လက်မှတ် ထိုးထားသော်လည်း အမည်က မသဲကွဲလှပေ။

ထိုနေ့ကမှ လေးလေးကလည်း အိမ်ပြန် နောက်ကျလှသည်။ ကျောင်းမှ ပြန်ရောက်ပြီး အပြင်ကို ကတိုက်ကရိုက် ပြန်ထွက်သွားသော လေးလေးသည် ထမင်းပင် မစားရသေးပေ။ အိမ်ရှိ လူသုံးယောက်သည် ထမင်းကို တစ်ယောက်ချင်းစားသလို ဖြစ်နေသည်။ မမိုးအေးက ကျောင်းမှ ပြန်ရောက်ရောက်ချင်း ဆာဆာနှင့် မီးဖိုဆောင်တွင် ခပ်မြန်မြန် ဝင်စားပစ် တတ်သည်။ ရန်ကုန်မှာတော့ မမိုးအေးကို သည်လိုထမင်းကို ပြီးစလွယ် စားလျှင် ဘွားဘွားက ပြောမဆုံးတော့ပေ။ ထို့ကြောင့် အန်တီခင်သည် မမိုးအေး ပြန်လာလျှင် ထမင်းကို စားပွဲတွင် အသင့်ပြင်ပေးထားတတ်သည်။

BURMESE CLASSIC .com

သည်မှာတော့ မမိုးအေးသည် သူ့အတွက်ခေါ်ထားသော မသောင်းနှင့်ပင် အတူရော၍ စားချင် စားတတ်လေသည်။

ဘဘကတော့ ညစာကို များများမစားတော့ပေ။ အသက်ကြီးပြီဖြစ်၍ အစားအသောက် ဆင်ခြင်သည်။ ညနေဘက်တွင် စွပ်ပြုတ်နှင့် ပေါင်မုန့်လောက်ကိုသာ စားတတ်သည်။ လေးလေး၏ ထမင်းစားချိန်ကမူ ၁၀ နာရီထက် မစောတတ်ပေ။ လေးလေးကို စံထွန်းရွှေက စောင့်ကျွေးတတ်သည်။ ပြီးတော့ လေးလေးသည် အဖေသွေး ပါ၍ပဲလားတော့ မသိ၊ ထမင်းမစားခင် အရက်တစ်ခွက်ကိုတော့ အမြဲသောက်တတ်သည်။ ထို့ကြောင့်လည်း သူ့ ထမင်းဝိုင်းတွင် မမိုးအေးတို့၊ မသောင်းတို့ စောင့်မနေစေရပေ။

ထိုညကတော့ မမိုးအေးက လေးလေးကို စောင့်နေမိသည်။ ‘ကိုစံထွန်းရွှေ အိပ်ချင်အိပ်တော့၊ လေးလေးကို မိုး စောင့်ကျွေးလိုက်မယ်’ဟု ဆိုသော်လည်း စံထွန်းရွှေကတော့ ဝတ္တရားမပျက် တံခါးနားမှာ ထိုင်စောင့်နေလေသည်။ ၁၀ နာရီ ကျော်ပြီဖြစ်၍ ဘဘက အိပ်ရာဝင်ပြီ။ မသောင်းတစ်ယောက်တော့ မမိုးအေးနှင့် နှစ်ယောက်အတူအိပ်ရသော အခန်းထဲမှာ ဟောက်၍ပင် နေချေပြီ။

‘ဒီည အေးလဲအေးတယ်နော် ကိုစံထွန်းရွှေ၊ လေးလေးကလဲ နောက်ကျလိုက်တာ၊ လမ်းတွေလဲ မှောင်နေရော့မယ်’

မမိုးအေးက စိတ်မပူစဖူး ပူမိကာ ပြောလိုက်မိသည်။ တံခါးများကို လုံအောင်ပိတ်ထားသည့်တိုင် စိမ့်အေးသောလေသည် အပ်ဖျားတမျှ သေးငယ်သော အပေါက်ကလေးများကိုပင် ဖွေရှာ၍ ဝင်လာလေသည်လား အောက်မေ့ရလေသည်။ စံထွန်းရွှေက အအေးသက်သာစေရန် မီးဖိုလိုက်သည်။ တစ်အိမ်လုံးသည် တိတ်ဆိတ်၍ နေ၏။ စံထွန်းရွှေသည် အိပ်ငိုက်နေဟန်ရှိသော်လည်း သူ့ဆရာကို ကျိုးနွံစွာ စောင့်ဆိုင်းနေလေသည်။

‘ကိုစံထွန်းရွှေ ဒီအိမ်မှာနေတာ တော်တော်ကြာပြီလားဟင်’

BURMESE CLASSIC .com

'ကြာပြီဆိုပါတော့ဗျာ၊ ကျွန်တော် ၁၀ နှစ်သားလောက်က ရောက်တာ၊ အခု ကျွန်တော် အသက် ၂၀၊ အင်း ၁၀ နှစ်တောင်ရှိသွားပြီ၊ ကျွန်တော် ရောက်စက မမိုးအေးတို့ ဘွားဘွားတောင် ရှိသေးတယ်ဗျ'

'မိုးကတော့ ဘွားဘွားကို မမှတ်မိတော့ဘူး၊ ဖေဖေ ဆုံးပြီးမှ ဘွားဘွား ဆုံးတာပဲ၊ ဒါပေမယ့် တောင်ကြီးကို တစ်ခေါက်မှ မရောက်ဖူးဘူး၊ မေမေတို့ကလဲ မခေါ်ဘူး'

ဟုတ်တယ်၊ မမိုးတို့ ဘွားဘွား ဆုံးတုန်းက မမိုးတို့မေမေ တစ်ယောက်တည်း ရောက်လာတာပဲ၊ မမိုးကို ကျောင်းမှာ ကျောင်းအိပ် ကျောင်းစား ထားတယ်ဆိုလား'

'အင်း ဘွားဘွားလဲ မရှိတော့ ဒီအိမ်ကြီးမှာ ယောကျ်ားတွေ ချည်းပဲ

စံထွန်းရွှေက မမိုးအေးကိုကြည့်ပြီး ပြုံးလိုက်သည်။

'ဘယ်ပျင်းစရာကောင်းမလဲ၊ ဒီအိမ်မှာ ရွှေမင်းသမီးလေး တစ်ပါး နေဖူးတယ် ခင်ဗျ'

'ဟင်'

မမိုးအေး၏ မျက်လုံးကလေးများသည် အံ့သြမှုဖြင့် ဝိုင်းစက် သွားလေသည်။ မမိုးအေး နေခဲ့ရသည့် သုံးလကြာမျှ ကာလအတွင်းမှာ သည်အိမ်ကြီးတွင် မိန်းကလေးတစ်ယောက် နေခဲ့ဖူးသည့်အသွင် တစ်စွန်း တစ်စမျှ မတွေ့ရပေ။

'ဘယ်သူလဲ ကိုစံထွန်းရွှေ၊ ဘဘတို့နဲ့ ဘာတော်သလဲ၊ သူက အခု ဘာလို့ မနေတော့တာလဲ ဟင်'

မမိုးအေးက သိလိုလှစွာ မေးနေမိသည်။ သည်နေ့မှပင် စိတ်ဝင်စားဖွယ်ရာတွေကို တစ်ခုပြီးတစ်ခု တွေ့နေရသည်။ စံထွန်းရွှေကတော့ အေးဆေးစွာပင် ဇာတ်စုံခင်းပြလေသည်။

'သူက ဘဘတို့နဲ့ ဘာမှ မတော်ပါဘူး၊ အစ်ကိုလေးနဲ့ သိလာခဲ့တဲ့ အစ်ကိုလေးရဲ့ အဲ မိတ်ဆွေပေါ့ခင်ဗျာ၊ ရုပ်ရှင်မင်းသမီး သင့်သင့်ခိုင်တဲ့၊ ကျွန်တော်တော့ သူပါတဲ့ ရုပ်ရှင် တစ်ခါမှ မကြည့်ဖူးပါဘူး'

BURMESE CLASSIC .com

မမိုးအေးကတော့ သင့်သင့်ခိုင်ကို အရန်မင်းသမီးအဖြစ် ရုပ်ရှင်ထဲတွင် တစ်ခါနှစ်ခါ မြင်ဖူးလေသည်။ နောက်တော့ နာမည်တက်မလာဘဲ တိမ်မြုပ်သွားခဲ့သည်။ ရုပ်ကတော့မဆိုးလှ၊ ငယ်သည်၊ ချောသည်၊ ခေတ်ဆန်သည်။

'သူက ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ'

'ရုပ်ရှင်ကား တစ်ကားရိုက်ဖို့ တောင်ကြီးမှာ လာနေတာတဲ့၊ အစ်ကိုလေးနဲ့ ဘယ်လိုလုပ် သိလာတယ် မသိပါဘူး၊ ဒီအိမ်မှာ တစ်လလောက် နေသွားတယ်၊ နောက်တော့ အစ်ကိုလေးနဲ့ ယူမလိုလိုတောင် ဖြစ်သေးတယ်၊ ဒါပေမယ့် မကြာပါဘူး၊ ပြန်သွားတာပဲ၊ သူ့မှာလဲ ယောကျ်ားရှိတယ်ဆိုလားဗျာ'

'အို'

မမိုးအေးက လေးလေး၏ သန့်စင်မယောင်နှင့် ရှုပ်ထွေးသော ဇာတ်ကြောင်းကို အံ့သြစွာ နားထောင်မိသည်။ ဘဘက ဒီအကြောင်းတွေကို ဘာလို့ မပြောပါလိမ့်ဟုလည်း တွေးနေမိလေသည်။

'ဟော ကားသံကြားတယ် မမိုး၊ အစ်ကိုလေး ပြန်လာပြီထင်တယ်၊ ကျွန်တော် ဒီအကြောင်းတွေပြောတာ အစ်ကိုလေး မသိပါစေနဲ့၊ အဲဒီမိန်းကလေးနဲ့ပတ်သက်လို့ ဘာမှ စကားမဟရဘူးလို့ အစ်ကိုလေးက မှာထားလို့ပါ'

'နေပါစေ ကိုစံထွန်းရွှေ၊ တံခါးကို မိုးဖွင့်လိုက်ပါ့မယ်၊ ထမင်းသာ ပြင်ထားနှင့်ပါ၊ ဟင်းတွေ နွေးလိုက်ဦးမယ်'

မမိုးအေးက သုံးထပ်မျှဝတ်ထားသော ညဝတ်အင်္ကျီကို ဆွဲစေ့ရင်း တံခါးကို သွားဖွင့်ပေးသည်။ လေးလေး၏ ကိုယ်ပေါ်တွင် နှင်းစက်တို့ လွင့်စင်ကျနေလေသည်။ ဘောင်းဘီရှည်အိတ်အတွင်းမှာ လက်နှစ်ဖက်ကို ထည့်ထားသော်လည်း လေးလေး၏ နှုတ်ခမ်းများက အအေးဒဏ်ကြောင့် ပြာနေသည်။

'ဟင် မိုး မအိပ်သေးဘူးလား'

လေးလေးက တံခါးဖွင့်ပေးသော မမိုးအေးကို အံ့အားသင့်စွာ ပြောလိုက်သည်။

'အိပ်မပျော်သေးတာနဲ့ လေးလေးကို စောင့်နေတာပါ၊ ဒီည သိပ်လဲအေးတာပဲ၊ လေးလေးကလဲ နောက်ကျလိုက်တာ'

မိတ်ဆွေတစ်ယောက်အိမ်မှာ ကြာသွားတယ်၊ အိပ်နှင့်ရောပေါ့ မိုးရယ်၊ စံထွန်းရွှေရော'

လေးလေးက တံခါးကို ပြန်ပိတ်လိုက်လေသည်။

'ထမင်းပြင်နေတယ် လေးလေး၊ ဟင်းချိုလဲ နွေးခိုင်းထားတယ်'

'လေးလေး စားခဲ့ပြီးပါပြီ'

လေးလေးသည် အပေါ်အင်္ကျီတစ်ထပ်ကို ချွတ်ရင်း စန္ဒရား ခုံနားမှ အင်္ကျီချိတ်တွင် သွားချိတ်လေသည်။ ပြီးတော့ စန္ဒရားပေါ်တွင် တင်ထားသော ခေတ်ဟောင်းသီချင်းစာအုပ်လေးဆီကို မျက်စိက ရောက်သွား သည်။ စာအုပ်ကို ကိုင်ကြည့်ပြီး ငိုင်နေလေသည်။

'မိုးလေ အဲဒီထဲက မေရှင့် သီချင်းတစ်ပုဒ်ကို ယူပြီးတီးကြည့် နေတာ မဖြစ်ပါဘူး၊ လေးလေးကလဲ သင်မှ မပေးဘဲ'

လေးလေးက သီချင်းစာအုပ်လေးကို အသာအယာ ပြန်ချထား လိုက်လေသည်။

'လေးလေးမှ စန္ဒရားမတီးတတ်ပဲ မိုးရယ်'

'ဒါဖြင့် ဒီစန္ဒရားကြီးက ဘယ်သူတီးတာလဲ'

'မိုးရဲ့ ဘွားဘွားလေ၊ အင်း ပြီးတော့'

'ပြီးတော့ ဘယ်သူလဲ လေးလေး'

လေးလေးက အတန်ကြာ ငိုင်နေသည်။

'မိုး အိပ်တော့နော်၊ ညဥ့်နက်ပြီ၊ သိပ်အေးတယ်၊ နွေးနွေး ထွေးထွေး အိပ်'

လေးလေးက ထမင်းစားခန်းဆီကို လျှောက်သွားလေသည်။ မမိုးအေးက မကျေမနပ်ဖြင့် လေးလေးနောက်ကို လိုက်သွားလေသည်။ စံထွန်းရွှေသည် ဖန်ခွက်တစ်လုံးနှင့် လေးလေးကို အသင့်စောင့်နေလေသည်။

‘ငါ သောက်လဲ သောက်ခဲ့ပြီ၊ စားလဲ စားခဲ့ပြီးပြီ၊ ဒါပေမယ့် ထပ်သောက်လိုက်ဦးမယ်ကွာ၊ ပြီးရင် ဒါတွေသိမ်းလိုက်တော့’

လေးလေးသည် ကုလားထိုင်တွင်ထိုင်ရင်း စံထွန်းရွှေပေးသော ဖန်ခွက်ကိုယူ၍ မော့လိုက်သည်။ မမိုးအေးက အပေါက်ဝမှပင် လှစ်ခနဲ ပြန်ပြေးလာကာ အခန်းတွင်း ဝင်ခဲ့မိလေသည်။

လေးလေး အပေါ်တွင် ထူးထူးခြားခြား စိတ်ဝင်စားမိသည်ကို အံ့သြ၍ နေမိလေသည်။

*

လေးလေးနှင့် ပတ်သက်၍ မမိုးအေး၏ ရင်မှာ စိတ်လှုပ်ရှားဖွယ်ရာများ ခိုတွယ်လာလိမ့်မည်ဟု တစ်ခါမျှ မထင်ဘူးပေ။ ဖေဖေမရှိသည့်နောက်ပိုင်း လေးလေးဟူသော ခင်မင်တွယ်တာစရာ လူတစ်ယောက် ရှိနေသေးသည်ကို သိခဲ့ရစဉ်ကမူ ဝမ်းသာမှုဖြင့် အားတက်ခဲ့ရဖူးသည်။ လေးလေးနှင့်တွေ့တော့လည်း မမိုးအေးတို့ မိသားစုအပေါ် စေတနာထားကာ ရင်းနှီးခင်မင်မှုကို ပေးခဲ့သဖြင့် ကျေးဇူးတင်ရပြန်လေသည်။ အထူးသဖြင့် လူငယ်တွေအပေါ် မေမေတို့လို ဇွတ်အမိန့်မပေးဘဲ နားလည်မှုဖြင့် ခွင့်ပေးတတ်သော လေးလေးကို များစွာ အားကိုးမိခဲ့ရသည်။ မမိုးအေး တောင်ကြီးမြို့မှာ နေခြင်းသည် လေးလေးတစ်ယောက် ရှိနေသောကြောင့်သာဟုလည်း မကြာမကြာ တွေးမိရသည်။ သို့သော် လေးလေးနှင့် မျက်နှာချင်းဆိုင် တွေ့ရသောအချိန်က နည်းလှ၏။ ကျောင်းသွား ကျောင်းပြန်တွင်မူ ကားတစ်စီးတည်း အတူစီးရင်း လေးလေးနားမှာထိုင်ကာ စကားတွတ်ထိုးခွင့် ရလေသည်။ ကျန်သည့် အချိန်များမှာတော့ လေးလေးက လူကြီးဆန်လွန်းသည်ဟု မမိုးအေး ထင်မိလေသည်။

လေးလေးကို ဖေဖေ့ညီအရင်းမဟုတ်ဘူးဟု သိလိုက်ရသည့် အတွက် မမိုးအေးစိတ်တွင် လေးလေးအပေါ် ခင်မင်မှု လျော့မသွားပေ။

ပို၍ပင် စိတ်လက်ပေါ့ပါးသွားကာ လေးလေးအပေါ် အနိုင်ယူလိုစိတ် ပြည့်လျှမ်းလာခဲ့သည်။ ပြီးတော့ လျှို့ဝှက်သိပ်သည်းစွာနေခဲ့သော လေးလေး၏ မေ့ပျောက်ထားသော အတိတ်ဇာတ်လမ်းကိုလည်း ပြန်လည် စူးစမ်းနေမိသည်။ ရန်ကုန်မှာ နေတုန်းကလို လေလွင့်ခွင့်မရသော မမိုးအေး၏ စိတ်များသည် လေးလေးအပေါ် ကျက်စားလာကြလေသည်။

လေးလေးကတော့ နံနက်လင်းလျှင် တက်ကြွနိုးကြားသော အသွင်ဖြင့် သူ့လုပ်ငန်းခွင်ကို စတင်ဖွင့်လှစ်မြဲဖြစ်သည်။ မမိုးအေးကို ကျောင်းချိန်အမီ ပြီးရန် လောဆော်ရင်း သူကလည်း ဖျတ်လတ်စွာပင် လှုပ်ရှားနေသည်။ ညက အရက်သောက်ပြီး အိပ်ရာဝင်ခဲ့သော အသွင်ကို မမြင်ရတော့ပေ။

ကားကို ဖြည်းလေးစွာမောင်းရင်း စကားမပြောဘဲ စီးကရက် တစ်လိပ်ကို လက်ကကိုင်ကာ ဖွာနေတတ်သော လေးလေး၏ ပုံစံမှာ လူ့ ဘဝကို သက်သောင့်သက်သာ နေတတ်သောလူတစ်ယောက်၏ ပုံသဏ္ဍာန် မျိုးပင် ဖြစ်၏။

မမိုးအေးကတော့ အေးဆေးတည်ငြိမ်လွန်းသော လေးလေး၏ စိတ်များကို လှုပ်ရှားစေချင်မိပြန်သည်။

'လေးလေး'

မမိုးအေးက တိုးတိုးခေါ်သည်။ လေးလေးသည် မမိုးအေးနှင့် အတူ ကျောင်းသို့သွားတိုင်း စကားနည်းတတ်သည်။ မမိုးအေးအတွက် ကား၏ နောက်ခန်းတံခါးကို အစဉ်ဖွင့်ပေးမြဲ ဖြစ်သော်လည်း မမိုးအေးက ရှေ့ခန်းကို ဇွတ်အတင်း ဝင်ထိုင်တတ်သည်။ မေမေနှင့် ဆိုလျှင်မူ လေးလေးသည် ကားရှေ့ခန်းကို အစဉ် ဖွင့်ပေးတတ်လေသည်။

'ဘာပြောမလို့လဲ မိုး'

လေးလေးက မမိုးအေးကို လှည့်မကြည့်ဘဲ ထူးလိုက်သည်။

'လေးလေး ဘာဖြစ်လို့ ညတိုင်း အရက်သောက်တာလဲ ဟင်'

လေးလေးက တည်ငြိမ်စွာပင် ပြုံးလေသည်။

'ဘာဖြစ်လို့လဲ မိုးရဲ့၊ ဒီမှာ အေးလဲအေးတယ် မဟုတ်လား၊ လေးလေးက အရက်သောက်ပေမယ့် မစွဲပါဘူး၊ အပန်းဖြေရုံသောက်ပါ'

လေးလေးက ထိုမျှသာ ဖြေရှင်းလေသည်။

'ဟုတ်ပါတယ်၊ လေးလေးက တစ်ချိန်လုံး အလုပ်လုပ်နေတာကိုး၊ မိုးဖြင့် လေးလေး အိမ်မှာနားနေတာ တစ်ခါမှ မမြင်ရဘူး၊ ခုဆို မေမေ့ ပွဲရုံကိစ္စနဲ့ လေးလေး ပိုပင်ပန်းတာပေါ့၊ မေမေကလဲ သူ့တစ်သက်မှာ စီးပွားရှာလို့ကို ပြီးပါတော့မလား မသိဘူး'

'ဒါတွေဟာ မိုးအတွက်ပဲကွယ်'

မမိုးအေးက ခပ်လှောင်လှောင်လေး ရယ်မောလိုက်သည်။

'အလကားပါ လေးလေးရယ်၊ မေမေက ပစ္စည်းဉစ္စာကြွယ်ဝမှ လူ့ဘဝမှာ နေလို့ကောင်းတယ်လို့ ထင်နေတာ လေးလေးရဲ့'

လေးလေးက တိတ်ဆိတ်နေပြန်သည်။ လေးလေးသည် မမိုးအေးနှင့် မေမေ အတိုက်အခံပြုလျှင် မမိုးအေးဘက်မှ လိုက်ပြောမြဲ ဖြစ်သော်လည်း မမိုးအေးတစ်ယောက်တည်း အဆိုတင်သော စကားများကိုတော့ လိုက်၍ မထောက်ခံတတ်ပေ။

'လေးလေးကကောဟင်၊ တစ်ချိန်လုံး အလုပ်လုပ်နေတာ ဘာအတွက်လဲ၊ ဘယ်သူ့ အတွက်လဲဟင်၊ ဘာဘာ အတွက်လား၊ ဘာဘာ အတွက်က မလိုတော့ပါဘူး၊ လေးလေးရဲ့'

'အိုကွယ် မိုးကလဲ လူဆိုတာ တစ်ခုခုတော့ လုပ်နေရမှာပဲပေါ့'

'ဟင် လေးလေး တစ်ခုခုလုပ်ချင်ရင် အခု ဆရာလုပ်နေတယ် မဟုတ်လား၊ တော်ရောပေါ့ လေးလေးရယ်၊ တခြားအလုပ်တွေ ဘာလို့ လုပ်နေလဲ'

'လေးလေးရဲ့ ကျောင်းဆရာလခဟာ လေးလေးတစ်ယောက် အတွက် သုံးလောက်ရုံပါပဲ၊ ဘာဘာအတွက် သူ့လက်စ အလုပ်ကလေးတွေကို လုပ်ပေးနေရတာပါ၊ ပြီးတော့ မမဆွေ၊ မိုးရဲ့ မေမေအတွက် တတ်နိုင်သမျှ ကူညီတာပါ၊ မမဆွေက တောင်ကြီးမှာလာနေချင်တာ မဟုတ်လား'

BURMESE CLASSIC .com

'မေမေကတော့ တောင်ကြီးရောက်ရင်လဲ လေးလေးကို အလုပ်တွေ ဆက်ခိုင်းဦးမှာပဲ'

'လေးလေးအတွက် အပန်းမကြီးပါဘူးကွယ်၊ ပြီးတော့ မမဆွေက ပြောတယ်၊ သူ တောင်ကြီးရောက်ရင်တော့ လေးလေးကိုလဲ အလုပ်က ထွက်စေချင်တယ်တဲ့'

မမိုးအေးက လေးလေးကို အံ့သြစွာ ကြည့်လိုက်သည်။

'ဟင် လေးလေးကကော မေမေ့စကားကို နားထောင်မလို့လား'

လေးလေး၏အသံ တိတ်ဆိတ်သွားပြန်သည်။ လေးလေးသည် မမိုးအေး၏ ခေါင်းလေးကို အသာလှမ်းပုတ်ရင်း ကားတံခါးကို ဖွင့်ပေးလိုက်သည်။ မမိုးအေးက မကျေမနပ်ဖြင့်ပင် ကားပေါ်မှ ဆင်းခဲ့လေသည်။ လေးလေးသည် ခိုင်မာသောယုံကြည်ချက်မရှိသည့် လူတစ်ယောက်ဟု ပထမဦးစွာ လေးလေးအပေါ် မှတ်ချက်ချမိလေသည်။

ထိုညက လေးလေးအပြင်မထွက်ပေ။

နှင်းတွေကလည်း သိပ်သည်းစွာကျနေသဖြင့် ပို၍ အေးနေသည်။ လေးလေးသည် တစ်ယောက်တည်း ငြိမ်သက်စွာ စာအုပ်တစ်အုပ်ကို ဖတ်နေလေသည်။ မမိုးအေးကတော့ ကျောင်းစာအုပ်ကို ရှေ့မှာချရင်း ပျံ့လွင့်နေသော အတွေးများကို လိုက်လံစုစည်းနေမိသည်။ ကျန်လူများကတော့ ထုံးစံအတိုင်း အိပ်မောကျနေကြပြီ။

'လေးလေး လက်ဖက်ရည်ကျကျ တစ်ခွက်လောက် သောက်မလားဟင်၊ မိုး ဖျော်လိုက်မယ်လေ၊ မိုးလဲ သောက်ချင်လို့'

'ကောင်းသားပဲ မိုး'

မမိုးအေးက မီးဖိုဆောင်ထဲ ဝင်ခဲ့သည်။ စာမေးပွဲနီးပြီဖြစ်၍ စာကိုကြိုးစားပြီး ကျက်နေရသည်။ သည်နှစ်အောင်လျှင် မလွဲမသွေ ရန်ကုန်ကို ပြန်ရပေမည်။ ရန်ကုန်ရောက်လျှင်တော့ သည်မှာနေရတာထက် ပို၍ စိတ်ပေါ့ပါးလိမ့်မည်ဟု ထင်မိပြန်သည်။ မမိုးအေး၏ မကျေနပ်သူများ စာရင်းတွင် လေးလေးတစ်ယောက်ပါ ပါဝင်လာစပြုပြီဟု တွေးမိတိုင်း မမိုးအေးစိတ်က တစ်နေရာတည်းမှာ မနေချင်သည့်စိတ်များ လွန်ကဲလာ

ခဲ့ရသည်။ 'ရန်ကုန် ရောက်ရင်တော့ ဒီကလိပ်စာပေးပြီး အဆောင်မှာသွားနေမည်' ဟု စိတ်ကူးထားလေသည်။

လက်ဖက်ရည် ဖျော်ပြီးချိန်မှာ လေးလေးက အခန်းထဲရောက်လာသည်။ မမိုးအေး ဖန်တီးလိုက်သော လက်ဖက်ရည်ဝိုင်းတွင် လေးလေးသည် တိတ်ဆိတ်စွာ လာထိုင်လေသည်။

'လေးလေး ဒီည အရက်မသောက်တော့ဘူးလား ဟင်'

လေးလေးက ပြုံးသည်။

'ထမင်းမစားခင်က သောက်ပြီးပါပြီ၊ ဘာလဲ မိုးက လေးလေး အရက်သောက်တာ မကြိုက်ဘူးလား'

'ကြိုက်ပါတယ် လေးလေးရဲ့၊ မိုးတောင် သောက်ချင်သေးတယ်၊ ရန်ကုန်မှာ ကိုဖေခင်နဲ့ သူ့သူငယ်ချင်းတွေ အရက်သောက်တဲ့ဆီ တစ်ခါလိုက်သွားဖူးတယ်၊ မေမေသိတော့လေ စိတ်ဆိုးလွန်းလို့ မိုးကို ရိုက်တောင်ရိုက်တယ်သိလား၊ အဲဒါကြောင့် မေမေက မိုးကို တောင်ကြီးမှာ ဖွတ်ထားခဲ့တာ'

လေးလေး မျက်နှာပျက်သွားလေသည်။ မမိုးအေးကို တည်ငြိမ်ရင့်ကျက်လာသော မိုးကလေးတစ်ယောက် ဖြစ်လာစေရန်မှာ သူ့တွင် တာဝန်များစွာရှိသည်ဟု ထင်မှတ်နေပုံ ရလေသည်။

'ဒီအရွယ်မှာ ဘာမဆို မှားတတ်တယ် မဟုတ်လား မိုးရယ်၊ နောင်ကျတော့လဲ မိုးလုပ်ချင်ရာ လုပ်ပေါ့'

'မိုးအသက် ၁၇ နှစ်ရှိပြီ လေးလေးရဲ့'

လေးလေးပြုံးသည်။

'လောကကြီးမှာ နောက် အနှစ် လေးငါးဆယ်လောက် နေဖို့ကျန်သေးတယ်'

'ကားတိုက်ပြီးတော့ မသေရင်ပေါ့'

'ထားပါတော့ မိုးရယ်၊ မိုးဟာ ဘာဖြစ်လို့ အရွဲ့တိုက်ချင်နေတာလဲ'

BURMESE CLASSIC .com

'လူတွေကို မကျေနပ်လို့ လေးလေးရဲ့'

လေးလေး တိတ်ဆိတ်သွားပြန်သည်။ လက်ဖက်ရည် ပူပူကို မြန်မြန် မော့ချနေလေသည်။

'လေးလေးရယ် မိုးနဲ့ အေးအေးဆေးဆေး စကားပြောပါဦး၊ လေးလေးကို မေးစရာတွေရှိလို့'

'ဘာများလဲမိုး'

လေးလေး၏ မျက်လုံးများ ရီဝေလာလေသည်။

'သင့်သင့်ခိုင်ဆိုတဲ့ မင်းသမီးလေးအကြောင်း မိုးကို ပြောပြပါ လား ဟင်'

လေးလေးက ပြုံးပြန်လေသည်။ လေးလေးသည် စကားတစ်ခွန်းကို မဖြေချင်တော့ဘူးဆိုလျှင် ပြုံးတတ်စမြဲ ဖြစ်လေသည်။

'ဘာမှ မထူးဆန်းပါဘူး မိုးရယ်၊ လေးလေးနဲ့ တွေ့ကြတယ်၊ ချစ်ကြတယ်၊ နောက်တော့ သူ့အကြောင်းနဲ့သူ ပြန်သွားတယ်၊ ဒီလောက်ပါပဲ'

'လေးလေးက သူ့အကြောင်းတွေ အစက မသိဘူးလား'

'သိတော့ သိပါတယ်၊ ဒါပေမယ့် လူဆိုတာ တစ်သက်မှာ တစ်ခါရှုံးစမြဲ မဟုတ်လား'

မမိုးအေးသည် လေးလေးက သူ့ကိုပါ ရည်ရွယ်ပြီးပြောသည် ဟု ထင်လိုက်မိသည်။

'ရှုံးရတာပျော်တယ် မဟုတ်လား လေးလေးရဲ့'

'မိုးကို လေးလေး အရှုံးပေးပါတယ်ကွယ်၊ မိုးက ရန်ဖြစ်စရာ ဘွားဘွားတို့ မေမေတို့မရှိတော့ လေးလေးကိုပဲ မဲနေတာကိုး'

သည်တစ်ခါတော့ မမိုးအေးက ရယ်မောလိုက်သည် ပြီးတော့ လေးလေးကိုကြည့်ကာ စွဲချက်တစ်ခု တင်လိုက်ပြန်လေသည်။

'ဟုတ်တယ်၊ လေးလေးလဲ မေမေတို့နဲ့ အတူတူပဲ'

*

မမိုးအေးကို ချဉ်းကပ်၍ မရသည့်အတွက်တော့ ကိုစောနိုင် အံ့သြသည်။ တောင်ကြီးမှာနေခဲ့သည့် ရက်များအတွင်း မမိုးအေးနှင့်သူ နီးစပ်ခွင့် ရလိမ့်မည်ဟု ထင်ခဲ့ခြင်းမှာ မှားနေလေသည်။ မမိုးအေးဆီကို ရောက်သွားတိုင်း စကားကိုသာအနိုင်လု၍ ပြောရတတ်လျက် မမိုးအေး နှင့် သူတို့၏ ရင်းနှီးမှုမှာ တိုးတက်မှုမရှိခဲ့ပေ။ ဘဘနှင့် လေးလေးကမူ သူတို့အတွက် လွတ်လပ်ခွင့်ကို ပေးမြဲဖြစ်သည်။ သို့သော် မမိုးအေးကို အပြင်ထွက်ရန် အလည်ခေါ်တိုင်း လေးလေးကိုပါ မမိုးအေးက အပါ ခေါ်သည်။ လေးလေးသည် သူ့အလုပ်နှင့်သူ မအားရ၍ အချိန်တိုင်း သူတို့နောက် မလိုက်နိုင်ပေ။ မမိုးအေးက နန်းမြထွေး ပြန်လာမှ လျှောက်လည် ကြမည်ဟု ရွှေ့ဆိုင်းသည်။

နန်းမြထွေးသည် ပထမနှစ်ဝက် ကျောင်းပိတ်ရက်မှာ တောင်ကြီးကို ပြန်မလာခဲ့။ နန်းမြထွေးသည် ငယ်စဉ်ကပင် ရန်ကုန်မှာ ကြီးပြင်း ပျော်မွေ့ခဲ့သူ။ မမိုးအေးသည်လည်း တောင်ကြီးမှ ပြန်ခွင့်မရခဲ့။ ဘဘက သံယောဇဉ်ကြီး၍ပဲလား၊ မေမေ့ ညွှန်ကြားချက်ကြောင့်ပဲလား မသိ၊ မမိုးအေးကို ပြန်မလွှတ်ပေ။ နှစ်ကုန်မှ တစ်ခါတည်းပြန်ပါဟုဆိုသည်။

မမိုးအေးသည် အရာရာကို ဆန့်ကျင်ဘက်လုပ်ရမှ ကျေနပ် လေသည်လားဟု ကိုစောနိုင် တွေးမိလေသည်။ အကယ်၍များ မမိုးအေးကို ရန်ကုန်သို့ ဖွတ်ပြန်ခိုင်းလျှင် တောင်ကြီးမှာပင် ပေကပ်နေလိမ့်မည်ထင်၏။ သူသည်ပင် မမိုးအေး၏ မေမေကိုယ်တိုင်က လိုလားနှစ်သက်နေသူဖြစ်၍ သာ မမိုးအေး၏ လိုက်လျောမှုကိုမရရှိခြင်းဖြစ်မည်ဟု တွေးမိလေသည်။

ကိုစောနိုင်ကတော့ မမိုးအေး အယူအဆများသည် တစ်ဖက်စွန်း ရောက်နေသည်ဟု အောက်မေ့မိသည်။ လူ့ဘဝ၏အဓိပ္ပာယ်ကို ဖွေရှာခြင်း သည် လူ့ဘဝကို မကျေနပ်ခြင်းမှ အစပျိုးလျှင် အမှန်တရားကို မသိနိုင် ဟု ထင်သည်။ အရာရာကို မျက်မှန်စိမ်းဖြင့်ကြည့်လျှင် ပို၍ပင် ဝေဝါးသွား နိုင်သည် မဟုတ်ပါလား။ ပြီးတော့ လူဆိုသည်မှာ မိမိကျင်လည်ရာ အသိုက်အဝန်းကို စွန့်ခွာဖို့ဆိုသည်မှာ မလွယ်။ သတ္တဝါတစ်ခုကို သူ့

ပတ်ဝန်းကျင်မှာ သူ လိုက်လျောညီထွေ ရှိနေစေရန် အမွေးအတောင်၊ အရောင်အသွေး စသည်တို့ကိုပင် ပြုပြင်ဖန်တီးပေးထားရသည် မဟုတ်လား။

မမိုးအေးကို ဖြားယောင်းစည်းရုံးနိုင်ရန်တော့ ကိုစောနိုင် မကြိုးစားတော့ပေ။ အဘယ်ကြောင့်ဆိုသော် ကိုစောနိုင်သည် ချစ်ခြင်းမေတ္တာ၏ နက်နဲသိမ်မွေ့မှုကို နားလည်သောကြောင့်ပင် ဖြစ်၏။ မမိုးအေးနှင့် ကိုဖေခင်တို့ အကြောင်းကို သူသိထားပြီး ဖြစ်သည်။

သို့သော် မမိုးအေးသည် တစ်စုံတစ်ယောက်ကိုမျှ မချစ်ရသေးဟူ၍တော့ ကိုစောနိုင် ကောင်းစွာသိလေသည်။

*

ကုန်ဆုံးသွားသော တစ်နှစ်တာ ကာလသည် လူ့ဘဝ၏ အချိန်အချို့ကို ဖြုန်းတီးလိုက်ရာ ကျသည်ဟု မမိုးအေးက ထင်လိုက်မိသည်။ မေမေသည် မမိုးအေး၏စိတ်ကို ပြုပြင်ပြောင်းလဲပစ်လိုသည့် ရည်ရွယ်ချက်ဖြင့် လိမ်မာပါးနပ်စွာ လမ်းကြောင်းပြောင်းပစ်လိုက်ခြင်း ဖြစ်ပေသည်။ သို့သော် မမိုးအေးက ထိုလမ်းကြောင်းအတိုင်း မလျှောက်ခဲ့။ ထိုအကြောင်းကို ကိုစောနိုင်တစ်ယောက်သာ ရိပ်မိသည်။

တစ်နှစ် ကုန်ဆုံးသွားချိန်တွင်တော့ မေမေသည် တောင်ကြီးကို တစ်ခေါက် ပြန်တက်ခဲ့လေသည်။ မေမေကမူ မည်သည့်အချိန် ကြည့်လိုက်ကြည့်လိုက် နုပျိုတက်ကြွနေဆဲပင် ဖြစ်သည်။ ပြီးတော့ မေမေသည် သူ့ရည်ရွယ်ချက်များ ပြည့်မြောက်ရန် အားသွန်ကြိုးပမ်းနေရသဖြင့် ဖျတ်လတ်နိုးကြားလျက် ရှိလေသည်။

မေမေ ရောက်သည့်နေ့ကတော့ မမိုးအေး သွားမကြိုနိုင်ပေ။ နန်းမြထွေးက အရင်ရောက်နှင့်သဖြင့် သူတို့ မောင်နှမနှင့်အတူ ကလောကို အလည်လိုက်သွားသည်။ တစ်နည်းအားဖြင့်တော့ မေမေ့ကို လှည့်စားလိုက်ခြင်း ဖြစ်လေသည်။

BURMESE CLASSIC .com

မေမေ ရောက်နေမည်မှန်းသိပါလျက် မမိုးအေးက နန်းမြထွေးတို့အိမ်မှာ ညစာစားပြီးမှ ပြန်လာခဲ့သည်။ သည်အတွက်လည်း မေမေက အပြစ်မတင်တော့ပေ။ မေမေက အနောက်တိုင်းဆန်ဆန်ပင် မမိုးအေး၏ နဖူးကို နမ်းရှုပ်၍ နှုတ်ဆက်လိုက်ပြီး 'သမီးကို မာမီ လွမ်းလိုက်တာ'ဟု ယဉ်ကျေးစွာ ဆိုလေသည်။ 'ဘွားဘွားတို့၊ အန်တီခင်တို့ကော သမီးကို သတိမရကြဘူးလား မေမေ၊ သူတို့ကိုပါ အလည်ခေါ်ခဲ့ဖို့ကောင်းတယ်'ဟု မမိုးအေးက တကယ် လွမ်းဆွတ်စွာပြောသည်။

'သမီး ဘွားဘွားက ဒီနှစ် ကျန်းမာရေးမကောင်းဘူး၊ ဒီက ရာသီဥတုနဲ့လဲ မဖြစ်ဘူးလေ၊ အန်တီခင်ကလဲ ဘွားဘွားကို ပြုစုနေရတာပဲ၊ သူတို့လဲ သမီးကို လွမ်းကြတာပဲကွယ်'

ကိုစောနိုင်နှင့် နန်းမြထွေးသည် မေမေ့ကို နှုတ်ဆက်ပြီး ပြန်သွားကြလေသည်။ ကိုစောနိုင်ကတော့ သွားခါနီးမှာ မေမေ့ကို နောက်လိုက်သေးသည်။

'မမိုးအေးကို အန်တီ့ဆီမှာ ပြန်အပ်ခဲ့ပါပြီ ခင်ဗျာ'တဲ့။ မေမေက ယခင်တစ်ခေါက် ရန်ကုန်ပြန်ခါနီးမှာ ပြောခဲ့သော စကားကို သူ မမေ့သေးပေ။ သူ့စကားက အဓိပ္ပာယ်များစွာ ကျယ်ဝန်းနေသည်ကို မမိုးအေးက တွေးမိသည်။ မေမေကတော့ ရှည်ရှည်ဝေးဝေး မတွေးဘဲ 'အေးကွယ် ကျေးဇူးတင်ပါတယ်'ဟုသာ ပြန်ပြောလေသည်။ မမိုးအေးကတော့ သူ့ကို ဘယ်သူမှ ပြုပြင်ပြောင်းလဲလို့ မရပါဘူးဟု တွေးကာ ကျိတ်၍ ပြုံးလိုက်မိသည်။

'ဒီနှစ် သမီး စာမေးပွဲအောင်မှာ သေချာပါတယ် မေမေ'

မမိုးအေးက မေမေနှင့်စကားပြောရန် အရှိန်ယူလေသည်။ မေမေက ဘာမျှမပြောသေး။ အနည်းငယ်ပိန်ပြီး ပိုမို ဖျတ်လတ်လာသည်ဟု ထင်ရသော မမိုးအေးကိုသာ ကြည့်နေလေသည်။ 'ဩော် ဒီသမီးတစ်ယောက်တည်း ရှိတာပဲ ချစ်ရှာလေမပေါ့'ဟု မမိုးအေးက တွေးပြန်သည်။

'သမီး မန္တလေးတက္ကသိုလ်မှာ ဆက်တက်ရရင် မကောင်းဘူးလား ဟင်'

မမိုးအေး၏ စကားအတွက် အံ့သြသွားသူမှာ လေးလေး ဖြစ်လေသည်။

'ဘယ်ဖြစ်မလဲ မိုးရယ်၊ မန္တလေးမှာ ဘယ်သူမှ မရှိတာ ရန်ကုန်မှာပဲ ပြန်နေပါ'

'ဘယ်သူမှ မရှိတော့ကော ဘာဖြစ်လဲ လေးလေးရဲ့၊ မိုးက မိဘအုပ်ထိန်းသူရှိတဲ့ အရပ်မှာမှ ပညာသင်ရမှာလား'

လေးလေးက မျက်နှာပျက်သွားလေသည်။

'မမဆွေ့ သမီးကို ကျွန်တော်လဲ မနိုင်တော့ဘူး'ဟု မေမေ့ဘက်ကို လှည့်ပြီး ပြောလိုက်သေးသည်။

'ရန်ကုန်မှာ ပြန်နေပါ သမီးရယ်၊ သမီး အဆောင်မှာနေချင်လဲ နေပါ၊ မာမိတို့က သမီးကို မချုပ်ချယ်ချင်ပါဘူး၊ သမီးလဲ အရွယ်ရောက်ပြီပဲ'

'ဒါပေမယ့် နောက်ထပ် အနှစ် ၅၀ လောက် နေဖို့ကျန်သေးတယ်လို့ လေးလေးက ပြောတယ်'

မေမေက လေးလေးကိုကြည့်၍ ပြုံးလိုက်သည်။

'ကိုစိုးလဲ သမီးနဲ့ စကားနိုင်လုနေရပြီထင်ပါရဲ့'

'လေးလေးက သမီးနဲ့ စကားနိုင်မလုပါဘူး၊ ရှောင်ရှောင်နေတာ၊ မေမေနဲ့ကျမှသာ စကားများများပြောတာ'

လေးလေးက မျက်နှာပျက်သွားသော်လည်း ဣန္ဒြေဆည်လိုက်သည်။ မေမေကမူ အပြုံးဖြင့်သာ တုံ့ပြန်နေသည်။ သည်လိုပင် မေမေသည် အစပထမတော့ မမိုးအေးကို ညင်သာသိမ်မွေ့သောစကားများဖြင့် ဖျောင်းဖျမြဲမဟုတ်လား။ နောက်တော့မှသာ မနိုင်သည့် အဆုံး နင်လုံး ငါလုံးတွေ သုံးပြီး အနိုင်ယူမြဲဖြစ်သည်။

ဘာတွေပြောပြော မမိုးအေးကတော့ သူ ရန်ကုန်ပြန်ရမှာ သေချာပြီဟု တွက်မိပြီး များစွာ ကျေနပ်မိလေသည်။

www.burmeseclassic.com

# ၇

မမိုးအေးနှင့် နန်းမြထွေးသည် ရတနာဆောင်မှာ တစ်ခန်းတည်း အတူနေကြရသည်။ မေမေက အံ့ဖွယ် ကောင်းလောက်အောင် မမိုးအေးကို စိတ်ချယုံကြည်နေသည်။ မမိုးအေးကမူ ရန်ကုန် ရောက်ရောက်ချင်း ကိုဖေခင်ကို ဦးစွာ တွေ့အောင်ရှာလေသည်။ ကိုဖေခင်ကို ကျောင်းတွင်လည်း မတွေ့ရ၊ အဆောင်တွင်လည်း မတွေ့ရတော့ပေ။ လှည်းတန်းမှ အဒေါ် အိမ်ကို မေးကြည့်သောအခါလည်း ရေရေရာရာ မသိပေ။ မြို့ထဲမှ သူငယ်ချင်းများနှင့် အတူနေသည်ထင်ကြောင်း မရေရာသောအဖြေကိုသာ ရခဲ့သည်။

ကျောင်းပြန်တက်ရသော်လည်း မမိုးအေးစိတ်က မပျော်တော့ပေ။ ကျောင်းဆင်းလျှင် အိမ်ကိုပြန်နေတတ်ပြီး ထမင်းစားပြီးမှ အဆောင်မှာ ပြန်အိပ်တတ်သည်။ မမိုးအေးသည် ပေးလာသော အခြေအနေအားလုံးနှင့် အံမဝင်ခွင်မကျ ဖြစ်နေလေသည်။ ဘွားဘွားကတော့ အဆောင်မှာ ထားခြင်းအတွက် မေမေ့ကို အပြစ်တင်မဆုံးပေ။ ဘွားဘွားသည် စိတ်ရောလူပါ ကျဆင်းလျက်ရှိကာ မမိုးအေးကို ယခင်ကထက်ပိုပြီး ချစ်နေလေသည်။

'ငါ့မြေးလေးကို မျက်စိအောက်မှာပဲ ရှိစေချင်တာ၊ ညည်းအမေ ဟာ သူလုပ်ချင်တာလုပ်ဖို့ပဲ၊ ဒီအိမ်မှာ ငါ့သြဇာလဲ မရှိတော့ပါဘူး'

ဘွားဘွား၏ စကားအတွက် မမိုးအေး၏ စိတ်မှာ ထိခိုက်မိသည်။ လူဆိုသည်မှာ ဇရာထောင်းလာလျှင် မိမိကိုယ်ကို လူပိုကြီးအဖြစ် အထင် ရောက်ကာ အားငယ်စမြဲ ဖြစ်သည်။ မမိုးအေးက ဘွားဘွားကို စာနာမိကာ 'ရိပ်သာမှာ အပြီးသွားနေပါလား ဘွားဘွားရဲ့' ဟု တိုက်တွန်းမိတော့လည်း သဘောမကျပြန်ပေ။ လောကီကို ခင်တွယ်သောစိတ်သည် ကုန်ခမ်းသေးဟန် မတူပေ။ ထို့ထက် ခေါင်းအုံးအောက်မှ စိန်ထုပ်ကိုလည်း သံယောဇဉ် ပြတ်ဟန် မတူသေးပေ။ မမိုးအေးနှင့်တော့ စကားအနိုင် မလုတော့ဘဲ ငြိမ်းချမ်းရေးယူကာ မြေးအဘွားနှစ်ယောက် သင့်မြတ်နေကြလေသည်။

'ဒါထက် ညည်းက တောင်ကြီးမှာ ပျော်နေသေးတယ်ဆို၊ ဟို ဘယ်သူ မောင်စောနိုင်ဆိုလား၊ အဲဒီကောင်လေးနဲ့လဲ အဆင်ပြေနေတယ် ဆိုလား'

ဘွားဘွားက သူ့မြေးကို စူးစမ်းသည်။ မမိုးအေးကတော့ မေမေ့ အတွေးအထင်များ လွဲမှားနေပုံကို ကျိတ်၍ ပြုံးမိသည်။

'တောင်ကြီးမှာ ပျော်တော့ ပျော်ပါတယ်၊ ဒါပေမယ့် အိမ်ကို လွမ်းတာပေါ့ ဘွားဘွားရဲ့၊ ကိုစောနိုင်ဆိုတာ တောင်ကြီးမှာတော့ အလယ်အလတ်တန်းစားပေါ့ ဘွားဘွားရယ်၊ သမီး ခင်တော့ ခင်ပါတယ်၊ ဒါပေမယ့် မကြိုက်ပါဘူး'

ဘွားဘွားသည် မမိုးအေးနှင့် အတိုက်အခံ မပြုတော့ဘဲ မမိုးအေး ပြောသမျှကို အံ့သြစွာ နားထောင်နေလေသည်။

'ညည်းအမေကပြောတော့ အဲဒီကောင်လေးနဲ့ ညည်းကို ပေးစားမလို့ ဆိုပါလား၊ ညည်းတို့ဟာကလဲ သမီးကတစ်မျိုး၊ အမေက တစ်မျိုး'

မေမေတို့ ခြေလှမ်းကျဲပုံကို တွေးကာ မမိုးအေး အံ့သြမိလေ သည်။

BURMESE CLASSIC .com

'ဟင် မေမေက ဒီလိုပဲ ပြောလား၊ သူ ပေးစားတိုင်း ယူရမှာလား ဘွားဘွားရဲ့၊ မေမေ့တုန်းကကော ဘွားဘွားတို့ ပေးစားတာယူတာလား၊ သူကြိုက်တာ သူ ယူတာလား'

'သူကြိုက်တာ သူယူပေမယ့် ညည်းအမေက လည်တယ်အေ့၊ ညည်းလိုမဟုတ်ဘူး၊ ပထမ သူ ကြိုက်တဲ့အကောင်က အစပထမတော့ ဟုတ်မလိုလိုနဲ့ နောက်တော့ အတိုက်အခံ ဖြစ်သွားတယ်ဆိုလား၊ ညည်း အဖေကတော့ ဝန်ကြီးဆိုတော့ စန်းပွင့်တာပေါ့အေ၊ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်လို့၊ ဘာပြောကောင်းမလဲ မိပဂ္ဂီဆွေတို့ ကိုယ့်ထက် အသက်ကြီး တာတောင် ရအောင်ယူပစ်တာပဲ'

မမိုးအေးသည် မေမေ့အကြောင်းကို ခုမှ ပို၍သိရကာ များစွာ အံ့သြမိလေသည်။ သြော်-မေမေသည် မိမိဘဝ မြင့်မားရေးအတွက် နှလုံးသားရေးကို ခုတုံး လုပ်တတ်သူပါတကား။

'ဘွားဘွားတို့ကလဲ မေမေ အဲဒီလိုလုပ်တာ သဘောကျခဲ့တယ် မဟုတ်လား'

ဘွားဘွားသည် ပြုံးနေလေသည်။

'ဟဲ့ လူဆိုတာ ကိုယ့်ဘဝ တက်လမ်းအတွက် ဒီလိုပဲ လုပ်ယူရတာပဲ'

မမိုးအေးကတော့ ဘွားဘွား၏ အတွေးအခေါ်များ မေမေ့ ထံတွင် ရှိနေသေးသည်ကို မအံ့သြတော့သော်လည်း များစွာစိတ်ပျက်မိ လေသည်။

'နေစမ်းပါဦး၊ ညည်းက တောင်ကြီးက ကောင်ကလေးကိုကော ဘာလို့ မကြိုက်ရတာလဲ၊ ရန်ကုန်မှာ ညည်းကြိုက်တဲ့ကောင်လေးက ဘာများဟန်လို့တုန်း၊ ခု ပန်းချီဆွဲနေတယ်ဆို၊ ပန်းချီဆွဲလို့ ထမင်းဝ မတဲ့လား'

မမိုးအေးသည် အသက်ကြီး၍ ဘဝ၏အဆုံးကို ရောက်လုနေသူ တစ်ဦးနှင့် စကားစစ်ထိုးခြင်း မပြုလိုတော့ပေ။ ဘာပဲပြောပြော ဘွားဘွားတို့

BURMESE CLASSIC .com

မေမေတို့၏ အတွေးအခေါ်ဟောင်းများသည် သူတို့အသည်းတွင် အမြစ်တွယ်အောင် စွဲနေခဲ့ကြပြီ ဖြစ်လေသည်။

'သူ့ကိုလဲ သမီး မကြိုက်ပါဘူး ဘွားဘွားရယ်'

'အနို့ ညည်းက ဘယ်သူ့ကြိုက်နေတာလဲ'

'သမီး ဘယ်သူ့ကိုမှမကြိုက်ဘူး ဘွားဘွား၊ ဒါပေမယ့် မေမေ လုပ်ပုံနဲ့တော့ သမီး တစ်ယောက်ယောက်ကို ကြိုက်ရမလို ဖြစ်နေပြီ'

'အလိုတော် မြတ်စွာဘုရား'

မမိုးအေးသည် အဆောင်မှာ လွတ်လွတ်လပ်လပ် နေရပြန်တော့လည်း အိမ်ကိုသာ ခင်တွယ်နေမိပြန်သည်။ အိမ်တွင်ညနေစောင်းအထိ နေပြီးမှ ပြန်လေ့ရှိသော်လည်း မေမေနှင့် မျက်နှာချင်းမဆိုင်ရသည့် ရက်တွေက များလာသည်။ မေမေသည် ယခင်ကထက်ပို၍ အလုပ်ရှုပ်နေတတ်ကာ ဈေးသိမ်းလျှင်လည်း အိမ်ကို ပြန်မလာနိုင်သေးပေ။ ကျောက်အရောင်းအဝယ်ကိစ္စ၊ ရွှေအရောင်းအဝယ်ကိစ္စများဖြင့် မပြီးပြတ်အောင် ရှိနေတတ်ပြန်သည်။ လေးလေးသည် တောင်ကြီးမှ မကြာခဏ ဆင်းလာကာ မေမေနှင့်အတူ အလုပ်များနေတတ်ပြန်သည်။ မမိုးအေးကတော့ သူ့ကိုအဆောင်မှာထားခြင်းကိုပင် မကျေနပ်သလိုဖြစ်၍ လာလေသည်။ ယခင်ကလို လေလေလွင့်လွင့် သွားနေပစ်ချင်သော်လည်း သူ့တွင် အဖော်မရှိတော့ပေ။ နန်းမြထွေးသည် သူငယ်ချင်းကောင်းဖြစ်သော်လည်း အဖော်ကောင်းတော့ ဖြစ်မလာခဲ့ပေ။ အလုကြိုက်တာချင်းတူသော်လည်း အနုကြိုက်တာချင်း မတူပေ။ ရုပ်ရှင်ကြည့်တာချင်း တူသော်လည်း ခံစားချက်ချင်း မတူပေ။ နန်းမြထွေးမှာချစ်သူရှိပြီး အတူလည်ပတ်သွားလာမြဲ ဖြစ်သော်လည်း အချိန်တန်လျှင် အခန်းသို့ပြန်ပြီး ဣန္ဒြေရစွာ စာကျက်နိုင်သည်။ သူ့မှာတော့ ချစ်သူမရှိပါဘဲ စိတ်တွေလေလွင့်ကာ တည်ငြိမ်မှုကို မရနိုင်ဘဲ ဖြစ်နေတတ်လေသည်။

အဆောင်မှာနေသည့် ရက်များတွင် မမိုးအေးအတွက် အချိန်များစွာရခဲ့သည်။ ယခင်ကလို အနုပညာအသင်းမှာ ဟိုမရောက် ဒီမရောက်

BURMESE CLASSIC .com

အချိန်ကို မဖြုန်းတော့ဘဲ စာဖတ်သည့်ဘက်ကိုသာ အာရုံစိုက်ခဲ့သည်။ ထိုအချိန်မှာ လူ့ဘဝတွင် မကြုံဘူး မခံစားဘူးသော အရာများစွာကို စာအုပ်များတွင် တွေ့ကြုံခံစားရသောအခါ လွန်စွာအံ့သြမိလေသည်။ ကိုဖေခင်သာရှိလျှင်တော့ သူ့အတွက် အထောက်အကူများစွာ ရလိမ့်မည်ဟု တွေးမိပြန်သည်။ တစ်ခါတစ်ရံ စာဖတ်ရင်း ညဥ့်နက်ကာ အိပ်ရေးပျက်သဖြင့် ကျောင်းမတက်နိုင်သည့် နေ့တွေပင် ရှိလာခဲ့သည်။ ရတနာဆောင် ဆင်ဝင်ပေါ်မှ လှမ်းမျှော်ကြည့်လျှင် မြင်နေရတတ်သော အင်းလျားကန် လေှလှော်အသင်းဆီသို့ ငေးကြည့်ကာ မေမေပြောသလို ရေကူး၊ လှေလှော် သင်ခဲ့ရရင်ကောင်းသား၊ ကျောင်းမတက်နိုင်တဲ့ရက်တွေမှာ လှေသွားလှော် နေရရင် ကောင်းမှာပဲဟု တွေးမိပြန်လေသည်။

ထိုနှစ်က စာမေးပွဲကို ကောင်းစွာ မဖြေနိုင်ခဲ့ပေ။ အမှတ်တွေ နည်းလွန်းသဖြင့် ပထမနှစ်ဝက်မှာ ဆရာတွေက ခေါ်ယူတွေ့ဆုံခြင်း ခံခဲ့ရသည်။ ကျောင်းတက်ရသည့် ရက်တွေကလည်း ကမောက်ကမ နိုင်လှသည်။ ကျောင်းမတက်ရဘဲ စာမေးပွဲဖြေလိုက်ရသည့်အခါလည်း ရှိသေးသည်မို့ လေလွင့်ချင်သော မမိုးအေး၏ စိတ်များနှင့်မူ အလောတော် ဖြစ်၍ နေလေသည်။ ကျောင်းပိတ်ရက်များတွင် အိမ်တွင်နေကာ စာတွေချည်း ဖိဖတ်နေခဲ့သဖြင့် မေမေက တစ်မျိုးလှည့်ကာ စိုးရိမ်ပြန်သည်။

'သမီးဖတ်တဲ့ စာအုပ်တွေကလည်း ကျောင်းစာလဲ မဟုတ်ပါ လား'

'ဝတ္ထုတွေလေ မေမေရဲ့၊ ဒီဝတ္ထုက သိပ်ကောင်းတာ၊ ဘာသာ ပြန်လေ၊ ဒီဝတ္ထုထဲက စကားလုံးတွေကလည်း သိပ်ကောင်းတာပဲ၊ နားထောင်ပါဦး၊ လူတစ်ယောက်ဟာ ဘာကိစ္စနဲ့ လူ့ဘဝကြီးကို ရောက်လာ တာလဲတဲ့၊ အလုပ်လုပ် ပိုက်ဆံရှာ၊ အိမ်ကလေးတစ်ဆောင်ဆောက်၊ မိန်းမယူ၊ ကလေးမွေး၊ ပြီး သေသွား၊ ဒါပဲလား။ လူတစ်ယောက်ဟာ ဒီကိစ္စလေးတွေလောက်ကို လုပ်ဖို့တင် မွေးလာတာလား၊ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ လူ့ဘဝမှာ တခြားအဓိပ္ပာယ်တွေရှိရဦးမယ်၊ လူဟာ မွေးလာ

တယ်၊ အလုပ်လုပ်တယ်၊ ပြီးတော့ သေသွားရတယ်၊ ဒီလောက်နဲ့သာ ကိစ္စပြီးနေရင် ဒီလူ့ဘဝကြီးဟာ ဘာအဓိပ္ပာယ်ရှိသလဲတဲ့'

မေမေသည် မမိုးအေးရွတ်ပြသော စကားလုံးများကို ဆက်လက်နားထောင်လိုဟန် မတူတော့။

'အေးလေ သမီးစာဖတ်တာတော့ ကောင်းပါတယ်၊ တချို့ကတော့ စာထဲမှာသာကောင်းတာ၊ လက်တွေ့ဘဝမှာ သုံးလို့မရပါဘူး၊ မေမေကတော့ ခုချိန်ထိ ဝတ္ထုစာအုပ်တစ်အုပ်ကို ဆုံးအောင် မဖတ်ဖူးသေးဘူး'

မမိုးအေးသည် မေမေ့အတွက် ဝမ်းနည်းနေမိပြန်သည်။ စည်းစိမ်ဥစ္စာတွေ၊ အလှအပတွေ ခြံရံထားသော မေမေ့ဘဝသည် မပြည့်စုံရှာပါကလားဟု တွေးမိကာ သနားမိပြန်လေသည်။ ပြီးတော့ မေမေ့ ဘဝမှာ အချစ်ဆိုတာလည်း မခံစားဘူးသေးဟု ထင်သည်။ သို့သော် မေမေကတော့ သူ့ ဘဝကို သူ ကျေနပ်နေဆဲ ဖြစ်လေသည်။ ကိုယ့်ဘဝကိုယ် မကျေနပ်သူမှာ မမိုးအေးသာ ဖြစ်၏။ သို့သော် ဘာကို မကျေနပ်ရမှန်း မသိပြန်ပေ။

ထိုနှစ်မှာ စာမေးပွဲကိုတော့ ပွတ်ကာသီကာ အောင်ခဲ့၏။ သို့သော် တောင်ကြီးမှာနေခဲ့ရသည့်နှစ်လိုပင် အကျိုးမဲ့စွာ အချည်းနှီးကုန်ဆုံးရသောနှစ်ဟု ထင်၏။ လူ့ဘဝနှင့် ပတ်သက်၍ တိုးတက်သိမြင်လာတာ ဘာမျှမရှိဟု အောက်မေ့မိ၏။ နွေရာသီမှာ တောင်ကြီးကို လိုက်သွားရန် စိတ်ကူးသော်လည်း လေးလေး ရောက်လာသဖြင့် မသွားဖြစ်တော့ပေ။ လေးလေးက သည်တစ်ခါ အိုရီရင့်မှာမတည်းဘဲ အိမ်တွင် လာရောက်တည်းခိုသည်။ မေမေ့ ဈေးသိမ်းချိန်သည် စော၍လာ၏။ တစ်ယောက်တည်းသာ ထမင်းစားတတ်သော လေးလေးသည် မေမေနှင့် အတူ လက်ဆုံစား၏။ မေမေသည် အရက်သောက်တတ်သော ယောကျ်ားတစ်ယောက်ကို ကျွေးမွေးပြုစုရာတွင်လည်း ကျွမ်းကျင်လေသည်။

'စူဇီလေ တောင်ကြီးက ပြန်လာကတည်းက ပြောင်းလဲလာတယ် ကိုစိုးရဲ့၊ အရင်ကလို ကလန်ကဆန်လဲ သိပ်မလုပ်တော့ဘူး၊ အဆောင်မှာ

BURMESE CLASSIC .com

ထားတာတောင် အိမ်ကို ပြန်ပြန်လာတယ်၊ ကိုစိုးက အထိန်းကောင်း အပြောကောင်းလို့ ထင်ပါရဲ့'

မေမေကတော့ လေးလေးကိုပင် ကြံဖန်ကျေးဇူးတင်နေပြန်သည်။ မမိုးအေးကတော့ မေမေ့ကိုရော လေးလေးကိုပါ တစ်ဂိုဏ်းတည်းထားကာ တစ်ယောက်တည်းသမားအဖြစ် အားငယ်နေမိပြန်သည်။ လေးလေးကမူ မမိုးအေး၏ အတွင်းစိတ်ကို ထွင်းဖောက် သိမြင်သည့်အလား မမိုးအေးကို လိုက်ချော့နေလေသည်။

'မိုးရဲ့ လေးလေးကို စကားပြောပါဦး၊ ခု မိုး စာတွေသိပ်ဖတ် နေတယ်ဆို၊ ဒီလိုမှန်းသိရင် အိမ်က စာအုပ်တွေ ယူလာခဲ့ပါတယ်'

'ဟုတ်တယ်၊ လေးလေးတို့အိမ်က စာအုပ်တွေဟာ နှမြောစရာ ကြီးပဲ'

လေးလေးသည် သူ့ကို ရည်ရွယ်ပြောမှန်း ကောင်းကောင်းသိ လေသည်။

'အရင်တုန်းကတော့ ဖတ်ပါတယ်ကွယ်၊ အခုတော့ မဖတ် အားတာ ကြာပြီ'

'ခုတော့ စီးပွားရေး လုံးပမ်းနေရလို့ မဖတ်အားတော့ဘူးပေါ့၊ ဒီလိုဆိုလဲ အဲဒီစာအုပ်တွေကို မိုးကို အပိုင်ပေးပါလား ဟင်'

'တောင်းစရာ မလိုပါဘူးကွယ်၊ ပြီးတော့ အဲဒီစာအုပ်တွေက ကိုကို၊ မိုးရဲ့ ဖေဖေ စာအုပ်တွေပါ'

'အို'

မမိုးအေးသည် သူမျှော်လင့်သောအရာတွေ တစ်ခုပြီးတစ်ခု ကုန်ဆုံး ပြီဟု တွေးထင်လိုက်မိသည်။ လေးလေးကို ခင်မင်တွယ်တာစိတ်၊ အထင်ကြီး အားကိုးစိတ်တို့လည်း တစ်စ တစ်စ လျော့ပါးလာခဲ့ရသည်။ မေမေနှင့် လေးလေးတို့ ဆက်ဆံရေးအတွက်လည်း ခေါင်းထဲမှ ထုတ်ပစ် နေရင်းကပင် စိတ်စနိုးစနောင့် ဖြစ်၍ ဖြစ်၍ လာလေသည်။ သေသေချာချာ တွေးကြည့်တော့လည်း သဘောမတူနိုင်စရာ ဘာမျှမရှိ။ မေမေသည်

BURMESE CLASSIC .com

ငယ်ရွယ်နုပျိုခဲ၊ ရွှင်လန်းတက်ကြွခဲ၊ လေးလေးသည်လည်း လူပျိုလူလွတ်။ သို့သော် ဘာကြောင့်မှန်းမသိ။ မေမေနှင့် လေးလေးတို့သည် ယူသင့်ယူထိုက်သူများ မဟုတ်ကြဟုသာ ထင်နေလေသည်။ သို့သော် မမိုးအေးသည် အထက်တန်းလွှာတို့၏ ယဉ်ကျေးမှုကို တစ်စွန်းတစ်စရလိုက်ကာ မေမေတို့ကိစ္စကို မသိသလို ရှောင်နေလေသည်။

ဘွားဘွား၏ ကျန်းမာရေးသည်လည်း တစ်စတစ်စ ချို့ယွင်းလာ၏။ တစ်ခါတစ်ရံ သတိလက်လွတ်ဖြစ်ကာ သူငယ်ပြန်သလို စကားတွေ တောင်စဉ်ရေမရ ပြောနေတတ်သည်။ ဘွားဘွားအနားတွင် ကိုယ်ဖိရင်ဖိ ပြုစုသူမှာ အန်တီခင် တစ်ယောက်သာရှိသည်။ အန်တီခင်သည် မေမေ့လို ထက်မြက်သူ၊ ဩဇာရှိသူမဟုတ်သော်လည်း အိမ်မှုကိစ္စ နိုင်နင်းကျွမ်းကျင်သူ၊ စိတ်ချရသူဖြစ်၏။ အန်တီခင်ကို ဘွားဘွားကပင် ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်၏။ အန်တီခင်သည် အိမ်၏ စီးပွားရေးတွင် ဝင်ရောက်စွက်ဖက်ခွင့် မရှိသော်လည်း အိမ်တွင်း ကိစ္စကိုတော့ ကွပ်ကဲစီမံရသည်။ ထူးခြားသည်မှာ အန်တီခင်သည် အိမ်သားတစ်ယောက်အနေဖြင့် ပါဝင်ခွင့် ရှိသည့်နေရာကိုပင် ပါဝင် ပြောလိုခြင်းမရှိဘဲ မျက်နှာလွှဲကာ နှုတ်ဆိတ်နေတတ်ခြင်းပင် ဖြစ်လေသည်။

ဘွားဘွားတစ်ယောက် လေဖြတ်သလိုဖြစ်ကာ အိပ်ရာထဲ လဲသွားချိန်တွင်မှ မမိုးအေး ကိုယ်တိုင် ဘွားဘွားအတွက် စိတ် မချမ်းမသာ ဖြစ်မိရလေသည်။ ဩော်–လူဆိုသည်မှာ မည်မျှပင် စည်းစိမ်ဥစ္စာ အရှိန်အဝါဖြင့် ပြည့်စုံစေကာမူ ဇရာနှင့်သေခြင်းတရားကို မလွန်နိုင်ပါတကားဟု အမှတ်မထင် သိပြီးသားအရာကိုပင် အသေအချာ နှလုံးသွင်းလိုက်မိသည်။ မေမေကတော့ ဈေးရောင်း ဈေးဝယ်မပျက်ခဲ့။ ယခုမှပင် တစ်ခေတ် ပြန်ကောင်း လာပြီဟု ထင်နေသလား မသိ။ ပွဲစားတွေ၊ ရာဖြတ်တွေနှင့် အလုပ်ရှုပ်နေပြန်သည်။ ဈေးပိတ်ရက်များတွင်လည်း မေမေ့အိမ်တွင် ညှော်သည်မပြတ်တော့ပေ။ သူတို့ ပြောသော ဆိုသော စကားတွေမှာလည်း လူကြီးလူကောင်း မဆန်လှဟု မမိုးအေးထင်သည်။

BURMESE CLASSIC .com

'ဟဲ . . . ဟဲ၊ ဒါ မဆွေမို့လိုပေးတာပါဗျာ၊ မဆွေ ကိုယ်တိုင် ဝတ်မယ်ဆိုလို့ မဆွေအသားနဲ့ဆို တကယ်လိုက်တာ ဟဲ . . . ဟဲ၊ ဝတ်ပြစမ်းပါဦးဗျာ'

'ဟုတ်ပါတယ်၊ ကျွန်မလဲ ဒီပစ္စည်းကို ကြိုက်လွန်းလို့ ကျွန်မကိုယ်တိုင်ဝတ်ဖို့ ဝယ်တာပါ'

သို့သော် မေမေသည် သူ့အတွက် ထိုက်ထိုက်တန်တန်ရမည်ဆိုလျှင် နာရီပိုင်းအတွင်းမှာပင် လက်လွှဲရောင်းပစ်တတ်သည်ကို မမိုးအေးအသိပင်။ မမိုးအေးကို မေမေက ဧည့်သည်တွေရှေ့မှာ ပွဲထုတ်လိုသော်လည်း မမိုးအေးကတော့ သည်လိုလူစားမျိုးတွေနှင့် ဆက်ဆံလိုစိတ် မရှိလှပေ။ တကယ်တမ်း လူတွေရဲ့ အတွင်းစိတ်ကို ခွာကြည့်လျှင် အရာရှိ အရာခံ ပညာတတ်ဆိုသူတွေရော၊ ပညာမတတ်ဘဲ စီးပွားရေး နယ်ပယ်မှာ တစ်ဖက်ကမ်းခတ် ချယ်လှယ်သူတွေပါ ဖောက်ပြန်တာချင်းတော့ အတူတူပါဘဲဟု မမိုးအေး တွက်တတ်လာသည်။

ဘွားဘွားဆုံးသည့်နေ့က အဖြစ်အတွက်မူ မမိုးအေး မေမေ့ကို ခွင့်မလွှတ်ချင်ပေ။ မနက်စောစောကတည်းကပင် ဘွားဘွား အမောဖောက်နေသည်။ မေမေက မမိုးအေးကို ဆရာဝန်ထံ ဖုန်းဆက်ခိုင်းသည်။ အိမ်တစ်အိမ် ဝင်စရာရှိသည်ဆိုပြီး ဆရာဝန်က တော်တော်နှင့် ရောက်မလာ။

'သမီး၊ ဆရာဝန်လာရင် ကြည့်ပြောပြ၊ မေမေ ဒီနေ့ စနေ လဆန်းရက်ဆိုတော့ ဈေးခဏ ထွက်လိုက်ဦးမယ်၊ ပစ္စည်းတစ်ခု ရောင်းဖို့လဲ ချိန်းထားလို့'

မမိုးအေးက မေမေ့ကို အံ့သြစွာကြည့်သည်။ မေမေကလည်း သမီးဖြစ်သူ၏ အကြည့်ကို နားလည်ဟန်တူသည်။

'မကြာပါဘူးသမီး၊ နေ့လယ်နှစ်နာရီဆို ပြန်လာမယ်၊ သမီး ဘွားဘွားအနားမှာ နေလိုက်ပါ'

နောက်ဆုံးတော့မေမေသည် ထုံးစံအတိုင်း အမိန့်ပေးကာ ထွက်ခွာသွားလေသည်။ ဆရာဝန်လာတော့ ဘွားဘွားသည် အသက်ရှူ မမှန်တော့။

BURMESE CLASSIC .com

ဆရာဝန်က ဆေးတစ်လုံးထိုးပေးပြီး နောက်ထပ် တစ်နာရီလောက်ပဲ ကြာမယ်ဟု ပြောသည်။ မမိုးအေးက မေ့မေ့ဆိုင်ကို ဖုန်းဆက်သည်။ 'မေမေ အခုလာခဲ့မယ်'ဟု ပြန်ပြော၏။ သို့သော် မေမေ ရောက်လာချိန်တွင် ဘွားဘွား အသက်မရှိတော့။ ဘွားဘွားသည် မမိုးအေး၏ လက်မောင်းပေါ်မှာ အသက်ပျောက်သွားသည်။ လူတစ်ယောက်၏ ဘဝအဆုံးသတ်ပုံကို မြင်ရသောအခါ ငယ်ရွယ်သူ မမိုးအေးအဖို့ နှလုံးချောက်ချားကာ ကြီးစွာ တုန်လှုပ်မိလေသည်။

'မိုး. . .မိုး၊ သတိထားလေ၊ အောက်ချလိုက်ပါ မိုးရယ်'

အန်တီခင်သည် မမိုးအေး၏ လက်အတွင်းမှ ဘွားဘွား၏ ခေါင်းကို အသာမကာ အိပ်ရာပေါ် ချပေးလိုက်လေသည်။ မမိုးအေးသည် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ရင်း အခန်းထဲမှ ပြေးထွက်ခဲ့လေသည်။ အန်တီခင်သည် သွေးအေးစွာဖြင့် ဘွားဘွားအလောင်းကို ပြင်ဆင်နေလေသည်။ မေမေ့ကားသံကို ကြားရသော်လည်း မမိုးအေး ထွက်မတွေ့တော့။ သူ့အခန်းလေးထဲမှာ ဆောက်တည်ရာမရ ငိုရှိုက်ရင်း လောကမှာလူတွေဟာ ဒီလိုပဲ သေတဲ့လူကသေပြီး ရှင်တဲ့သူက ဣန္ဒြေမပျက် ဆက်နေကြရော့တဲ့လားဟု တွေးကာ ဘဝ၏ အဓိပ္ပာယ်ကို ရှာမရ ဖြစ်နေပြန်လေသည်။

ဘွားဘွားအလောင်း မြေမကျခင်မှာ မမျှော်လင့်သော အရာတွေ ဆက်တိုက်ဖြစ်လာခဲ့ပြန်၏။ မေမေနှင့် အန်တီခင်သည် စကား ခွန်းကြီး ခွန်းငယ် မဖြစ်စဖူး ဖြစ်နေကြလေသည်။

'ကျွန်မ ဒါတွေမမက်ပါဘူး အစ်မဆွေ၊ ကျွန်မ ဘာကိုမှ မျှော်ကိုးပြီး ဒီမှာလာနေတာလဲ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒါတွေကို ဒေါ်ကြီးက ကျွန်မကိုပေးခဲ့တာ၊ မဆွေလဲ သိမယ်ထင်လို့ယူထားတာပါ'

'ငါ မသိဘူး၊ သူ ပေးခဲ့ရင်လဲ ငါ့ကို ပြောရမှာပေါ့၊ ငါ သမီး အရင်းပဲ'

BURMESE CLASSIC .com

'ဟုတ်ပါတယ်၊ မဆွေက သမီး အရင်းပါ၊ ဒါပေမယ့် ဒေါ်ကြီးကို ကျွန်မ ကိုယ်ဖိရင်ဖိ ပြုစုခဲ့တာပါ၊ နောက်ဆုံးသေတဲ့အထိ၊ အို ကျွန်မ ဒါတွေပြောနေတာ ဒီအတွက် မဟုတ်ပါဘူး'

အန်တီခင်၏ ငိုရှိုက်သံကို ကြားရလေသည်။ မမိုးအေးသည် ယဉ်ကျေးသမှုနှင့် ရှောင်နေလိုသော်လည်း မိသားစုကိစ္စမှန်လျှင် ပါဝင်သင့်သည်ဟု ယူဆကာ သူတို့နားကို လာခဲ့လေသည်။ မေမေကတော့ သူ့အလိုဆန္ဒနှင့် ဆန့်ကျင်လျှင် ရက်စက်မောက်မာ လာတတ်မြဲဖြစ်သော သာမန် မိန်းမတို့၏ အမူအရာဖြင့် အန်တီခင်ကို စိမ်းကားစွာ ကြည့်နေလေသည်။

'ဘာဖြစ်တာလဲ မေမေ'

မေမေ့ မျက်လုံးများက သမီးဖြစ်သူကို မြင်လိုက်ရသည့်အတွက် တင်းမာမှု လျော့မသွားပေ။

'မေမေက စိန်လက်ကောက်နဲ့ နားကပ်တစ်ရံကို သူ့ကို ပေးခဲ့သတဲ့လေ၊ မေမေ ပစ္စည်းတွေ စစ်ကြည့်တော့ အဲဒါတွေလျော့နေလို့ မေးကြည့်မှ သူပြောတာ'

အန်တီခင်သည် ပို၍ပင် ငိုရှိုက်နေလေသည်။

'အို မေမေရယ် ဘာဖြစ်လဲ ပေးခဲ့ရင်လဲပေးခဲ့မှာပေါ့၊ အန်တီခင်က ဘွားဘွားအနားမှာနေပြီး ပြုစုနေတာ သူမရှိရင် သူ့တူမ မျက်နှာငယ်မယ်လို့ တွေးမိမှာပေါ့'

'သူ ပေးချင်ရင် ငါလဲသိအောင် ပြောခဲ့မှာပေါ့ဟဲ့'

သည်လို အချိန်မျိုးမှာ မေမေ့နှုတ်မှ မာမီ၊ သမီးဟူသည့် အသံများ မကြားရသည်မှာ မဆန်းတော့ပါပြီ။

'ဘွားဘွားက နောက်ဆုံးအချိန်မှာမှ ပြောချင်ပြောမှာပေါ့၊ ဒါပေမယ့် ဘွားဘွားမှ စကားမပြောနိုင်တော့တာ၊ ပြီးတော့ ဘွားဘွားဆုံးတော့ မေမေလဲ အနားမှာမှ မရှိဘဲနဲ့'

BURMESE CLASSIC .com

မမိုးအေး၏ မကျေနပ်ချက်က ပွင့်ထွက်သွားလေသည်။ မေမေသည် မမိုးအေးကိုပါ ခပ်စိမ်းစိမ်းကြည့်နေပြီး အခန်းထဲမှ ခြေဆောင့်ထွက်သွားလေသည်။

'မိုးရယ် အန်တီခင့်ဘဝက အခြေမဲ့အနေမဲ့ပါ၊ ဒေါ်ကြီးမရှိရင် အန်တီခင်လဲ ဒီအိမ်မှာ မနေဝံ့တော့ပါဘူး၊ အန်တီခင်မှာ လောလောဆယ် စားဖို့နေဖို့မရှိလို့ ဒေါ်ကြီးပစ္စည်းတစ်ခုကိုတော့ ယူသွားပါရစေ၊ ဒါတွေကို ဒေါ်ကြီး တကယ်ပေးခဲ့တာပါ မိုးရယ်'

'အို အန်တီခင် အားလုံးယူသွားပါ၊ မိုး အန်တီခင့်ကို ယုံပါတယ်၊ အန်တီခင် ဘယ်မှာနေမှာလဲ၊ အို မသွားပါနဲ့ဦး အန်တီခင်ရယ်၊ မိုး ဘာလုပ်ပေးရမလဲ၊ မိုးကတော့ မေမေ့ကို မေမေဖြစ်နေလို့မို့ မေမေနဲ့ပဲ အတူနေရဦးမှာပါ၊ မေမေ့ကို မမုန်းပါနဲ့ အန်တီခင်ရယ်'

မမိုးအေးသည် သူပါရောပြီး အန်တီခင်နှင့်အတူ ငိုရှိုက်မိလေသည်။ ဘွားဘွားကတော့ သူ့ခနဥစ္စာနှင့် သြဇာအာဏာ အရှိန်အဝါအားလုံးကို စွန့်ခွာပြီး ဘဝကူးသွားပေပြီ။ သြော် မေမေ့မှာတော့ လူ့ဘဝအဆုံးကို တရားမကျနိုင်သေးဘဲ လောဘ ဒေါသမီးတွေ တညီးညီးတောက်လောင်ဆဲ ပါကလား။ မေမေ ဘာအတွက် သည်မျှ အလုပ်လုပ်နေပါလိမ့်။ တစ်ဦးတည်းသောသမီး မမိုးအေးအတွက်ဆိုလျှင်လည်း သည်မျှနှင့်ပင် လုံလောက်ပြီ ထင်ပါသည်။

ဘွားဘွား၏ ဈာပနကိစ္စ ပြီးဆုံးချိန်ဝယ် အန်တီခင်သည် အိမ်မှ ထွက်ခွာရန် အထုပ်အပိုးပြင်လေသည်။ မမိုးအေးကတော့ အိမ်တွင် အရေးပါ အရာရောက်သော အန်တီခင်၏ အခန်းကဏ္ဍကို နားလည်သဘောပေါက်ကာ အန်တီခင့်ကိုဆုံးရှုံးရမှာ နှမြောလေသည်။ သို့သော် မေမေက အန်တီခင့်ကို မတားပေ။

'အန်တီခင် ဘယ်မှာသွားနေမှာလဲ ဟင်'

မမိုးအေးက သံယောဇဉ်ကြီးစွာ စိုးရိမ်ပူပန်နေမိသည်။

BURMESE CLASSIC .com

'အန်တီခင့်မှာ အမေ ရှိပါသေးတယ်ကွယ်၊ မိုးတို့ ဘွားဘွားရဲ့ ညီမပေါ့၊ အမေက ဆင်းရဲပါတယ်၊ ဆင်းရဲတဲ့လူနဲ့ ညားတော့ ဆင်းရဲတာပေါ့ကွယ်၊ ဒါကြောင့်လဲ ဒေါ်ကြီးက သူနဲ့ခေါ်ထားခဲ့တာ၊ အန်တီခင် ဒေါ်ကြီးတို့၊ မမဆွေတို့ ကျေးဇူးကို မမေ့ပါဘူး'

'အန်တီခင် မိုးတို့နဲ့ပဲ ဆက်နေပါလား ဟင်၊ မေမေက အန်တီခင့်ကို နှင်မချပါဘူး မဟုတ်လား၊ မိုး ပြောပေးပါ့မယ်'

'နေပါစေတော့ ကလေးရယ်၊ မမဆွေမှာလဲ သူ့ အစီအစဉ်တွေ ပြောင်းဖို့ရှိနေတော့ အန်တီခင့်ကို မလိုတော့ပါဘူး'

'ဟင် မေမေက ဘာတွေ လုပ်ဦးမှာမို့လဲ'

'အန်တီခင် ပြောတယ်လို့ မပြောနဲ့နော်၊ မမဆွေက ဒီတိုက်ကို ရောင်းမလို့တဲ့၊ ဒေါ်ကြီးရှိနေသေးလို့ မရောင်းတာ၊ တောင်ကြီးမှာ အိမ်ဝယ်မယ်ဆိုလား၊ ပွဲရုံတည်မယ်ဆိုလားကွယ်'

မေမေကတော့ သူ့ အစီအစဉ်တွေကို အကောင်အထည် ဖော်လျက်ရှိချေပြီကော။ ဒါကြောင့်များ မမိုးအေးကို အဆောင်မှာ ထားခဲ့လေသလားဟု တွေးမိရပြန်သည်။

သည့်နောက်တော့လည်း မမိုးအေးသည် မေမေနှင့် မျက်နှာချင်းမဆိုင်မိတော့ပေ။ အခန်းထဲတွင် စာတွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်ရင်းနှင့်သာ အချိန်တွေကို ဖြုန်းပစ်နေမိလေသည်။

လောကထဲတွင် နှစ်ယောက်တည်းသာရှိသည်ဟု မမိုးအေးက မှတ်ယူထားသော မေမေနှင့် မမိုးအေးတို့သည် သီးခြားကမ္ဘာ တစ်ခုစီတွင် အသီးသီးလွင့်မြောလျက် ရှိကြပြန်လေသည်။

www.burmeseclassic.com

# ၈

တက္ကသိုလ်မှ အထက်တန်းပညာရပ်များကို တတ်မြောက်အောင်မြင်လျှင် လူ့ဘဝထဲမှာ မည်သည့်ကဏ္ဍမှ ပါဝင်လှုပ်ရှားနိုင်မည်ကိုတော့ မမှန်းဆတတ်ပေ။ သို့သော် နောက်ဆုံးနှစ်ကိုတော့ အောင်မြင်အောင် ကြိုးစားရဦးမည်။ အလုပ်တစ်ခု မြန်မြန်ပြီးမြောက်မှသာ အခြားအရာတွေဘက်သို့ လှည့်နိုင်မည်ပင်။

မေမေကလည်း မမိုးအေးကို စောင့်နေပုံရသည်။ ရန်ကုန်မှာ ရှိသည့် သူ့အလုပ်များကို လက်စသပ်လျက်ရှိကာ တိုက်ရောင်းဖို့ကိစ္စကိုလည်း စကားကို ကမ်းလှမ်း၍ ပြီးနေပေပြီ။ မေမေ့ကို တောင်ကြီးမြို့က ဘဘနှင့် လေးလေးတို့က တမ်းတလွမ်း၍ပဲလား၊ မေမေကပဲ လူ့ဘဝကို တစ်မျိုးတစ်ဖုံ ပြန်စလို၍ပဲလားတော့မသိ မေမေသည် သူဖြစ်လိုသည့် အရာကိုဖြစ်မြောက်အောင် အကောင်အထည်ဖော်ရာမှာ ထက်မြက်လှပေ၏။

မမိုးအေးက မေမေနှင့် တောင်ကြီးကို လိုက်မသွားဘဲ ရန်ကုန်မှာ နေခဲ့လို့ရမည့် အခြေအနေကို တစ်ယောက်တည်းကျိတ်၍ ဖန်တီးလျက် ရှိသည်။ ရန်ကုန်ကိုခင်သော နန်းမြထွေးကမူ စာမေးပွဲ ပြီးသည်နှင့်

BURMESE CLASSIC .com

တောင်ကြီးကိုပြန်၍ အလုပ်လုပ်ရန် သန္နိဋ္ဌာန်ချပြီးကြောင်း သူ့ ရည်ရွယ်ချက်ကို ကြေညာသည်။

'ထွေးက ရန်ကုန်မှာနေရတာ ပျော်ပါတယ်၊ ဒါပေမယ့် ထွေးရဲ့ ပညာနဲ့ ကိုယ့်ဒေသကိုပြန်ပြီး အလုပ်အကျွေးပြုချင်တယ်၊ ထွေးက ကျဉ်းမြောင်းတဲ့ အမြင်နဲ့ ပြောတာမဟုတ်ပါဘူး၊ တကယ်တမ်းကျတော့ ထွေးတို့ဆီမှာ ကြာကြာလာနေနိုင်တဲ့သူ မရှိဘူး၊ တောင်ကြီးမြို့လို နေရာမျိုးမှာ နေချင်ကြပေမယ့် ဒီထက် အခေါင်အဖျားကျတဲ့ နေရာကျတော့ မလာချင်ကြဘူး၊ ထွေးကတော့ ရှမ်းပြည်မှာ ဘယ်နေရာမှာပဲ နေရ နေရ'

မမိုးအေးကတော့ ခေတ်မီပြီး အထက်တန်းကျကျ နေတတ်သော နန်းမြထွေးနှုတ်မှ သည်လိုစကားမျိုး ကြားရလိမ့်မည်ဟု မမျှော်လင့်ဘဲ တစ်ချိန်က သူ့အစ်ကိုကလည်း လူ့ဘဝ၏ အဓိပ္ပာယ်ဖွေရှာမှုကို ရင့်ကျက်စွာ ထောက်ပြခဲ့ဖူးသည်။ တိုးတက်သော လူငယ်တွေပေပဲ၊ မမိုးအေးမှာတော့ ကိုယ့်ဘဝကို မကျေနပ်တာ သိသည်။ ဘယ်လိုရုန်းထွက်ရမည်။ ဘာလုပ်ရမည်ကို မသိခဲ့ပေ။

'မိုးတော့ တောင်ကြီးကို မလိုက်ချင်သေးဘူး၊ မေမေနဲ့ နီးနီး မနေချင်ဘူး၊ မိုး မေမေ့ကို ချစ်တယ်၊ မေမေဟာ မိုးအတွက် တစ်ယောက်တည်းသော ချစ်ရမယ့်သူပါပဲ၊ ဒါပေမယ့် ထွေးရယ်၊ မိုး မေမေနဲ့နေရမှာ ကြောက်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ ဟင်'

နန်းမြထွေးသည် မမိုးအေး၏ စိတ်ကို တစ်စွန်းတစ်စ သိနားလည်ကာ နှစ်သိမ့်ရမည့်စကားကို ရှာနေမိသည်။

'မိုးရဲ့ မေမေကလဲ မိုးကို ချစ်တာပဲ၊ ထွေးထင်တယ်၊ မိုးတို့ သားအမိဟာ အယူအဆချင်း မတူကြဘူးလို့'

မမိုးအေး၏ မျက်လုံးများ အရောင်တောက်လာကြလေသည်။

'ဟုတ်တယ် ဟုတ်တယ်၊ ထွေးပြောတာ မှန်တယ်၊ ဒါကြောင့် မေမေနဲ့ မိုးနဲ့ မတည့်တာဘဲ'

‘ဒါတော့ လူကြီးနဲ့ လူငယ်တိုင်းပါပဲ မိုးရယ်၊ ထွေးတို့အိမ်မှာလဲ ဒီလိုပါပဲ၊ ထွေးနဲ့ကိုကိုက တစ်ဖက်၊ မေမေနဲ့ဖေဖေက တစ်ဖက်၊ အမြဲ အနိုင်လုရတယ်’

‘ဒါပေမယ့် ထွေးတို့ မေမေကိုကြည့်ရတာ နားလည်ခွင့်လွှတ် ပုံမျိုးပါပဲ’

‘မေမေကတော့ အေးပါတယ်၊ စိတ်ဓာတ်ကျတာလဲပါမှာပေါ့လေ’

ထိုညကတော့ နန်းမြထွေးနှင့် ညဉ့်နက်အောင်ထိုင်ပြီး စကား ပြောဖြစ်သည်။ ရတနာဆောင်၏ ဝရံတာထက်မှာ မိုးစက်မိုးပေါက် လေးများ ဝေ့ဝဲတိုက်ခတ်နေဆဲ၊ စကားနည်းသော်လည်း လိုရာ ရောက်အောင် လှုလှုပပပြောတတ်သော ရှမ်းမလေးက လူ့ဘဝကို တစ်ယောက်တည်း မကျေမနပ်ဖြစ်နေသော မမိုးအေးကို အသိတရားတွေ ပေးခဲ့သေးသည်။

‘မိုးက ကိုဖေခင့်ကို ခင်တယ်၊ ကိုဖေခင်နဲ့ တွဲတယ်၊ မိုးရဲ့ မေမေက မကြိုက်ဘူး၊ အဲဒါကြောင့် မိုးက ကိုဖေခင့်ကို ပိုပြီး အဖော် လုပ်ချင်တယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒါဟာ မိုးက မိုးမေမေရဲ့ အယူအဆကို တိုက်ခိုက်ချင်တဲ့ သဘောပါ၊ ကိုကို့ကျတော့’

‘အို ထွေးရဲ့ ကိုကို့ကို မိုး ခင်ပါတယ်’

နန်းမြထွေးက ချစ်စဖွယ် ပြုံးလေသည်။

‘ထွေးသိပါတယ်၊ ဒါပေမယ့် မိုးရဲ့စိတ်ထဲမှာ မိုးတို့ မေမေကို ဆန့်ကျင်ပြချင်တဲ့ စိတ်က ရှိနေတာကိုး၊ ဒါပေမယ့် ထွေး ထင်ပါ တယ်လေ၊ မိုးဟာ ကိုဖေခင့်ကိုရော၊ ကိုကို့ကိုရော မချစ်သေးပါဘူး’

‘ဟုတ်ပါရဲ့၊ မိုး ဘယ်သူ့ကို ချစ်ရပါ့မလဲ’

နန်းမြထွေးသည် လျှို့ဝှက်စွာ ပြုံးပြန်လေသည်။ မမိုးအေးကတော့ စိတ်ရှုပ်ထွေးလှစွာနှင့် အခန်းတွင်းပြန်ဝင်ပြီး ဖတ်လက်စ စာအုပ်ကို ကောက်ကိုင်မိသည်။ နန်းမြထွေးက သီချင်းလေးတစ်ပုဒ်ကို တိုးတိုးညည်း ကာ အိပ်ရာဝင်လေသည်။ သူ့မှာတော့ အတွေးအခေါ်တွေ၊ စာအုပ်တွေ၊

BURMESE CLASSIC .com

ရသခံစားမှုတွေကြားမှာ တွေဝေဆဲရှိကာ နန်းမြထွေးလောက်မျှ လက်တွေ့ဘဝထဲ မဝင်ရောက်နိုင်သေးပါလားဟု တွေးကာ မကျေမနပ်ဖြစ်ရပြန်သည်။

နန်းမြထွေးသည် ရှမ်းပြည်ကို သူမ တစ်ယောက်တည်း ပြန်မည် မဟုတ်ဘဲ သူ့ ချစ်သူကိုပါ ခေါ်သွားလိမ့်မည်မှာ သံသယ ဖြစ်စရာ မရှိပါပေ။

*

မေမေသည် တိုက်အရောင်းအဝယ်ကိစ္စနှင့် ပွဲစားများနှင့် အလုပ်ရှုပ်နေဆဲ မမိုးအေးကတော့ အဆောင်မှာနေရင်း စာတွေ တစ်အုပ်ပြီး တစ်အုပ်ဖတ်ကာ ဘဝအကြောင်းကို စာအုပ်ထဲမှာ လေ့လာနေမိပြန်သည်။ ဘွားဘွားနှင့် အန်တီခင် မရှိတော့၍ တနင်္ဂနွေနေ့တွင်ပင် အိမ်ပြန်ချင်စိတ် မရှိတော့ဘဲ ရုပ်ရှင်ရုံမှာ တစ်ယောက်တည်း အချိန်ဖြုန်းမိပြန်လေသည်။ မိန်းကလေး တစ်ယောက်တည်း သွား၍လာ၍ မကောင်းတော့သော အဖြစ်တွေကိုလည်း သိပ်ပြီး ဂရုမထားမိဘဲ တစ်ယောက်တည်းလျှောက်နေမိသည့်အခါ နောက်မှ လိုက်လာတတ်သော ကောင်လေးတွေကိုလည်း ကြောက်ရကောင်းမှန်း မသိခဲ့ပေ။ ဣန္ဒြေနှင့် သိက္ခာကို အဘယ်မျှပင် လွှမ်းခြုံထားသော်လည်း အရောရော အထွေးထွေး ဖြစ်နေသော မိန်းကလေးတွေကြားမှာ မမိုးအေး တစ်ယောက်ပါ ရောပါနေလေသည်။

'ဘယ်သွားမလို့လဲ'

သိက္ခမ်းခင်မင်၍ နှုတ်ဆက်သည်ပဲ ထင်မိကာ ရိုးသားစွာ ပြုံးပြ မိပြန်သည်။

'ရုပ်ရှင်က ပြန်လာတာ၊ စာအုပ်အဟောင်း သွားဝယ်မလို့၊ ရှင် ဘယ်သူလဲ၊ ကျွန်မ မမှတ်မိဘူး'

မမိုးအေး၏ အခြေအနေကို တစ်ဖက်သားက နားလည်သွားဟန် ဖြင့် ပြုံးသည်။

'ကျွန်တော့်နာမည် တင်ဌေးပါ၊ ဒီကနာမည် ဘယ်လိုခေါ်လဲ၊ မြင်ဖူးပါတယ်၊ နာမည်မသိလို့'

BURMESE CLASSIC .com

တမင်ထွင်လာသော အကွက်ကိုလည်းမမြင်ဘဲ သိလို၍ မိတ်ဖွဲ့သည်ပဲထင်ကာ နာမည်အပြည့်အစုံကို ပြောပြမိပြန်၏။ နှုတ်ဆက်ပြီးလျှင် လမ်းခွဲသွားမည်ထင်သော်လည်း ပြုံးစစဖြင့်ဆက်၍ လိုက်လာသောအခါမှ စိတ်မှာ စနိုးစနောင့်ဖြစ်လာလေသည်။ ပတ်ဝန်းကျင်ကလည်း မူမမှန်သော သူတို့နှစ်ဦးကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်ဆိုတော့ မမိုးအေး ရှက်ရကောင်းမှန်း သိလာသည်။

'ရှင်ဘာလို့ ကျွန်မနောက်ကို လိုက်လာတာလဲ'

'ချစ်လို့ပါဗျာ'

မလေးမစားပြောလာသော အမူအရာကြောင့် ရှက်ဒေါသဖြစ်ကာ ရန်တွေ့လိုက်မည်ကြံ၏။ ပန်းဆိုးတန်း လမ်းတစ်လျှောက် လူစည်ကားရာမို့ စိတ်ကိုထိန်းကာ နောက်ဆို တစ်ယောက်တည်း လျှောက်သွားလို့ မဖြစ်တော့ဘူးဟု ဆုံးဖြတ်လိုက်သည်။ နီးရာစာအုပ်ဆိုင်ထဲကို ဝင်ခဲ့မိ၏။ နောက်မှ ကပ်ပါလာသောလူကြောင့် အနားမှလူတွေက အကဲခတ်ကြပြန်သည်။

'မမိုးအေး တစ်ယောက်တည်းလား'

ကယ်တင်ရှင် တစ်ယောက်ကို တွေ့လိုက်ရသည့်အလား ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိလေသည်။ ဖွေရှာနေသူ တစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍လည်း ဝမ်းနည်းသလိုဖြစ်ကာ မျက်ရည်ပင်ဝဲလာသည်။ နောက်မှပါလာသူသည် အခြေအနေကိုကြည့်ကာ လစ်သွားပေပြီ။

'လာတုန်းကတော့တစ်ယောက်တည်းပဲ'

ကိုဖေခင်သည် ချွေးပြန်နေသော မမိုးအေး၏ မျက်နှာလေးကို ကြည့်ကာ ပစ်ခွာခဲ့သော နှမငယ်တစ်ယောက်လို သနားနေမိပြန်သည်။

'အဝေးကြီးကတည်းက ကျွန်တော် မြင်တယ်၊ ဒါကြောင့် ရပ်စောင့်နေတာ၊ ဘာလို့ တစ်ယောက်တည်း လျှောက်သွားနေတာလဲ မမိုးအေးရယ်'

'ကျွန်မမှာ အဖော်မှ မရှိတာ၊ ကိုဖေခင်လဲ နေနိုင်လိုက်တာနော်၊ ကျောင်းလဲမတက်တော့ဘူးပေါ့၊ တစ်ခါတည်းကို သံယောဇဉ် ပြတ်သွားတာပဲ'

BURMESE CLASSIC .com

ကိုဖေခင်သည် ယခင်ကထက်ပို၍ ရင့်ကျက်တည်ငြိမ်စွာ ပြုံးလိုက်လေသည်။

'လာ–မမိုးအေး တစ်ခုခု စားရအောင်'

နီးရာ စားသောက်ဆိုင် တစ်ခုအတွင်းသို့ ဝင်ခဲ့ကြသည်။ မမိုးအေးကတော့ ကိုဖေခင့်ကို တွေ့ရသည်မှာ အားတက်သလို ခံစားရကာ စိုးရွံ့တုန်လှုပ်သောစိတ်များ ပျောက်သွားပြီး ပတ်ဝန်းကျင်ကို ရဲရဲပြန်ကြည့်ရဲလာလေသည်။

'ကိုဖေခင် အခု ဘာလုပ်နေလဲ၊ ပန်းချီ ဆွဲနေတာပဲလားဟင်၊ စာမေးပွဲကော မဖြေတော့ဘူးလား'

'ကျွန်တော် ပြင်ပ ဝိဇ္ဇာဖြေမယ် မမိုးအေး၊ ခုတော့ ထမင်းစားဖို့ ကြိုးနေ ဖန်နေရတာပေါ့ဗျာ၊ ကျွန်တော့် အခေါ်ကိုလဲ ဒုက္ခမပေးချင်တော့ဘူးလေ'

'နေတော့ကော'

'သူငယ်ချင်းတစ်ယောက်အိမ်မှာ ကပ်နေတယ်'

လိမ္မော်ရည် နှစ်ပုလင်းနှင့် ခေါက်ဆွဲကြော် တစ်ပန်းကန် ရောက်လာသော်လည်း မစားဖြစ်ချေ။ ကိုဖေခင်က ခေါက်ဆွဲကြော် ပန်းကန်ကို မမိုးအေးဘက်ကို တိုးပေးသည်။

'စားသာစားနော်၊ ပြီးတော့ မမိုးအေးပဲ ပိုက်ဆံပေးရမှာ၊ ဘာမှမမှာဘဲ ထိုင်စကားပြောရမှာ မကောင်းလို့'

မမိုးအေးက ရယ်သည်။ သည်လို ပွင့်ပွင့်လင်းလင်း မရယ်မောရသည်မှာ ကြာပေပြီ။

'ကိုဖေခင်လဲ စားပါဦး'

မမိုးအေးက ခေါက်ဆွဲကြော်ကို ဇွန်းဖြင့် တစ်ဝက်ခွဲပုံပေးသည်။

'စားပါဗျာ၊ ကျွန်တော် လက်ဖက်ရည်သောက်ပြီးပြီး၊ မနက် လက်ဖက်ရည်ပေါ့ဗျာ၊ ပေါင်မုန့်ကြော်ပါရင်တော့ စားချင်သား'

'သြော် သတိရသေးတယ်နော်'

BURMESE CLASSIC .com

ကိုဖေခင်က မချိပြုံး ပြုံးလေသည်။

'မမိုးအေးကို ကြည့်ရတာ အရင်ကထက်ပိုပြီး တည်ငြိမ်လာတယ်လို့ ကျွန်တော် ထင်တယ်၊ ဒါကြောင့် ကျွန်တော်ပြောမယ်၊ မမိုးအေး စိတ်မထိခိုက်ပါနဲ့၊ သိပ်ရိုးတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ကျွန်တော် ပြောပြမယ်'

'ဘာတွေများလဲ ကိုဖေခင်'

'မမိုးအေး တောင်ကြီးကိုသွားနေတုန်း မမိုးအေးရဲ့ မေမေ ကျွန်တော့်ဆီ လာတယ်'

ဓွန်းနှင့် ခက်ရင်းကိုယောင်၍ ပစ်ချလိုက်မိလေသည်။ မမိုးအေး၏ မျက်လုံးများ ညို့မှိုင်းသွားကာ လက်ကလေးတွေ တုန်လာသည်။

'စိတ်မလှုပ်ရှားပါနဲ့ မမိုးအေးရယ်၊ ကျွန်တော် ပြောပြီးပါပကော၊ အလွန်ရိုးတဲ့ ခေတ်ဟောင်း ဇာတ်ပြားတစ်ချပ်ပါ'

'ဒါကြောင့် ကိုဖေခင် ကျောင်းက ထွက်သွားရတာလား'

ကိုဖေခင်က ခေါင်းကိုယမ်း၍ လက်ကာပြသည်။

'အို မဟုတ်ပါဘူး မမိုးအေး၊ ဒါက တစ်ကဏ္ဍပါ၊ မိုးတို့ မေမေက ဒီအထိလဲ မတိုက်တွန်းပါဘူး၊ မိုးဟာ စိတ်အင်မတန်ပျော့တဲ့ သမီးမို့ မောင်နှမအရင်းလို စောင့်ရှောက်ပါ၊ ပညာဆုံးခန်းမတိုင်ခင် လေလွင့်သွားမှာ စိုးလို့တဲ့၊ အလွန်လိမ္မာတဲ့ စကားပါ၊ ကျွန်တော် ကျောင်းကထွက်တာကတော့ အိမ်က ကျောင်းစရိတ် မပို့တော့လို့ပါဗျာ'

မမိုးအေးက လိမ္မော်ရည်အေးအေးကို သောက်ချလိုက်သော်လည်း ပူစပ်သောအရသာက လည်ချောင်းတစ်လျှောက် စီးဆင်းသွားလေသည်။

'လူတွေဟာ ကိုယ်ယုံကြည်ရာ အတွေးအခေါ်တစ်ခုကို စွန့်လွှတ်ဖို့ ခဲယဉ်းတယ်နော်၊ ပြုပြင်ပြောင်းလဲတယ်ဆိုတာ မရှိတော့ဘူးလား ကိုဖေခင်'

'ဒီလိုတော့လဲ မဟုတ်ပါဘူး မမိုးအေး၊ မမိုးအေးရဲ့ မေမေဟာ မမိုးအေးကိုတော့ အင်မတန် ချစ်ရှာပါတယ်၊ သူ့အချစ်က တင့်တောင့်တင့်တယ် နေစေချင်တယ်ဆိုတဲ့ အချစ်မျိုးပေါ့ဗျာ၊ မိဘမေတ္တာဆိုတာ သံသယ မဖြစ်စကောင်းဘူးလို့ဆိုတယ် မဟုတ်လား'

'ကိုဖေခင်ကရော ဘယ်လိုထင်လဲ'

'ဟာ ကျွန်တော်နဲ့တော့ လှည့်မတိုက်ပါနဲ့၊ ဒီလိုရှိပါတယ် မမိုးအေးရယ်၊ မိဘဟာ သားသမီးအပေါ် ချစ်တာချင်းတူသော်လည်း သူ ရပ်တည်ရာ အနေအထားအလိုက် ကွာခြားကြပါတယ်၊ ဆင်းရဲတဲ့မိဘလဲ သားသမီးကို ချစ်တာပဲ၊ ချမ်းသာတဲ့မိဘလဲ သားသမီးကို ချစ်တာပဲ၊ ဆင်းရဲတဲ့မိဘက သားသမီးကို ချစ်ပေမယ့် ထမင်းစားဖို့ ရှန်းကန် ရှာဖွေ နေရတော့ သားသမီးကိုအလိုမလိုက်နိုင်ဘူး၊ ယဉ်ယဉ်ကျေးကျေး မဆုံးမ နိုင်ဘူး၊ ရိုက်မယ်၊ ဆဲမယ်၊ ခိုင်းမယ်၊ ဒီလိုလုပ်လို့ သားသမီးကို မချစ် ဘူးလို့ မပြောနိုင်ဘူး'

မမိုးအေးက ကိုဖေခင့်စကားကို နားထောင်ရင်း 'မေမေတို့ ကျတော့ကောဟု' စိတ်ထဲမှ မေးနေမိသည်။

'ချမ်းသာတဲ့ မိဘက သားသမီးကို ပြည့်ပြည့်စုံစုံ ထားနိုင်တယ်၊ ပညာသင်ပေးနိုင်တယ်၊ လိုလေသေးမရှိ ကျွေးနိုင်မွေးနိုင်တယ်၊ သို့သော် သူ့မှာလဲဒီလို ကျွေးနိုင်မွေးနိုင်အောင် ရှာရဖွေရလို့ တချို့ မိဘတွေကျတော့ သားသမီးကို ဂရုမစိုက်နိုင်ပြန်ဘူး'

'မေမေကျတော့ကော'

မမိုးအေးက ဖွင့်မေးလိုက်သည်။

'မမိုးအေးရဲ့ မေမေက မမိုးအေးကို ချစ်လဲ ချစ်တယ်၊ ချမ်းလဲ ချမ်းသာစေချင်တယ်၊ ပြီးတော့ သူဖြစ်စေချင်သလို ဖြစ်အောင် လုပ်ချင်တယ်၊ မမိုးအေးရဲ့ မေမေက သူလုပ်တိုင်းလဲ ဖြစ်ခဲ့တယ်နဲ့ တူပါရဲ့ဗျာ'

မမိုးအေးက သဘောကျစွာ ရယ်လိုက်သည်။

'ဟုတ်တယ်၊ မေမေက သူဖြစ်ချင်ရာ ဖြစ်အောင်လုပ်တာပဲ၊ အဲဒါမျိုးကျတော့ သားသမီးအပေါ် တစ်ကိုယ်ကောင်းဆန်ရာ မကျဘူး လားဟင်'

'အဲဒါ သူ့အပြစ်မဟုတ်ဘူး မမိုးအေး၊ အရိုးစွဲအောင် တွယ်ကပ် လာခဲ့တဲ့ သူ့ရဲ့အမြင်၊ သူ့ရဲ့ အယူအဆတွေကြောင့်ပါ'

'အယူအဆ ဟုတ်လား၊ နန်းမြတွေးကလဲ ဒီလိုပဲ ပြောလိုက်တယ်'

'ဟုတ်ပါတယ် မမိုးအေး၊ လူကြီးတွေရဲ့ အချို့သော အတွေးအခေါ်လေးတွေဟာ ဒီနေ့ လူငယ်တွေနဲ့ မကိုက်ညီတော့ပါဘူး၊ ဒါပေမယ့် မမိုးအေးရယ် ကိုယ်ယုံကြည်ရာကို လုပ်ဖို့အချိန်တွေ အများကြီးရှိပါသေးတယ်'

ထိုနေ့က ကိုဖေခင်နှင့် တွေ့လိုက်ရသည့်အတွက် မမိုးအေး၏ စိတ်မှာ ပေါ့ပါးသွားသလိုရှိကာ အားမာန်တွေလည်း အသစ် ပြန်လည်ပြည့်ဖြိုးခဲ့လေသည်။ သည်တစ်ခါ မေမေနှင့် ရင်ဆိုင်ရလျှင် စကားနိုင်လု၍ ရန်မဖြစ်တော့ဘဲ အခွင့်အရေး တစ်ခုခုကိုသာ တောင်းဆိုရမည်ဟု တွေးလိုက်မိလေသည်။

*

မမိုးအေးက ကျောင်းဆက်တက်ဦးမည်ဟု ပြောသောအခါ မေမေက အံ့ဩသလိုဖြစ်ကာ မယုံသင်္ကာသော မျက်လုံးများနှင့်လည်း မမိုးအေးကို ကြည့်လေသည်။ မမိုးအေးတို့တိုက်ကိုလည်း ရောင်းချပြီးဖြစ်၍ ရက်ပိုင်းအတွင်းဖယ်ပေးကာ တောင်ကြီးသို့ ပြောင်းကြမည့်ဆဲဆဲ မမိုးအေး၏ တောင်းဆိုချက်အတွက် မေမေ့မှာ စိတ်အနှောင့်အယှက် ဖြစ်ရပုံ ပေါ်လေသည်။ မမိုးအေးတို့ကို ကြိုဆိုရန် ရောက်လာသော လေးလေးကိုယ်တိုင်ပင် မမိုးအေးကို အံ့ဩနေပုံရလေသည်။ မမိုးအေး၏ ဟန်ပန်သည် ယခင်ကထက် ပိုမို ရဲရင့်ကာ ပိုမို ပြတ်သားလာသည်ဟုလည်း လေးလေးက ထင်မိသည်။ ပြီးတော့ မမိုးအေးသည် သူ့ကိုပါ ယခင်ကလို အားကိုးလိုဟန် မပြတော့ဘဲ ခပ်စိမ်းစိမ်းနေသည်ကို သတိထားမိကာ စိတ်မကောင်းဖြစ်နေလေသည်။

'ဘာဖြစ်လို့ မာမီတို့နဲ့ ခွဲနေချင်တာလဲ သမီးရယ်၊ အမ်အေအောင်တော့လဲ ဘာများထူးမှာမို့လဲ၊ ဒီလောက်ဆို သမီးအတွက် ပြည့်စုံပါပြီ၊ သမီးအတွက် မာမီ ရှာဖွေထားတာတွေ'

'အို မေမေ၊ သမီးအတွက် သမီးဘာသာ ရှာဖွေစားသောက်ပါရစေ၊ မိဘက သားသမီးကို အမွေပေးတာဟာ သားသမီးကို ဖျက်ဆီးပစ်ခဲ့တာနဲ့ အတူတူပဲ၊ သူ့ လက်တွေကို ရိုက်ချိုးပစ်ခဲ့သလို နေမှာပေါ့'

လေးလေးသည် မမိုးအေးကို အံ့ဩလိုကြည့်ကာ မေမေကမူ ထိတ်လန့်သွားဟန်ပင် ရှိလေသည်။

'စုဇီ ညည်းကို ဒီစကားတွေ ဘယ်သူက သင်ပေးသလဲ'

မေမေ၏ စွပ်စွဲချက်ပါသော စကားအတွက် မမိုးအေးက ရယ်ချင်သော်လည်း မျိုသိပ် ထားလိုက်မိသည်။

'ဘယ်သူမှ မသင်ပေးပါဘူး မေမေရဲ့၊ ဘဝက သင်ပေးတာပါ'

'မိစုဇီ စာအုပ်ထဲကဟာတွေ ငါ့ကို ရွတ်ပြမနေနဲ့'

သတိထားနေသည့်ကြားကပင် မေမေနှင့် မမိုးအေးတို့ နှစ်ယောက် သည် တင်းမာစ ပြုလာကြပြန်လေသည်။ လေးလေးသည် ကြားဝင်ရမှာ ကိုပင် ဝန်လေးနေသလို ဖြစ်နေလေသည်။

'လေးလေး ပြောပါရစေဦး၊ မိုးရဲ့အယူအဆ မှန်ပါတယ်၊ ဒါပေမယ့် မိုး ကျောင်းဆက်တက်ချင်တယ်ဆိုတာ ဘာအတွက်လဲ လေးလေးတို့ သိပါရစေ၊ အလုပ်လုပ်ဖို့အတွက်လား'

'လောလောဆယ် မိုးမှာ ဘာမှမှ လုပ်စရာမရှိဘဲ'

မမိုးအေးက လေးလေးကို မကြည့်ဘဲ ပြောလိုက်လေသည်။

'နောက်တော့ကော မိုး ဘာလုပ်မှာလဲကွယ်'

'ရရာအလုပ်တစ်ခုကို ဝင်လုပ်မှာပေါ့'

မေမေသည် သူ့မျက်နှာကို အရုပ်ဆိုးသွားလောက်အောင်ပင် ရှုံ့မဲ့ပစ်လိုက်လေသည်။

'စိတ်ကူးယဉ်လိုက်တာ မိစုဇီရယ်၊ လခလေးတစ်ရာကျော်၊ အလွန်ဆုံးရမှ သုံးရာကျော်လောက်နဲ့ ရန်ကုန်မှာ နေကြည့်စမ်းပါ'

'နေပါဦး မမဆွေ ကျွန်တော် ပြောပြပါ့မယ်၊ မိုး ကျောင်း ဆက်တက်ချင်လို့ဆိုရင်တော့တက်ပါ၊ အလုပ်လုပ်ချင်တယ် ဆိုရင်တော့ တောင်ကြီးမှာပဲ လေးလေး ရှာပေးပါ့မယ်'

‘မိုး တောင်ကြီးကို မလိုက်ချင်ဘူး’

‘ဘယ်လိုက်ချင်မလဲ၊ သူက ရန်ကုန်မှာ တေပေနေချင်တာ’

မေမေကတော့ မမိုးအေးကို သံသယ မကင်းနိုင်တော့ပေ။ မမိုးအေးကလည်း မေမေ့ကို မဖြေရှင်းချင်တော့ပေ။ သူဘာကြောင့် တောင်ကြီးကို မလိုက်ချင်သည်ကိုလည်း သူ့ဘာသာ မတွေးတတ်တော့။ မေမေ အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းတွေ ပျက်စေချင်သည့် သဘောပေပဲလား၊ မေမေနှင့်ဝေးရာမှာ နေချင်သည့် သဘောပေပဲလား။ ပြီးတော့ မေမေ့ကို မကျေနပ်သည့် စိတ်ကလည်း ရင်ထဲမှာ ကိန်းအောင်းလျက်ရှိဆဲဖြစ်သည်။ မေမေ့ကို ချစ်တာနှင့် မကျေနပ်တာသည် တစ်ဖက်စီမှ လွန်ဆွဲလျက် ရှိလေသည်။

မေမေတို့ ပြောင်းရွှေ့ပြီဆိုတော့လည်း မမိုးအေး နေခဲ့၍မရပေ။ လောလောဆယ် မမိုးအေးမှာ နေစရာမရှိသေး။ ကျောင်းဆက်တက်ခွင့် ရဖို့ ကိစ္စကလည်း မသေချာသေး။ မေမေကတော့ တန်ဖိုးကြီး၍ ရွှေ့ပြောင်း ရခက်သော ပစ္စည်းအားလုံးလိုလို ရောင်းချပစ်ခဲ့လေသည်။ ဒရိုင်ဘာနှင့် အိမ်ဖော်ကိုလည်း နှစ်လခအပိုပေး၍ ထုတ်ပစ်လိုက်သည်။ သည်တော့လည်း မေမေက အန်တီခင် အိမ်မှထွက်သွားသည်ကို မတားဘဲ ထားခဲ့သည်မှာ သဘာဝကျပေမည်။ မေမေတစ်ယောက် ဘဝကို အသစ်ပြန်စတော့မည် လား။ ဘွားဘွားဆုံးသည်မှာ မေမေ့အတွက် ပို၍ အဆင်ပြေသွားလေသလား ဟု မတွေးကောင်း မတွေးရဲဘဲ တွေးမိပြန်သည်။

တောင်ကြီးကို ရောက်လာရသည်မှာ ယခင်တစ်ခေါက်လောက် မပျော်တော့ပေ။ အကယ်၍များ ပန်းတွေပေါ၍ ချစ်ဖွယ်ကောင်းသော တောင်ကြီးမြို့သည် မမိုးအေးဘဝနှင့်သာ မပတ်သက်ဘူးဆိုလျှင် သာ၍ ကောင်းပေလိမ့်မည်။

မမိုးအေးတို့တောင်ကြီးကို ပြောင်းလာခြင်းအတွက် ပထမဆုံး ဝမ်းသာသူမှာ ဘဘဖြစ်၍ ဒုတိယ ကိုစောနိုင်ဖြစ်သည်ဟု ဆိုရမည်။ ကိုစောနိုင်ကတော့ အေးဆေးဖော်ရွေမြဲ၊ ယဉ်ကျေးရည်မွန်မြဲ အပြုံးစကား များဖြင့် သူတို့ကို ဆီးကြိုလေသည်။

BURMESE CLASSIC .com

တောင်ကြီးကို ရောက်တော့လည်း မေမေ့ အစီအစဉ်တွေက အတောမသတ်သေးပေ။ မြတ်လေးလမ်းမှ အိမ်ကြီးကိုရောင်းကာ မြို့စွန်ဘက်မှာ တိုက်တစ်လုံးဝယ်ဖို့စီစဉ်သည်။ လိုသမျှငွေကို မေမေက စိုက်ထုတ်မည်။ ပြီးတော့ လေးလေးကိုလည်း အလုပ်မှထွက်စေကာ ဈေးနားမှ သနပ်ဖက်ပွဲရုံတွင် အချိန်ပြည့်လုပ်စေသည်။ မေကေတော့ ထုံးစံအတိုင်း ကူးလိုက်သန်းလိုက်၊ ရန်ကုန်ဆင်းလိုက် လုပ်မည်။ ဘဘ ကတော့ ချွေးမ အစီအစဉ်ဆွဲသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင် နေလေသည်။

'ဒီအိမ်ကမြင့်ပြီး သစ်သားအိမ်ဆိုတော့ လေသိပ်ဝင်တယ်၊ ဘဘ ကျန်းမာရေးနဲ့ မကိုက်ဘူး မဟုတ်လား၊ မီးလင်းဖိုရှိတဲ့အိမ်၊ အအေးလုံတဲ့အိမ် ရှာရမယ်၊ ပြီးခဲ့တဲ့ ဆောင်းကလဲ မကြုံစဖူး သိပ်အေး တာပဲဆို၊ ပြီးတော့ ကိုစိုးလဲ အလုပ်ကပင်ပန်းလို့ ပြန်လာတဲ့အခါ အိမ်မှာကောင်းကောင်းမွန်မွန် နားနေနိုင်ရမယ်လေ၊ သမီးဖို့လဲ စာဖတ်ခန်း ကောင်းကောင်း လုပ်ပေးရမယ်'

ဘဘတို့ အိမ်ကြီးကတော့ ရိုးရိုးရှင်းရှင်းမို့ အခန်းခန်း အဆောင် ဆောင် မဖွဲ့နိုင်ပေ။ မေမေက နောက်ဆုံး သူ့စိတ်ကြိုက် အိမ်ပုံစံကိုဆွဲစေကာ အသစ်ဆောက်ရန် လုံးပန်းသည်။ အိမ်ရှေ့ မြေနေရာကျယ်ရမည်၊ ပန်းခြံ ရှိရမည်၊ ကားဂိုဒေါင် အစေခံတန်းလျား ပါရမည်၊ အိမ်သာကောင်းရမည်၊ အခန်းတိုင်းမှာ နံရံကပ် ဗီရိုတွေ ထည့်ရမည်၊ မီးလင်းဖိုဘေးမှာ မိသားစု ဝိုင်းထိုင်လို့ ရရမည်။ မေမေ ပြောသမျှကို လေးလေးကပါ သဘောကျစွာ လက်ခံနေသည်ကို မြင်ရသော မမိုးအေးက တစ်အိမ်လုံး ဘုရင်မကြီးရဲ့ အမိန့်ကို နာခံနေတဲ့ သက်တော်ရှည် အမတ်ကြီးတွေကျနေတာပဲဟု တွေးကာ ရယ်ချင်မိသည်။ မေမေက တိုက်ဆောက်ဖို့ကိစ္စ လုံးပန်းနေဆဲ မမိုးအေးက နန်းမြထွေးတို့နှင့်အတူ ကားတစ်စီးဖြင့် ကားမောင်းသင်နေ လေသည်။ တစ်ခါတစ်ရံ နန်းမြထွေးတို့ မောင်နှမနှင့် သစ်တော်ခြံတွေထဲ လိုက်သွားကာ တစ်နေကုန်အောင် နေပစ်သည်။

'မေမေဟာလေ သူ့ အကောင်အထည်ဖော်ချင်တဲ့ အလုပ်မှန်သမျှ ဖြစ်အောင်လုပ်တာပဲ'

ယခုတော့ ကိုစောနိုင်သည် မမိုးအေးနှင့် စကားပြောဖော် ဖြစ်လာရပြန်သည်။ ကိုစောနိုင်က ကိုဖေခင်လို တောက်ပြောင်ရဲ့ဝံ့သော စကားတွေကို မဆိုတတ်သော်လည်း ပွင့်လင်းဖြောင့်မတ်သော စကားကိုတော့ ရိုးသားစွာ ပြောတတ်လေသည်။

'အဲဒီအထဲမှာ သူ ဖြစ်စေချင်သလို အကောင်အထည်ဖော်လို့ မရတာ သူ့သမီးပဲ မဟုတ်လား'

'ဟုတ်တယ်၊ ဒါတောင်မှပဲ တောင်ကြီးကို ပါလာရသေးတယ်၊ မေမေက ရန်ကုန်မှာ ရှိရှိသမျှ ပစ္စည်းတွေအကုန်ရောင်းပြီး မြေလှန် စနစ်ကို သုံးလိုက်တာကိုး၊ မိုးလဲ ဘယ်နေနိုင်မလဲ လိုက်လာရတာပေါ့၊ ပြီးတော့ မိုးမှာ အလုပ်လဲ မရှိသေးဘူးလေ၊ ကျောင်းကလဲ ဆက်တက်ခွင့် မရနိုင်တော့ပါဘူး၊ မေမေကပြောတယ်၊ လခလေး တစ်ရာကျော်၊ အလွန်ဆုံး ရမှ သုံးရာကျော်နဲ့ ထမင်းဝမလားတဲ့'

'မမိုးအေးကကော ဘယ်လိုထင်လဲ'

'သုံးရာလောက် ရရင်တော့ ထမင်းစားနိုင်လိမ့်မယ် ထင်ပါရဲ့၊ ဘတ်စ်ကားခတွေ၊ ဘော်ဒါဆောင်ခတွေ နုတ်လိုက်ရင်တော့ ရုပ်ရှင်ဖိုး စာအုပ်ဖိုး ကျန်ပါတော့မလား မသိဘူး၊ ဒီလိုဆိုတော့လဲ ပျင်းစရာကြီး နေမှာ၊ လူ့ဘဝမှာ ရုံးတက်လိုက်၊ ဘတ်စ်ကားစီးလိုက်နဲ့ပဲ အချိန် ကုန်သွားမှာပေါ့'

ကိုစောနိုင်က မမိုးအေးကို သဘောကျစွာ ရယ်လေသည်။

'ရုပ်ရှင်ဖိုး၊ စာအုပ်ဖိုးကျန်အောင် ထမင်းလျှော့စားပေါ့ မိုးရယ်၊ ဟင်းကောင်းကောင်း ချက်မစားနဲ့ပေါ့'

'အိုး ဟင်းမကောင်းမှာတော့ သေချာပါတယ်၊ ဘော်ဒါဆောင် နေတဲ့ သူငယ်ချင်းတွေ ထမင်းချိုင့်ဆွဲစားတာ တစ်လ ၁၅၀ ပေးရတယ်၊ ဘဲဥသုံးခြမ်းနဲ့ ချဉ်ရေဟင်းလောက်ပဲ ပါတယ်လေ'

'ကိုယ့်ဟာကိုယ်ချက်ပေါ့ မိုးရဲ့'

ကိုစောနိုင်က မမိုးအေးကို ကလေးတစ်ယောက်လို စ နေခြင်းသာ ဖြစ်သော်လည်း မမိုးအေးက အမှန်တကယ် ဖြေရှင်းနေပြန်သည်။

'ထမင်းသာ ချက်စားနေရမယ်ဆိုရင်တော့ ကျန်တာ ဘာလုပ်နိုင်တော့မှာလဲ၊ မိန်းမတွေဟာ တစ်နေ့ တစ်နေ့ ထမင်းချက်လိုက်၊ ဈေးသွားလိုက်၊ ကလေးထိန်းလိုက်နဲ့ အချိန်ကုန်တာပဲနော်၊ အမျိုးသမီးတွေရဲ့ တန်းတူအခွင့်အရေးလို့ ကမ္ဘာမှာ ဘယ်လောက်ပဲ အော်နေနေ မီးဖိုချောင်ထဲက မထွက်နိုင်သမျှ ဘယ်မှာ အခွင့်အရေး ရနိုင်မှာလဲ'

'မိုးက စကားပြောတာ တော်တော် တိုးတက်လာပြီနော်၊ စာတွေဖတ်လာလို့ ထင်ပါရဲ့'

'မေမေ့လို ပြောပါလား၊ စာအုပ်ထဲကဟာတွေ ငါ့ကို ရွတ်ပြမနေနဲ့တဲ့၊ မေမေဟာလေ သူ သဘောကျနေရင် သမီး သမီးနဲ့ နှုတ်ကချိုသလောက် သူ စိတ်ဆိုးရင် ရင့်ရင့်သီးသီး ရက်ရက်စက်စက် ပြောပစ်တာပဲ၊ တကယ်တော့ မေမေဟာ သာမန် မိန်းမပဲ'

မမိုးအေးက သူ့မေမေကို ဝေဖန်လိုက်သံ ကြားရသောအခါ ကိုစောနိုင် လန့်၍ပင် သွားမိလေသည်။ မမိုးအေး တစ်ယောက် တောင်ကြီးမှာ နေသမျှတော့ သူ့မှာ တာဝန်များစွာရှိမည်ဟု ကိုစောနိုင် မှတ်ယူထားလေသည်။ သူသည် မမိုးအေးကို ချစ်သူတစ်ယောက်လို ချစ်ရကောင်းစေဟု သဘောမထားတော့ဘဲ နှမငယ်၏ သူငယ်ချင်းမလေး တစ်ယောက်အဖြစ် ကူညီစောင့်ရှောက်နိုင်ရန် ကြိုးစားထားလေသည်။ မမိုးအေးသည် အစစအရာရာပြည့်စုံသော အထက်တန်းလွှာမှ ပေါက်ဖွားကာ သူ ရပ်တည်ရာ အနေအထားကို မနှစ်မြို့က်နိုင်ဘဲ ဘယ်လိုရုန်းထွက် ရမည်ကိုလဲ မသိဘဲနှင့် ရုန်းကန်ကြိုးစားနေသော မိန်းကလေးတစ်ယောက်အဖြစ် သူ မြင်မိလေသည်။

နန်းမြထွေးကတော့ ရှမ်းပြည်နယ်မှာ အလုပ်ရရေး၊ အလုပ်မရလဲ သူ့ဘာသာ တောင်သူကလေးငယ်တွေကို စုပြီး စာသင်ကျောင်း

ဖွင့်ရေးအတွက် လုံးပန်းနေလေသည်။ သို့သော် ကလေးတို့က ကျောင်းတက်ဖို့ထက် ငါးရက်တစ်ဈေးရောင်းသော မြို့များသို့ အလှည့်ကျသွားနေရသဖြင့် သူ့မှာ တပည့်တွေကိုပင် စုစည်းမရ ဖြစ်နေလေသည်။ မမိုးအေးက စာသင်ရမှာ စိတ်မဝင်စားလှသော်လည်း သူ တောင်ကြီးမှာ နေသမျှ နန်းမြထွေးကို ကူညီရန် ဆုံးဖြတ်ထားသည်။

မေမေနှင့် လေးလေးတို့က တိုက်အသစ်ဆောက်ရန် လုံးပန်းနေဆဲ၊ မမိုးအေးက နန်းမြထွေးတို့ ငယ်စဉ်က ခင်မင်ခဲ့သော ပအိုဝ့် ဦးလေးကြီး၏ သစ်တော်ခြံထဲမှာ အချိန်ကုန်လေသည်။ ကိုစောနိုင်က ခြံထဲမှ လူငယ်များနှင့် ထမင်းလက်ဆုံစားသောအခါ မမိုးအေးနှင့် နန်းမြထွေးတို့ နှစ်ယောက်က အိမ်မှပါလာသော ဟင်းများဖြင့် ထမင်းမြိန်စားကြလေသည်။ ကိုစောနိုင်က 'နင်တို့က လူတန်းစားစိတ် မရှိဘူး'ဟု ဝေဖန်သောအခါ စကားတတ်လာသော မမိုးအေးကလည်း ပြန်ပက်သည်။

'တစ်ခါလောက် အလုပ်သမားလူတန်းစားနဲ့ ရောပြီး၊ ထမင်းစားရုံနဲ့ လူတန်းစားစိတ်ရှိတယ်လို့ မပြောနိုင်ပါဘူး၊ အမှန်တော့ ဒါကို သူတို့က ကျေနပ်ပြီး ကျေးဇူးအတင်ခံရဖို့ပဲ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် သူတို့ဘဝကတော့ ဒီအတိုင်း ဒီအတိုင်းပါပဲ'

ကိုစောနိုင်က သဘောကျသွားကာ မမိုးအေးကိုလည်း အချက်ကျကျ ပြန်ပြောသည်။

'မမိုးအေးမှာ သဘောတရားကတော့ အပြည့်ပါပဲ'

နန်းမြထွေးက စကားစစ်ထိုးသော သူတို့နှစ်ယောက်ကို ကြည့်၍ ပြုံးသည်။

'ရန်တော့ မဖြစ်ကြပါနဲ့နော်၊ တော်ကြာ မိုးရဲ့မေမေ ပြောသလို လခလေး တစ်ရာကျော်နဲ့ ထမင်းမဝတော့ ဘယ်လိုလုပ်ပြီး လူ့ဘဝကို စ ရမှာလဲ၊ မိဘကပြည့်စုံမှ အလုပ် လုပ်နိုင်ရမလိုဖြစ်နေပြီ၊ တို့ ကျောင်းတက်ခဲ့တာ တစ်လ သုံးရာလောက်ကုန်တယ်၊ ခု ဘယ်လို ပြန်ရှာကြမလဲ'

'ကိုဖေခင်ကတော့ ပန်းချီဆွဲနေတာပဲ'

မမိုးအေးက သတိရစွာပြောသည်။

'လက်ဖက်ရည်သောက်ပြီး ပန်းချီဆွဲနေတာလား'

နန်းမြထွေးက မမိုးအေး ပြောဖူးသည်ကို သတိရပြီး ပြန်ပြောလိုက်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် လူဆိုတာ တစ်ခုခု လုပ်နေရမှ အဓိပ္ပာယ် ရှိတာပေါ့နော်၊ ကိုစောနိုင်ပြောတာ မိုး လက်ခံပါတယ်၊ မေမေကတော့ မိုးကို အလုပ် မလုပ်စေချင်ဘူး၊ မိုးအတွက် ဘွဲ့တစ်ခုရပြီးတာနဲ့ လုပ်စရာ ကုန်ပြီလို့ ထင်နေပုံပဲ'

'မမိုးအေး အခု ဘာအလုပ်လျှောက်ထားသလဲ'

ကိုစောနိုင်က မေးသည်။

'မိုးလား၊ ရရာအလုပ်ပေါ့၊ အလုပ်သမားရုံးမှာ မှတ်ပုံတင်ထားတယ်၊ ဆိပ်ကမ်းရုံး၊ ငွေစာရင်းရုံး၊ ပါတီရုံး၊ ကျောင်းဆရာမ ရတဲ့ နေရာဝင်လုပ်မှာပဲ၊ ကျောင်းဆက်တက်လို့ရရင်လဲ တက်ဦးမယ်၊ မတက်ရလဲ အထက်တန်းရှေ့နေ သင်တန်းဖြစ်ဖြစ်၊ နိုင်ငံခြားဘာသာ သင်တန်းဖြစ်ဖြစ် တက်မယ်'

'ဒီလိုဆိုရင်တော့ မဆိုးပါဘူး'

'ကိုစောနိုင်က မိုးကို တော်တော် အထင်သေးတာပဲ'

'မဟုတ်ပါဘူးဗျာ၊ တချို့လူငယ်တွေက ပါးစပ်က ကြီးကြီးကျယ်ကျယ်တွေ ပြောပြီး ဘာအလုပ်မှ မလုပ်ကြလို့ပါ၊ တကယ်တော့ ကျွန်တော်တို့မှာ ရသမျှ အခြေအနေကြားကပဲ ကြိုးစားကြရမှာ မဟုတ်လား'

'ကိုစောနိုင်တို့၊ ထွေးတို့နဲ့ ခင်မင်ရတာ မိုး ကျေနပ်ပါတယ်၊ တကယ်တော့ မိုး မကျေနပ်တာ မေမေပဲ'

*

BURMESE CLASSIC .com

မမေ့ စိတ်ကြိုက် တိုက်တစ်လုံးရလိုက်၍ မမေ တိုက်အသစ် မဆောက် ဖြစ်တော့ပေ။ မမေက တိုက်အသစ်ကို မမိုးအေးနာမည်ဖြင့် ဝယ်ပေးကာ ဘာဘတို့အိမ် ရောင်းရငွေကို လုပ်ငန်းထဲမှာ ထည့်ဝင်စေသည်။ မမိုးအေး ကတော့ နာမည်ကြီး သူဌေးတစ်ဦး ပိုင်ခဲ့သည်ဆိုသော ယခုတိုက်ကြီးကို ယခင် ဘာဘတို့ အိမ်ကြီးလောက် မနှစ်ခြိုက်ပေ။ ဘာဘတို့အိမ်ကြီးက လှမ်းမျှော်ကြည့်လျှင် တောင်တန်းပြာပြာနှင့် ရွှေဘုန်းပွင့်စေတီကို ထင်ထင် ရှားရှား လှမ်းမြင်ရသဖြင့် ကြည်နူးလှသည်။ ယခုအိမ်မှာလည်း ကုန်းမြင့် လေးပေါ်မှာ ရှိသော်လည်း အိမ်ကလုံလွန်းသဖြင့် စိတ်ထဲမှာ ကျယ်ဝန်း သည်ဟု မထင်မိပေ။ ကိုယ်ပိုင် အိပ်ခန်းတစ်ခန်း၊ စာကြည့်စားပွဲနှင့် စာအုပ်စင်ကို အပိုင်ရသည့်အတွက်မူ ကျေနပ်ရသည်။ သို့သော် ရန်ကုန်မှာ အလုပ်ရလျှင် ဒါတွေ အားလုံးကို စွန့်ခွာပြီး ဘော်ဒါဆောင်မှာ ထမင်း ချိုင့်ဆွဲစားကာ ဘတ်စ်ကားစီးမည်ဟု အားခဲထားလေသည်။

အိမ်အတွက် စိတ်အေးရပြီမို့ မမေက ရန်ကုန်ကို ကူးသန်းစ ပြုလာလေသည်။ လေးလေးသည် တက္ကသိုလ်မှ ဆရာဘွဲ့ကို စွန့်ခွာကာ မမေ့ပွဲရုံတွင် အချိန်ပြည့် ထိုင်ရလေသည်။ ယခင်ကထက် အပေါင်း အသင်းလည်း ပို၍ ကျယ်ပြန့်လာကာ လေးလေး အရက်မသောက် သည့်နေ့ဟူ၍ မရှိသလောက်ပင်။ မမေမရှိသည့် အခါများတွင် လေးလေးသည် ပို၍ အိမ်ပြန်နောက်ကျတတ်ပြီး အရက်ကိုလည်း ပိုသောက် တတ်လေသည်။ မမိုးအေးကတော့ လေးလေးကို စောင့်သည်ဟု မဆိုသာသော်လည်း စာအုပ်ကိုဖတ်ရင်း ညဥ့်နက် တတ်သည်က များသဖြင့် လေးလေး ပြန်လာသည်ကို အစဉ်လို သိနေတတ်သည်။ စံထွန်းရွှေသည် လေးလေးကို စောင့်ရင်း အိပ်ပျော်နေတတ်သဖြင့် မမိုးအေးက ထကာ စံထွန်းရွှေကို နှိုးရတတ်သည်။ သို့မဟုတ်လျှင်လည်း လေးလေးကို တံခါး ဖွင့်ပေးရတတ်သည်။ လေးလေးသည် အရက်သောက်သော်လည်း မူးပုံမရဘဲ အနည်းငယ်ရီဝေသော မျက်လုံးများဖြင့်သာ မမိုးအေးကို ကျေးဇူးတင်ကြောင်း ပြပြီး ထမင်းစားခန်းဆီ လျှောက်သွားတတ်သည်။ မမိုးအေးက

BURMESE CLASSIC .com

ကော်ဖီတစ်ခွက်ဖျော်ကာ စိတ်လိုလက်ရ လာထိုင်လျှင်တော့ အသံမှန်မှန်ဖြင့် စကားပြောလေသည်။ မမိုးအေးက မေမေမရှိလျှင် ပိုမို လွတ်လပ်သလို ခံစားရကာ လေးလေးကိုလည်း မကျေနပ်သည့်တိုင် စကားတော့ ပြောချင်လာမိလေသည်။

'လေးလေးလဲ မေမေနဲ့ စီးပွားရှာရလို့ ပင်ပန်းမှာပဲနော်'

ပြောပြန်တော့လည်း မသိမသာ ထိခတ်သော စကားတို့သာ ထွက်ခဲ့ပြန်လေ၏။

'လူတိုင်း ကိုယ့်ဘဝအတွက် ကိုယ်ပင်ပန်းကြရတာပဲ မဟုတ်လား မိုးရယ်'

'အစက လေးလေးဘဝဟာ ပင်ပန်းစရာ မရှိပါဘူး၊ ကျောင်းဆရာဘဝဟာ ဘယ်လောက်အေးချမ်းလဲ၊ တစ်ဖက်က စီးပွားရေး လုပ်တယ်ဆိုပေမယ့် မှန်မှန်ပဲ မဟုတ်လား၊ ခုမှ လေးလေး ပင်ပန်းနေတာပါ'

မေမေ မရှိကာမှ မမိုးအေးက လေးလေးကို တစ်ယောက်ချင်း တိုက်ခိုက်လျက်ရှိပြီဟု လေးလေး သိလိုက်လေသည်။ သို့သော် သူ့မှာ မမိုးအေးကို ပြောပြချင်သောအကြောင်းတွေ ရှိနေသည်မို့ ငြိမ်နေလေသည်။ မမိုးအေးသည် ငယ်ရွယ်၏။ အပြစ်ကင်း၏။ ရိုးသား၏။ ထို့ကြောင့် သူ့ကို မကျေမနပ်ဖြစ်လျက်ရှိကြောင်း သူနားလည်လေသည်။

'လေးလေး'

မမိုးအေးက လေးလေးကို တိုးတိုး ခေါ်သည်။ လေးလေးက မမိုးအေး၏ အသံတိုင်းကို ထိတ်လန့်နေဟန် ရှိလေသည်။

'ဘာများလဲ မိုးရယ်'

'လေးလေးမှာ ချစ်သူရှိဖူးတယ်နော်'

လေးလေးက ယောင်ရောင်၍ ခေါင်းညိတ်လိုက်သည်။

'လေးလေးရဲ့ ချစ်သူကို လေးလေး ဘာကြောင့် ရအောင်မယူတာလဲ'

BURMESE CLASSIC .com

မမိုးအေး၏ မေးခွန်းအတွက် လေးလေးသည် ရုတ်တရက် အဖြေရှာမရ ဖြစ်နေလေသည်။

'သူဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်ပဲ မိုး၊ ပြီးတော့ သူ့မှာ အိမ်ထောင်လဲရှိတယ်'

'မိုး သိသလောက်တော့ သူ့ အိမ်ထောင်နဲ့ကွဲနေတာ ကြာပါပြီ၊ မင်းသမီးဆိုပေမယ့် လေးလေးနဲ့တွေ့တုန်းက နာမည်မကြီးသေးပါဘူး၊ တကယ်တော့ လေးလေးဟာ သတ္တိနည်းတာပါ၊ ဒါမှမဟုတ် လေးလေးဟာ တိမ်းညွတ်လွယ်တာပါ၊ သူနဲ့တွေ့တော့ လေးလေး စိတ်မထိန်းနိုင်ဘူး၊ ချစ်တယ်၊ တကယ်ယူကြစို့ဆိုတော့ လေးလေး သတ္တိနည်းသွားတယ် ဒါပဲ မဟုတ်လား'

'ဒါတွေ ဘာလို့ပြောနေတာလဲ မိုး'

လေးလေးသည် အနည်းငယ် ထွေနေဟန်ရှိသော်လည်း ဣန္ဒြေမပျက်အောင် သတိထားနေလေသည်။ တကယ်တော့ မမိုးအေး၏နှုတ်မှ 'လေးလေးဟာ မေမေ့ကိုကျတော့ ရန်းထွက်ဖို့ သတ္တိနည်းနေပြန်ရော မဟုတ်လား'ဟု ပြောလိုက်ချင်နေမိလေသည်။

'လေးလေးမှာ အခု ချစ်ရမယ့်သူ ရှိလားဟင်'

လေးလေးသည် မျက်နှာပြုံစ ပြုလာလေသည်။

'မရှိသေးပါဘူး မိုးရယ်'

'ဒါပေမယ့် လေးလေးဟာ တစ်စုံတစ်ယောက်ရဲ့ လွှမ်းမိုးမှုကိုတော့ ခံနေရပြီ မဟုတ်လား'

'မိုး'

လေးလေးသည် သူ့နေရာမှ ကတုန်ကယင်နှင့် ထရပ်လိုက်လေသည်။ သူ့အိပ်ခန်းဆီသို့ဝင်ရန် ဖြည်းလေးစွာ လှမ်းသွားနေသည်။ အခန်းဝရောက်မှ သူ ပြန်လှည့်ကြည့်သည်။ မမိုးအေးသည် သူ့ကို တွေ၍ ရပ်ကြည့်နေလေသည်။ မမိုးအေး၏ မျက်လုံးအစုံမှာ နှမြောခြင်း၊ အထင်သေးခြင်း၊ ဝမ်းနည်းခြင်း အရိပ်အငွေ့တွေကို မြင်နေရလေသည်။

BURMESE CLASSIC .com

သူကလည်း အားနည်းလှစွာဖြင့် မမိုးအေးကို ငေးကြည့်နေမိသည်။ အတန်ကြာမှ မမိုးအေးက စတင်လှုပ်ရှားကာ သူ့ဆီပြေးသွားသည်။ သူသည် မမိုးအေး၏ ပခုံးကို ဆီး၍ ဆုပ်ကိုင်လိုက်လေသည်။ ပြီးတော့မှ 'မိုး သွားအိပ်ချည်တော့ကွယ်၊ နောက်ကို လေးလေး ပြန်လာတဲ့အထိ မစောင့်နဲ့'ဟု ပြောကာ အခန်းထဲကို ချာခနဲ လှည့်ဝင်သွားလေသည်။

မမိုးအေးကတော့ အခန်းအပြင်ဘက်မှာပင် အချိန်အတန် ကြာအောင် ရပ်နေမိလေသည်။

*

အလုပ်မှ စာမေးပွဲဖြေရန် ခေါ်ယူသည့်စာကိုရသောအခါ မမိုးအေးသည် ဝမ်းသာသင့်သည်ထက်ပင် ဝမ်းသာဟန်ကိုပြကာ အားလုံးကို စိန်ခေါ်လျက် ရှိလေသည်။ အထူးသဖြင့်လေးလေးကို သူ အရွဲ့တိုက်လျက် ရှိသည်။ မေမေကတော့ 'ဘာလို့အလုပ်လုပ်ချင်ရတာလဲ'ဟု တကယ်နားမလည်စွာ မြည်တွန်တောက်တီးရင်း ဖြေပဲဖြေကြည့်ပါဦး၊ အလုပ်တစ်ခုရဖို့ လွယ်တာမှတ်လို့'ဟု မရစေရန် ဆုတောင်းသံဖြင့် ပြောနေလေသည်။ ဘဘကတော့ အေးဆေးတည်ငြိမ်မြဲ အမူအရာဖြင့်ပင် 'လူငယ်တွေပဲ သူလုပ်ချင်ရာ လုပ်ပစေ'ဟု တစ်ခွန်းတည်းသာ ပြောဖော်ရသည်။ ဘဘသည် စိတ်နှလုံး အေးချမ်းစွာဖြင့် လူ့လောကမှ နုတ်ထွက်ရန် အသင့်ဖြစ်နေပေပြီ။ သည်အိမ်ကြီးမှာ ဘဘမှလွဲ၍ မည်သူမျှ အေးချမ်းမှု မရသေးပေ။

မေမေသည် မမိုးအေးနှင့် ရန်မဖြစ်အားသေးဘဲ ပွဲရုံကိစ္စ ရန်ကုန်မှာ အဆက်အသွယ်ရရေးကိစ္စတို့ဖြင့် အလုပ်ရှုပ်နေရပြန်သည်။ လေးလေးသည် ကားတစ်စီးဖြင့် မေမေ့ဘေးမှ ထိုင်လိုက်ရင်း သံပတ်ပေးထားသော အရုပ်တစ်ရုပ်လို လှုပ်ရှားနေလေသည်။ မမိုးအေးက အလုပ်အတွက် စာမေးပွဲဖြေရန် ရန်ကုန်ဆင်းဖို့ ပြင်ဆင်နေချိန်မှာတော့ မေမေသည် မမိုးအေး တကယ်ပင် အလုပ်သွားရမှာကို စိုးရိမ်ပူပန်လာပြန်ကာ မသွားဖြစ်အောင် ဖျက်နေသေးသည်။

BURMESE CLASSIC .com

'ရန်ကုန်မှာ ဘယ်သူမှမှ မရှိတာ၊ သမီး ဘယ်မှာသွားနေမှာလဲ'

'အမျိုးသမီး ဘော်ဒါဆောင်တွေ ပေါပါတယ် မေမေ၊ သမီး သူငယ်ချင်းတွေ ရန်ကုန်မှာ အလုပ်လုပ်နေကြတာ အများကြီးပဲ'

'ဒီမှာရနိုင်တဲ့ အလုပ်ကို လျှောက်ပါလား သမီးရယ်'

'သမီးမှာ လုပ်စရာတွေရှိသေးတယ် မေမေ၊ သမီး ကျောင်းလဲ ဆက်တက်ချင်တယ်၊ ဒါမှမဟုတ်လဲ တခြားသင်တန်းတွေ တက်ချင်တယ်၊ ရှေ့နေသင်တန်းဖြစ်ဖြစ်၊ အနည်းဆုံး စက်ချုပ်သင်တန်းဖြစ်ဖြစ် တက်နေမှာပဲ'

'အဓိကကတော့ မေမေတို့နဲ့ မနေချင်လို့' ဟုသာ ပြောချလိုက်ချင် လာမိလေသည်။ သည်တစ်ခါတော့ မေမေကလည်း ယခင်ကလောက် ပြင်းပြင်းထန်ထန် မတားမြစ်တော့ပေ။ ရန်ကုန်မှာနေခြင်းအတွက် ကိုဖေခင်နှင့် နီးစပ်မှာတစ်ခုတည်းကိုသာ မေမေ အစိုးရိမ်ဆုံးဖြစ်လေသည်။

'အေးလေ သမီး လုပ်ချင်ရာလုပ်ဖို့ မာမီ ဒုတိယအကြိမ် သဘော တူလိုက်ပါတယ်၊ ဒါပေမယ့် သမီးရဲ့ အိမ်ထောင်ရေးကို စဉ်းစားတဲ့ အခါကျရင်တော့'

'သမီး လင်မယူတော့ဘူး မေမေ၊ အပျိုကြီးပဲ လုပ်မယ်၊ မေမေ ကျေနပ်လား'

မေမေ့ မျက်လုံးများဝင်းလဲ့သွားကာ မမိုးအေးက နောက်ပြောသည်ကိုပင် တကယ်ပင် ဝမ်းသာသွားလေသည်။

'တကယ်လား သမီး၊ ဒီလိုဆို မာမီ တကယ်ဝမ်းသာတယ်၊ ဟုတ်တယ်၊ သမီးပြောသလိုပဲ မာမီတို့မှာ တလောကလုံးမှာ နှစ်ယောက်တည်းရှိတာ'

မမိုးအေးသည် မေမေ့ကို နားမလည်နိုင်သလို ဖြစ်သွားရပြန်သည်။ ဒီလိုဆို 'လေးလေးကကော'ဟု မေးလိုက်ချင်သော်လည်း မျိုသိပ်ထားလိုက်ရသည်။

BURMESE CLASSIC .com

'မေမေကော ဟင် တစ်သက်လုံး ဒီလိုပဲနေသွားမှာလား'

မေမေသည် မျက်ရည်များ ဝဲစပြုလာကာ ခေါင်းကို တဆတ်ဆတ် ညိတ်လေသည်။ မမိုးအေးကိုလည်း မပြုဘူးသော ယုယကြင်နာမှုမျိုးဖြင့် ရင်ခွင်ထဲကို ဆွဲသွင်းကာ နဖူးကို နမ်းရှုပ်လိုက်လေသည်။ မမိုးအေးကလည်း မေမေ့ကို ပြန်လည်ဖက်တွယ်ကာ 'ဒီလိုသာဆို သမီး မေမေနဲ့ အတူနေရမှာ မကြောက်ပါဘူး'ဟု စိတ်ထဲမှ ပြောနေမိသည်။

'လူငယ်ဆိုတာ စွန့်စားချင်တဲ့စိတ် ရှိတယ်တဲ့၊ သမီး ဘဘက ပြောတယ်၊ သမီးဟာ အဖေ့သွေးပါတဲ့ သမီးပဲ၊ အလုပ် လုပ်ချင်တဲ့စိတ် ရှိတယ်၊ မိဘရဲ့ စည်းစိမ်ဥစ္စာအောက်မှာ ရေစုန် မျောချင်တဲ့စိတ် မရှိဘူး၊ ဒါပေမယ့် သမီးဟာ ငယ်ပါသေးတယ်ကွယ်၊ လူ့ဘဝကို ရင်ဆိုင်ကြည့်ရင် သိပါလိမ့်မယ်၊ ဒါပေမယ့် သမီး စမ်းကြည့်ဦးပေါ့လေ၊ သမီးနောက်မှာ မာမီရှိနေတာပဲ'

ကြည့်စမ်း၊ သည်လိုဆိုတော့လည်း မေမေ့ စကားတွေက တန်ဖိုး ရှိလိုက်တာ။ ဒါပေမယ့် သမီးနောက်မှာ မေမေ ရှိနေတယ်ဆိုတာ ကိုတော့ သိပ်ပြီး မကြိုက်ချင်။ အဲဒါကိုက လူငယ်တွေကို ဖျက်ဆီးနေတာပဲ။ မိဘချမ်းသာမှုနဲ့ သက်သောင့်သက်သာနေနိုင်တဲ့ လူငယ်တွေ၊ မိဘသြဇာ အာဏာနဲ့ ကြွားကြွားဝါဝါနေနိုင်တဲ့ လူငယ်တွေ၊ သူတို့တွေဟာ မိဘအရှိန် အဝါကို ဖယ်လိုက်ရင် ပင်ကို အရည်အသွေး ဘာမှ မရှိသလောက်ဘဲ သိပ်နှမြောစရာ ကောင်းတယ်။ ကိုဖေခင်နဲ့ တွေ့ရင်တော့ ဒါတွေပြောဖို့ သွားကို တွေ့ရဦးမှာပဲ။

သည်တစ်ခါ မေမေနှင့် ပြေပြေလည်လည် ခွဲခွာရသည့်အတွက် စိတ်ချမ်းသာမိသည်။ မေမေ ပျော့ပျောင်းလာတာ လေးလေးကြောင့်များ လားဟု တွေးမိပြန်သည်။ နန်းမြထွေးနှင့် ကိုစောနိုင်တို့ကို သွားနှုတ်ဆက် တော့ သူတို့ကလည်း ဝမ်းသာသည်တဲ့။ အောင်မြင်ပါစေဟု ဝိုင်းဆုတောင်း ကြသည်။ နန်းမြထွေးကလည်း ဟိုပုန်းမှာ ကျောင်းဆရာမ အလုပ်ရသည်။ သူ့ချစ်သူ ဆရာဝန်က ဆေးခန်းလာဖွင့်မယ်လို့တဲ့။ သူတို့ မကြာခင်

BURMESE CLASSIC .com

လက်ထပ်တော့မည်။ ကိုစောနိုင်ကတော့ မမိုးအေးကို သန့်စင်နှစ်လိုဖွယ် အပြုံးဖြင့် နှုတ်ဆက်ကာ 'မမိုးအေးကို ကျွန်တော် အထင်မသေးပါဘူး၊ ကျွန်တော့်ကိုတော့ မေ့မသွားပါနဲ့၊ စာရေးပါ'ဟု တည်တည်ငြိမ်ငြိမ် ဆိုလေသည်။

လေဆိပ်ကိုတော့ သူတို့ လိုက်မပို့တော့ပေ။ မေမေကလည်း သမီးကို တစ်ယောက်တည်း လွှတ်လိုက်ရတာ မကြည့်ချင်၊ တောင်ကြီးကို ပြောင်းလာမိတာပင် မှားပြီဟု တဖွဖွပြောကာ မမိုးအေးကို လိုက်မပို့တော့ပေ။ လေးလေးတစ်ယောက်သာ မမိုးအေးကို ကားမောင်း၍ လိုက်ပို့လေသည်။ မမိုးအေးသည် လေးလေးကို စကားအချေအတင် မပြောတော့ဘဲ အေးဆေးငြိမ်သက်စွာ လိုက်ပါလာသည်။ လေးလေးကတော့ ခွဲခွာကာနီးမှာ စကားတစ်ခွန်းပဲ ပြောသည်။

'မိုး လေးလေးကို အထင်မကြီးတော့ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် လေးလေးဟာ မိုးတို့သားအမိ နှစ်ယောက်လုံးအပေါ်မှာ စေတနာသန့်သန့်ထားပါတယ်၊ ယုံပါ။ အထူးသဖြင့် မိုးအပေါ်မှာ အညွှန့်အတက်တွေ ထွက်လာဆဲဖြစ်တဲ့ ပန်းပင်လေးတစ်ပင်ကို အပွင့်အခက်တွေ ဝေဝေဆာနေတဲ့အထိ မြင်ချင်တဲ့ဆန္ဒ ရှိပါတယ်'

မမိုးအေးက လေးလေး၏ စေတနာကို အသိအမှတ်ပြုရမည်လား၊ ဝမ်းနည်းရမည်လား မသိဘဲ တောင်ကြီးမြို့ကို ခွဲခွာခဲ့ရ ပြန်လေသည်။ မမိုးအေး၏ ရည်ရွယ်ချက်တို့သည် ရန်ကုန်မှာရှိ၍ မမိုးအေး၏ အသည်းနှလုံးသည် ပန်းတွေပေါသော တောင်ကြီးမြို့မှာပင် ရှိလေသည်တကား။

# ၉

တကယ်တော့လည်း မည်သူ့အကူအညီမျှ မပါဘဲ အလုပ်တစ်ခုလုပ်ဖို့ ဆိုသည်မှာ လွယ်ကူသောအလုပ် မဟုတ်ပေ။ စာမေးပွဲဖြေပြီး အေးအေး ဆေးဆေး ထိုင်စောင့်နေရုံနှင့်တော့ အလုပ်ရမည် မဟုတ်ဟု အတတ်သိနေ လေသည်။ မိဘအရှိန်အဝါကို မခံယူလိုပါဘူးဟု ကြေညာခဲ့သော်လည်း တစ်ချိန်က ဖေဖေနှင့် မကင်းရာမကင်းကြောင်း မိတ်ဆွေများကိုရှာ၍ အကူအညီတောင်းရလေသည်။

မမိုးအေးနေသည့် ဘော်ဒါဆောင်မှာ ကျောင်းသူတွေမရှိ၊ အလုပ် လုပ်နေသူ မိန်းကလေးတွေပဲ ရှိသည်။ ရုံးနားနီးသော အိမ်ကိုရှာ၍ နေလျှင်ရသော်လည်း အေးဆေးငြိမ်သက်မှုကို နှစ်ခြိုက်၍ မနီးမဝေး မြေနီကုန်းအနီး ပြည်လမ်းပေါ်မှ အိမ်တစ်အိမ်ကို ရွေးခဲ့သည်။ အလုပ် မရခင်ကပင် ထမင်းတစ်ချိုင့်ကို တစ်ရာ့ရှစ်ဆယ် ပေးနေရ၍ မေမေသာ ငွေထည့်မပေးလိုက်လျှင် အခက်ပဲဟု တွေးမိရပြန်လေသည်။ ရန်ကုန်ရောက် ရောက်ချင်း စာအုပ်အချို့ကို ရှာဝယ်ကာ ရုပ်ရှင်ကိုတော့ တစ်ယောက်တည်း မကြည့်ဝံ့တော့၍ မကြည့်ရသေးပေ။ ကိုဖေခင်နှင့် တွေ့ချင်လှသော်လည်း

BURMESE CLASSIC .com

လိပ်စာ သေသေချာချာ မေးမထားမိသဖြင့် မတွေ့ရ။ ဝယ်နေကျစာအုပ် အဟောင်းဆိုင်ကတော့ မကြာခဏ လာတတ်သည်ဆို၍ စာတစ်စောင် ပေးထားခဲ့သည်။

စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီး ဝယ်လာသော်လည်း တကယ် ဖတ်မည်ဆိုတော့ ဖတ်ချင်စရာရှာမရ ဖြစ်နေလေသည်။ အင်္ဂလိပ်စာ ကိုလည်း နိုင်နိုင်နင်းနင်း ဖတ်သည့်အကျင့် မရှိသေး၍ ဘာသာပြန် စာအုပ်တွေကိုပဲ အားကိုးရသည်။ ‘ပလိပ်’ စာအုပ်ကိုတော့ အတော်လေးပဲ နှစ်ခြိုက်မိပြန်သည်။ မူရင်းကို ရှာဖတ်မည်ဟု အားခဲထားသော်လည်း မဖတ်ဖြစ်သေးပေ။ ကျောင်းနေတုန်းက အင်္ဂလိပ်စာ အခိကယူခဲ့ရရင် ကောင်းမှာပဲဟု တွေးမိပြန်လေသည်။ ထက်မြက်ပြောင်မြောက်လှသော စကားလုံးများကို တဖွဖွရွတ်ကာ လူတိုင်းမှာ ဒီလို အတွေးအခေါ်တွေရှိရင် သိပ်ကောင်းမှာပဲဟု အောက်မေ့သေး၏။ သည်လိုဆိုတော့လည်း လူ့လောက ကြီးသည် တစ်ပြေးညီဖြစ်ပြီး အငြင်းပွားမှု၊ ဆန့်ကျင်မှုမရှိတော့ဘဲ ငြီးငွေ့စရာကြီး ဖြစ်နေမည်လား မသိပေ။ အနည်းဆုံး မေမေနှင့်တောင် စကားနိုင်လုစရာ လိုမည်မထင်ပေ။

တစ်ခန်းတည်းနေသူ မခင်နွဲ့ကမူ ကိုယ်တိုင် ထမင်းချက်စား လေသည်။ သူက အလုပ်လက်ရှိ၊ အသက်အာမခံရုံးမှာ အထက်တန်း စာရေး ဖြစ်သည်။ ရုံးကပြန်လျှင် ဈေးဝင်ဝယ်လေသည်။ အာလူးနှင့် ဘဲဥကို တစ်လှည့်စီ ကြော်စားလေသည်။ ရသည့်လခထဲမှ သူ့မိခင် မုဆိုးမကို တစ်လတစ်ရာ ပို့သေးသည်တဲ့။ မမိုးအေးလဲ လခရလျှင် မေမေ့ဆီ ပို့ရဦးမည်။ မေမေ အံ့ဩမည်လား၊ တစ်ခုခုပြောမည်လား မသိပေ။ ယခုတော့ မေမေပေးလိုက်သော ငွေထဲမှ သုံးရာကျော်ကို သုံးလိုက်ပြီးပြီ။ အလုပ်က လူတွေ့စစ်ဆေးခံဖို့ စောင့်ရဦးမည်။ သူ စုထား သည့် ငွေနှင့် ပေါင်းလျှင် စုစုပေါင်း ငါးရာလောက်တော့ ကျန်သေးသည်။ ငွေတစ်ပြားမှမပါဘဲ ရန်ကုန်မှာ အလုပ်လာရှာတဲ့ မိန်းကလေးတွေ

BURMESE CLASSIC .com

ဘယ်လိုနေကြပါလိမ့်။ လက်တွေ့ အလုပ်လုပ်မကြည့်ဘဲ ဘဝအကြောင်း မသိနိုင်ဟူသော စကားမှာ မှန်လှ၏။

လောလောဆယ်အားဖြင့်တော့ မမိုးအေးမှာ ရုပ်ရှင်ကြည့်ဖို့ အဖော်ရပြီ။ တစ်ဖက်ခန်းမှ မြမြက ရုပ်ရှင်ဝါသနာပါကြောင်း ရေချိုးခန်းမှာ စကားစပ်မိကြသည်။ သူကတော့ သမဝါယမရုံးချုပ်မှာတဲ့။ နှစ်ယောက် အတူ ချိန်းပြီး ရုပ်ရှင်သွားကြသည်။ မြေနီကုန်းမှာတော့ ကလေးတွေ ဆူလွန်း၍ မကြည့်ချင်။ သမတရုံက ကားသစ်ကိုပဲ ဝင်တိုးမည်ဆိုကာ မြမြက နှစ်ကျပ်ခွဲတန်းမှာ မပြောမဆိုဝင်ပြီး တန်းစီလေသည်။ မမိုးအေးသည် ထူပူပြီး ဘာလုပ်ရမှန်းမသိဖြစ်ကာ မြမြကို လူအုပ်ထဲမှ ဆွဲထုတ်မိသည်။ နောက်မှ ယောကျ်ားလေး တစ်သိုက်က 'ဟေ့ ဟေ့ ရှုပ်မနေနဲ့ ထွက်ချင် မြန်မြန်ထွက်'ဟု အော်သံကြားရလေ၏။

'ဘာဖြစ်လို့လဲ မိုးရဲ့'

မြမြက နားမလည်သလို မေးသည်။ လူကြားထဲမှ အတင်းတိုးထွက်လာပြီး ချွေးတွေပြန်နေသော မမိုးအေးသည် တော်တော်နှင့် စကား မပြောနိုင်ပေ။

'မြကလဲကွယ် ရှေ့ကနေ အတင်းစွတ်တိုးတော့တာပဲ၊ လာပါ စတောလ်က ဖြစ်ဖြစ်၊ ဒီစီက ဖြစ်ဖြစ် ကြည့်ရအောင်'

'ကားက အသစ်ကြီးရှိသေးတာ၊ သိပ်ပေးနေရမှာပေါ့'

'ဘယ်လောက်ဖြစ်ဖြစ်ကွာ'

လက်မှတ်မှောင်ခိုရောင်းသည့် မိန်းမတစ်ယောက်က 'ဒီစီ တစ်ဆယ်' ဟု ပြောကာ သူတို့နားမှ လှစ်ခနဲ ထွက်သွားသည်။ ထိုမိန်းမ နောက်ကို မီးရထားဂုံးနားအထိ လိုက်သွားရသေးသည်။ မမိုးအေးက ငွေနှစ်ဆယ်ပေးလိုက်ရသည့်အတွက် စိတ်ထဲမှာ ဘယ်လိုမှ မခံစားရ သော်လည်း မြမြကမူ ရုပ်ရှင်ကိုပင် ဖြောင့်အောင်မကြည့်နိုင်ဘဲ တဖွဖွ ညည်းနေလေသည်။

'ငွေနှစ်ဆယ်ဆိုရင် ဘတ်စ်ကား တစ်လစီးလို့ ရတယ်၊ ဖိနပ် တစ်ရံ ဝယ်လို့ရတယ်၊ နှမြောလိုက်တာ'

BURMESE CLASSIC .com

'အိုကွယ် သူများတွေက ငွေ သိန်းသန်းချီအောင် အကုန်အကျခံပြီး ရိုက်ထားရတဲ့ကားကို ကိုယ်က ငွေနှစ်ဆယ်တည်းနဲ့ တစ်ထိုင်တည်း ကြည့်ရတာ'

'ဒါပေမယ့် သူတို့က ငွေတွေ သိန်းသန်းချီပြီး ပြန်ရတာ၊ ကိုယ်တို့က တစ်လမှ သုံးရာပဲရတာ'

မမိုးအေးပါ ရုပ်ရှင်ကို ဖြောင့်အောင် မကြည့်ရတော့ပေ။

နောက်တော့လည်း ရုပ်ရှင်ကို ရုံတင်စရက်မှာ မကြည့်တော့ဘဲ လက်မှတ်ဝယ်လို့ လွယ်သည်အထိ စောင့်ပြီးကြည့်ရသည်။ ဒါတောင် မြမြက လေးကျပ်တန်းမှာ သိပ်မကြည့်ချင်၊ နှစ်ကျပ်ခွဲတန်းကိုပဲ တိုးချင်သေးသည်။ ရုပ်ရှင်ဖိုးကို မမိုးအေးက အမြဲ အကုန်ခံလိုသော်လည်း တစ်ခါတစ်ရံတော့ မြမြက ဇွတ်အတင်းပေးသည်။ ဘာပဲဖြစ်ဖြစ် သူ့မှာလဲ မာနတော့ ရှိမှာပေါ့။ မမိုးအေးမှာတော့ သည်အဖော်တစ်ယောက်ကိုပဲ အားထားနေရလေသည်။

အလုပ်က လူတွေ့စစ်ဆေးကာနီးမှာ မေမေ့ဆီက စာလာသည်။ 'သမီး၊ ခေါင်းမာမနေနဲ့၊ အလုပ်မရရင် တောင်ကြီးကို ပြန်လာခဲ့ပါ၊ သမီးဘာဘာလဲ ကောင်းကောင်း မမာဘူး'ဟု ရေးထားလေသည်။ မေမေသည် အလုပ်ကိစ္စအတွက် ဘယ်သူ ဘယ်ဝါဆီ သွားပါဟု မတိုက်တွန်းပေ။ မမိုးအေးကတော့ အခွင့်အရေးယူသည်ပဲ ဆိုချင်ဆိုတော့ မေမေတို့မိတ်ဆွေတွေဆီ စုံအောင်လိုက်တွေ့ပြီး အကူအညီ တောင်းသည်။ 'အကူအညီမရှိတဲ့ ဘဝတူတွေကို စော်ကားရာကျတာပဲ'ဟု တွေးမိသော်လည်း 'မတတ်နိုင်ပါဘူးလေ' ဟု ဖြေသိမ့်နေမိပြန်သည်။ လူကြီးအချို့ကတော့ 'ပဂ္ဂိဆွေ့ သမီးက အလုပ်လုပ်မလို့တဲ့လား'ဟု အံ့ဩစွာ ဆိုလေသည်။

အင်တာဗျူး ဖြေပြီးတော့လည်း အလုပ်ရဖို့က အချိန်ကြာကြာ စောင့်ရဦးမည်။ မမိုးအေးသည် ကျပျောက်သွားသလို တစ်စတစ်စ လျော့ပါးသွားသော ငွေများကိုကြည့်ကာ ထိတ်လန့်စ ပြုလာလေသည်။ ရုပ်ရှင်ကိုပင် မှန်မှန်မကြည့်ဝံ့တော့ပေ။ ထမင်းလခ ပေးစားရသည်မှာ

BURMESE CLASSIC .com

အကုန်အကျပိုသည်ဟု တွက်မိပြီး ကိုယ်တိုင်ချက်စားဖို့ စိတ်ကူးမိပြန်သည်။ သူများနှင့်တော့ ပေါင်းမချက်ချင်။ တော်ကြာ သူများ ထမင်းချက်ချိန်မှာ ကိုယ်က စာထိုင်ဖတ်နေ၍ ကောင်းမည် မဟုတ်။ လွတ်လွတ်လပ်လပ် တစ်ယောက်တည်း ချက်ချင်သည့် အချိန်မှာ ချက်ပြီး စားချင်သည့်အချိန်မှ စားချင်သည်။ သည်လိုဆိုတော့လည်း သူ့မှာမီးဖို၊ အိုးခွက် စသည် မရှိသေး။ အနည်းဆုံး မီးဖိုတစ်ခု၊ ဒန်အိုးတစ်လုံး၊ ဒယ်အိုးတစ်လုံး၊ ပန်းကန်တစ်ချပ်၊ ဇွန်းတစ်ချောင်းတော့ ရှိမှ။ ဒါတွေ ဝယ်ရဦးမည်ပဲ။ ပြီးတော့ ဆီတို့ ဆားတို့ နနွင်းမှုန့်တို့ ငရုတ်သီးတို့လည်း လိုလိမ့်ဦးမည်။ အို ရှုပ်လိုက်တာ။

နောက်နေ့တွင် လှည်းတန်းဈေးကိုသွားပြီး ငါးပိကြော်နှင့် သရက်သီးသနပ် တစ်ပုလင်း ဝယ်ခဲ့လေသည်။ ထမင်းဖြူတစ်ထုပ် ဝယ်ရကောင်းမလားဟု ထမင်းဆိုင်ဝတွင် ရပ်ကြည့်ဆဲ 'လာလေ အစ်မ၊ ဘာစားမလဲ၊ အထဲမှာ နေရာရှိပါတယ်'ဟု ဝိုင်းခေါ်ကြသဖြင့် ရှက်အမ်းအမ်းဖြစ်ကာ ပြန်ထွက်လာခဲ့သည်။ စာအုပ်ဆိုင်နားရောက်မှ ကိုဖေခင်ကို မမျှော်လင့်ဘဲ ဘွားခနဲ တွေ့လိုက်ရလေ၏။

'ဟင် မမိုးအေး ရန်ကုန်ရောက်နေသလား'ဟု ကိုဖေခင်က အံ့သြစွာမေး၏။

'နှစ်လကျော်သွားပြီ ကိုဖေခင်၊ ပန်းဆိုးတန်းက စာအုပ်ဆိုင်မှာ ကျွန်မ စာတစ်စောင် ပေးထားတယ်၊ မရဘူးလား'

'ကျွန်တော်လဲ အညာပြန်နေတာ၊ ပြန်ရောက်တာ မကြာသေးဘူး၊ ခုလဲ အဒေါ်ဆီ ခဏလာတာ'

ကျွန်မ မြေနီကုန်းနားက ဘော်ဒါဆောင်တစ်ခုမှာနေတယ်၊ ကိုဖေခင် အားရင် လိုက်လည်ပါလား'

ကိုဖေခင်သည် မမိုးအေးကို အံ့သြစွာကြည့်ရင်း နောက်မှလိုက်သွားလေသည်။ မမိုးအေးသည် ဘတ်စ်ကားပေါ်ကိုလည်း သူ့ထက် ဦးအောင် တိုးဝှေ့တက်သွားလေသည်။ မမိုးအေးတို့ အဆောင်လေးမှာ တိုက်ကြီး

တစ်လုံး၏ နောက်မှ ကားဂိုဒေါင်ကို အခန်းဖွဲ့ထားခြင်းမျှသာ ဖြစ်လေသည်။ မမိုးအေးသည် အခန်းအပြင်ဘက်တွင် ချထားသော ခပ်ယိုင်ယိုင် စားပွဲတစ်လုံးမှ ကုလားထိုင်တစ်လုံးပေါ်တွင် သူ့ကို နေရာချပေးပြီး အခန်းထဲ ဝင်သွားလေသည်။ ပြီးတော့ အင်္ကျီအဟောင်းတစ်ထည်ကိုလဲ၍ ပြန်ထွက်လာသည်။ လက်ထဲမှာ ဘီစကွတ်မုန့်တွေ ပါလာလေသည်။ စားပွဲပေါ်တွင် စက္ကူဖြူဖြူ တစ်ချပ်ခင်းပြီး သူ့ကို ပုံ၍ ကျွေးလေ၏။

'ဘယ်လိုလဲ မမိုးအေး၊ အခြေအနေတွေ အတော်တိုးတက်နေပါလား၊ ကျွန်တော်တောင် လိုက်မမီတော့ဘူး'

ကိုဖေခင်က စကား စ လိုက်လေသည်။

'သိပ်လဲ အထင်မကြီးနဲ့ဦး ကိုဖေခင်၊ အလုပ်က စာမေးပွဲ ဖြေထားတာ ရမရ မသိရသေးဘူး၊ မရရင်တော့ တပ်ခေါက်ပြီး အမေ့ဆီ ပြန်ရမလိုဖြစ်နေပြီ၊ ခုတောင် ပိုက်ဆံကုန်ခါနီးလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်'

ထမင်းချိုင့်များကို ထမ်းလာသော ကောင်လေးတစ်ယောက် ဝင်လာ လေသည်။ မမိုးအေးက ထမင်းချိုင့်တစ်ခုကို လှမ်းယူရင်း 'လကုန်ရင် မယူတော့ဘူး၊ ထမင်းဖြူချည်းပဲ တစ်ကျပ်ဖိုးလောက် ယူယူလာခဲ့ပါ'ဟု မှာလိုက်လေသည်။ ပြီးတော့ နေရာမှာပြန်ထိုင်ရင်း ကိုဖေခင်ကို ကြည့်၍ အဟဲခနဲ တစ်ချက်ရယ်လိုက်လေသည်။

'မမိုးအေးတို့ မေမေက အမွေဖြတ်လိုက်တာတော့ မဟုတ်ပါဘူးနော်'

မမိုးအေးက သဘောကျစွာ ရယ်ပြန်သည်။

'မေမေက ငွေငါးရာ ပေးလိုက်တယ်၊ ကိုယ့်ဘာသာ စုထားတဲ့ ငွေက သုံးရာလောက် ပါလာသေးတယ်၊ ရောက်ရောက်ချင်း စာအုပ်တွေ ဝယ်ပြီး ရုပ်ရှင်ချည်းကြည့်ပစ်လိုက်တာ ခု တစ်ရာလောက်ပဲ ရှိတော့တယ်၊ မေမေ့ဆီလဲ ထပ်မမှာချင်ဘူး'

'အလုပ်က ဘယ်တော့ရမှာလဲ'

BURMESE CLASSIC .com

'မသိပါဘူး၊ လောလောဆယ်ဘိုင်ပြတ်ရင်တော့ ဒီက အိမ်ရှင်ကလေးတွေကို ကျူရှင်ပေးမယ်လို့ ပြောထားတယ်'

ကိုဖေခင်သည် မမိုးအေးကို တည်ငြိမ်စွာပင် ကြည့်နေလေသည်။ သူ့ဘဝနှင့်သူ အဆင်ပြေနေသော မိန်းကလေးတစ်ယောက်ကို ကြမ်းတမ်းသော လူ့လောကထဲမှာ ဝင်ရောက်ရုန်းကန်ဖို့ သွေးဆောင်ခဲ့မိလေသလားဟု သူ သံသယ ဖြစ်နေမိလေသည်။

'ဘာတွေစဉ်းစားနေတာလဲ ကိုဖေခင်၊ ကျွန်မအတွက် စိတ်မကောင်း ဖြစ်နေသလား၊ ကျွန်မတော့ စိတ်မပျက်ပါဘူး၊ ပျော်တယ်၊ ကျွန်မတို့ အခုနေတာ မိန်းကလေးငါးယောက်ရှိတယ်၊ အားလုံး အလုပ်လုပ်နေတဲ့ သူတွေချည်းပဲ၊ ခုလို လွတ်လွတ်လပ်လပ်နဲ့ အစွမ်းရှိသလောက် ရုန်းကန်ရတဲ့ဘဝကို ကျေနပ်တယ်မဟုတ်ပေမယ့် ကျွန်မတို့ ပျော်ပါတယ်'

'ဝမ်းသာပါတယ် မမိုးအေးရယ်၊ ကျွန်တော်က ဘာမှ မကူညီနိုင်တဲ့ အခြေအနေမို့သာ စိတ်မကောင်းတာပါ'

'အို ကိစ္စမရှိပါဘူး ကိုဖေခင်၊ ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက် နီးနီးနားနား ရှိတယ်ဆိုရင်ပဲ အားရှိပါပြီ'

မမိုးအေး၏ ဖြောင့်စင်းသောစိတ်ထားကို သိထားနှင့်၍ မမိုးအေးဆိုလိုသောစကားကို ကောင်းစွာ နားလည်လေသည်။ မမိုးအေးက အချိန်အတန်ကြာအောင်ပင် တောင်ကြီးမြို့မှ မေမေ့ အစီအစဉ်များအကြောင်း လေးလေးနှင့် ကိုစောနိုင်တို့ အကြောင်း စီကာပတ်ကုံး ပြောပြနေလေသည်။ မှောင်စပျိုးလာသောအခါ မမိုးအေးသည် ရုတ်တရက် သတိရကာ 'ဟင် ကိုဖေခင်တော့ ထမင်းဆာနေတော့မှာပဲ၊ ကျွန်မ ထမင်းချိုင့်စားသွားပါ'ဟု ညွှဝတ်ပြုလေသည်။

'နေပါစေ မမိုးအေးရယ်၊ လကုန်ဖို့နှစ်ရက်ပဲ လိုတော့တယ်၊ ထမင်းဖြူနဲ့ သရက်သီးသနပ်ပဲ စားရတော့မှာဆိုတော့ မမိုးအေးပဲ ဝအောင်စားလိုက်ပါတော့'

ကိုဖေခင်သည် နေရာမှထရင်း မမိုးအေးကို နှုတ်ဆက်သည်။

‘ကျွန်တော် မကြာမကြာ လာလည်ပါရစေ’

‘ပြောနေရသေးလား ကိုဖေခင်ရယ်၊ ကိုဖေခင့်ကို တွေ့ချင်ရင် ကျွန်မ ဘယ်မှာ ရှာရမလဲ၊ ပြောခဲ့ပါဦး’

‘ပန်းဆိုးတန်းက လောကနတ် ပန်းချီခန်းမှာမေးရင် ရပါတယ်၊ ကျွန်တော်နေတဲ့နေရာတော့ မလာနဲ့၊ သူငယ်ချင်းအိမ်မှာ ခုတင်တစ်လုံးစာ ကပ်နေရတာ’

‘ကောင်းပြီလေ၊ ကျွန်မ အလုပ်ရရင်တော့ ကိုဖေခင့်ကို တစ်ပွဲ ကောင်းကောင်းကျွေးရမယ်၊ အရင်တစ်ခါလို ကုက္ကိုင်းမှာ’

ကိုဖေခင်သည် သတိရစွာ ပြုံးလိုက်သည်။

‘မမိုးအေး ရှေ့လျှောက် ရင်ဆိုင်စရာတွေ အများကြီးရှိသေးတယ်၊ စိတ်ဓာတ်ကျမသွားပါစေနဲ့လို့ ဆုတောင်းပါတယ်ဗျာ’

မမိုးအေးကတော့ သူ့အခြေအနေကို သူ့ဘာသာ ကျေနပ်မဆုံးဖြစ်သော အမူအရာဖြင့် အပြုံးမပျက် ကျန်ရစ်ခဲ့လေသည်။

*

ရတ်တရက် သံကြိုးစာရတော့ ဘာလုပ်ရမည်ကို ချက်ချင်း ဆုံးဖြတ်မရဘဲ ငိုင်နေမိလေသည်။ မြမြ ရုံးကပြန်လာတော့ အကျိုးအကြောင်းကို အေးဆေးစွာ ပြောပြမိလေသည်။

‘မိုးတို့ ဘဘ ဆုံးပြီတဲ့၊ မေမေ့ဆီက သံကြိုးစာလာတယ်’

‘ဟင် ဒီလိုဆို မိုးပြန်ရမှာပေါ့’

မမိုးအေးသည် ယခုမှပင် သတိဝင်လာကာ ဖြန်းခနဲထပြီး အထုပ်အပိုး ပြင်လေသည်။

‘ဟုတ်သားပဲ မိုးသွားရမှာပေါ့နော်၊ မိုး ဘာလုပ်ရမှန်းမသိလို့ တစ်နေ့လုံး ထိုင်စဉ်းစားနေတာ’

‘သြော် ခက်ပါဘိတော့ မိုးရယ်’

နောက်တစ်နေ့ နံနက်စောစောရထားဖြင့် မမိုးအေး တောင်ကြီးကို ပြန်ရလေသည်။ ဘဘ၏ ရုပ်အလောင်းကိုတော့ မြင်လိုက်ရသေးသည်။ သို့သော် ဘဘသည် အေးချမ်းဆိတ်ငြိမ်စွာ လူ့လောကကို စွန့်ခွာသွားသည့်အတွက် ဘဘအတွက်တော့ ကောင်းရာ မွန်ရာ ရောက်မည်ပင်။ မေမေကတော့ ဘဘသေဆုံးရခြင်းအတွက် ဘွားဘွားဆုံးစဉ်ကထက်ပင် စိတ်နှလုံး ကြေကွဲဟန်ကိုပြကာ မမိုးအေးကိုလည်း ဘဘ၏ အချစ်ဆုံးမြေး ဖြစ်ပါလျက် နောက်ဆုံးအချိန်မှာ မြင်မသွားရရှာဟု တမ်းတနေသေးသည်။ မမိုးအေးကတော့ ဘဘသည် သူတစ်သက်လုံး စွဲမြဲစွာ နေထိုင်ခဲ့ရာအိမ်ကြီးမှ ခွာလျက် ချွေးမအလိုကျ နောက်ဆုံးလိုက်လျောခဲ့ရခြင်းသည် ဘဘအတွက် တကယ်ပင် စိတ်လိုလက်ရ ရှိခဲ့ပါလေစဟု သံသယဖြစ်မိလေသည်။

ဘဘ၏ ဈာပနတွင် ရောက်လာကြသော အနည်းငယ်မျှသော ဆွေဟောင်း မျိုးဟောင်းများထဲတွင် လေးလေး၏ အဖေနှင့်အမေလည်း အပါအဝင် ဖြစ်လေသည်။ လေးလေး၏ အမေကတော့ ဘဘပြောဖူးသလိုပင် အေးဆေးတည်ငြိမ်သော အသွင်ကို ဆောင်သော်လည်း လေးလေး၏ အဖေကတော့ နူတ်ကြမ်း လျှာကြမ်းနှင့် ခက်ထန်သော အသွင်ကို ဆောင်လေသည်။ ပြီးတော့ မြတ်လေးလမ်းမှ အိမ်ကြီးကို ရောင်းလိုက်သည့်အတွက် မကျေနပ်သည့် လေသံသည် ထွက်၍ လာခဲ့၏။ အိမ်ရောင်းလိုက်ရသည့်ငွေတွေ ဘယ်ရောက်ကုန်ပြီနည်း။ ထိုအိမ်ကြီးသည် ဘဘတစ်ယောက်တည်းသာမဟုတ် ဘဘ၏ဇနီး ဒေါ်စောသီလည်း ပိုင်ဆိုင်ခဲ့သည် မဟုတ်လော။ ဒေါ်စောသီညီမ ဒေါ်စောလှသည်လည်း မဆိုင်တော့ပြီလော။ ပြီးတော့ လေးလေးသည် ဘဘ၏ အမွေစား အမွေခံ သားတစ်ယောက်ပင်ဖြစ်လေရာ ယခုအခါ လေးလေးမှာ အဘယ်ကြောင့် လက်ဆုပ်လက်ကိုင် ပစ္စည်းမရှိ ဖြစ်နေရသနည်း။ ပွဲရုံလုပ်ငန်းသည် မည်သူ့လုပ်ငန်းနည်း။

ကွယ်လွန်သွားသူက အေးချမ်းစွာ ဘဝကူးသွားသော်လည်း ကျန်ရစ် သူတွေသည် တစ်ယောက်နှင့်တစ်ယောက် မယုံသင်္ကာသော မျက်လုံးများဖြင့် ခက်ထန်လျက်ရှိကြလေသည်။ မေမေသည် လေးလေးမှာ မိဘတွေရှိမှန်း သိခဲ့သော်လည်း ကင်းကင်းပြတ်ပြတ်ရှိခဲ့သည်ဟု ထင်မှတ်ခဲ့ဟန် တူသည်။ ယခုမှ ဘွားခနဲ ပေါ်လာသော အမွေဆိုင်များအတွက် စိတ်အနှောင့်အယှက် ဖြစ်လှစွာဖြင့် မေမေ့မျက်နှာ သုန်မှုန်နေတော့၏။

မမိုးအေးကတော့ ရန်ကုန်ပြန်ဖို့ ကိစ္စကို စကားမစဝံ့တော့ဘဲ အလုပ်ခန့်စာရလျှင် ချက်ချင်း အကြောင်းကြားမည် ဆိုသော သူငယ်ချင်းထံမှ သတင်းကိုသာ နားစွင့်နေရလေ၏။ ပြီးတော့ ယခုလို အခက်အခဲကြားမှာ မေမေ့ကို တစ်ယောက်တည်းထားခဲ့ရမှာ ဝန်လေးနေပြန်လေသည်။ ဘာပဲ ဖြစ်ဖြစ် မေမေသည် မမိုးအေး၏ မေမေ။ တစ်လောကလုံးမှာ နှစ်ယောက်တည်းသာရှိသော မမိုးအေးနှင့် မေမေ။

လေးလေးသည် မျက်နှာပူဟန်ဖြင့် မေမေ့ကို ရှောင်နေလေသည်။ ပွဲရုံကိစ္စကို စံထွန်းရွှေနှင့် လွှဲထားကာ ညဥ့်နက်မှ အိမ်ပြန် လာတတ်ပြန်သည်။ လေးလေး၏ အဖေနှင့် မေမေသည် အိမ်မှမခွာသေးဘဲ အခြေအနေတစ်ရပ်ကို စောင့်ဆိုင်းနေဟန် ရှိလေ၏။

လေးလေးပြန်ရောက်ချိန်မှာ မမိုးအေးသည်လည်းကောင်း၊ မေမေသည်လည်းကောင်း လေးလေးအနားမှာ မရှိတော့ဘဲ လေးလေး၏ အဖေနှင့် အမေသာ စောင့်နေလေသည်။ မေမေကတော့ စောစီးစွာပင် အခန်းထဲဝင်သွားပြီး တစ်ယောက်တည်း ဆန္ဒပြနေတော့သည်။ မမိုးအေးက လေးလေးကိုပြုစုရန် တာဝန်ရှိသည်ဟု ယူဆကာ ထမင်းစားခန်းဆီ လျှောက်လာခဲ့စဥ် လေးလေးတို့ သားအဖသုံးယောက် စကားပြောသံကို ကြားရလေသည်။

'အိမ်ရောင်းရတဲ့ငွေကို ပွဲရုံလုပ်ငန်းမှာ ထည့်ထားတယ်ဆိုတော့ ပွဲရုံက မင်းပိုင်တာပေါ့'

လေးလေးအဖေ ဦးမြသောင်း၏ အသံ။ တစ်ဖက်မှ ဖြေဆိုသံကို တော်တော်နှင့် မကြားရပေ။

'သူ့ငွေတွေလဲ ပါတာပေါ့၊ စစချင်း သူ့ငွေနဲ့ မတည်ထားတာပဲ'

လေးလေး၏ အားပျော့လှသော အသံကို ကြားရလေ၏။

'မင်းကိုက မရှင်းမရှင်းနဲ့၊ မိန်းမကသိပ်လည်တာ၊ ခုတော့မင်းမှာ အလုပ်လဲမရှိ၊ လက်ဆုပ်လက်ကိုင်လဲ တစ်ပြားမှမရှိဘဲ သူ ခိုင်းသမျှ ကျွန်ခံနေရမှာပေါ့'

'အို ကိုမြသောင်းကလဲ၊ သားက ကျွန်မတို့ဆီလဲ ငွေမှန်မှန် ပို့နေသားပဲ၊ သူလဲ ငွေကိုင်ရလို့ပေါ့၊ ပြီးတော့ သူတို့နှစ်ယောက်က နောင်ဆို အကျိုးတူဖြစ်လာမှာကို'

လေးလေး အမေ၏ ဝင်ပြောသံကို ကြားရပြန်လေသည်။ လေးလေးသည် ဝန်ခံသည်လည်း မမည်ဘဲ တိတ်ဆိတ်ငြိမ်သက်နေပြန်လေသည်။ ငြင်းဆိုရန် အင်အားလည်း ရှိမည် မထင်တော့ပေ။

'နေပါဦး၊ မင်းကောင်မက မင်းကို တကယ်ယူမှာလား'

ရင့်သီးသော အသုံးအနှုန်းကို ကြားလိုက်ရသဖြင့် ထိတ်လန့် ၍ပင် သွားမိလေသည်။ မေမေ့ကိုယ်စားလည်း အခံရခက်သလို ဖြစ်မိပြန်လေသည်။

'အို အဖေကလဲဗျာ၊ ဒါ ကျွန်တော့်ကိစ္စတွေပါ၊ အဖေတို့ ဘာသာ အေးအေးဆေးဆေး ပြန်စမ်းပါ၊ ကျွန်တော် အဖေတို့ကို အမြဲ ထောက်ပံ့ခဲ့တာပဲ၊ ကျွန်တော့်ဘာသာ ဆုံးဖြတ်လုပ်ကိုင်ပါရစေ'

လေးလေး၏အသံ အနည်းငယ် မာလာလေသည်။

'အေး မင်းသိထားဖို့က မစောသီဟာ သူ့ညီမကို ငါနဲ့ သဘောမတူလို့ ပစ်ထားခဲ့ပေမယ့် သံယောဇဉ်တော့ လုံးဝပြတ်တာ မဟုတ်ဘူး၊ ဒီညီအစ်မနှစ်ယောက်ပဲရှိတာ၊ ဒါကြောင့်လဲ မင်းကို ခေါ်မွေးခဲ့တာ၊ ဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေလဲ ရောက်လာမယ်မထင်လို့ အိမ်တစ်လုံးနဲ့ လိမ္မော်ခြံကို မင်းကို လွှဲပေးခဲ့တာပဲ၊ မင်းခြံကိစ္စလဲ ပစ်ထားတာကြာပြီ၊ တလောကလဲ

BURMESE CLASSIC .com

ဟိုမင်းသမီးရုပ်လို့ တော်တော် ပါသွားသေးတယ် မဟုတ်လား၊ ဒီတစ်ခါ တော့ မင်း ကုန်းကောက်စရာ မရှိအောင် ဖြစ်သွားလိမ့်မယ်၊ မင်းဟာမက အရင်က ဝန်ကတော်၊ သိပ်လည်တာ၊ မင်း ကြပ်ကြပ် သတိထားပေရော့'

'အဖေကလဲ တော်ပါတော့ဗျာ'

'ကဲပါ ကိုမြသောင်းရယ်၊ သား စိတ်ညစ်နေပါ့မယ်၊ တော်ပါတော့၊ ပစ္စည်းဆိုတာ ကိုယ်ထိုက်မှ စားရတာ'

လေးလေး အမေက ဝင်ပြောသေးသည်။

'ဟေ့ မင်း ဘာမှဝင်မပြောနဲ့၊ ဒီမှာ စိုးသစ်၊ ငါတို့ကို အတင်း နှင်မနေနဲ့၊ မင်းတို့ကိစ္စ ပြတ်ပြတ်သားသားသိရမှ ငါပြန်မယ် ဒါပဲ'

မမိုးအေးသည် အခန်းနားမှ ခွာလာလေသည်။ အိပ်ခန်းထဲကို မဝင်သေးဘဲ အိမ်ရှေ့ထွက်ခဲ့သည်။ မေမေ့ အခန်းမှာ မီးလင်းလျက်ပင် ရှိသေးသည်။ အိမ်ရှေ့ တံခါးကို ဖွင့်လိုက်သောအခါ ယခင်လို တောင်တန်း ပြာပြာကို မမြင်ရတော့ဘဲ ခြံထဲမှ စိန်ပန်းပြာပင်ကြီးကိုသာ လရောင် အောက်မှာ မှုန်ဝါးဝါးမြင်ရလေသည်။ နောက်မှ ခြေသံရှပ်ရှပ်ကို ကြားရ သည်။

'မိုး မအိပ်သေးဘူးလား၊ ဘာလို့ တံခါးဖွင့်ထားတာလဲကွယ် အေးလိုက်တာ'

လေးလေးသည် မမိုးအေးကိုကြည့်ကာ အေးဆေးတည်ငြိမ်မြဲ လေသံဖြင့် ပြောလိုက်လေသည်။ လေးလေး၏ အဖေနှင့် အမေသည် သူတို့ရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီး ဘုရားခန်းဘက်ရှိ သူတို့အိပ်ရာသို့ လျှောက်သွားသည်။

'မိုးရဲ့ရင်ထဲမှာတော့ မအေးနိုင်ပါဘူး လေးလေးရယ်'

လေးလေးမျက်နှာ ညှိုးသွားလေသည်။

'မေမေဟာ မိန်းမကြမ်းကြီးတစ်ယောက် ဖြစ်နေပြီနော်၊ တကယ် တော့ မိုးတို့ တောင်ကြီးကို လိုက်လာတာကိုက မှားပါတယ်၊ မေမေ့ကြောင့် လေးလေး ဒုက္ခရောက်နေပြီ'

'မပြောပါနဲ့တော့ မိုးရယ်၊ လေးလေးဟာ မိုးတို့ဘက်မှာ ရှိပါတယ်၊ မိုးတို့ သားအမိနှစ်ယောက်အပေါ် လေးလေး စေတနာအပြည့်ထားပါတယ်၊ လေးလေးကို ယုံပါ၊ ကဲ အိပ်တော့နော်'

မမိုးအေးသည် လေးလေးအပါးမှ ဖြည်းလေးစွာ ထွက်ခွာခဲ့၏။ လေးလေးသည် အိမ်ရှေ့ ကုလားထိုင်ပေါ်မှာ စီးကရက်တစ်လိပ်ကိုဖွာရင်း ကျန်ခဲ့လေသည်။ မမိုးအေးက သူ့အခန်းနှင့်ကပ်နေသော မေမေ့ အခန်းဆီကို လှမ်းကြည့်လိုက်သည်။ အခန်းတံခါးသည် အနည်းငယ်ဟလျက်ရှိ၏။ မမိုးအေး အသာတွန်း၍ ကြည့်လိုက်သည်။ မေမေသည် အိပ်ရာပေါ်မှာ လှဲ၍ အိပ်ပျော်လျက်ရှိသည်။ မေမေ့ ခုတင်ဘေးမှ စားပွဲပေါ်တွင် ဖန်ခွက်တစ်လုံး တင်လျက်သားရှိ၏။ သြော် မေမေသည် သူ့လောဘဒေါသမီးတွေကို မူးယစ်စေခြင်းဖြင့် ဖြေဖျောက်နေလေရော့သလား။ မမိုးအေးက မေမေ့ကို ခြင်ထောင်အသာချပေးကာ မီးကိုလည်း ပိတ်ပေးခဲ့သည်။ တံခါးကိုလည်း လုံခြုံအောင် ပိတ်ခဲ့သည်။

မမိုးအေး၏ စိတ်သောကတို့ကိုတော့ စာအုပ်ဖြင့် ဖြေဖျောက်ရပေတော့မည်။

*

'ကျွန်တော်ဟာ အချစ်နဲ့ ပတ်သက်လာရင် ပျော့ညံ့တယ်၊ သတ္တိမရှိဘူးဆိုတာ မှန်ပါတယ် မမဆွေ၊ ဒါပေမယ့် ကျွန်တော်ဟာ မမဆွေ အပေါ်မှာ သံယောဇဉ်နဲ့ချစ်ခဲ့တာပါ၊ ကျွန်တော့်မေတ္တာဟာ ခိုင်မာပါတယ်၊ မမဆွေရော မိုးအပေါ်မှာပါ ကျွန်တော် စေတနာအပြည့် ထားပါတယ်၊ ဒါကြောင့်လဲ မမဆွေ စိတ်တိုင်းကျ ကျွန်တော် ဆောင်ရွက်ပေးခဲ့တယ် မဟုတ်လား၊ ခုတော့ မမဆွေ ကျွန်တော့် စေတနာတွေကို အထင်မှားနေပြီ'

'မင်းတစ်ယောက်တည်းဆိုရင် မမဆွေ ဘာမှ သံသယဖြစ်စရာမလိုဘူး၊ ခုတော့ တစ်သက်လုံးက ပျောက်ကွယ်နေတဲ့ မင်းရဲ့ မိဘတွေရောက်လာပြီ၊ ဘာဘာ မသိအောင် မင်း တိတ်တခိုး ထောက်ပံ့ခဲ့ရတယ်

BURMESE CLASSIC .com

ဆိုတာလဲ ခုမှသိရတယ်၊ မင်းရဲ့ အဖေက အရက်သမား လူကြမ်းကြီး၊ မမဆွေ ယောက္ခမကို အောက်ကျို့ခံပြီးလဲ မနေနိုင်ဘူး၊ မမဆွေရဲ့ အလုပ်ကိစ္စတွေမှာ ဝင်စွက်တာလဲ မခံနိုင်ဘူး၊ အို မမဆွေဟာ တစ်သက်လုံး ဘယ်သူ့လွှမ်းမိုးတာကိုမှ ခံခဲ့တာမဟုတ်ဘူး၊ မမဆွေ မင်းကို လက်မထပ်နိုင်တော့ဘူး ကိုစိုး'

မေမေနှင့် လေးလေးတို့၏ တိုက်ပွဲကစလေပြီ။ ယခုတော့ လေးလေးကလည်း မိဘစကားကို နားဝင်၍ပဲလား၊ သူကိုယ်တိုင်က လိုလား၍ပဲလားတော့မသိ မေမေ့ကို လက်ထပ်ဖို့ ပူဆာနေပါပြီကော။ မမိုးအေးကတော့ သည်အသံတွေကို မကြားချင်ဘဲနှင့် ကြားနေရလေသည်။ နံရံတစ်ချပ်ခြားသော အခန်းထဲမှနေ၍ လူ့လောက၏ မာန်မာနနှင့် ချစ်မေတ္တာ အနိုင်လုပွဲကို သဲကွဲစွာ နားဆင်နေရသည်။ မေမေကတော့ သူ့မာနနှင့် ဓနဉစ္စာကို အပွန်းအပဲ့ခံတော့မည် မဟုတ်ပေ။

'ကျွန်တော် မမဆွေကို လက်ထပ်ချင်တာ အဖေတို့ အမေတို့အတွက် မဟုတ်ပါဘူး မမဆွေ၊ ကျွန်တော်နဲ့ မမဆွေအတွက် သမီး မမိုးအေးအတွက်'

လေးလေးက မမိုးအေးကို အမြဲလို ထည့်တွက်တတ်ပါလားဟု တွေးကာ ကျေးဇူးတင်မိပြန်သည်။ သူနှင့် လေးလေးကြားမှာ မမြင်နိုင်သော သံယောဇဉ်ကြိုး ရှိခဲ့သည်ကိုလည်း နှစ်ယောက်လုံး နားလည်ခဲ့သည်ပင်။ မေတ္တာတရား၏ သိမ်မွေ့နက်နဲပုံကို သာမန်စကားလုံးများဖြင့် သုံးနှုန်းဖော်ပြရမှာ ကြမ်းတမ်းလွန်းလှ၏။ သို့သော် မေမေကတော့ သူ့ရင်ထဲမှ တွေးထင်ချက်ကို ထုတ်ဖော်ရာမှာ စကားလုံး မရွေးချေ။ အဓိပ္ပာယ်ပေါက်ဖို့ကိုသာ အဓိကထားဟန် တူလေ၏။

'ဟုတ်တယ်၊ ခုတော့ သမီးအတွက်ပါ စဉ်းစားပြီး ကိုစိုးကို ပိုလို့တောင် လက်မထပ်ချင်တော့ဘူး၊ မမဆွေက အသက်ကြီးပြီ၊ နောင် ၁၀ နှစ်ဆိုရင် အဘွားကြီးဖြစ်တော့မှာ ကိုစိုးတို့ အသိုင်းအဝိုင်းကြားမှာ သမီးတစ်ယောက်တည်း ကျန်ခဲ့ရင် နောင်ကို သမီးကိုလဲ ကိုစိုးတို့

ချယ်လှယ်မှာပဲ၊ အမေရော သမီးရော အပိုင်ကြံတယ်လို့လဲ မဆွေ အပြောမခံနိုင်ဘူး’

‘အို မမဆွေရယ်၊ ကျွန်တော့်အပေါ်မှာ အထင်သေးလိုက်တာ’

လေးလေးက ကြေကွဲစွာ ရေရွတ်လိုက်သည်။ မမိုးအေးကတော့ မေမေနှင့် လေးလေးတို့ လက်ထပ်လျှင်လည်း သည်အိမ်ကြီးမှာ သူနေလိမ့်မည် မဟုတ်။ သူ့လမ်းကို သူထွင်၍ သွားမည်။ မေမေတို့ အကူအညီပါ ကောင်းလျှင်လည်း ပါမည်ပေါ့။ သမီးအတွက်ဖြင့် မေမေတို့ အရေးမှာ အနှောင့်အယှက် မဖြစ်စေချင်။ သည်စကားတွေကို ပြောလိုလှသော်လည်း ပြောရန်အခွင့်မသာပေ။

‘မမဆွေ၊ မမဆွေဟာ အရာရာကို စီးပွားရေးနည်းနဲ့ချည်းပဲ တွက်နေသလား မမဆွေရယ်၊ မမဆွေ မချစ်တတ်တော့ဘူးလား’

လေးလေး၏ တောင်းပန်သောစကား။

‘မမဆွေကတော့ အချစ်ကို ဦးနှောက်နဲ့ပဲ စဉ်းစားတယ်၊ ဒီ အသက်အရွယ်မှာ ပိုစဉ်းစားရမယ် ကိုစိုး’

‘မမဆွေ ကျွန်တော့်ကို မချစ်ဘူးပေါ့’

‘ချစ်တော့ ချစ်တယ်၊ လက်မထပ်နိုင်ဘူး’

‘မမဆွေ’

လေးလေး၏ တမ်းတညည်းညူသံကို ကြားရ၏။ မေမေကတော့ မာနတံတိုင်းနှင့် တင်းခံနေဆဲ ဖြစ်ဟန်တူသည်။ အချိန်အတန်ကြာ တိတ်ဆိတ်သွား၏။ လေးလေး အခန်းထဲမှ ထွက်ခွာသွားသံကို ကြားရသည်။ မေမေသည် အခန်းတံခါးကို ထ၍ပိတ်၏။

အလို မေမေ ငိုနေပါပကော။

*

BURMESE CLASSIC .com

ရက်အနည်းငယ်အတွင်းမှာ မေမေသည် ပိန်၍သွား၏။ မာနနှင့်အလှ ပေါင်းစပ်ကာ အစဉ်လို တက်ကြွနုပျိုနေတတ်သော မေမေ့မျက်နှာသည်ပင် အနည်းငယ် ကျသွား၏။ တကယ်တော့လည်း မေမေ့ အသက်သည် ၄၀ ကျော်စပြုပြီ။ မေမေသည် သူ ရှာဖွေစုဆောင်း ထားသော စည်းစိမ်ဥစ္စာတွေနှင့် မည်သည့်အခါမှ အေးအေးချမ်းချမ်းနေလိမ့်မည် မသိပါချေ။ မေမေ့ စီမံကိန်းအရဆိုလျှင်တော့လည်း တောင်ကြီးမှာ အိမ်နှင့်ယာနှင့် လုပ်ငန်း နှင့် အခြေတကျရှိပြီမို့ လေးလေးနှင့် လက်ထပ်ကာ လူ့ဘဝကို ပြည့်စုံ သာယာစွာ အဆုံးသတ်ဖို့ပင် ရှိ၏။ သို့သော် မထင်မှတ်သော အရာတို့သည် လူ့ဘဝတွင် ပေါ်ပေါက်လာတတ်စမြဲပင်။

မေမေကတော့ အလျှော့ပေးလိုစိတ် ရှိဟန်မတူပေ။ ပွဲရုံလုပ်ငန်း မှ ငွေအချို့ကို နုတ်ကာ လေးလေး၏ မိဘများကို ပေးလိုက်သည်။ ခေတ္တခဏတော့ ကျေအေးသွားကြ၏။ ပြဿနာကတော့ မရှင်းလှ သေးပေ။ လေးလေး အမေက ချော့မော့ခေါ်သဖြင့် အဘိုးကြီးသည် မကျေမနပ်ဖြင့် ပြန်လိုက်သွားလေသည်။ သာစည်တွင်ရှိသော သူတို့အိမ်ကို ရောင်းပြီး အောင်ပန်းရှိ လေးလေး၏ လိမ္မော်ခြံတွင် လာနေမည်ဟု ကြေညာသွားသည်။

လေးလေးသည် မေမေ့ အစီအစဉ်အရ ပွဲရုံမှာ အချိန်ပြည့် ပြန်ထိုင်စပြုသည်။ မုန်တိုင်းသည် ခေတ္တခဏတော့ ငြိမ်သက်သွားသည်။ မိုးသက်လေပြင်းသည် မမိုးအေးဆီ ဝေ့ဝဲလာပြန်၏။

'ကျွန်တော် တစ်ခုပြောချင်တယ် မမိုးအေး'

တစ်ခုသော နေ့လယ်ခင်းမှာ တစ်ယောက်တည်း အလည် မလာစဖူး ရောက်လာသော ကိုစောနိုင်၏ စကားကြောင့် မမိုးအေး အံ့သြသွားသည်။ ကိုစောနိုင်သည် ခေတ်မီယဉ်ကျေးသော၊ တိုးတက် ရည်မွန်သော လူငယ်တစ်ဦးဖြစ်သည်။ သူသည် မမိုးအေး အထင်ကြီး သော ယောကျ်ားမျိုးတွင် ပါဝင်နိုင်၏။ သို့သော် ထူးဆန်းသော စကား ကြောင့် အံ့အားသင့်မိသည်။

BURMESE CLASSIC .com

'ကိုစောနိုင် ရည်းစားစကားပြောမလို့တော့ မဟုတ်ပါဘူးနော်၊ အစချီပုံကြီးက တစ်မျိုးမို့ပါ'

'ဒီလိုပါ မမိုးအေးရယ်၊ ကျွန်တော့် သဘောထားကို မမိုးအေး သိပြီးသားမို့ ပြောစရာ မလိုပါဘူး၊ ခေတ်ပညာတတ်တွေပဲဗျာ၊ ဒီလောက်တော့ သိတာပေါ့၊ မမိုးအေးရဲ့သဘောထားလဲ ကျွန်တော် သိတာပဲ၊ ဒါပေမယ့် ခုပြောတာ အကြောင်းရှိပါတယ်'

'ဘာအကြောင်းများလဲ ကိုစောနိုင်ရယ်'

'မိုးရဲ့ မေမေက မိုးကို ရန်ကုန်မသွားစေချင်တော့ဘူး'

'ဒါတော့ မိုးသိသားပဲ'

'ကျွန်တော်ကလဲ မသွားစေချင်ဘူး'

မမိုးအေး ငြိမ်သက်သွားသည်။ ဒါကိုလည်း သူ အသိပင်။

'ကျွန်တော်ကတော့ မမိုးအေးကို မသွားပါနဲ့လို့ မတားချင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ မိုးဟာ ကျွန်တော့်ချစ်သူ မဟုတ်လို့ဘဲ ကျွန်တော့်ချစ်သူ ဖြစ်လာပြီဆိုရင်တော့ ကျွန်တော် တားမှာပဲ'

'ခု တားချင်လို့လား'

'ကျွန်တော် မမိုးအေးရဲ့ ချစ်သူမှ မဟုတ်သေးဘဲ မိုးရယ်၊ မိုးရဲ့ မေမေက ကျွန်တော့်ကို တားစေချင်တယ်၊ ကျွန်တော် တားရင်ရမှာပဲတဲ့၊ ဒီတော့ ကျွန်တော်က အခြေအနေမှန်ကို ရှင်းပြတယ်'

'အဲဒီတော့ မေမေက မိုးကို ချစ်ရေးဆိုခိုင်းရော ဆိုပါတော့၊ မေမေကတော့လေ'

'ကျွန်တော် ကိုယ်တိုင်ကလဲ မိုးရဲ့သဘောထားကို သိချင်ပါတယ် မိုးရယ်'

မမိုးအေးက သက်ပြင်းကို ဖြည်းညင်းစွာ ချမိသည်။

'ကိုစောနိုင်ရယ် မိုးတို့ဟာ တစ်ယောက်ကို တစ်ယောက် နားလည်တဲ့ ခေတ်လူငယ်တွေပဲ၊ မိုး ဘယ်လိုနေချင်တယ်၊ ဘာလုပ်ချင်တယ်

BURMESE CLASSIC .com

ဆိုတာ ကိုစောနိုင် သိသားပဲ၊ မိုး နေကြည့်ပါရစေ၊ လုပ်ကြည့်ပါရစေဦး၊ ပြီးတော့လဲ အချစ်နဲ့ပတ်သက်ပြီး မိုး မခံစားတတ်သေးဘူး၊ လူတွေကိုလဲ မယုံဘူး'

'ကျွန်တော်ဟာ နောက်ကျတဲ့သူတစ်ယောက် မဖြစ်သေးဘူး ဆိုရင်တော့ ဝမ်းသာပါတယ်၊ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို အသိုက်အဝန်းနဲ့ အခြေအနေနဲ့ ဖန်တီးပြီး အခွင့်အရေးရအောင် ယူတတ်တဲ့ လူစားမျိုးတော့ မဟုတ်ပါဘူး'

'ကိုစောနိုင်ကို မိုး အထင်မသေးပါဘူးရှင်၊ ကျွန်မ ဘဝမှာ ယောကျာ်းတစ်ယောက်ကို လက်ထပ်ပေါင်းသင်းဖို့ ရွေးမယ်ဆိုရင် ကိုစောနိုင် လိုလူမျိုးကို စဉ်းစားဖို့ အကောင်းဆုံးပါပဲ'

သဘောပေါက် နားလည်လွယ်သူ လူငယ်တွေမို့ ပြဿနာ အထွေအထူး မရှိခဲ့။ သို့သော်လည်း မေမေတို့ လုပ်ပုံကတော့ တစ်ဖက် သားကို အားနာဖို့ကောင်းလှသည်။ သူ့ဘာသာ သိက္ခာနှင့် ရိုးသားစွာ နေသူတစ်ဦးကို အရှက်ရအောင် လုပ်သည်နှင့် မတူပေဘူးလား။ ချစ်ချင်း မေတ္တာကို တောင်းခံလို့၊ ဖန်တီးလို့၊ စေ့ဆော်လို့မရ ဆိုတာကိုလည်း မေမေ မသိသေးဘူးထင်သည်။ မေမေသည် တကယ်ကော ချစ်ဖူးပါလေစ။ ဖေဖေ့ကို ဘယ်လိုပုံစံနှင့် လက်ထပ်ယူခဲ့သည်ကိုတော့ မမိုးအေး မသိ။ မှန်းဆ၍ ရသလောက်ဆိုရင်တော့ အကွက်ချ၍ ဖမ်းယူခဲ့သည်ပင်။ ရှိပါ စေတော့။ လေးလေးကိုရော မေမေ တကယ် ချစ်ပါရဲ့လား။ တကယ် ချစ်သည်ဆိုလျှင်လည်း လက်ထပ်လိုက်ဖို့သာပဲ ရှိ၏။ ဘယ်လို ပြဿနာ တွေပဲ ရှိရှိ၊ မေမေတို့မှာ အချစ်အတွက် ထမင်းရည်လျှက်ရမည့်ကိန်းမျိုး မရှိပေ။ ပြီးတော့ မေမေသည် မည်သူ၏ ဩဇာအာဏာအောက်ကိုမျှလည်း ရောက်နိုင်မည် မဟုတ်ပေ။ မေမေ့မှာတော့ အစိုးရိမ်ကြီးဖို့လောက်သာ ဆန္ဒရှိ၏။

လေးလေးကိုလည်း မမိုးအေး မယုံ။ ကိုယ်ချစ်သည့်မိန်းမ တစ်ယောက် ကိုယ့်ကိုလည်း ချစ်သည်ဟု ယုံကြည်ထားသော မိန်းမ

BURMESE CLASSIC .com

တစ်ယောက်ကို ရအောင်ယူနိုင်သည်မှာ ယောကျ်ားတိုင်း၏ လွယ်ကူလှသော လုပ်ရပ်ပေပဲ။ မေမေသည် အတွေးအခေါ်ဟောင်းတွေကြားမှာ ဖောက်ပြန်နေသော မိန်းမတစ်ယောက်ဖြစ်လျှင် လေးလေးသည် တွေဝေနေသူ ရေသာခိုနေသူ တစ်ယောက်ပင်။ ဘာတွေများ သူတို့မှာ ပြဿနာကြီးထွားနေရပါလိမ့်။ မေမေ့လို အားကိုးရာမဲ့သော မိန်းမတစ်ယောက်ကိုမှ ဦးမဆောင်နိုင်ဘူးလား။ ဒါမှမဟုတ်လဲ မပစ်ခွာနိုင်ဘူးလား။ အလကားပါပဲ။

မမိုးအေးကတော့ အကြောင်းမရှိဘဲ ပြန်သွားရမှာ မကောင်းတတ်၍ အေးချမ်းမှုမရသော၊ ရန်ကုန်မှတောင်ကြီးကို မူမပြောင်းဘဲ နေရာပြောင်းလာသော သူတို့အိမ်ထဲမှာ ငြီးငွေ့စရာ အချိန်ကုန်ဆုံးရလေသည်။ စန္ဒရားကိုလည်း မမိုးအေး စိတ်လေနိုင်သည်ဆိုကာ မေမေက သူများအိမ်မှာ သွားထား၍ မမိုးအေးမှာ စာဖတ်ဖို့ကလွဲ၍ လုပ်စရာ ဘာမျှမရှိပေ။ မေမေ့မှာတော့ အနုပညာနှင့်ပတ်သက်လျှင် ခံစားသိမှတ်စိတ် တစ်မြူမျှပင် ရှိဟန်မတူချေ။ အနုပညာမှာ မခံစားတတ်မှတော့ နှလုံးသားသည် ဘယ်မှာ ပျော့ပျောင်းနိုင်ပါမည်နည်း။

သာမန်အားဖြင့် အေးချမ်းသွားသော အခြေအနေမှာ မေမေနှင့် လေးလေးသည် သွားအတူ လာအတူဖြစ်ကာ သင့်မြတ်နေကြပြန်လေသည်။ မမိုးအေးကတော့ မေမေ့ကို သည်လို အခြေအနေမှာ ရှိမနေစေချင်ပေ။ လူဆိုသည်မှာ ပတ်ဝန်းကျင်ရှိသေးသည် မဟုတ်လား။ မမိုးအေးက စိုးရိမ်ပူပန်ဆဲ၊ တစ်ခုသောညမှာ စိတ်ချောက်ချားဖွယ်ရာ ဖြစ်ရပ်တစ်ခုကို ကြုံရသည်။

ပြန်ပြောဖို့ကို မဆိုထားနှင့် ပြန်တွေးရမှာကိုပင် ရှက်လှသည်။ ခေတ်မီ တိုးတက်သော ကာလမှာ ကြီးပြင်းလာခဲ့ရသော်လည်း ယောကျ်ားနှင့် မိန်းမတို့၏ သွေးသားဆန္ဒ လိုက်လျောမှုကို စက်ဆုပ် ရွံ့ရှာဖွယ်ရာဟု ထင်မှတ်ဆဲပင်။ ဖြူစင်သော နှလုံးသားမှာ ယောကျ်ားလေးတွေနှင့် ထိတွေ့ဆက်ဆံရသည့်အတွက် စိတ်လှုပ်ရှားသော်လည်း သွေးဆူသည်အထိ မဖြစ်ဘူးခဲ့။ ပြီးတော့ အကြင်မိန်းမတစ်ယောက်သည် မိမိကိုမွေးဖွားခဲ့သော

BURMESE CLASSIC .com

မိခင်ပါလားဟူသောအသိသည် ရင်မှာ ရုက်ခြင်း ရွှံ့ခြင်းဖြင့် ပူလောင်ကျွမ်းမြေ့ရသည်။

'မေမေတို့လက်ထပ်လိုက်ပါလား ဟင်'

လက်ဖက်ရည်ဝိုင်းမှာ ဆိုင်းမဆင့် ဗုံမပါဘဲ ပြောချလိုက်သောစကားကြောင့် မေမေရော လေးလေးပါ အကြီးအကျယ် မျက်နှာပျက်သွားကြသည်။ လေးလေးသည် စားပွဲမှ လျင်မြန်စွာထသွားပြီး မေမေသည် ကော်ဖီပူပူကို အငမ်းမရ သောက်နေလေသည်။ မမိုးအေးက အိမ်ခန်းထဲ ပြန်ဝင်လာသောအခါ မေမေသည် သူ့နောက်နားမှ အေးဆေးစွာ လိုက်လာလေသည်။

'ဆောရီး သမီး၊ မာမီ ညက နည်းနည်းသောက်လိုက်မိတယ်၊ အခန်းထဲကို သမီးဝင်လာတာ မာမီ မသိလိုက်ဘူး'

'ကိစ္စမရှိပါဘူး မေမေ၊ သမီးကတော့ မေမေ့ကို ဒီအတိုင်း မနေစေချင်ဘူး၊ မေမေ့မှာ အရွယ်လဲ ရှိသေးတာပဲ မေမေ လေးလေးကို လက်ထပ်လိုက်ပါလား ဟင်၊ သမီး သဘောတူပါတယ်'

သမီးက မအေကို ပြန်ဆုံးမရမည့် အဖြစ်ကတော့ သိပ်ပြီး မကောင်းလှချေ။ မေမေကတော့ လောကမှာ သူ လုပ်ချင်တာလုပ်မြဲ ဝါဒအတိုင်း သူ့ဘက်က ခိုင်လုံစွာ ရပ်တည်နေလေသည်။

'ဒီလိုရှိတယ် သမီးရယ်၊ မာမီအသက်လဲ မငယ်တော့ပါဘူး၊ ပြီးတော့ မာမီ လက်ထပ်ရင် ရှိသမျှပစ္စည်းတွေ အားလုံးဟာ လင့်ပစ္စည်း မယားပိုင်ဆိုသလို နှစ်ဦးပိုင် ဖြစ်သွားမယ်၊ မာမီမရှိရင် ဒါတွေကို သူနဲ့ သူ့မိဘတွေ တခြား အမျိုးတွေကပါ လိုချင်မှာပဲ၊ မာမီရှာထားတာ မာမီ့ဖို့နဲ့ သမီးဖို့ကလွဲရင် တခြား ဘယ်သူ့ဖို့မှ မဖြစ်စေရဘူး၊

မမိုးအေးက မေမေ့ကို ချောက်ချားစွာ ကြည့်လိုက်သည်။

'အို မေမေရယ်၊ ဒါတွေဘာလို့ တွေးပူနေရမှာလဲ လောကမှာ စိတ်ချမ်းသာဖို့ အရေးကြီးပါတယ်၊ လူတောင် သေရသေးတာ၊ ပစ္စည်းက ဘာလုပ်မှာလဲ'

BURMESE CLASSIC .com

'သမီး စိတ်ကူးမယဉ်နဲ့၊ မာမီတို့မှာ အခုဆို ဒီတိုက်တစ်လုံးပဲ ရှိတော့တာ၊ ပွဲရုံအလုပ်ကိုလဲ ဟိုအဘိုးကြီးက မျက်စောင်းထိုးနေပြီ၊ ဆင်းရဲတယ်၊ မွဲတယ်ဆိုတာ ကိုယ်က ပြောနေရုံနဲ့ တကယ်သိတာ မဟုတ်ဘူး၊ လက်တွေ့ဆင်းရဲသွားမှ ခါးမှန်းသိမယ်'

'မေမေ ဆင်းရဲမှာ သိပ်ကြောက်လား'

'ကြောက်တယ်'

'မေမေ စိတ်ဆင်းရဲမှာတော့ မကြောက်ဘူးပေါ့'

'ဘာအတွက်စိတ်ဆင်းရဲရမှာလဲ သမီး၊ မာမီ ဘယ်သူ့အတွက်မှ စိတ်မဆင်းရဲဘူး၊ တစ်ခုပဲရှိတယ် သမီးအတွက်'

'လေးလေးအတွက်ကော မေမေ'

'သူ ဘာဖြစ်နေလို့လဲ'

'ဟင် မေမေ လေးလေးကို မချစ်ဘူးလား'

မေမေ ဖြည်းလေးစွာ ခေါင်းခါလေသည်။

'ဟင် ဒါဖြင့် မေမေ'

မမိုးအေး ထိတ်လန့်စွာ ရေရွတ်မိလေသည်။

'အစကတော့ သူဟာ မာမီတို့အတွက် လိုအပ်တယ်ထင်လို့ ရွေးချယ်ခဲ့တာပဲ၊ ခုတော့ မလိုတော့ပါဘူး၊ သူ့ကို ယူလိုက်ရင် နောက်ပိုင်းမှာ မာမီတို့ အနစ်နာခံရဖို့ပဲ ရှိတယ်'

'ဒါဆိုရင်လဲ မေမေ'

မမိုးအေးပြောရမှာ မထွက်တော့ပေ။ မေမေသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ မမိုးအေးကို မကြည့်ဘဲ ပြောချလိုက်လေသည်။

'အခြေအနေအရ လိုက်လျောတာပဲရှိတယ်၊ သူ့ကို လက်ထပ်ဖို့ မလိုပါဘူး'

'အို တော်ပါတော့ မေမေရယ်'

မေမေ့ကို မေမေသာ မဟုတ်ဘူးဆိုလျှင် ပက်ပက်စက်စက် ပြောပစ်လိုက်ချင်သည်။ ကိုယ့်အလိုကိုသာ သိသည့်မိန်းမ။ သွေးသား

ဆန္ဒကို လိုက်လျောသည့် မိန်းမ။ အသည်းနှလုံးမရှိသည့် မိန်းမ။ ဖောက်ပြန်သည့် မိန်းမ။ ရှုးသွပ်နေသည့် မိန်းမ။

မမိုးအေးသည် အခန်းထဲမှ ပြေးထွက်ခဲ့လေသည်။ အိမ်ရှေ့ ကုန်းမြင့်မှ လမ်းပေါ်သို့ဆင်းသော လှေကားပေါ်တွင် လေးလေးကို တွေ့ရလေသည်။

'မိုး မိုး ဘာဖြစ်လာတာလဲ ဟင်၊ ဘယ်သွားမလို့လဲ'

လေးလေးသည် ရှေ့မှ ကာဆီးကာ မမိုးအေးကို တားထား လေသည်။

'ဖယ် ဖယ်၊ ရှင် ကျွန်မရှေ့က တားမထားနဲ့၊ ရှင်လဲ အလကားပဲ၊ ရှင်တို့နှစ်ယောက်လုံးရှုးနေတာ ဖောက်ပြန်နေကြတာ ရှင်တို့နဲ့ မနေချင်ဘူး၊ အလကားဟာတွေ'

မမိုးအေးသည် ဒေါသမကြီးစဖူး ကြီးနေကာ အိမ်ရှေ့မှာ ရပ်ထားသော ကားဆီသို့သွားပြီး အသင့်တပ်ထားသောသော့ကိုဖွင့်ကာ စက်နှိုးသည်။

'မိုး ဘယ်သွားမလို့လဲ'

'သမီး စုဇီ နေဦး'

မေမေတို့ အသံများကို မကြားတော့ပေ။ ကားကို ဒယီးဒယိုင် မောင်းထွက်လာလေသည်။ တောင်ကြီးမြို့၏ လမ်းများက အကွေ့ အကောက် အနိမ့်အမြင့်များသည်မို့ ဒေါသနှင့် မျက်ရည်ကြားမှ သတိထား မောင်းနေရသည်။ နန်းမြထွေးတို့ အိမ်ကိုတော့ ချောချောမောမော ရောက်သွားသည်။ ကျောင်းပိတ်ရက်မို့ နန်းမြထွေးက အိမ်မှာ ရှိနေသည်။

'ဟင် မိုး ဘာဖြစ်လာသလဲ'

'မိုးကို ရွှေညောင် လိုက်ပို့စမ်းပါ၊ ရထားချိန် မီသေးတယ် မဟုတ်လား'

'အို ပြောစမ်းပါဦး မိုးရယ်၊ ဘာဖြစ်တာလဲ'

'လမ်းကျမှ ပြောမယ်ကွာ၊ လာ လိုက်ခဲ့'

BURMESE CLASSIC .com

'ဒုက္ခပါပဲလားကွယ်၊ ဖယ် ဖယ် မိုး မောင်းလို့မဖြစ်ဘူး၊ ကိုကိုလဲ မရှိဘူး'

နန်းမြထွေးသည် စိတ်ကိုထိန်း၍ ကားကို ဖြည်းလေး ကျင်လည်စွာ မောင်းလာသည်။ မမိုးအေးသည် သူ့အဖြစ်ကို အကျဉ်းရုံး၍ ပြောပြသည်။

'ဒီလောက် စိတ်ပျက်စရာကောင်းတဲ့ လူတွေနဲ့ မနေချင်တော့ဘူး ထွေးရယ်၊ လောကမှာ ဆင်းရဲလို့ သေချင်သေသွားပါစေ၊ ဒီလောက် မူမမှန်တဲ့လူတွေကြားမှာ တစ်နာရီ တစ်မိနစ်မှ မနေချင်တော့ဘူး'

'မိုးမှာ အဝတ်အစားလဲ မပါဘူး၊ ငွေကောပါလား'

'ဘာမှ မပါဘူး၊ အဝတ်အစားတွေက ရန်ကုန်မှာရှိပါတယ်၊ ထွေးမှာ ငွေမပါဘူးလား'

'မပါဘူး၊ ရွှေညောင်မှာ အသိရှိပါတယ်၊ ဝင်ယူပေးမယ်လေ၊ ရထားလက်မှတ်လဲ အကူအညီတောင်းရမယ်၊ မိုးက ဒီတစ်ခါ သိပ်စိတ်မြန်တာပဲကွယ်၊ ထွေးတောင် ဘာလုပ်ရမလဲ မသိတော့ဘူး၊ ပြန်ကြရင်ကောင်းမယ်ထင်တယ်ကွယ်'

'မပြန်ဘူးထွေး၊ ထွေး ပြန်ရင် ကိုယ်တစ်ယောက်တည်း မောင်းချသွားမယ်'

'မလုပ်ပါနဲ့မိုးရယ်၊ ထွေးတောင် ကြောက်ကြောက်နဲ့ မောင်းနေရတာ၊ အပြန်ကျရင်တော့ ရွှေညောင်က အသိတစ်ယောက်ကို လိုက်ပို့ခိုင်းရမယ်'

ကံအားလျော်စွာ ရထားပေါ် အချိန်မီ ရောက်ခဲ့သည်။ မေမေတို့တော့ ဘယ်လိုဖြစ်ကျန်ခဲ့သည်မသိ။ စိတ်လှုပ်ရှားလွန်း၍သာ ထွက်ခဲ့မိသည်။ သွေးအေးသွားတော့လည်း အဓိပ္ပာယ်ရှိလှမည် မထင်။ တစ်ခါတစ်ရံတော့လည်း စိတ်အလိုလိုက်ရသည်မှာ ပေါ့ပါးပြီး အရသာရှိလှသည်။

မေမေသည် သူ့အတွေးအခေါ်များကို မပြင်သမျှကာလပတ်လုံး သူသည်လည်း လူ့ဘဝမှာ လက်တွေ့ရပ်တည်၍ မရသေးသမျှ ကာလပတ်လုံး တောင်ကြီးကိုလည်းကောင်း၊ မေမေနှင့် လေးလေးတို့ဆီကိုလည်းကောင်း ပြန်မလာတော့ဟု ဆုံးဖြတ်လိုက်မိလေသည်။

www.burmeseclassic.com

# အပိုင်းနှစ်

www.burmeseclassic.com

# ၁

ရန်ကုန်ကို ပြန်ရောက်လာသော်လည်း ယခင်တစ်ခေါက်ကလောက် မပျော်တော့ပေ။ စိတ်ဓာတ်တွေလည်း ကျဆင်းလျက်ရှိကာ ဘယ်နေရာကြည့်ကြည့် လူတွေသည် အဓိပ္ပာယ်မရှိ လှုပ်ရှားသွားလာနေကြမည်သာဟု ထင်နေမိလေသည်။ လောကတွင် အသက်ရှင်နေနိုင်ဖို့အတွက်၊ ထမင်းနပ်မှန်အောင် စားရဖို့အတွက်၊ အမိုးအကာအောက်မှာ နေထိုင် အိပ်စက်နိုင်ဖို့အတွက် မိမိမှာရှိသော ခွန်အားကို အသုံးချကာ ရုန်းကန်လှုပ်ရှားနေကြလေသည်။ ထို့အတွက် လျော့ပါးသွားသော စွမ်းအင်တွေကို စားသောက်အိပ်စက်ခြင်းဖြင့် ဖြည့်တင်းကြပြန်သည်။ ဤသို့အားဖြင့် လူသည် ဆုံးစမရှိသော ဘဝကို ကူးခတ်နေကြလေ၏။

မမိုးအေးကတော့ လူ့ဘဝကို သည့်ထက်ပိုပြီး အဓိပ္ပာယ်ရှိစေချင်သည်။ ကြိုးပမ်းအားထုတ်မှု၏ အခြားတစ်ဖက်တွင် အောင်မြင်မှုတွေ၊ ပျော်ရွှင်မှုတွေ၊ ချစ်မေတ္တာ၏ အငွေ့အသက်တွေ၊ အနုပညာ၏ စွမ်းပကားဖြင့် ဖန်တီးပေးစွမ်းအပ်သော ခံစားမှုဝေဒနာတွေဖြင့် သာယာဖွယ်ပြည့်လျှမ်း၍ နေစေချင်သည်။ သည်လောက်မျှ မရှိနိုင်တော့ဘူးဆိုလျှင်တော့ ဘာလုပ်ရမှာလဲ၊ ဘာအတွက် အသက်ရှင်နေမှာလဲ၊ အလကားပေါ့’

မေမေကဖြင့် ခနဉစ္စာသည်သာ ဘဝ၏ တစ်ခုတည်းသော လိုအပ်ချက်ဟု စွဲမှတ်ယုံကြည်ကာ ထိုအတွက်သာ လှုပ်ရှားနေလေသည်။ မေမေသည် ချစ်ခြင်းမေတ္တာကိုလည်း မေ့လျော့၍နေ၏။ ထိုမှုမကစော်ကားလည်း စော်ကားသေး၏။ နှလုံးသား၏ လှုပ်ရှားရိုက်ခတ်မှုကိုလည်း အသွေးအသား၏ လိုအင်ဆန္ဒတို့ဖြင့် ဖြေဖျောက်ပစ်၏။ ကြောက်မက်ဖွယ်ပင် ဖြစ်လေသည်။

မမိုးအေးသည် မေမေ့ဆီကို စာမရေးဘဲ နေလေသည်။ မေမေ့ထံမှ စာတွေလာသော်လည်း သေသေချာချာ မဖတ်ဖြစ်သည်က များသည်။ အလုပ်ခန့်စာမရသည့် ရက်များအတွင်း စိန်လက်စွပ်ကို ပေါင်၍ သုံးလိုက်သည်။ ကိုဖေခင်ကို သွားရှာပြီး လက်စွပ်ပေါင်ခိုင်းတော့ ကိုဖေခင်သည် မျက်နှာပျက်ကာ သူ့လက်ထဲမှာ ပူပူနွေးနွေး ရထားသော မျက်နှာဖုံးဆွဲခ ငွေတစ်ရာကို ထုတ်ပေးလေသည်။

'လက်စွပ်တော့ ပေါင်မသုံးပါနဲ့ မမိုးအေးရယ်၊ ကျွန်တော့်မှာ ရှိတာ သုံးနှင့်ပါ၊ နောက်တော့လဲ အဆင်ပြေလာမှာပေါ့'

'အို မလုပ်ပါနဲ့ ကိုဖေခင်၊ ကိုဖေခင် ဘာနဲ့သွားသုံးမလဲ၊ ကိုဖေခင် သွားပေါင်မပေးရင် ကျွန်မကိုယ်တိုင်သွားမှာနော်၊ မသွားဘူးမထင်နဲ့'

'ဟာ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် သွားပေးပါ့မယ်'

လက်စွပ်ကို ငါးရာနှင့်ပေါင်ပြီး ငွေရှင်ခိုက်မှာ ရုပ်ရှင်တစ်ပွဲ နှစ်ပွဲ ကြည့်လိုက်သေးသည်။ ပြီးတော့ လိုလိုမည်မည်ဆိုပြီး ရေနံဆီမီးဖိုတစ်လုံးနှင့် ဒန်အိုးတစ်လုံး ဝယ်လိုက်သည်။ ထမင်းချက်ရင်း ဘဲဥကို ထည့်ပြုတ်ပြီးလျှင် ဆီဆမ်း ဆားဖြူးစားလိုက်လဲ ပြီးတာပဲဟု ကြံတွင်တွက်ထားလေသည်။ လောလောဆယ်တော့ ထမင်းအဖြူဝယ်ပြီး ငါးပိကြော်နှင့်တစ်လှည့် သရက်သီးသနပ်နှင့်တစ်လှည့် စားလိုက်သည်။ တစ်ခါတစ်ရံတော့ ပေါင်မုန့်ကို ငါးပိကြော်နှင့် စားလေသည်။

ကိုဖေခင်ကတော့ မကြာခဏဆိုသလို ရောက်လာတတ်သည်။ သူလာလျှင် ဝတ္ထုစာအုပ်တချို့ ပါလာတတ်စမြဲမို့ အဆောင်မှ သူငယ်ချင်း

များကပါ သူ့ကို မျှော်ကြလေသည်။ တစ်ခါတစ်ရံတော့လည်း သူသည် ငွေရှင်နေဟန်တူကာ ခေါက်ဆွဲကြော် တစ်ထုပ်နှစ်ထုပ်ကို ဆွဲလာတတ်သည်။ သူငယ်ချင်းများက သူတို့နှစ်ယောက်ကို ကြည့်ပြီး 'မောင်နှမတွေကျနေတာပဲ'ဟု ပြောတတ်လေသည်။

မေမေ့ဆီမှ စာလည်းမလာ၊ ငွေလည်း မပို့တော့ပေ။ မေမေကလည်း မမိုးအေးကို စိတ်နာပြီထင်၏။ မေမေ့စေတနာ အထုအထည်တွေသည် သမီးမမိုးအေးအတွက် စုပုံထားရှိခဲ့သည်ကို မမိုးအေးလည်း သိသည်ပင်။ သို့သော် မမိုးအေး၏ ရင်ကိုချမ်းမြေ့အေးငြိမ်းမှုကို မပေးစွမ်းနိုင်ခြင်းအတွက် မေမေ့ကို အပြစ်လည်းမတင်ချင်တော့။ ကျေးဇူးလည်း မတင်တတ်တော့။ အမေနှင့် သမီးအကြားမှာ ကွာဟနေသည့် အချက်ကို ဘယ်လို စေ့စပ်ပေါင်းစည်းရမည်လဲ မသိတော့ပေ။

များမကြာမီပင် အလုပ်ခန့်စာရလေသည်။ လောလောဆယ်တော့ တစ်လ တစ်ရာနှစ်ဆယ့်ငါးကျပ်နှင့် သင်တန်းတက်ရဦးမည်။ ခြောက်လမျှ သင်တန်းတက်ပြီး လခသုံးရာစကေးနှင့် အလုပ်ဝင်ရမည်ဆိုတော့ မဆိုးပါဘူးဟု အောက်မေ့မိသည်။ ခုနေတော့ ချွေတာရမှာပဲ။ လုံချည်အင်္ကျီလဲများများပါမလာခဲ့လေတော့ အကုန်သက်သာအောင် လုံချည်အညိုနှင့် အင်္ကျီအဖြူကို နေ့တိုင်းဝတ်မည်ဟု စိတ်ကူးလိုက်သည်။ သင်တန်းတက်ရစဉ် ကာလတွေမှာ ထမင်းဘူးပင် ပါမသွားပေ။ ဝမ်းက တကြုတ်ကြုတ်ဆာလာသဖြင့် တွေ့ရာမှာ မုန့်တွေ အသုပ်တွေ ဝယ်စားရသည်။ အဆောင်ပြန်ရောက်တော့လည်း ထမင်းဖြူနှင့် သရက်သီးသနပ်။ ကြာတော့လည်း သူငယ်ချင်းများက မနေသာတော့။

'ဒီအတိုင်း မစားမသောက်ဘဲနေရင် သေလိမ့်မယ်၊ ထမင်းချိုင့်ပြန်မှာစားပါကွာ'

နောက်တော့ မြမြနှင့် နှစ်ယောက်တွဲစားဖြစ်သည်။ မနက်ခင်းမှာ ထမင်း ဟင်းကို တစ်ဝက်စီခွဲပြီး ထမင်းဘူးထဲ ထည့်သွားသည်။ အတော်လေး အဆင်ပြေသွားလေသည်။ ပထမဆုံးရသည့်လခကို ထုတ်ရစဉ်ကမူ

BURMESE CLASSIC .com

ဝမ်းသာ ဝမ်းနည်းဖြင့် မျက်ရည်များပင်လည်မိသည်။ ငွေတစ်ရာ နှစ်ဆယ့်ငါးကျပ် ဟူသည်မှာ မေမေ့လုံချည် တစ်ထည်ဖိုးပင် မရှိပါချေ။ မမိုးအေးကတော့ တစ်လလုံးလုံး အသက်လု၍ ဘတ်စ်ကားကိုလည်း တိုးစီးရသည်။ ထမင်းတစ်ချိုင့်ကိုလည်း နှစ်ယောက်ခွဲပြီး မဝတဝ စားခဲ့ရသည်။ ပြန်လာလျှင် ပင်ပန်းလွန်း၍ အိပ်ရာပေါ်လှဲမိသည်နှင့် စာတစ်ကြောင်းပင် မဖတ်နိုင်တော့ဘဲ အိပ်ပျော်သွားသည်။ မြို့ပြ၏ ကျပ်တည်းကျဉ်းမြောင်းမှု၊ ရှန်းကန်လှုပ်ရှားမှုကြားမှာ ဘဝတူ မိန်းကလေးတွေနှင့်အတူ ခြိုးခြံချွေတာရင်း တစ်လလုံး မျှော်မှန်းခဲ့ရသော လခ တစ်ရာနှစ်ဆယ့်ငါးကျပ် စားရက်စရာပင် မရှိ။

သို့သော် ထမင်းဖိုးကိုးဆယ်နှင့် အဆောင်လခ သုံးဆယ် ပေးလိုက် ရသောအခါ ဘတ်စ်ကားခပင် အနိုင်နိုင်ကျန်တော့သည်။ ဖိနပ်ပြတ်သည်ကိုပင် ဝယ်မစီးနိုင်တော့။ ခေါင်းကပြုတ်သည်ကို ချုပ်ခိုင်းပြီး တစ်ကျပ် တောင်းသည်ကို ပြားငါးဆယ်နှင့် မရမက ဆစ်ရလေ၏။ ထိုရက်များက စိတ်ဓာတ်ကျလွန်း၍ မြမြကိုခေါ်ကာ မြေနီကုန်း ရုပ်ရှင်ရုံမှာ နှစ်ကျပ်ခွဲ တန်းက တန်းစီပြီး ရုပ်ရှင်ကြည့်သည်။ အော်ဟစ်ဆူညံနေသော ကောင်လေးတွေကြားမှာ ခေါင်းမဖော်ဝံ့အောင် ဖြစ်ခဲ့ရလေသည်။ ပြီးတော့ သူတို့အသုံးအနှုန်းတွေက ကြမ်းတမ်းလှသည်။ မိန်းကလေးတိုင်ကို ခန္ဓာကိုယ်နှင့် ရင်းနှီးစားသောက်တတ်သည်ဟုသာ အမြင်ရှိတတ်သော ကျဉ်းမြောင်းယုတ်မာသော မျက်လုံးတွေ။ အသံတွေကို ရွံ့မုန်းခြင်းမက ရွံ့မုန်းမိကာ လောကကြီးမှာ နေစရာလဲမရှိပါလားဟု စိတ်နာစွာ တွေးမိပြန်လေသည်။

ထိုနေ့ညနေက အင်းလျားကန်ပေါင်ကို အလည်ရောက်သည်။ တစ်ချိန်က မေမေတို့ ဘွားဘွားတို့ အန်တီခင်တို့နှင့်အတူ နေထိုင်ခဲ့သော အိမ်ကြီးကို လှမ်းမျှော်၍ ကြည့်မိလေသည်။ ပိုင်ဆိုင်သူအသစ် လက်ဝယ် အိမ်ကြီးသည် အေးချမ်းဆိတ်ငြိမ်စွာ ရပ်တည်ဆဲပင် ရှိလေသည်။ လောဘ ဒေါသ အခိုးအလျှံတွေကြားမှာ ပြိုကွဲပျက်စီးသွားသော မိသားစု

BURMESE CLASSIC .com

တစ်စုအကြောင်းကို အောက်မေ့ သတိရခြင်း ရှိဟန်မတူတော့ပေ။ ကန်ပေါင်မှ လမ်းမပေါ်သို့ဆင်းသော လှေကားထစ်လေးများသည် အဖြူရောင်ညစ်နွမ်းစ ပြုပြီ။ မြက်ပင်များကြားမှ ယိုးဒယားပန်းခက်သဏ္ဍာန် စိုက်ထားသော ပန်းပင်ငယ်များသည်မူ ရှင်လန်းလျက်ရှိ၏။ ငြိမ်သက်သော ရေပြင်ပေါ်တွင် ရွက်လှေငယ်များ ပြေးလွှားနေကြသည်။ ညနေခင်းသည် မှောင်စပြုလာ၏။ ကောင်းကင်တွင် တိမ်တိုက်များ ရွေ့လျားနေကြ လေသည်။ လေတိုက်၍ ဆံပင်များ လွင့်ဝဲလာသည်။ လက်မောင်းလေးတွေ အေးလာလေသည်။ စုံတွဲတချို့ ထပြန်ကုန်ကြသည်။

မမိုးအေးသည် တစ်ယောက်တည်း လမ်းလျှောက်၍ ပြန်လာ၏။ ကမာရွတ်ရောက်မှ ဘတ်စ်ကား စောင့်စီးလေသည်။ အဆောင်ကို ဝင်တော့ မှောင်၍နေပြီ။ အခန်းရှေ့မှာ ဧည့်သည်တစ်ယောက် စောင့်နေသည်ကို မြင်ရလေသည်။ ကိုဖေခင်ပဲဟု ထင်လိုက်မိသည်။ ဆံပင်ရှည်နှင့် ဘောင်းဘီဝတ်ထားသည်ကို သတိပြုမိမှ ကိုဖေခင် မဟုတ်နိုင်ဟု တွေးလိုက်သည်။ ဧည့်သည်သည် ကျောခိုင်းထိုင်နေရာမှ ခြေသံကြား၍ လှည့်ကြည့်၏။ မမျှော်လင့်သူကို တွေ့ရ၍ အံ့ဩမိသည်။

'ကိုစောနိုင်ပါလား'

မမိုးအေးက တိုးတိုးနှုတ်ဆက်လိုက်သည်။ မမိုးအေး၏ နှုတ်ခမ်းများသည် ဖြူဖျော့လျက်ရှိကာ အားနည်းနေသည့်အသွင် ပေါ်နေသည်။ မျက်လုံးများက ညို့မှိုင်းနေပြီး မျက်ရည်တို့ဖြင့် စိုစွတ်နေသည်ဟု ထင်ရလေသည်။ ပခုံးစွန်းကိုကျော်၍ ခါးဆီသို့ ရောက်လုလုဖြစ်နေသော ဆံပင်များသည် မဖြီး မသင်ဘဲ ထားသလို ဝေ့ဝဲပြန့်ကြဲပြီး မျက်နှာတစ်ခြမ်းကို အုပ်ဆိုင်းထားသည်။ မမိုးအေးကို တက်ကြွ ရွှင်လန်းစွာ တွေ့ရလိမ့်မည်ဟု ထင်ခဲ့သော ကိုစောနိုင်သည် ရုတ်တရက် စကားမပြောနိုင်ဘဲ အံ့ဩစွာ ငေးကြည့်နေမိလေသည်။

'မမိုးအေးရယ် ပိန်သွားလိုက်တာ၊ ရုတ်တရက် မှတ်တောင် မမှတ်မိဘူး၊ ကျွန်တော်တို့ဆီ စာရေးမယ်ဆိုပြီး မရေးဘူးနော်၊ ထွေးကတော့ တဖျစ်တောက်တောက်နဲ့ ဆူနေတာပဲ၊ သူလဲ လက်ထပ်တော့မယ်လေ'

မမိုးအေးသည် ကိုစောနိုင်၏ဘေးမှ ကုလားထိုင်တွင် အားပျော့စွာ ထိုင်ချလိုက်သည်။ အအေးမိသလိုဖြစ်လာ၍ လက်ကလေးတွေ အနည်းငယ် တုန်နေလေသည်။ ယနေ့ စနေနေ့မို့ ရုံးမှ နေ့တစ်ဝက် ဆင်းလာပြီး ရုပ်ရှင်ကြည့်သည်။ ပြီးတော့ မြမြတို့အလစ်မှာ အင်းလျား ကန်သို့ ထွက်ခဲ့သည်။ ထမင်းလည်း တစ်နပ်မှ မစားဖြစ်သေး။ ရင်တွေလည်း တုန်နေသည်။

'ဖြစ်နိုင်ရင်တော့ တလောကလုံးနဲ့ အဆက်ဖြတ်ထားချင်တာပဲ ကိုစောနိုင်ရယ်'

'ဒီလောက်တောင်ပဲလား မမိုးအေးရယ်၊ ကျွန်တော်တို့ဟာ မမိုးအေးအပေါ် တကယ်ခင်မင်သူတွေဆိုတာလဲ အသိအမှတ်ပြုပါဦး'

'အို ကိုစောနိုင်တို့ကို ပြောတာ မဟုတ်ပါဘူး'

'ကျွန်တော် နားလည်ပါတယ် မမိုးအေးရယ်'

'ထွေးက ဘာတွေပြောပြသေးသလဲဟင်'

'ထွေးက ဘာမှ မပြောပါဘူး၊ ကိုစိုးသစ် ကျွန်တော့်ဆီ လာတယ်'

မေမေကောဟု မေးလိုသော်လည်း မမေးတော့ပေ။ တကယ်တော့ မမိုးအေးသည် မေမေ့ကို အချစ်ဆုံးပင်။ မေမေ့ကို သတိရ လွမ်းဆွတ်ရသော ဝေဒနာကိုလည်း မသိစိတ်က ခံစားနေရသည်။ မမိုးအေး၏ အသိစိတ်မှာတော့ မေမေ့ကို မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးအဖြစ် စိတ်နာနေမိသည်။ အို မေမေ့အကြောင်းကို မတွေးတော့ပါဘူး၊ မမေးတော့ပါဘူး။ လေးလေး အမည်ကို ကြားရတော့ လောကမှာ ဒီလောက်အသုံးမကျတဲ့ ယောကျ်ား ရှိသေးလားဟု ဒေါသဖြစ်မိပြန်သည်။ သို့သော် လေးလေး ဘာတွေပြောလဲ သိချင်ပြန်သည်။ လေးလေးကိုလည်း မမိုးအေး ချစ်သည်ပဲ။

'မမိုးအေး ရတ်တရက်ထွက်သွားတာ စိတ်မကောင်းဘူးတဲ့၊ ဟို ပြီးတော့၊ သူနဲ့ မမိုးအေးတို့ မေမေ'

ကိုစောနိုင်သည် အားနာဟန်ဖြင့် စကားဆက်မရဘဲ ရှိနေလေသည်။

BURMESE CLASSIC .com

'သူတို့ နှစ်ယောက်လုံးဟာ တစ်အိမ်တည်းမှာ အတူနေပြီး ဖောက်ပြန်နေကြတာပဲ ကိုစောနိုင်'

မမိုးအေး၏ စကားအတွက် ကိုစောနိုင်မှာ မျက်နှာ မထား တတ်ဟန် ရှိနေပြန်သည်။

'ဒါပေမယ့် မမိုးအေးရယ် သူတို့ဟာ အရွယ်ကောင်းသေးတဲ့ လွတ်လပ်သူနှစ်ဦးပါ'

မမိုးအေးက မခန့်လေးစား ရယ်ပစ်ပြန်သည်။ ကိုစောနိုင်သည် မမိုးအေးကိုကြည့်ကာ စိုးရိမ်လာလေသည်။

'ဟုတ်ပါတယ် ကိုစောနိုင်၊ အရွယ်လဲ ရှိပါသေးတယ်၊ အိမ်ထောင် သားမွေးလဲ ပြုနိုင်ပါတယ်၊ အခြေအနေကလဲကောင်းကောင်း ပေးထားတာပဲ၊ မိုးကလဲ သဘောမတူနိုင်စရာ မရှိပါဘူး၊ မေမေဟာ မိုးရဲ့ တစ်ယောက် တည်းသော အချစ်ရဆုံး မေမေ၊ လေးလေးဟာ မိုးရဲ့ဘဝမှာ ပထမဆုံး အထင်ကြီးလေးစားခဲ့တဲ့ ယောကျ်ား တစ်ယောက်'

မမိုးအေးက စကားကိုရပ်ထားလိုက်သည်။ ယခုတော့ မမိုးအေး သည် ကိုစောနိုင်ကို ရှေ့မှာထား၍ သူ့ရင်ထဲမှာရှိသော စကားတွေကို ဘယ်သူ့ကိုမှ ရည်စူးဟန်မရှိဘဲ တစ်ယောက်တည်း ရေရွတ်နေလေသည်။

'ဒါပေမယ့် သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် စီးပွားရေးနဲ့ တွက်ပြီး အမိဖမ်းဖို့ ချောင်းနေကြတာပဲ၊ လေးလေးက မေမေ့ကို တကယ်ချစ်တာ မဟုတ်ပါဘူး၊ မေမေ့ဩဇာကိုနာခံပြီး မေမေ့ စည်းစိမ် ဉစ္စာကိုရဖို့ စောင့်နေတာပဲ၊ မေမေကတော့ သူ့ရဲ့ အလိုဆန္ဒကို လိုက်လျော မယ့် ယောကျ်ားတစ်ယောက်ကို အပိုင်မယူဘဲ လက်သပ် မွေးထားတာပဲ၊ နှစ်ယောက် ပညာပြိုင်နေကြတာပါ'

ကိုစောနိုင်သည် ပွင့်လင်းရဲတင်းလှသော မမိုးအေး၏ စကား များအတွက် အံ့အားသင့်နေမိလေသည်။ သည်အကြောင်းတွေကို သူ ရိပ်မိသော်လည်း သည်လောက် သိသာထင်ရှားစွာ ဖြစ်ပွားနေမည်ဟု မထင်ခဲ့ပေ။ ယခုတော့လည်း မမိုးအေးတစ်ယောက် ဘာကြောင့် သည်မျှ

နာကျည်းစွာ ခံစားနေရသည်ကို သဘောပေါက်လာသည်။ မမိုးအေးက ဖြူစင်သူပေပဲ။ ယောကျ်ားတစ်ယောက်ကို ဘာရည်ရွယ်ချက်မှမပါဘဲ ပကတိအတိုင်း ခင်မင်တတ်သူလေးပဲ။ မမိုးအေးကတော့ ဒေါသအရှိန် မပြေသေးဘဲ သူ့စကားတွေကို ဆက်ပြောနေလေသည်။ မမိုးအေးသည် ကိုစောနိုင်ကို သူစိမ်းတစ်ယောက်လို သဘောမထားတော့ပေ။ သူ့ရင်ထဲမှာ ရှိတာတွေကို အကုန် အံချနေလေသည်။ သူ ကောင်းကောင်းလည်း နေကောင်းပုံမရပေ။

'အခုတော့ သူတို့နှစ်ယောက်လုံး တွက်ထားတဲ့အတိုင်း ဖြစ်မလာကြတော့ဘူးလေ၊ လေးလေးကလဲ အစက သွေးအေးနေရာက သူ့အဖေ ယစ်ထုပ်ကြီးက နားပူနားဆာလုပ်တော့ မေမေ့ကို ယူချင်ပြီ၊ ပစ္စည်းတွေကလဲ အရောရောအထွေးထွေး ဖြစ်ကုန်ပြီဆိုတော့ မေမေ့ကို အပိုင်ရမှကို ဖြစ်တော့မယ်၊ မေမေကလဲ အစက လေးလေးတစ်ယောက်တည်း သပိတ်ဝင် အိတ်ဝင် တွက်ထားတာ၊ ခုတော့ မထင်မှတ် ဘဲ ပစ္စည်းလိုချင်တဲ့ မိဘတွေ ပေါ်လာတော့ လေးလေးကို မယူချင်တော့ဘူး၊ အစီအစဉ်တွေကလဲ လက်လွန်နေတော့ နောက်ဆုတ်ရခက်နေပြီ၊ ဒီတော့ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် လက်လွှတ်မခံဘဲ နောက်ဆုံးတော့ သွေးသားချင်း ဖလှယ်ပြီး ဖောက်ပြန်တဲ့အထိ ဖြစ်နေကြတာပဲ၊ အို ဒါတွေကို မိုးဘာလို့ ပြောမိပါလိမ့်၊ ရှက်တယ် ကိုစောနိုင်ရယ်၊ မိုး ဒီအကြောင်းတွေ မတွေးဘဲနေလို့မရဘူး၊ အစကတော့ မိုး ဒီကိုလာနေတဲ့ရည်ရွယ်ချက်က တခြားပဲ၊ ခုတော့ သူတို့ကို ရင်မဆိုင်ချင်လို့ ထွက်ပြေးလာခဲ့တာပဲ'

ကိုစောနိုင်သည် အားပါးတရ ငိုချလိုက်သော မမိုးအေးကို ဘယ်လို ချော့ရမည်မသိဘဲ ငိုင်၍ ကြည့်နေမိလေသည်။ အတန်ကြာမှ မိန်းကလေးတစ်ယောက်လုံး သူ့ရှေ့မှာ ရှိုက်ငင် ငိုကြွေးနေသည်ကို ယောကျ်ားသားတစ်ယောက်အနေဖြင့် နှစ်သိမ့်မှုပေးရမည်ကို သတိရလာလေသည်။

BURMESE CLASSIC .com

'ကျွန်တော်လာတာ မမိုးအေးကို အားပေးဖို့လာတာပါဗျာ၊ မမိုးအေး စိတ်ညစ်အောင် လာဆွပေးသလို ဖြစ်နေပြီ၊ တိတ်ပါ မမိုးအေးရယ်'

ကိုစောနိုင်သည် မမိုးအေး၏ မေမေက မှာလိုက်သည်များကို ပြောသင့် မပြောသင့် ချိန်ဆနေပြန်လေသည်။ လောလောဆယ်တော့ မမိုးအေး အငိုတိတ်အောင် စောင့်နေရသေးသည်။

'ဘာပဲဖြစ်ဖြစ် မိုးရယ်၊ မိုးရဲ့ မေမေကကော လေးလေးကပါ မိုးကို ချစ်ကြပါတယ်၊ ကျွန်တော် ထင်ပါတယ်၊ သူတို့နှစ်ယောက်ဟာ မိုးက သူတို့ကို ချစ်သလိုပဲ သူတို့ကလဲ ထပ်တူချစ်တာပဲ၊ ခုလဲ မိုးရဲ့ မေမေက မိုးစာမရေးလို့ စိတ်ပူနေပါတယ်၊ သူတော့ အလုပ်ကိစ္စတွေက တစ်ဖက် ပြီးတော့ သမီးကို မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူလို့ ထင်ပါတယ်၊ မလာသေးဘူးတဲ့၊ မိုးအလုပ်ရပြီလားလဲ မသိရလို့ အနေအထိုင် သိပ်ဆင်းရဲမှာ စိုးလို့တဲ့'

ကိုစောနိုင်က စာအိတ်တစ်အိတ်ကို မဝံ့မရဲ ထုတ်ပေးလေသည်။

'ကျွန်တော် ရန်ကုန်မှာ နှစ်ရက်လောက်နေဦးမယ်၊ ထွေးဆီကိုရော မိုးတို့အိမ်ကိုရော ဘာမှာလိုက်ချင်သေးလဲ'

မမိုးအေးသည် ကိုစောနိုင်ရှေ့မှာ ဖွင့်အန်မိသော သူ့အဖြစ်ကို သူ့ဘာသာ ရှက်မိကာ မျက်ရည်များကို သုတ်လိုက်လေသည်။

'မိုးရဲ့အိမ် မဟုတ်ပါဘူး ကိုစောနိုင်၊ မေမေ့ အလိုဆန္ဒနဲ့ ဖန်တီး ထားတဲ့ မေမေ့အိမ်ပါ၊ ဘာမှမမှာချင်ဘူး၊ မိုး အလုပ်ဝင်တာ တစ်လကျော်ပြီ၊ လခ တစ်ရာ့ငါးဆယ်ရတယ်၊ စားလောက်ပါတယ်၊'

ကိုစောနိုင်သည် မမိုးအေးကို များစွာ အံ့ဩနေလေသည်။ စိတ်အလို မပြည့်နိုင်သည်ကလွဲ၍ လိုလေသေးမရှိအောင် နေခဲ့ရသော မိန်းကလေးတစ်ယောက်က လခ တစ်ရာ့ငါးဆယ်နှင့် ရန်ကုန်မှာ တစ်ယောက်တည်း နေသတဲ့လား။ မမိုးအေးသည် လက်ချောင်းလေးများ သာမက ခြေထောက်လေးများ၊ ဆံပင်လေးများပါ နုနယ်သော မိန်းကလေး တစ်ယောက်ဖြစ်လေသည်။ သူ့ညီမ ထွေးသည်ပင် လူ့ဘဝကို ဘယ်လို

ရင်ဆိုင်လိုက်မည်ဟု ကြုံးဝါးခဲ့သော်လည်း ယခုတော့ ကျောင်းဆရာမလုပ်ရင်း လိုအပ်သမျှကို အိမ်ကချည်း ပြန်သယ်နေရလေသည်။ မမိုးအေးကို ကြည့်ရသည်မှာ အဝတ်အစားကအစ နွမ်းပါးလှကာ သူဌေးသမီးတစ်ယောက်ဟုပင် ထင်စရာ မရှိပေ။ လောကမှာ ပြည့်စုံပါလျက် မပြည့်စုံနိုင်သူတွေ ရှိပါသေးသလားဟု တွေးကာ တရားကျမိသည်။ တကယ်တော့ မမိုးအေးသည် မိခင်ထံမှ မေတ္တာတရားနှင့် သန့်စင်မှုကို အထင်ကြီးစွာ ရယူလိုမှုဖြင့် ပင်ပန်းဆင်းရဲ နေရခြင်းပင် ဖြစ်ဟန်တူလေသည်။

'ဘာပဲဖြစ်ဖြစ် လူကြုံပါးလိုက်တဲ့ ပစ္စည်းကို ယူထားလိုက်ပါ မိုးရယ်၊ ကျွန်တော် မပြန်ခင် လာခဲ့ပါရစေဦး၊ မမိုးအေးလဲ အနားယူလိုက်ပါ၊ သိပ်ပင်ပန်းနေပုံရတယ်၊ နေကောင်းအောင်လဲ နေပါဗျာ၊ ကျွန်တော်ဟာ မမိုးအေးသူငယ်ချင်းရဲ့အစ်ကို၊ မမိုးအေးရဲ့ အစ်ကိုတစ်ယောက်ပါ ကျွန်တော့်ကိုတော့ စိတ်နာတဲ့ စာရင်းထဲ မထည့်ပါနဲ့'

မမိုးအေးက ဖျော့တော့စွာ ပြုံးပြလိုက်သည်။ ကိုစောနိုင်က ကမ်းပေးသော လက်ကိုလည်း ဆွဲ၍ နှုတ်ဆက်လိုက်သည်။ မတ်တတ်ရပ်ကာ ဝင်းပေါက်အထိ ကိုစောနိုင်ကို လိုက်ပို့သည်။ ခြံဝမရောက်ခင် ပုဏ္ဏရိပ်ပင်တွေဘေးမှာ တစ်ယောက်တည်းရပ်နေသော ကိုဖေခင်ကို တွေ့ရလေသည်။

'ဩော် ကိုဖေခင် ဘယ်တုန်းကရောက်နေလဲ၊ ဒါ တောင်ကြီးက ကိုစောနိုင်လေ'

ကိုဖေခင်သည် ယဉ်ကျေးစွာ ခေါင်းညိတ်ပြလေသည်။

'ကျွန်တော်ရောက်နေတာ ကြာပါပြီ၊ ဧည့်သည်ရှိနေလို့ ဒီမှာ လာနေတာပါ၊ ကျွန်တော့်ကို အားနာစရာ မရှိပါဘူး ခင်ဗျာ'

ကိုစောနိုင်ကလည်း မနာလိုငြူစူခြင်းကင်းသော အပြုံးဖြင့် အသိအမှတ် ပြုလေသည်။

'ကိုဖေခင့်ကိုတော့ မမိုးအေး ပြောပြောနေလို့ သိနေပါတယ် ခင်ဗျာ၊ ကျွန်တော် တောင်ကြီးကနေ အလုပ်ကိစ္စရှိလို့ ခဏလာပါတယ်၊

မိုးကိုလဲ တွေ့ရအောင်ပေါ့ဗျာ၊ ကျွန်တော်တို့ မောင်နှမတွေလိုပဲ ခင်မင်ကြပါတယ်'

သူတို့သည် ရင်းနှီးမှုဖြင့် လက်ဆွဲ နှုတ်ဆက်ကြပြန်လေသည်။ မမိုးအေးသည် သူခင်မင်သော ယောကျ်ားနှစ်ယောက်ကိုကြည့်ကာ သည်လိုသဘောထားပြည့်ဝသော လူငယ်တွေနှင့် သိကျွမ်းရသည်ကို ဂုဏ်ယူမိပြန်လေသည်။ ကိုစောနိုင်က သူတို့ နှစ်ယောက်လုံးကို နှုတ်ဆက်ကာပြန်သွားသည်။ ကိုဖေခင်က မမိုးအေးကိုကြည့်ကာ ပင်ပန်းစွာ ပြုံးပြလေသည်။

'ဆောရီး မမိုးအေးရယ်၊ မမိုးအေးတို့ ပြောနေတာတွေ ကျွန်တော်ကြားရတယ်၊ စိတ်မကောင်းဘူး၊ ဘာလို့ စိတ်လွတ်ကိုယ်လွတ် ပြောရ ငိုရသလဲ မမိုးအေးရယ်၊ မမိုးအေး ဒီလောက်စိတ်ဆင်းရဲနေမှန်း ကျွန်တော်မသိဘူး'

'ကျွန်မ ညနေက အင်းလျားကို ရောက်သေးတယ်၊ အေးလိုက်တာ ကိုဖေခင်ရယ်၊ ဆောင်းလဲရောက်တော့မယ်နော်၊ ကျွန်မ ကောင်းကောင်းနေမကောင်းဘူး၊ အိပ်တော့မယ်'

ကောင်းပါတယ်၊ အနားယူလိုက်ပါ၊ မမိုးအေးကိုကြည့်ရတာ သိပ်အားနည်းနေသလိုပဲ၊ ဆရာဝန်နဲ့ပြပါဦးလား၊ နောက်တစ်ပတ် စနေနေ့မှာ ကျွန်တော့် ပန်းချီပြပွဲရှိတယ်၊ အဲဒါ လာဖိတ်တာ၊ လာနိုင်မှလဲ လာပါ၊ အဆောင်က သူငယ်ချင်းတွေလဲ ဖိတ်စာပေးလိုက်ပါ၊ ကျွန်တော် ပြန်မယ် မမိုးအေး၊ ဘာလိုသေးလဲ'

'ဘာမှမလိုပါဘူး ကိုဖေခင်၊ ကျေးဇူးတင်ပါတယ်'

အခန်းဆီသို့ တိတ်ဆိတ်စွာ ပြန်လာလေသည်။ စားပွဲပေါ်တွင် ကိုစောနိုင်ထားခဲ့သော စာအိတ်ကိုယူပြီး အခန်းထဲ ပြန်ဝင်ခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်း ငွေငါးရာနှင့် စာတစ်စောင်ကို တွေ့ရသည်။ အခန်းဖော် မခင်နွဲ့က အေးဆေးသူဖြစ်၍ အိပ်ရာပေါ်တွင်လှဲရင်း ကာတွန်းစာအုပ်တစ်အုပ် ဖတ်နေသည်။ တစ်ဖက်ခန်းမှ မြမြသာ သူ့ဆီ ပြေးလာလေသည်။

BURMESE CLASSIC .com

'ဟော့ မိမိုး၊ ဘယ်တွေလျှောက်သွားနေတာလဲဟင်၊ ညှို့သည်လဲ စောင့်နေတာ အကြာကြီးပဲ၊ ဟယ် မိုးငိုထားတယ်၊ လက်ဖျားတွေလဲ အေးလို့'

မမိုးအေးသည် ဘာမျှမပြောဘဲ အိပ်ရာပေါ်လှဲရင်း စာကိုဖတ်သည်။ မြမြက စောင်ခြုံပေးပြီး အလိုက်သိစွာထိုင်နေလေသည်။

**သမီး စူဇီ**

သမီး ရုတ်တရက်ထွက်သွားတာ မာမီ စိတ်မကောင်း ဘူး၊ မာမ့်အပြုအမူဟာ သမီး စိတ်ထိခိုက်စေတယ်ဆိုရင် မာမီ တောင်းပန်ပါတယ်၊ ဒါပေမယ့် မာမီဟာ သမီးကို ဘယ်လောက် ချစ်တယ်ဆိုတာ မာမီ အသိဆုံးပါ သမီးရယ်၊ လေးလေးနဲ့ မာမီတို့ ဆက်ဆံရေးကို သမီး မကျေနပ်နိုင်ဘူးဆိုတာလဲ မာမီ နားလည်ပါရဲ့၊ ဒါပေမယ့် မာမ့်သမီးဟာ မာမ့်ကို နားမလည်သေးဘူး၊ မာမီဟာ သမီးအတွက် အမြဲတမ်း ထည့်စဉ်းစားတယ် ဆိုတာ သမီး နားလည်ဖို့သင့်တယ် သမီး'

မာမီ ပြောပြီးပြီပဲ၊ မာမီဟာသမီးကို လောကမှာ တစ်ယောက်တည်း ထားခဲ့ရမှာ၊ သမီးဟာ သူတစ်ပါး အပြောအဆိုခံပြီး သူတစ်ပါးသြဇာအောက်မှာ ကျွန်မနေခဲ့ရဘူး၊ မာမီ ရှာထားသမျှတွေ သမီး တစ်ယောက်တည်း ရယူပိုင်ဆိုင်ပြီး မာမ့် သမီးဟာ မာမ့်လိုပဲ အချုပ်အချယ်မရှိ၊ ဆင်းရဲဒုက္ခမရှိ၊ သူများသြဇာအောက်မှာ ခေါင်းငုံ့ခံရခြင်းမရှိဘဲ တင့်တင့်တယ်တယ် နေနိုင်ရမယ်။

သမီးတို့ လူငယ်စိတ်နဲ့ အလုပ်လုပ်တာကို မာမီ မတားခဲ့ဘူး၊ ဒါပေမယ့် ပြန်လာပါ သမီးရယ်၊ ဒုက္ခဆင်းရဲဆိုတာ ခံစားဖူးမှ သိပါတယ်၊ မာမ့်သမီးဟာ ကြာကြာ အဆင်းရဲမခံနိုင်ပါဘူး၊ မာမီ သိပါတယ်၊ သမီးရဲ့ ဖေဖေဟာ သမီးလိုပဲ တစ်ချိန်က ခေါင်းမာခဲ့ပေမယ့် နောက်တော့လဲ စည်းစိမ်ချမ်းသာမှုအောက်မှာ သေသည်

BURMESE CLASSIC .com

အထိ အေးအေးဆေးဆေး နေသွားတာပဲ၊ လောကမှာယုံကြည်ချက်တွေ၊ အဘိဓမ္မာတွေ ဘယ်လောက်ပဲ ခိုင်မာနေနေ၊ နောက်ဆုံးတော့ ဓနဥစ္စာအောက်မှာ ပျောက်ကွယ်ရတာပဲ၊ မာမီပြောတာ နားထောင်ပါ။

အခု မာမီ သမီးပြန်လာနိုင်ဖို့ စရိတ်ပို့လိုက်တယ်၊ အလုပ်က ထွက်လို့ရရင်ထွက်ပြီး ပြန်လာခဲ့၊ မာမီ အလုပ်ကိစ္စတွေ မပြတ်သေးလို့ မာလာနိုင်ဘူး၊ သမီးကို မာမီမျှော်နေမယ်၊

**မာမီ**

စာရေးတာတောင် မေမေသည် သူ့ဝသီအတိုင်း အစပထမမှာ လေသံပျော့ပြီး နောက်ဆုံးတော့ လေသံမာသွားလေသည်။

မမိုးအေးက စိတ်ပင်ပန်း နွမ်းနယ်စွာဖြင့် စာကို အိပ်ရာအောက် ထိုးထည့်လိုက်ပြီး ခြင်ထောင်ကို ခြေမဖြင့် ညှပ်၍ ဆွဲချကာ အိပ်ဖို့ ပြင်လေသည်။

'ဒီညတော့ စကားမပြောနိုင်တော့ဘူး မြမြရေ၊ အိပ်မယ်ကွာ၊ မေးချင်တာရှိရင် မနက်မှမေးနော်'

'ကောင်းပါပြီ မရွှေမိုးရယ်၊ ပျော်အောင်သာ အိပ်ပါတော့'

မြမြသည် ခြင်ထောင်ကို သေသေသပ်သပ် ပြင်ချပေးကာ ပြန်သွားလေသည်။ မမိုးအေးက မျက်စိမှိတ်ထားသော်လည်း အိပ်မပျော်နိုင်သေးဘဲ အိပ်ပျော်ကာနီးမှာ နိုးတစ်ဝက် ပျော်တစ်ဝက် အိပ်မက်ကို မက်လေသည်။ အိပ်မက်ထဲမှာ မေမေနှင့် ရန်ဖြစ်ရပြီး လေးလေးကိုလည်း စိတ်ဆိုးဆိုးနှင့် ပါးကိုချပစ်လိုက်သေးသည်။ ပြီးတော့ ကွယ်လွန်သူ ဘွားဘွားကိုလည်း အိပ်မက်မက်သည်။ ဘွားဘွားနှင့် အန်တီခင်သည် စိန်ပျောက်မှုအတွက် တရားဆိုင်နေရ လေသည်။ ကိုစောနိုင်နှင့် ကိုဖေခင်တို့ကိုတော့ အင်းလျားကန်ထဲမှာ ရေအပြိုင်ကူးနေသည်ကို မြင်ရပြီး ကိုစောနိုင် ကိုဖေခင်ကို ရေထဲမှာ နှစ်သတ်နေ၍ အကူအညီခေါ်ရသည်။

အားကုန်ဟစ်၍ အော်သော်လည်း အသံတော်တော်နှင့် ထွက်မလာ။ လူကလည်း ခြေတွေ လက်တွေ လှုပ်မရ။ နောက်ဆုံးတစ်ချက် အသံကုန် ဟစ်လိုက်သောအခါမှ အသံလည်းထွက်သွားပြီး လူလည်း လှုပ်ရှား၍ ရတော့သည်။ ထိုအခါ မောဟိုက်နေလေသည်။ မခင်နွဲ့က ပြေးလာပြီး သူ့ကို လှုပ်နှိုးသည်။ ကိုယ်တွေလည်း ပူ၍နေသည်။ မခင်နွဲ့က ဆေးတစ်ပြား နှင့် ရေလာတိုက်သည်။ ပြန်အိပ်၍လည်း မပျော်တော့ပေ။ စားပွဲပေါ်က ဖတ်လက်စရှိသော 'စည်းအပြင်ကလူ' ဘာသာပြန်စာအုပ်ကို ဖတ်နေ လိုက်သည်။ မိုးလင်းကာနီးမှ အိပ်ပျော်သွားလေသည်။

## ၂

'အားလုံးထဲမှာတော့ ဒီပန်းချီကားကို အကြိုက်ဆုံးပဲ ကိုဖေခင်၊ နာမည်လဲကြိုက်တယ်၊ 'ချစ်မေတ္တာကို ဖွေရှာခြင်း'တဲ့၊ ကျွန်မ အနေနဲ့ ဆိုရင်တော့ တစ်မျိုးပေးမိမယ်၊ နည်းနည်းတော့ ရှည်လျားတာပေါ့လေ၊ 'နေ့ဥစ္စာကြားမှာ ပျောက်ဆုံးနေသော ချစ်ခြင်းမေတ္တာ'လို့'

'ကောင်းလဲ မကောင်းဘူး'

သူငယ်ချင်းများက ဩဘာပေးကာ ရယ်မောကြသည်။

ပန်းချီကားကတော့ အနည်းငယ် ရှုပ်ထွေးသည်။ အရောင်မှိန်သည်။ ဆီဆေးကားဖြစ်သည်။ စိတ္တဇဆန်သော စုတ်ချက်ကြမ်းကြမ်းတွေကြားမှာ မိန်းကလေးတစ်ယောက်၏ သဏ္ဌာန်က ဝိုးတဝါး သိသာရုံလေးမျှ ပေါ်နေသည်။ ဆံပင်များ ဝေ့ဝဲနေပုံက မမိုးအေးနှင့် ဆင်သလိုလို။

'ကိုဖေခင် အခု ဘယ်နှစ်ကားစွဲပြီလဲ'

'နှစ်ကားတော့ရှိပြီ'

'ဒီကားကော'

‘ဒီကားကို မရောင်းပါဘူး’

‘ကျွန်မကို လက်ဆောင်ပေးမလို့လား’

ကိုဖေခင်က ရယ်သည်။

‘မမိုးအေးဟာ လူတွေရဲ့သဘောကို သိပြီးသားပဲ’

‘အလကားပါ’

မမိုးအေးက ရယ်ပြန်သည်။ သို့သော် ကိုဖေခင်ကတော့ မရယ်တော့ပေ။

‘ဟော့ ပေါက်မနေနဲ့ ဒီမှာကြည့်စမ်း၊ တို့တော့ ဒီကားကြိုက်တယ်၊ နာမည်လဲ သိပ်ကောင်းတာပဲ၊ တို့က ဒီလို နားလည်လွယ်မှ’

မြမြ ညွှန်ပြရာကိုကြည့်မိသည်။ ပန်းချီကားက ဖရဲသီးတစ်စိတ်ကို သဘာဝအတိုင်း ကောက်ယူစားချင်အောင် အသွေးကျကျ ဆွဲထားသည်။ ပန်းချီကားနာမည်က ‘ဖရဲသီး’ ဖြစ်၏။ အားလုံး ရယ်ကြပြန်သည်။ မခင်နွဲ့ကတော့ ကုလားထိုင်တစ်လုံးမှာ အကျအန ထိုင်ကာ အပေါက်ဖာထားသော ယပ်တောင်တစ်ချောင်းဖြင့် မျက်စိအာရုံ စူးစိုက်ကာ အသေအချာထိုင်ကြည့်နေလေသည်။ ထိုနေ့က ကိုဖေခင်သည် အမှတ်တရအဖြစ် မမိုးအေးတို့ သူငယ်ချင်းတစ်စုကို နီးရာ ဆိုင်တစ်ဆိုင်မှာ ထမင်းကျွေးသည်။

‘ကျွန်မတို့တော့ အဆောင်မှာ ငတ်နေတာကြာပြီ စားမှာပဲ’

မြမြက ကြော်ငြာသည်။

‘ကျွန်တော်လဲ ငတ်ငတ်နဲ့ ကျွေးတာပါဗျာ၊ အထင်မကြီးပါနဲ့၊ ဒါ ကျွန်တော် ဟိုကြော်ငြာလေးရေး၊ ဒီမျက်နှာဖုံးလေးရေးနဲ့၊ စုထားတာပါ၊ ဒီပွဲကတော့ ပထမဆုံး ချွေးနဲ့စာနဲ့လုပ်တဲ့ပွဲဘဲ’

‘နောက်တော့လဲ အောင်မြင်လာမှာပေါ့ ကိုဖေခင်ရယ်’

ထမင်းစားနေသော်လည်း မမိုးအေး၏ မျက်စိများက အဝေးသို့ ငေးနေလေသည်။

‘မမိုးအေး နေမကောင်းဘူးလား၊ ဟိုတစ်နေ့ကလဲ ဖျားတယ်ဆို ခွင့်မယူဘူးလား’

BURMESE CLASSIC .com

'အလုပ်စဝင်စဆိုတော့ ခွင့်ယူလို့မရဘူး ကိုဖေခင်၊ ကိစ္စမရှိပါဘူးလေ၊ သေတော့မသွားနိုင်သေးပါဘူး၊ ကျွန်မလဲ ကိုဖေခင်လို အဓိပ္ပာယ်ရှိတာ တစ်ခုခုလုပ်ပြီးမှ သေချင်တယ်'

'ယောကျ်ားယူပါလား'

မြမြက တိုးတိုးနှောက်သည်။ မမိုးအေးသည် အသံကျယ်ကျယ်ဖြင့်ပင် ပြန်ပြောလေသည်။

'ယောကျ်ားယူရအောင်လဲ ကြိုက်တဲ့ယောကျ်ား မရှိသေးဘူး'

ကိုဖေခင်က မမိုးအေးကိုကြည့်ပြီး သက်ပြင်းကို ခိုး၍ချသည်။ မမိုးအေးမှာ တစ်ခုခုလိုနေတာတော့ အမှန်ပဲ။ ခက်တာက ဒီမိန်းကလေးဟာ သန့်ရှင်း ရိုးသားလွန်းတယ်။ ယောကျ်ားကို ခင်မင်အောင်ပေါင်းပြီး ချစ်ဖို့ ကြိုက်ဖို့ စိတ်မကူးတာအံ့ပါရဲ့။ ကိုစောနိုင်လိုလူမျိုးကို လက်ထပ်မည်ဆိုလျှင် မမိုးအေးနှင့် အသင့်တော်ဆုံး ဖြစ်နိုင်သည်ပင်။

'မမိုးအေး စာရေးပါလား'

ကိုဖေခင်က တိုက်တွန်းသည်။

'ကျွန်မ စာဖတ်ဖို့သာ ဝါသနာပါတာ၊ စာရေးဖို့ ဝါသနာမပါဘူး၊ ပြီးတော့ စာရေးတဲ့လူတွေဟာ အပြစ်မကင်းဘူးလို့ ကျွန်မ ထင်တယ်'

'ဘာဖြစ်လို့များလဲဗျာ'

တစ်ခါတစ်ခါတော့ ဝတ္ထုထဲက အဖြစ်အပျက်တွေနဲ့ အပြင်လောက အဖြစ်အပျက်တွေဟာ တခြားစီပဲ၊ သူတို့ဟာ မဖြစ်နိုင်တာတွေကို စိတ်ဝင်စားအောင်ပြောပြီး စာဖတ်သူတွေကို ညာနေကြတာပဲ၊ စာဖတ်သူတွေက ပိုက်ဆံပေးပြီး အညာခံနေရတာပဲ၊ တစ်ခုတော့ ရှိပါတယ်၊ ကိုဖေခင် ယူလာပေးတဲ့ ပင်လယ်ပြာနဲ့ တံငါအိုလို တကယ့်လောကထဲက အကြောင်းအရာ တစ်ခုဆိုရင်တော့ ကောင်းပါတယ်'

'တကယ့် အကြောင်းအရာတွေချည်း ဖတ်ရတော့လဲ လူတွေက ငြီးငွေ့တာပေါ့ဗျာ'

BURMESE CLASSIC .com

'ဟုတ်တယ်၊ ဒါကြောင့် ကျွန်မတော့ ရုပ်ပြဇာတ်လမ်းပဲ ဖတ်တယ်၊ အရုပ်လဲကြည့်ရ စာလဲဖတ်ရ၊ အမယ် တစ်ခါတစ်ခါတော့လဲ မဆိုးပါဘူး၊ တကယ် သဘာဝကျတာလေးတွေပါသားပဲ'

မခင်နွဲ့က သူသန်ရာကို ဝင်ပြောသည်။ သည်လိုနှင့် သူတို့၏ ပေါ့ပါးသော စကားဝိုင်းလေးကို သိမ်းကြသည်။

ဟေးလားဝါးလားနှင့် ပျော်ပျော်ရွှင်ရွှင် ပြန်လာခဲ့ကြသော သူငယ်ချင်းတစ်စုသည် အဆောင်ရောက်မှပင် မမျှော်လင့်သော အဖြစ်ကြောင့် ငြိမ်သွားကြရလေသည်။ မမိုးအေး၏ မေမေသည် အခန်းထဲမှာ စိတ်တိုတောင်းလှသော မျက်နှာဖြင့် ထိုင်နေသည်ကို ဘွားခနဲ တွေ့လိုက်ကြရသောကြောင့် ဖြစ်သည်။

မမိုးအေး၏ ကိုယ်လုံးလေးသည် အေးစက်၍ တောင့်တင်းသွား၏။ သမီးကိုလာတွေ့သော မေမေ့သွင်ပြင်သည် ဒေါသ အခိုးအငွေ့တို့ဖြင့် လျှံတက်ဆူဝေ၍ နေ၏။

'မေမေ'

မမိုးအေးက တိုးတိုးခေါ်လိုက်သည်။ ကျန်သည့်သူငယ်ချင်းများက အဝေးသို့ရှဲသွားကြသည်။ မေမေသည် မမိုးအေးကို ခပ်စိမ်းစိမ်းပင် ကြည့်နေလေသည်။

'မိစုဇီ ညည်း ဒီလိုပဲ ထင်ရာစိုင်းနေတော့မှာလား'

မေမေ့ ခွန်းဆက်စကားကမာကြောလှသည်။ မမိုးအေးသည် မေမေ့ ရှေ့မှာ အားနည်းစွာ ထိုင်ချလိုက်သည်။

'သမီး၊ သမီး ဘာလုပ်နေလို့လဲ မေမေ'

'ဩော် ခုထိ ဘာလုပ်နေလဲလို့ မေးနေရသေးလား၊ ငါ မောင်စောနိုင်ကို လွှတ်လိုက်တယ်၊ အဲဒါ ခေါ်ခိုင်းလိုက်တာပဲ၊ ညည်းဘာလို့ ပြန်မလာ သလဲ၊ ငါ့မှာ ပြဿနာပေါင်း သောင်းခြောက်ထောင် ကြားမှာ မအားနိုင်လို့ မလာရတာ၊ ခု အလုပ်တွေ အားလုံးပစ်ပြီး ညည်းဆီလာရတယ်'

BURMESE CLASSIC .com

မေမေ့လေသံသည် စာထဲကလောက်ပင် မပျော့ပျောင်းတော့ချေ။ တောင်းပန်သံလဲ မပါတော့ချေ။ မေမေကတော့ သူလုပ်သမျှကို အပြစ်မရှိဟု ထင်မှတ်မြဲဖြစ်သည်။

'သမီး ဘယ်လိုလုပ် ပြန်လာမလဲ မေမေ၊ ဒီမှာ သမီး အလုပ်လုပ်'

'ဘာအလုပ်လဲ၊ လခလေး တစ်ပဲခြောက်ပြားနဲ့ ရန်ကုန်မှာနေ၊ ညည်းဘာဖြစ်သွားမလဲ၊ ငါ မပြောလိုက်ချင်ဘူး'

'ဒီလိုတော့ မပြောပါနဲ့ မေမေရယ်၊ သမီးတို့ ဒီလို လှုပ်ရှားရုန်းကန်နေကြတဲ့ မိန်းကလေးတွေ အများကြီးပါ'

'တော် ငါ့ကို ဒီစကားမျိုးတွေ မပြောနဲ့တော့၊ ပြန်လိုက်မလား မလိုက်ဘူးလား ဒါပဲပြော၊ ခု ငါ့မှာ သမီးတစ်ယောက်ကိုတောင် နိုင်အောင် မထိန်းနိုင်ဘူးလို့ လက်ညှိုးထိုးခံနေရပြီ၊ နဂိုကမှ ဝိုင်းနှိမ်ချင်ကြတာ၊ ခုဆိုဟိုကလူတွေလဲ မိန်းမသားတစ်ယောက်တည်းဆိုပြီး ဝိုင်းတိုက်ခိုက်နေကြတာ၊ ငါဘယ်လောက် ကြံ့ကြံ့ခံနေရသလဲ၊ ညည်းမသိဘူး မိစုဇီ'

မမိုးအေးကတော့ 'မေမေ့ ပစ္စည်းဥစ္စာအတွက် သူတို့ တိုက်ခိုက်နေကြတာပဲ၊ မေမေကကော ဘာဖြစ်လို့ ဒါတွေကို တစ်ယောက်တည်း တိုက်ယူနေရသလဲ၊ လက်မလွှတ်နိုင်ဘူးလား၊ ဒါတွေ လက်လွှတ်လိုက်လို့လဲ မေမေ ဘာမှဖြစ်မသွားပါဘူး၊ ပင်ပန်းလှပါတယ်'ဟု ပြောလိုက်ချင်သည်။

'ခုချိန်မှာတော့ သမီးပြန်ဖို့ မဖြစ်ဘူးမေမေ၊ အလုပ်ကလဲ ခုဝင် ခုထွက်လုပ်လို့ မရဘူး၊ ခက်ရာခက်ဆစ် ရှာထားရတာ'

'ညည်းအလုပ်အတွက် ဘယ်လောက် လျော်ကြေးပေးရမလဲ၊ ပေးလိုက်၊ ပြန်မလိုက်လို့ မဖြစ်ဘူး၊ ငါ စိတ်ပင်ပန်းလှပြီ'

မေမေ ခေတ်နောက်ကျလွန်းသည်ပဲလား၊ သိလျက်နှင့် ဖွတ်ပြောနေသည်ပဲလားတော့ မသိ။ မေမေပြောပုံက လက်လွှတ်စပယ် နိုင်လွန်းလှသည်။

'နေရာတကာ ငွေစကားမပြောပါနဲ့ မေမေရယ်၊ ဒီအသုံးအနှုန်း

BURMESE CLASSIC .com

တွေက ဒီခေတ်မှာ မသုံးတော့ပါဘူး’

သည်တစ်ခါတော့ မေမေသည် ချိုသာနူးညံ့သော စကားလေးတွေဖြင့်ပင် အစမပျိုးနိုင်တော့ပေ။ မေမေ့ကို ကြည့်ရသည်မှာ များစွာ ပင်ပန်း ဆင်းရဲလှသည်။ ချမ်းသာခြင်းဟူသည်မှာ အဘယ်အရာနည်း။

‘ဒီလောက်တောင် ကိုယ်ထင်ရာစိုင်းချင်လဲ နေရစ်ခဲ့တော့ မိစုဇီ၊ နောက်မှ မာမီ့အဆိုးမဆိုနဲ့၊ ညည်းလာချင်တဲ့အခါမှလာတော့၊ ထင်သလိုသာ နေပေတော့’

မေမေသည် စိမ်းကားလှစွာပြောဆိုပြီး စိတ်လိုက်မာန်ပါပင် ထပြန် သွားလေသည်။ မေမေ့ကို မည်သို့သော မောဟ တရားတွေက ဖိစီးနေပြန်ပြီနည်း။

တစ်ဖက်မှာ အဆင်မပြေဖြစ်လာခဲ့သမျှတွေကို သမီး မမိုးအေး အပေါ် လာရောက် ပုံချနေလေရော့သလား။

မမိုးအေးသည် အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ် လှဲချလိုက်ကာ အားပါးတရ ငိုကြွေးလိုက်မိလေသည်။

www.burmeseclassic.com

# ၃

မရောက်တာ ကြာပြီဖြစ်သော ဗိုလ်ချုပ်ဈေးကို လာဖြစ်ကြသည်။ မိန်းကလေးတို့သည် နောက်ဆုံးပေါ် အဝတ်အစားများဖြင့် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေသည်ကို မြင်ရသောအခါ သူတို့မှာကော လူ့ဘဝအတွက် ဘာအပူအပင်မှ မရှိလေရော့သလားဟု တွေးမိလေသည်။ မမိုးအေးတို့ သူငယ်ချင်းတစ်စုသည် အဝတ်အထည်ဆန်းများကို ငေးရုံသာ လျှောက်ငေးကြပြီး မဝယ်ဖြစ်ကြချေ။ မမိုးအေးကတော့ ကိုစောနိုင်နှင့်အတူ မေမေပေးလိုက်သော ငွေထဲမှပင် ရုံးတက်ရန် ကြိမ်ခြင်းတစ်လုံး ဝယ်ရသည်။ မေမေနှင့် အတိုက်အခံပြုပြီး ရုန်းထွက်နေဆဲဖြစ်သော်လည်း မေမေ့ ပိုက်ဆံကိုတော့ သုံးနေရသေးသည်။ သည်အတွက် လိပ်ပြာမလုံလှပေ။

ချောင်ကျသော အစွန်ဆုံးတန်းမှ ဖိနပ်ဆိုင် တစ်ဆိုင်တွင် ခပ်ငိုင်ငိုင် ထိုင်နေသော အန်တီခင့်ကို မြင်ရသောအခါ များစွာအံ့ဩသွားမိလေသည်။ သွက်လက်ဖျတ်လတ်သော အန်တီခင်သည် မျက်နှာများကျလျက်ရှိကာ မမိုးအေးကို ဝမ်းသာဝမ်းနည်းသော မျက်လုံးများဖြင့်ကြည့်ရင်း ရုတ်တရက် ကြောင်နေရှာသည်။

'အန်တီခင်ရယ် ဝမ်းသာလိုက်တာ၊ အန်တီခင် ဈေးရောင်းနေတယ် ဟုတ်လား၊ အန်တီခင်တို့ ညီအစ်မတွေကတော့လေ'

မမိုးအေးသည် ပြောပြောဆိုဆိုပင် ဆိုင်ပေါ်ပြေးတက်ပြီး အန်တီခင့် ပခုံးများကို ကိုင်လှုပ်လေသည်။ အန်တီခင်သည် ဈေးထဲမှာရှိနေသည်ကိုပင် သတိမထားမိဘဲ မမိုးအေးကို ဝမ်းသာအားရ ဖက်ထားလိုက်ပြီး မျက်ရည်များ ဝဲစပြုလာသည်။

'မိုးက အရပ်ကြီးမြင့်ပြီး ပိန်လို့ပါလား၊ အန်တီခင့်ကို အထင်မကြီးပါနဲ့ မိုးရယ်၊ မသထာရေစာနဲ့ ရခဲ့တာလေးတွေကို ထုခွဲပြီး ထမင်းစားဖို့ကြံဖန်ရတာပါ၊ တစ်သက်လုံးက ဈေးမရောင်းတတ်ခဲ့တော့ ဟုတ်လှတယ် မဟုတ်ပါဘူး၊ အန်တီခင်က မီးဖိုချောင်သာ နိုင်တာပါကွယ်'

သူငယ်ချင်းများသည် ဆိုင်ရှေ့တွင်ထိုင်ပြီး တူဝရီးနှစ်ယောက်ကို စူးစမ်းသော မျက်လုံးများဖြင့် ကြည့်မိကြသည်။

'မေမေလေ အခုတောင်ကြီးမှာ သိလား၊ အန်တီခင် သိမှာပေါ့၊ ဒီက အိမ်ကြီးကို ရောင်းပစ်လိုက်ပြီလေ'

'သိပါတယ်ကွယ်၊ မဆွေ မရှိမှန်းသိလို့ အန်တီခင် ဒီဈေးထဲမှာ ထိုင်ဝံ့တာပါ'

'ဘဘလဲ မရှိတော့ဘူး'

'အို ဟုတ်လား၊ အဲဒါတော့ အန်တီခင် မသိဘူး၊ မိုးကရော ဒီမှာ ဘာလုပ်နေတာလဲ'

'ဒါတွေ နောက်မှပြောတော့မယ် အန်တီခင်၊ အန်တီခင် ဘယ်မှာနေလဲ ဟင်၊ မိုးလာခဲ့မယ်၊ ယောကျ်ားရနေပြီလားဟင်'

'မရသေးပါဘူးကွယ်၊ အမေနဲ့ တောင်ဥက္ကလာမှာနေပါတယ်၊ အန်တီခင် လိပ်စာရေးပေးလိုက်မယ်၊ အို တစ်ယောက်တည်းမလာနဲ့ လေဆိုင်ကိုပဲလာခဲ့၊ ပြီးတော့ အန်တီခင်နဲ့လိုက်ခဲ့ပေါ့'

BURMESE CLASSIC .com

'မိုးရဲ့အဘွားလေးနဲ့ တွေ့ချင်ပါသေးတယ်၊ မိုးတော့ အန်တီခင်နဲ့တွေ့ရတာ သိပ်အားရှိတာပဲ၊ တနင်္လာနေ့ကျရင် မိုးလာခဲ့မယ်၊ အန်တီခင့်ဆီမှာ အိပ်မယ်နော်'

'အိပ်ရပါတယ် ကလေးရယ်'

မမိုးအေးတို့ ပြန်ထွက်လာတော့ အန်တီခင်သည် မမိုးအေးဘယ်လိုနေထိုင်နေသည်ကို နားမလည်နိုင်သော အကြည့်ဖြင့် ငေးကြည့်ရင်း ကျန်ခဲ့လေသည်။

*

အဘွားလေးကို ကြည့်ရသည်မှာ ဘွားဘွားလိုမဟုတ်။ ပကတိ အေးချမ်းသော အသွင်ကို မြင်ရလေသည်။ လေးလေးတို့ မေမေနှင့် အဖြစ်ချင်းလည်းတူသည်။ ပုံစံချင်းလည်း တူသည်။ သို့သော် လေးလေးတို့ မေမေကလင်ကိုကြောက်ရလွန်းသဖြင့် ထိတ်လန့်အားငယ်သောအသွင်ပါ စွက်နေလေသည်။ သူ့တွင် ပူလောင်ခြင်း မရှိတော့ပေ။ ဆင်းရဲသော်လည်း မိန်းမကို ချစ်ခင်ကြင်နာ ယုယတတ်သော ခင်ပွန်းသည်သည် လောကကို စွန့်ခွာ၍ သွားနှင့်လေပြီ။ အန်တီခင်သည် ယခုမှပင် မိခင်ကို လုပ်ကျွေးခွင့်ရသော သမီးကောင်း တစ်ယောက် ဖြစ်၍နေသည်။

အဘွားလေးသည် မျက်စိလည်း များစွာမှုန်နေ၏။ မမိုးအေး၏ မျက်နှာနှင့် ဆံပင်လေးများကို ပွတ်သပ်ကြည့်သောအခါ မမိုးအေး၏ ရင်မှာ မခံစားရဖူးသော ကြည်နူးနှစ်သိမ့်မှုဖြင့် ကြက်သီးပင်ထမိရ လေသည်။ ဘွားဘွားနှင့် မေမေတို့ထံမှ သည်မျှနက်ရှိုင်းသော ကြင်နာမှု အထိအတွေ့ကို မရရှိခဲ့ပါလား။ မမိုးအေးသည် ရှာဖွေနေသော အရာတစ်ခုကို တွေ့လိုက်ရသလို ရင်ထဲမှာ သိမ့်သိမ့်ခါပြီး ဝမ်းနည်းစွာ ငိုရှိုက်မိသည်။

'ကလေးရယ် ဘာလို့ငိုရသလဲ၊ ဘာမှဝမ်းနည်းမနေနဲ့၊ အဘွားတို့ဟာ အမျိုးအရင်းကြီးရှိသေးတယ်၊ သမီး မေမေဟာလဲ တစ်နေ့မှာ သမီးကို နားလည်လာမှာပါကွယ်'

BURMESE CLASSIC .com

အဖြစ်စုံကို သိပြီးဖြစ်၍ အဘွားလေးက အားပေးသည်။ အန်တီခင်ကတော့ မွေးစကတည်းက လက်ပေါ်မှာ ကြီးပြင်းအောင် ထိန်းသိမ်းခဲ့ရသော မမိုးအေးကို တစ်ယောက်တည်း နေထိုင်ရန်းကန် နေသည့်အတွက် များစွာ အံ့ဩမိသနားမိသည်။ အတူနေခဲ့စဉ်ကတော့ အန်တီခင်သည် မမိုးအေးတို့အိမ်မှာ ဘာမျှ စွက်ဖက်ပြောဆိုခွင့် မရှိခဲ့ပေ။ မေမေ့ဩဇာကို မလွန်ဆန်ဝံ့ခဲ့ပေ။ ညီအစ်မချင်းဆိုသော်လည်း အန်တီခင်သည် မေမေ၏ အစေအပါးသဖွယ်သာ ဖြစ်ခဲ့၏။ မမိုးအေးကို ချစ်သော်လည်း ယုယကြင်နာခွင့် မရှိခဲ့ပေ။ သခင်တစ်ယောက်၏ သားသမီးသဖွယ် အဝေးမှသာ စောင့်ရှောက်ရလေသည်။

'အင်း ဆွေဟာ သူ့အမေနဲ့တူတာ ဘာမှ မဆန်းဘူး၊ မမကြီးဟာလဲ အင်မတန် စိတ်ထက်မြက်တာပဲ၊ မာနကလဲ သိပ်ကြီးတာ၊ အဘွားလေးက တစ်ရပ်တည်းနေတဲ့ ဆိုက်ကားသမားရဲ့သားနဲ့ လိုက်ပြေးတော့ မိဘတွေ ထက်ကိုပဲ မမကြီးက ရှက်လှချည်ရဲ့ဆိုပြီး အိမ်ပေါ်အတက်မခံတာ၊ သေသည်အထိ မခေါ်ဘူး၊ သမီးလေးကိုတော့ သနားပါတယ်ဆိုပြီး ခေါ်မွေးတယ်၊ ဒါလဲ အမေတို့က အတင်းခေါ်သွား တာပါ၊ နောက်တော့လဲ မမကြီးကပဲ ဆက်မွေးပါတယ်လေ၊ သမီးကလဲ လိမ္မာတာကိုး၊ သူ့သမီးက သူ့နားမှာမှ မနေတာ'

'အဘွားလေးက အတိတ်ကိုပြောရင်း မျက်ရည်လည်နေသည်။

'တကယ်တော့အန်တီခင့်ကို ပေးလိုက်တာတွေဟာ အမေ့လက်ဝတ်လက်စားတွေပါ မိုးရယ်၊ အန်တီခင် ဒါတွေပြောနေရင် မဆွေက ပိုပြီး ဒေါသဖြစ်နေမှာစိုးလို့ပါ'

အန်တီခင်ကလည်း ပြောပြသည်။

'ညီအစ်မနှစ်ယောက် အတူတကွ ဆင်ခဲ့တာပဲလေ၊ အဘွားလေးက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာခဲ့တော့ ဒါတွေ ဘယ်ဆိုင်တော့မလဲကွယ်'

အဘွားလေးက ခပ်အေးအေးပင် ပြောလေသည်။

'ဒါတော့ ဘွားဘွားတို့ မေမေတို့မတရားတာပေါ့၊ ဘာပဲဖြစ်ဖြစ် မိဘတွေမရှိတဲ့နောက် ညီအစ်မနှစ်ယောက် အတူတူပိုင်တာပဲ၊ အဘွားလေး ပစ္စည်းကို ဘွားဘွားကြီးက တစ်ယောက်တည်းယူတယ်၊ တစ်ခါ အန်တီခင့် ကျတော့လဲ မေမေက မပေးချင်ဘူး၊ မေမေတို့ သားအမိဟာ သိပ် လောဘကြီးတာပဲ'

မမိုးအေးက မကျေမနပ် ရေရွတ်သေးသည်။ တစ်မိသားတည်းက ဆင်းသက်ပါလျက် အဘယ်ကြောင့် စိတ်သဘောထားတွေ ကွာခြားနေပါ သနည်း။ ဘဝအတွေ့အကြုံအရ အတွေးအမြင်တွေ ကွာခြားသွားပုံရ၏။ ချမ်းသာမှုတွင် တရားမျှတမှုကို ရှာမတွေ့ နိုင်ရှော့သလား။ ဆင်းရဲမှ ကြင်နာတတ်မည်ဆိုလျှင် ဤကမ္ဘာတွင် ဘယ်တော့မှ ပြည့်စုံမှုကို ရနိုင် တော့မည် မဟုတ်ပေ။

အဘွားလေးတို့ အန်တီခင်တို့နှင့် နေရသည်ကမှ စိတ်ချမ်းသာ လှသည်။ ပဲဟင်းရည် ကျဲကျဲချိုချိုနှင့် ပုန်းရည်ကြီးသုပ်၊ ငါးကလေး ချက်၊ ငါးပိရည် တို့စရာတို့သည် အသိုင်းအဝန်းမပါဘဲနှင့် ထမင်းမြိန်လှ လေသည်။

'အန်တီခင့် လက်ရာတွေ မစားရတာကြာပြီ၊ အဆောင်မှာတော့ ချဉ်ရည်ဟင်းနဲ့ ဘဲဥပဲ ခဏ ခဏ စားရတယ်'

မမိုးအေးက အမှတ်တမဲ့ ညည်းတွားလိုက်မိသည်။

'အမေက ဒီလောက်ချမ်းသာနေရက်နဲ့ သမီး အဆင်းရဲခံနေတာ အဓိပ္ပာယ်မရှိပါဘူး မိုးရယ်၊ ပြန်သွားလိုက်ပါ'

'မိုးက မေမေ့ဆီက စည်းစိမ်ဥစ္စာကို မမက်ဘူး အန်တီခင်၊ မေမေရဲ့ အကြင်နာတရားနဲ့ ရိုးသားသန့်စင်မှုကိုပဲ လိုချင်တယ်'

'မမဆွေဟာ ထင်သလောက်လဲ မဆိုးပါဘူးကွယ်၊ မိုးကို သိပ်ချစ်ရှာ ပါတယ်'

'သူချစ်တာက တစ်မျိုးပါ'

ထိုနေ့ညက အဘွားလေးနှင့် အန်တီခင်တို့ကြားမှာ အိပ်ရသည့်အတွက် နွေးထွေးလုံခြုံလှသည်။ အိပ်မက်ဆိုးများလည်း မမက်တော့ပေ။ မမိုးအေး ရေချိုးပြီးတော့ အန်တီခင်က ငယ်စဉ်ကလိုပင် သနပ်ခါး အဆင်သင့် သွေးပေးသည်။ 'လိမ်းပေးရဦးမလား'ဟု မေးသည်ကို မမိုးအေးက ခေါင်းညိတ်ပြလေသည်။ အန်တီခင်က ဆံပင်ရှင်းပြီး အုန်းဆီရွှဲရွှဲ ထည့်ပေးသည်ကိုလည်း ငြိမ်သက်စွာ ခံယူသည်။ အဘွားလေးကလည်း ယခုမှမြင်ရသော မြေးကို သံယောဇဉ် တွယ်နေလေသည်။

'ရန်ကုန်မှာ မိန်းကလေးတစ်ယောက်တည်း အလုပ်သွားနေတယ်ဆိုတာ အန္တရာယ် များလှတယ်၊ သမီးကြီးကိုတောင် စိတ်မချဘူး၊ ငါ့မြေးက ငယ်လှသကွယ်'ဟု သူ့အတွေးဖြင့် ညည်းရှာလေသည်။

'ဒီလိုဆို အဘွားလေးတို့နဲ့လာနေမယ်လေ'

ထိုစကားကိုကြားရသောအခါ အန်တီခင်က မျက်လုံး မျက်ဆန်ပြူး၍ ငြင်းရှာလေသည်။

'မလုပ်ပါနဲ့ကွယ်၊ သူ့သမီးကို သွေးဆောင်ထားတယ်ဆိုပြီး မမဆွေက တရားစွဲနေပါ့မယ်'

'အို မိုးတို့အမျိုးအရင်းကြီးပဲ ရှိသေးတာကို တကယ်ဆို မေမေဟာ ခုအချိန်မှာ တစ်ယောက်တည်းဖြစ်နေတာ၊ ဒါတွေသိဖို့ ကောင်းပြီ၊ လောကမှာ ငွေထက်ပိုပြီး လိုအပ်တာတွေ ရှိသေးတယ် ဆိုတာ မေမေသိဖို့ကောင်းပြီ၊ မေမေဟာ ဘယ်တော့များမှ ချစ်မေတ္တာ အစစ်ကို ခံစားတတ်မလဲ မသိဘူးနော်'

www.burmeseclassic.com

# ၄

သုတေသနဌာနမှာ လခသုံးရာ စ၍ရသည့်လက ကိုဖေခင်နှင့် သူငယ်ချင်းများကို ထမင်းကျွေးဖြစ်လေသည်။ မေမေ့ကို အမှတ်တရ လက်ဆောင်တစ်ခု ဝယ်ပို့မည်ဆိုပြီး ငွေငါးဆယ်ကို ဖယ်ထားလိုက် သည်။ မေမေ့အတွက်တော့ သည်ငွေငါးဆယ်မျှတန်သော ပစ္စည်းသည် ရယ်စရာ ကောင်းပေလိမ့်မည်။ မမိုးအေးက မေမေ့ကို သားသမီး၏ လုပ်စာကို ဦးဦးဖျားဖျား စားရသော မိခင်တစ်ယောက်၏ ကျေနပ် နှစ်သိမ့်မှုမျိုး ပေးစွမ်းချင်သည်။ မေမေကတော့ ဒါတွေကို သိမှ သိပါလေစ။ တွေးမှ တွေးဖူးပါလေစ။ သည်သို့သော ဝမ်းသာကြည်နူးမှုမျိုးသည် မေမေ့ နှလုံးသားကို အရာမျှပင် ထင်နိုင်စွမ်း ရှိပါလေမလား။

ဘွားဘွားနှင့် အန်တီခင်အတွက်မူ မုန့်တစ်ဘူးစီဝယ်ကာ ကိုဖေခင်ကိုပါ ခေါ်ခဲ့လေသည်။ အန်တီခင်သည် ဆိုင်သိမ်းပြီး ပြန်ရောက်စ ဖြစ်သည်။ ကိုဖေခင်ကို မြင်ဖူးပြီးဖြစ်သော်လည်း ညနေ မှောင်စပျိုးချိန်မှာ ယောကျ်ားလေးတစ်ယောက်နှင့် တွဲလာသည့်အတွက် အန်တီခင် ဘဝင်ကျပုံ မပေါ်ချေ။ သူသည် အပျိုကြီးပီပီ အစိုးရိမ်လည်းကြီးနေ၏။ မမိုးအေးကို အခန်းထဲ လက်တို့ခေါ်ကာ တိုးတိုးကြိတ်ကြိတ်ဆုံးမသည်။

BURMESE CLASSIC .com

'ယောကျ်ားလေးတစ်ယောက်နဲ့ လက်မထပ်ဘဲ အတူလျှောက်သွားနေဖို့မသင့်ဘူး မိုးရဲ့၊ အစက မိုးက ကျောင်းနေတုန်း ကိစ္စမရှိဘူး၊ ခုတော့ မိုးက လူကြီးဖြစ်နေပြီ၊ လူကြီးလိုနေရမယ်၊ ကိုယ့်သိက္ခာကျအောင် မနေရဘူး၊ မိုးလဲချုပ်ပြီ၊ အန်တီခင် လိုက်ပို့ရမလား'

အန်တီခင်၏ စိုးရိမ်ပူပန်မှုကို မမိုးအေး နားလည်၏။ အန်တီခင်၏ တားမြစ်ချက်တွင် ကိုဖေခင် ဘာကောင်လဲဆိုတာ မပါချေ။ ကိုဖေခင်သည် ဘာကြီးဖြစ်နေနေ၊ မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာကို လူကြီးပီပီ ထိန်းသိမ်းကာကွယ်လိုခြင်းသာ ဖြစ်၏။ မမိုးအေးသည် အန်တီခင်ကို နွဲ့ဆိုးဆိုးကာ တမင် စ နေမိပြန်သည်။

'ဒီလိုဆိုလဲ မိုး ယောကျ်ားယူလိုက်ရမလား'

'အစစအရာရာ ကိုက်ညီမယ်ထင်ရင်တော့ ယူပေါ့ မိုးရယ်၊ မိုးလဲ ငယ်တော့တာမှ မဟုတ်ဘဲ'

'ကိုဖေခင်နဲ့ သဘောတူသလား'

'ဒါတော့ ကြည့်ရဦးမယ်'

'အလကားပါ အန်တီခင်၊ ကဲ ပြန်ပါတော့မယ်၊ နောက်မတွဲတော့ဘူး၊ ခုတော့ လိုက်မပို့နဲ့တော့နော်၊ စိတ်ချပါ'

အသွားလေးကမှ မမိုးအေးက အမှတ်တရ လာကန်တော့သည်ကို ဆုတွေ အရှည်ကြီးပေးနေလေသည်။ ယခုမှပင် မမိုးအေးသည် မိသားစုတစ်စု၏ တစ်ဦးအပေါ်တစ်ဦး ထားရှိအပ်သော သံယောဇဉ်၊ စိုးရိမ်ပူပန်မှု၊ ချစ်ခင်ယုယမှုတို့ကို အကောင်အထည် မမြင်ရဘဲနှင့် ဖမ်းယူဆုပ်ကိုင်၍ ခံစားရသလို ရှိလာလေသည်။

ကိုဖေခင်သည် မမိုးအေး၏ ဘေးမှ အေးဆေးတိတ်ဆိတ်စွာ လိုက်လာခဲ့သည်။ မမိုးအေးကို အဆောင်လိုက်မပို့ခင် အင်းလျားကန်စပ်ကို ခဏ ဝင်ကြသည်။ မမိုးအေးသည် အန်တီခင်မှာလိုက်သည်ကို မေ့ကာ ကိုဖေခင်နှင့်အတူ ညနေဆည်းဆာအလှအောက်မှာ အတန်ကြာ ထိုင်မိကြလေသည်။

BURMESE CLASSIC .com

ဝင်လုဆဲ နေရောင်ခြည်အောက်မှာ အင်းလျားရေပြင်သည် တလက်လက် တောက်ပနေ၏။ မမိုးအေးကတော့ သဘာဝအလှကိုလည်း ခံ့မင်မက်မောတတ်သူပီပီ အေးချမ်းသော ဆည်းဆာအလှမှာ ငြိမ်သက်စွာ ထိုင်နေမိသည်။ ဒူးနှစ်ဖက်ကို မေးစေ့နားဆီဆွဲပြီး မမိုးအေး ကျုံ့ကျုံ့လေး ထိုင်နေသည်မှာ နေရောင်စွေးစွေးအောက်တွင် ပန်းချီကားတစ်ချပ်လို ဖြစ်နေလေသည်။ ဆံပင်များသည် မဖြတ်တာ ကြာ၍ထင့်၊ ခါးကိုကျော်လုပြီ။ ကိုဖေခင်သည်ကြာကြာ ငြိမ်သက် မနေနိုင်ပေ။ သူ့မှာ ပြောစရာစကားတွေ ရှိနေသည်။ သို့သော် မမိုးအေးကို အနေအထားပျက်သွားမည်စိုး၍ စကာပြောရန် ဝန်လေးနေလေသည်။

'ဘာလဲ ကိုဖေခင်၊ ဘာပြောမလို့လဲ ဟင်'

'မမိုးအေးက ရုတ်တရက် လှည့်မေးလိုက်သည်။ ကိုဖေခင် လန့်ဖျပ်သွားလေသည်။

'ဘာမှ မပြောရသေးပါလား မမိုးအေးရယ်'

'ဩော် ကိုဖေခင် တစ်ခုခု ပြောလိုက်သလားလို့ပါ၊ ကျွန်မကို စကားပြောချင်တယ်လို့ တောင်းဆိုလိုက်သလားလို့၊ ကျွန်မစိတ်က ထင်တာ ထင်ပါရဲ့'

မမိုးအေးသည် မရေမရာ ပြန်ပြောရင်း အဟင်းခနဲ တစ်ချက် ရယ်လိုက်လေသည်။ မမိုးအေး၏ မျက်နှာတွင် ရှားရှားပါးပါး ရှက်သွေး ဖြန်းလာပုံလေးကိုလည်း တွေ့လိုက်ရသည်။ ခြေထောက်ကို ဆန့်၍ ချလိုက်သဖြင့် ကိုဖေခင်နှစ်သက်သော အနေအထားလေး ပျက်သွားလေ သည်။

'ပြောတော့ ပြောမလို့ပါ မမိုးအေးရယ်'

'ဟုတ်လား၊ ဒီလိုဆိုလဲ ပြောလေ၊ ဒီအချိန်ဟာ ရည်းစားစကား ပြောလို့ သိပ်ကောင်းမယ့်အချိန်ပဲ၊ ဒါပေမယ့် ကိုဖေခင် ပြောမှာက ရည်းစားစကား မဟုတ်ဘူး မဟုတ်လား'

ကိုဖေခင်က သက်ပြင်းကို မသိမသာ ခိုးရှိုက်လိုက်သည်။

BURMESE CLASSIC .com

'ကျွန်တော် မမိုးအေးကို ချစ်ပါတယ်ဗျာ၊ ဒါပေမယ့် မမိုးအေးကို ကျွန်တော် ရည်းစားစကားပြောတာ မဟုတ်ပါဘူး၊ ကျွန်တော် ချစ်တာကိုသာ ပြောတာပါ၊ ကျွန်တော့်အချစ်က ရည်းစားမဟုတ်လဲ ချစ်နေမယ့်အချစ်၊ မမိုးအေးကို ကျွန်တော် ချစ်သူအဖြစ် မတောင်းဆို ချင်ပါဘူး၊ ဒီအတိုင်းပဲ ရှိနေစေချင်ပါတယ်'

မမိုးအေးသည် ဆံပင်ရှည်များကို မျက်နှာပေါ်မှ ဖယ်ရှားရင်း အသိရခက်စွာ ပြုံးလိုက်သည်။

'ဒါတွေပြောဖို့ လိုသေးလား ကိုဖေခင်၊ ကျွန်မတို့နှစ်ယောက်လုံး နားလည်ပြီးသားပဲ'

ကိုဖေခင်က မမိုးအေး၏ ပခုံးပေါ်မှ ဆံပင်များကို ကျောပေါ်သို့ ဖယ်ချပေးလိုက်သည်။

'ဒီအကြောင်းပြောဖို့မဟုတ်ပါဘူး မမိုးအေးရယ်၊ ကျွန်တော် မမိုးအေးကို တိုင်ပင်စရာ၊ အဲလေ အသိပေးစရာလေး ရှိနေလို့ပါ'

'ဘာများလဲ'

မမိုးအေး၏ မျက်နှာတွင် အံ့သြဟန်လေးတွေ့လိုက်ရသည်။

'ကျွန်တော် လက်ထပ်တော့မလို့'

မမိုးအေးသည် များစွာ အံ့သြသွားပုံရလေသည်။

'ဘယ်သူနဲ့လဲ ကိုဖေခင်'

'အညာက ကျွန်တော့် နှမဝမ်းကွဲတစ်ယောက်ပဲ၊ အမေက ပေးစားမှာပါ၊ ကျွန်တော့်အမေ လှည်းတန်းမှာ ရောက်နေတယ်၊ အမေက ကျွန်တော့်ကို အခြေတကျနေစေ့ချင်တယ်၊ တစ်ဖက်က မိန်းကလေးကလဲ ဆွေမျိုးလဲဖြစ်၊ နွမ်းပါးသူလဲဖြစ်လို့ စောင့်ရှောက်စေချင်တဲ့ သဘောလဲ ပါတယ်'

'ြော် ြော်'

မမိုးအေးထံမှ မည်သည့်စကားမျှ ထွက်မလာတော့ချေ။ တိတ်ဆိတ်ခြင်းသည် နှစ်ဦးလုံးကို အနေရခက်စေလျက်ရှိသည်။

'အန်တီခင်က ပြောတယ်၊ ယောကျ်ားလေးတစ်ယောက်နဲ့ လက်မထပ်ဘဲ အတူလျှောက်သွားနေဖို့ မသင့်ဘူးတဲ့၊ မိုးဟာ အရင်ကလို ကျောင်းသူမဟုတ်တော့ဘူး၊ လူကြီးဖြစ်နေပြီတဲ့၊ ဟုတ်တယ်နော်၊ ကျွန်မတို့ လူကြီးတွေ ဖြစ်လာကြပြီ၊ လင်ယူသားမွေးဖို့ အရွယ်ရောက်ပြီ၊ ကိုဖေခင်လဲ ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်ပြီပဲလေ'

မမိုးအေး၏ အသံသည် အနည်းငယ် ခြောက်သွေ့လျက် ရှိလေသည်။

'ကျွန်တော်တို့ဟာ မိတ်ဆွေတွေသာမက မောင်နှမတွေလဲ ဖြစ်ကြပါတယ် မမိုးအေးရယ်၊ ကျွန်တော်တို့ နှစ်ယောက် အရင်ကလိုပဲ နေနိုင်ပါတယ်'

မမိုးအေးက ခပ်တိုးတိုးလေး ရယ်လိုက်သည်။ သို့သော် မမိုးအေး၏ နှုတ်ခမ်းလေးများ တုန်နေသည်။

'အရင်ကလို ဟုတ်လား၊ အရင်ကလိုတော့ ဘယ်ဖြစ်တော့မလဲ ကိုဖေခင်ရယ်'

'ကျွန်တော်လဲ အဲဒါ စိတ်မကောင်းဘူး'

ကိုဖေခင်သည် ချုပ်တီးထားသည့်ကြားမှ ပွင့်အန်ထွက်လာလေသည်။

'အမေက အသက်ကြီးလှပါပြီ မမိုးအေးရယ်၊ အခု သူ ကျွန်တော်နဲ့ အတူလာနေချင်တယ်၊ ကျွန်တော်နဲ့လာနေရင် သူ့ကို စောင့်ရှောက်ပြုစုဖို့ လူလိုတယ်၊ အဲဒီမိန်းကလေးဟာ အစကတည်းက အမေ့နားမှာ နေနေတဲ့ သူပဲ၊ ပြီးတော့လဲ '

မမိုးအေးက 'ပြီးတော့ ဘာဖြစ်လဲ' ဟူသော သဘောကို နှုတ်ဖြင့် မမေးဘဲ အမူအရာဖြင့် ကြည့်လိုက်သည်။

'ဒီမိန်းကလေးဟာ ကျွန်တော်နဲ့အတူ ဆင်းရဲဒုက္ခကို ခံနိုင်မယ့် သူပဲ'

မမိုးအေး၏ မျက်လုံးများတွင် မဖော်ပြတတ်သော မေးခွန်းပုစ္ဆာများဖြင့် ပြည့်လျှမ်းလာလေသည်။

'သာမန်အားဖြင့် ဆိုရင်တော့ ကျွန်တော်ဟာ မမိုးအေးကို မရမကချစ်ရေးဆိုပြီး လက်ထပ်ခွင့်တောင်းမှာပဲ၊ ဒါပေမယ့် ကျွန်တော်တို့ဟာ ဘဝချင်းပေါင်းစပ်လို့ ရမယ်မထင်ပါဘူး မမိုးအေးရယ်၊ မမိုးအေးကို ကျွန်တော် အထင်သေးတာမဟုတ်ပါဘူး၊ ဒါပေမယ့် မမိုးအေး ဘယ်လောက်ပဲ ဒုက္ခဆင်းရဲခံပြီး တစ်ယောက်တည်း ရုန်းကန်နေတယ်ပြောပြော၊ မမိုးအေး ဘဝမှာ ဖေးမထားတဲ့အရာတွေက အလိုလိုရှိပြီးသားပါ'

ထိုအချက်ကိုတော့ မမိုးအေးလည်း အသိသားပင်။ သူ အလုပ်လက်မဲ့ဘဝဖြင့် တစ်ယောက်တည်း ရုန်းကန်နေရသော်လည်း သူ့မှာ သုံးစရာငွေက အလိုအလျောက် ရှိနေတတ်သည်သာ။ မေမေကလည်း သူ့ကို ဘယ်နည်းနှင့်မျှ ပစ်ထားလိမ့်မည်မဟုတ်။ စွန့်စားရသည် ဆိုသော်လည်း တကယ် စွန့်စားခြင်းမဟုတ်။ မွေ့ရာခံပြီးမှ ခုန်ချရသလိုသာ ရှိသည်။ သို့သော် သူ့ကို သတ္တိမရှိဘူးဟု ထင်သည်ကိုတော့ အခံရခက်နေသည်။

'အခုဆိုရင် မမိုးအေးမှာ ရဖို့ခက်ခဲတဲ့ အလုပ်တစ်ခုကိုလဲ ရခဲ့ပြီ၊ မမိုးအေးတစ်ယောက်အတွက် ကိုယ်ယုံကြည်ရာကိုယ်လုပ်ဖို့ အထောက်အကူ ရပြီ၊ မမိုးအေးမှာ ထောက်ပံ့စရာလူလဲ မရှိဘူး၊ ကျွန်တော်တို့မှာတော့ အခြေမခိုင်သေးပါဘူး မမိုးအေး၊ ကိုယ်တစ်ယောက်တည်းအတွက်တောင် အာမခံချက်မပေးနိုင်တဲ့အချိန်မှာ မိဘကို ကျွေးမွေးစောင့်ရှောက်ရမယ့် တာဝန်လဲ ရှိနေတယ်၊ ကျွန်တော်တို့ကမှ ဘဝကို စိတ်ကူးမယဉ်ဘဲ တကယ်လက်တွေ့ ရင်ဆိုင်ရတာပါ မမိုးအေး၊ ဒီလိုအခြေအနေမျိုးဟာ မမိုးအေးတို့ တမင်ဖန်တီးယူလို့ရတာမျိုး မဟုတ်ပါဘူး၊ သူ့ဘဝနဲ့သူ ဖြစ်နေကြတာပါ၊ မမိုးအေး ဘယ်လောက်ပဲ ဘဝအကြောင်းသိချင်လို့ အဆင်းရဲခံတယ်ပြောပြော ဟန်ဆောင်ဆင်းရဲရတာပဲ ရှိတော့မပေါ့ မမိုးအေးရယ်'

BURMESE CLASSIC .com

မမိုးအေးသည် ကိုဖေခင်၏ စကားများကို ချေပလိုစိတ်ဖြင့် စကားလုံး ရွေးနေမိလေသည်။

'ဒါပေမယ့် ကျွန်မတို့ဟာ ရေစုန်မျောပြီး နေချင်တဲ့စိတ် မရှိတာကိုတော့ ထုတ်ဖော်ရမှာပေါ့'

'ဟုတ်ပါတယ် မမိုးအေး၊ အဲဒီအတွက် ကျွန်တော်တို့ လူငယ်အချင်းချင်း အနေနဲ့ရော၊ ရင်းနှီးတဲ့သူ တစ်ယောက် အနေနဲ့ပါ ကျွန်တော် မမိုးအေးကို အထင်ကြီးပါတယ်၊ လေးစားပါတယ်၊ အဲဒီလိုစိတ်ရှိတဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာလဲ အခွင့်အရေး မယူမိဖို့ သတိထားပါတယ်'

'ဒါကြောင့် ကိုဖေခင်က ကျွန်မကို လက်ထပ်ဖို့ ခွင့်မတောင်းတာလား'

'ဒီလိုဆိုတော့လည်း ကျွန်တော်ဟာ ချစ်သူကောင်းစားရေးအတွက် အနာနာခံတဲ့သဘော ဖြစ်နေပါ့မယ်၊ မမိုးအေးအတွက်ချည်းပဲ မဟုတ်ပါဘူး မမိုးအေးရယ်၊ ကျွန်တော့်အတွက်လဲ ပါတာပေါ့၊ ကျွန်တော့် ဘဝမှာ နောက်ပိုင်းကနေပြီး ဝန်မပိုဘဲ ကိုယ့်အပေါ် ကူညီနိုင်မယ့်လူ လိုပါတယ်၊ ဒီလိုပြောလို့ ကျွန်တော့်ကို တစ်ကိုယ်ကောင်း ဆန်တဲ့လူလို့ ထင်လိုက ထင်နိုင်ပါတယ် မမိုးအေး'

မမိုးအေးသည် ဆံပင်များကို နောက်သို့ပစ်ခါလိုက်ပြီး နေရာမှ ထလေသည်။ ခေါင်းထဲတွင် မူးရိပ်ရိပ်ဖြင့် ယိုင်သွားမလိုရှိသည်ကို ကိုဖေခင်က လှမ်း၍ ဖေးမပေးလိုက်သည်။ မမိုးအေး၏ လက်ဖျားလေးများ အေးစက်လျက်ရှိလေသည်။ နှုတ်ခမ်းများသည် သွေးရောင်ဖျော့တော့လျက်ရှိ၏။ မျက်လုံးများသည် အားနည်းမှုန်မှိုင်းလှကာ မျက်ရည်တို့ဖြင့် စိုစွတ်လျက်ရှိသည်။

သူတို့နှစ်ယောက် ကန်ပေါင်ပေါ်မှ တိတ်ဆိတ်စွာ ဆင်းလာကြသည်။ ကိုဖေခင်က အငှားကားတစ်စင်းတလေ လာလိုလာငြား စောင့်၍ ကြည့်နေ... တားသည်။ လမ်းပေါ်တွင် တိတ်ဆိတ်လျက်ရှိ၏။ ဆောင်းဝင်စဖြစ်၍

ချမ်းမြမြ ဖြစ်နေသည်။ လမ်းဓာတ်မီးတို့လင်းစပြုပြီ။ ကားများသည် ပြည်လမ်းပေါ်တွင် အရှိန်ဖြင့် ပြေးလွှားလျက်ရှိသည်။ လူတို့ဖြင့် ပြည့်ကျပ်လျက်ရှိသော ဘတ်စ်ကားများသည်မူ အလာကျဲလှ၏။ ကိုဖေခင်က သုံးဘီးတစ်စီးကို လက်တားလိုက်သည်။ သုံးဘီးကမရပ်။ မမိုးအေးက လမ်းဘေးတွင် တစ်ယောက်တည်းရပ်ပြီး ကန်ပေါ်သို့ ပြန်ငေးနေသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။ အမှောင်သည် လျင်မြန်စွာ ပြေးဝင်လာလျက်ရှိသည်။

မိန်းကလေးတစ်ယောက် အိမ်ပြန်ချိန်သည် နောက်ကျနေပါပြီကော။

www.burmeseclassic.com

# ၅

သေသေချာချာ တွေးကြည့်တော့လည်း အလုပ်လုပ်ရသည်မှာ အဓိပ္ပာယ် မရှိလှဟု ထင်မိပြန်သည်။ ထမင်းစားဖို့လုပ်နေကြရတာပဲ၊ အလုပ်ကို ယုံကြည်ချက်ဖြင့် မလုပ်ရဘဲ ထမင်းစားဖို့ရည်ရွယ်ချက်ဖြင့် လုပ်ရသည်မှာ ရင်နာစရာကောင်းသည်။ လူငယ်အတော်များများသည် ထမင်းစားဖို့ လုပ်နေကြရလေသည်။

အချိန်တန်လျှင် ထမင်းဘူးကို ဖွင့်၍ စားကြ၏။ သူ့ဟင်း ကိုယ့်ဟင်း ဖလှယ်ကြသည်။ တီးတိုး ရယ်မောကြသည်။ တယ်လီဖုန်း ဆက်ကြသည်။ ဆီရမည်ဆို၍ ငွေပေးရန် လိုက်လံချေးငှားကြသည်။ သတင်းစာကို အလုအယက် ဖတ်ကြ၏။ ရုံးဆင်းချိန်နီးလျှင် အိမ်သာမှာ တန်းစီရသည်။ သည်လိုနှင့် တစ်နေ့တာ ကုန်သွားပြန်သည်။ ရုံးဆင်း စာအုပ်မှာ လက်မှတ်ထိုးကြသည်။ ရုံးဆင်းလက်မှတ်သည် ရုံးတက်လက်မှတ် လောက် မပီပြင်ချေ။ လကုန်ခါနီးလျှင် ငွေစုငွေချေး လက်မှတ်တွေ တစ်ထပ်ကြီးရောက်လာလေသည်။

ဝါသနာပါရာ စာရေးစာဖတ်အလုပ်မှာ ကျင်လည် မြုပ်နှံခွင့် ရသည့်အတွက်တော့ ကျေနပ်ဖွယ်ရာပင်။ ကမ္ဘာ့အရေးအခင်းများစွာကို

လေ့လာရသဖြင့် အလုပ်လုပ်ရသည်ကို ကျေးဇူးတင်မိသည်။ ကြာလာတော့လည်း ဝတ္ထုဖတ်ရသည်ကိုပင် အရသာမတွေ့ချင်တော့။ ကိုဖေခင်ကတော့ အင်္ဂလိပ်စာများများဖတ်ဖို့ အားပေးသည်။ မမိုးအေးကြိုက်သည်ဆိုသော ဘာသာပြန်ဝတ္ထုတွေကို မူရင်းစာအုပ်များ ရှာပေးလေသည်။ စာတစ်မျက်နှာမကုန်ခင် အိပ်ပျော်သွားတတ်သော်လည်း အိပ်ရာမှနိုးလျှင် စာမေးပွဲအတွက် စာကျက်နေရသူလို စာအုပ်ကို အလျင်စလို ရှာဖွေမိပြပင်။ အသေအချာ ကြိုးစားဖတ်တော့လည်း ပြောင်မြောက်ကျစ်လျစ်သော စကားလုံးတွေက ဆွဲဆောင်သွားပြန်သည်။

ကုန်ခဲလှသည်ဟု ထင်သော နေ့ရက်တို့သည်ပင် လျင်မြန်စွာကုန်ဆုံးလွန်မြောက်၍ လာခဲ့၏။ တကယ့် တကယ်ကျတော့ လူ့ ဘဝမှာ အဓိပ္ပာယ်အရှိဆုံး အလုပ်ကို ရှာဖွေ လုပ်ကိုင်ဖို့ဆိုသည်မှာ မလွယ်လှချေ။ မည်သည့်အလုပ်သည် အဓိပ္ပာယ်ရှိ၍ မည်သည့်အလုပ်သည် အဓိပ္ပာယ်ကင်းမဲ့သည်ကို မည်သို့လျှင် ဆုံးဖြတ်ပါမည်နည်း။ လူတို့သည် အဓိပ္ပာယ်ရှိခြင်း၊ အဓိပ္ပာယ်မဲ့ခြင်းကို အချိန်ကြာကြာ စဉ်းစား၍ မနေနိုင်ပေ။ ထိုသို့စဉ်းစားနေခြင်းထက် ပို၍ အရေးကြီးသော အလုပ်များမှာသာ လက်တွေ့ကျင်လည်နေကြရလေ၏။

နှမြောဖွယ်ရာကောင်းသော အချိန်တို့သည် တရိပ်ရိပ် ကုန်ဆုံးသွားပြန်သည်။ အလုပ်တစ်ခုမှာ အခြေချနိုင်လျှင် ဝါသနာပါရာ တစ်ခုခုကို ဖြစ်မြောက်ထွန်းကားအောင် လုပ်ရမည်ဟု အားခဲထားသော မမိုးအေးသည် လက်တွေ့မှာမူ ဘာမျှ အကောင်အထည် မပေါ် သေးချေ။ ရွှေနေသင်တန်း တက်လိုသော်လည်း ရုံးတက်ချိန်က စောလွန်း၍ မတက်နိုင်။ တစ်နေ့ တစ်နေ့ ဘတ်စ်ကားစီးရသည်နှင့်ပင် အချိန်ကုန်လေသည်။ အိပ်ရာမဝင်ခင် စာဖတ်ဖြစ်တာတစ်ခုပဲ အားရဖို့ရှိသည်။ ဒါပေမယ့်လဲ စာအုပ်တိုင်းက အနှစ်သာရတွေဟာ လူ့ဘဝမှာ အမြဲအသုံးချလို့ရတာတော့ မဟုတ်ပါဘူး။ သတိတရား ရဖို့လောက်သာပါပဲ။ စာနာမှုနဲ့ မေတ္တာတရား၊ သည်းခံခွင့်လွှတ်ခြင်း တရားတွေကိုတော့ ပေးတတ်ပါရဲ့။ ဘဝကိုခံနိုင်ရည်ရှိဖို့၊

ဖြစ်လာသမျှကို အံ့ဩထိတ်လန့်မနေဖို့လဲ သင်ပေးပါရဲ့။ သို့သော်လည်း တစ်ခါ တစ်ခါတော့ စာအုပ်တွေကို နာကျည်းမိ၏။ ပျောက်ဆုံးနေသော အရာတွေကို စာအုပ်တွေက ရှာဖွေဆောင်ကျဉ်းမပေးနိုင်ပေ။

မေမေ့ဆီက စာမလာတာ တစ်နှစ်လောက်တောင် ရှိရော့မည်။ စိတ်နာနာနှင့် မေ့ထားလိုက်ပြီ ထင်သည်။ အနည်းဆုံး နန်းမြထွေးတို့ ကိုစောနိုင်တို့ဆီကပင် သတင်းလေးမျှ မကြားရ။ လောကမှာ မမိုးအေးဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိသေးတယ်ဆိုတာမှ သူတို့ သတိရကြသေး ရဲ့လား။ ဒါမှမဟုတ်လဲ သူတို့တွေ မရှိကြတော့ဘူးလား။ စိတ်နာနာဖြင့် တွေးမိပြန်၏။ မာနဖြင့် ဘဝကို တစ်ယောက်တည်း ရင်ဆိုင်မည်ဟု ထွက်ခဲ့သော်လည်း တမ်းတလွမ်းဆွတ်မှုကို ခံစားရပြန်သည်။ အလိုမပြည့် နိုင်ပါတကား။

မမိုးအေး ငြိမ်သက်တိတ်ဆိတ်လွန်းသဖြင့် အတူနေသူ သူငယ်ချင်း များက အားမရကြချေ။ သည်လို ပျိုမျစ်နုနယ်သည့် အရွယ်မှာ ရွှင်လန်း တက်ကြွနေဖို့သာ ရှိသည်။ သူတို့တွင် အဖိုးမဖြတ်နိုင်သော ခွန်အားတွေ ရှိသည်။ ဖိနှိပ်၍မရသော ခွန်အားတွေရှိသည်။ အစားထိုး၍မရသော ငယ်ရွယ်ခြင်းကို ပိုင်ဆိုင်ထားသည်။ လွတ်လပ်စွာတွေးခေါ် လုပ်ကိုင်နိုင် ကြသည်။ သည်မျှ စိတ်ဓာတ်ကျနေဖို့ မသင့်ဟု ထင်လေသည်။ လူ့ဘဝ ကို နာကျည်းစိတ်ပျက်ခြင်းသည် ဘဝ၏ ဒုတိယထက်ဝက်တွင်မှ စသင့် သည်ဟု အောက်မေ့ထား၏။ သည်အချိန်မှာ ခဏတော့ မေ့ထားသင့် သည်ပဲ။ ဘာမျှ ဖြစ်မလာသေးသည့်တိုင် ဘာမှ ဖြစ်မလာတော့ပါဘူးဟု စိတ်ကို တုံးတုံးမချစေချင်ဘူး။

အဆောင်ကို ရောက်စကမူ မမိုးအေး၏ မျက်လုံးများသည် ရဲဝံ့ခြင်း၊ မျှော်လင့်ခြင်း၊ ယုံကြည်ခြင်းတို့ဖြင့် တောက်ပရွှန်းလက်၍ နေခဲ့ကြသည်။ မကျေနပ်မှုကို ဆောင်ထားမြဲဖြစ်သော်လည်း ထိုအရာ၏ နောက်တွင် ရုန်းကန်လှုပ်ရှားလိုခြင်း မာန်မာနကိုတွေ့ခဲ့ကြရသည်။ ယခုမူ ထိုသို့မဟုတ်တော့။ တွေဝေငေးငိုင်ခြင်းသည် မမိုးအေး၏ဘဝကို ဖျက်ဆီး လျက်ရှိပြီ။

BURMESE CLASSIC .com

ရုပ်ရှင် ကြည့်ရာမှာပင် ယခင်ကလို ထက်သန်မှု မရှိတော့။ အဓိပ္ပာယ်ကင်းမဲ့သော သေနတ်ကားတွေ၊ ဓားကားတွေကိုချည်း ရက်ဆက်၍ ကြည့်ချင် ကြည့်ပစ်သည်။

'သွေးသံရဲရဲဇာတ်ကားတွေဟာ လူ့စိတ်ကို တုန်လှုပ်ချောက်ချား အောင် တမင်လုပ်နေတာပဲ'ဟု သူငယ်ချင်းများက ပြောလျှင် မမိုးအေး၏ ဝေဖန်သံက သူတို့နှင့် မတူဘဲ တစ်မျိုးဖြစ်နေလေသည်။

'ဒါပေမယ့် ဒါတွေဟာ လောကမှာ မဖြစ်နိုင်တဲ့အရာတွေပဲ၊ မဖြစ်နိုင်ပါဘူးလို့ တွေးလိုက်ရင် စိတ်သက်သာရာရတယ်၊ လူ့ဘဝကို ဖော်ကျူးတဲ့ ဇာတ်ကားမျိုးကတော့ တကယ်ဖြစ်နေတဲ့ သဘာဝတရား တွေပါလားလို့ တွေးပြီး စိတ်ထိခိုက်ရတယ်'

နောက်တော့လည်း မမိုးအေးသည် စာအုပ်များကိုပါ ပစ်ပယ်ကာ စောစီးစွာ အိပ်ရာဝင်နေတတ်လေသည်။ တစ်ခါတစ်ရံတော့ မခင်နွဲ့တို့ ငှားလာသော ကာတွန်းစာအုပ်များကိုယူကာ မိုးလင်းပေါက် ဖတ်ချင်ဖတ်နေ လေသည်။ သို့သော် သူများရယ်သော ပြက်လုံးများကို သူ မရယ်တတ်ချေ။

လူ့ဘဝကို တိတ်ဆိတ်စွာရင်ဆိုင်နေခြင်းသည် လူငယ်တစ်ယောက် အဖို့ ကောင်းသောအလားအလာ မဟုတ်ချေ။ ရောက်ရာဘဝမှာ ပျော်ပျော် နေတတ်သော၊ အရာရာကို အလေးအနက် သိတိုင်းလည်း အလေးအနက် မထားတတ်သော မိန်းကလေး အပေါင်းအသင်းတစ်စုက မမိုးအေးကို များစွာနှမြောကြသည်။ မမိုးအေး၏ ဘဝကို မေမေသည်လည်းကောင်း၊ လေးလေးသည်လည်းကောင်း၊ ကိုဖေခင်သည်လည်းကောင်း တစ်ယောက် တစ်စစီ ချေမွဖျက်ဆီးပစ်ကြသည်ဟု မြမြက တွေးသည်။ တစ်နေ့ကပင် သူတို့ သူငယ်ချင်းတစ်စု သမတရုံမှာ ရုပ်ရှင် သွားကြည့်ကြသည်။ အပြန်မှာ မမိုးအေးက သူ ကျက်စားလေ့ရှိသော လမ်းဘေး စာအုပ်ဆိုင်တွေ ဘက် ခေတ္တဝင်မည်ဆိုပြီး ခေါ်ခဲ့လေသည်။ လမ်းတစ်ဝက်မှာ ကိုဖေခင်နှင့် ဆုံသည်။ သို့သော် ကိုဖေခင်တစ်ယောက်တည်း မဟုတ်ချေ။ ကောင်မလေး တစ်ယောက် ဘေးမှာ ပါလာလေသည်။ မိန်းကလေးသည် ပညာတတ်

BURMESE CLASSIC .com

အထက်တန်းလွှာထဲက မဟုတ်သော်လည်း သိမ်မွေ့ရိုးသားသော မြန်မာ မိန်းကလေးတစ်ဦး ဖြစ်သည်။ သူသည် တိတ်ဆိတ်ငြိမ်သက်စွာပင် ကိုဖေခင်နှင့် သူတို့တစ်တွေ ဖက်လဲတကင်းနှုတ်ဆက်ကြသည်ကို ငေးကြည့် နေရှာလေသည်။ မမိုးအေးကတော့ ညို့မှိုင်းသော်လည်း ဣန္ဒြေဆောင်ထား သော မျက်လုံးများဖြင့် မိန်းကလေးကို ဂရုတစိုက် နှုတ်ဆက်သည်။

'ဒါ ကျွန်တော့် နှမလေးပေါ့'

ထိုမျှ ပြောရုံနှင့် မမိုးအေး နားလည်၏။

'ကျွန်မတို့ အဆောင်ကို အလည်ခေါ်ခဲ့ပါဦး'

မမိုးအေး၏ အသံသည် သံမှန်သာဖြစ်၏။ သို့သော် မမိုးအေး ၏ နှုတ်ခမ်းလေးများ သိသာရုံလေးမျှ တုန်နေလေသည်။ ထိုနေ့က အဆောင် ပြန်ရောက်သည်အထိ မမိုးအေးက စကားတစ်ခွန်းမှ မဟပေ။ မြမြသည် မမိုးအေးကိုကြည့်ကာ အားမလိုအားမရ ဒေါမနဿတွေ ဖြစ်ခဲ့ရသည်။ မမိုးအေးနှင့်လည်း အငြင်းအခုံမပြုစဖူး ပြုမိသည်။

'မိုးဟာ ကိုယ့်စိတ်ဒုက္ခကို ကိုယ်မွေးနေတာပဲ'

မမိုးအေးသည် မျက်ဝန်းညို့ညို့ဖြင့် မြမြကို ငေးကြည့်လေသည်။

'မြမြက ကိုဖေခင်နဲ့ မိုးတို့ ချစ်နေကြတယ်ထင်လို့လား'

မမိုးအေးအသံက အေးစက်စက်ပင်ဖြစ်သည်။ မြမြကတော့ ရှူးရှူးရှားရှား ဖြစ်လာသည်။

'မိုးတို့ဟာ အလကား စိတ်ကူးယဉ်နေကြတာပဲ၊ မိုးတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မချစ်ဘူးဆိုတာ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူး၊ အလကား ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေကြတာ'

'ချစ်တော့ ချစ်ကြပါတယ်၊ ဒါပေမယ့် ချစ်သူတွေမဟုတ်ဘူး၊ ကိုယ်တို့မှာ ဘာအနှောင်အဖွဲ့မှ မရှိဘူး၊ ဒါပေမယ့် ခုလို သူ တခြား မိန်းကလေးတစ်ယောက်နဲ့ ယူတော့မယ်ဆိုတော့ ကိုယ် နှမြောတယ်၊ သူ အရင်လို ကိုယ့်ဆီလာနိုင်တော့မှာ မဟုတ်ဘူး၊ ကိုယ့်ကို အရင်ကလောက် ခင်တော့မှာ မဟုတ်ဘူး'

'ခင်လဲ မခင်သင့်တော့ဘူးလေ၊ ဒါတွေကြောင့် ချစ်သူတွေဟာ လက်ထပ်ကြတာပေါ့၊ ကြားလူ အဝင်မခံနိုင်လို့ပေါ့'

မမိုးအေး၏ မျက်လုံးများ ဝင်းလက်လာကြသည်။

'အိုး ဟုတ်တယ်၊ မြမြပြောတာ မှန်တယ်၊ ဒီတစ်ချက်တော့ သိပ်သဘောကျသွားပြီ၊ ကြားလူအဝင်မခံနိုင်ဘူး၊ ဟုတ်လိုက်တာ၊ ခုတော့ ကြားလူဝင်သွားပြီ၊ ဘယ်တတ်နိုင်မလဲ၊ လွှင့်ပစ်လိုက်ရတော့ မှာပေါ့'

'အေး နောက်တစ်ယောက်သာ လွှင့်မပစ်ရစေနဲ့'

မြမြ ခပ်ပြတ်ပြတ် ပြောလိုက်သည်။ မမိုးအေးက သဘောကျစွာ ရယ်မောလိုက်၏။ သည်လိုဆိုတော့လည်း ကိုယ်နှစ်သက်တဲ့ လူတစ်ယောက်ကို သူများ မပိုင်ဆိုင်နိုင်အောင် အရယူထားဖို့ လိုတယ်ပေါ့။ လက်ထပ်ပြီးကာမှ အိမ်ထောင်ရေးပြဿနာတွေ ဝင်လာပြီး ချစ်သူဘဝကနေ မုန်းသူဖြစ်သွားရင် နှမြောစရာ မကောင်းဘူးလား။ အေးလေ ဆုံးရှုံးရတာထက်စာရင် တော်သေးတာပေါ့။

မေမေ့ဆီကို စာရေးရဦးမည်။ ကိုစောနိုင်တို့ နန်းမြထွေးတို့ဆီလည်း စာရေးရဦးမည်။ ပြီးတော့ လေးလေး။ သူတို့အားလုံးဟာ မမိုးအေးရဲ့ ချစ်သူတွေပါပဲ။ သူတို့ကို ထပ်ပြီဆုံးရှုံးရမည်ဆိုလျှင် မမိုးအေး ဘဝမှာ ဘာမျှ ကျန်တော့မည် မဟုတ်ပါ။ မေမေနှင့် မမိုးအေးကြားမှာကော ကြားလူဝင်သွားရင် မခက်ဘူးလား။ အကယ်၍ လေးလေးနှင့် မေမေသာ အဆင်ပြေမည်ဆိုလျှင်တော့ လေးလေးသည် ကြားလူမဖြစ်နိုင်ပေ။ လေးလေးသည်လည်း မမိုးအေးချစ်တဲ့ လေးလေးပဲလေ။

ခွင့်တစ်လယူပြီး တောင်ကြီးကိုပြန်ရန် မမိုးအေး ဆုံးဖြတ်မိလေသည်။

www.burmeseclassic.com

# ၆

မမိုးအေး တောင်ကြီးကို မသွားဖြစ်တော့ပေ။ မေမေ့ဆီကို ပြန်မည်ဆိုပြီး အဝတ်အစားတွေ သိမ်းဆည်းနေဆဲမှာ မိုက်ခနဲ မူးဝေကာ လဲကျသွားသည်။ သူသတိရတော့ ဆေးရုံပေါ်က ခုတင်မှာရောက်နေသည်။ လက်မှာလည်း အပ်တန်းလန်းနှင့်။ ဘာတွေဖြစ်ကုန်ပြီလည်း မသိ။ အနီးအနားကိုကြည့်လိုက်တော့လည်း သိကျွမ်းသူဟူ၍ တစ်ယောက်မျှ မမြင်ရချေ။ တာဝန်ကျ သူနာပြုဆရာမအချို့သည် သူတို့ဇော်နှင့်သူတို့ သွားလာလှုပ်ရှားနေကြလေသည်။ မမိုးအေးက တစ်စုံတစ်ယောက်ကို ခေါ်ဖို့အားယူသည်။ ခေါင်းထဲက မူးလိုက်တာပါလား။

ခဏကြာတော့ အလုပ်သင် ဆရာဝန်မလေးနှင့် တူသော မိန်းကလေးတစ်ယောက် ရောက်လာသည်။

'ဟော မမိုးအေး သတိရပြီလား'

သူ့နာမည်ကိုခေါ်လိုက်၍ အားတက်သွားသည်။

'ဒေါက်တာ ကျွန်မ ဘာဖြစ်သလဲဟင်၊ ဒေါက်တာက ကျွန်မကို သိနေလား'

‘မမိုးအေး ရုတ်တရက် မူးလဲသွားလို့ သူငယ်ချင်းတွေက ဆေးရုံ လာပို့တယ်လေ၊ သူတို့ကိုတော့ ပြန်နှင်လိုက်လို့ ညနေမှ လာကြလိမ့်မယ်၊ မမိုးအေး နာမည်ကို ဒီရောက်မှ သိတာပါ’

သဘောကောင်းသော ဆရာဝန်မလေးသည် သူ့လက်ကိုကိုင်၍ သွေးတိုးစမ်းသည်။ ဆေးသွင်းထားသောပိုက်မှ အစက်ကျမှန်စေရန် ခလုတ်ကို အနည်းငယ်ညှိပေးသည်။ ပြီးတော့ တာဝန်ပြီးဆုံးသွားဟန်ဖြင့် လှည့်ထွက်ဖို့ပြင်သည်။

‘ဒေါက်တာ’

မမိုးအေးက တိုးတိုးလေး လှမ်းခေါ်သည်။ ဆရာဝန်မလေးက ပြုံးပြီး လှမ်းကြည့်သည်။ ‘ဘာလဲ’ဟူသော သဘောဖြင့် မေးလေးဆတ်ပြီး မေးသည်။

‘ကျွန်မ ဘာဖြစ်လာတာလဲ ဟင်၊ ဘာရောဂါဖြစ်နေလဲ’

‘ဘာမှ မဖြစ်ပါဘူး၊ သွေးအားနည်းလို့ပါ၊ တစ်ရက်နှစ်ရက် ဆိုရင် ကောင်းသွားမှာပဲ’

မမိုးအေးက ခေါင်းညိတ်လိုက်သည်။

‘ကျေးဇူးတင်ပါတယ်ရှင်’

မမိုးအေးနားမှာ တစ်ယောက်မှ မရှိတော့ချေ။ အနီးအနားမှ ခုတင်များပေါ်တွင် လူနာများသည် ငြီးငွေ့စွာ လဲလျောင်းအိပ်စက်နေကြသည်။ အားငယ်စရာချည်းပါပဲ။ ဆရာဝန်မလေး ပြောသလို ဘာရောဂါမှ မဖြစ်ပါစေနှင့်ဟု ဆုတောင်းရသည်။ လူနာနှစ်သိမ့်အောင် ဖြေသိမ့်ပြောသွားသည် ထင်ပါရဲ့။ သူတို့အဖို့တော့ ဆေးရုံနှင့်လူနာသည် အဆန်းတကြယ် ဖြစ်တော့မည် မထင်။ ရုံးမှာ စာရွက်နှင့် ဖောင်တိန်ကို ကိုင်ရသလို နေမှာပါဘဲ။

လှုပ်ရှားသွားလာနေသော လူနာအချို့သည် အသစ်ရောက်လာသော မမိုးအေးကို ငေး၍ ကြည့်နေကြ၏။ လူသူများရှင်းသွားချိန်ဝယ် ဘေးခုတင်မှ မိန်းမကြီးတစ်ယောက်သည် သူ့နားသို့ တရွေ့ရွေ့ လျှောက်လာလေသည်။

BURMESE CLASSIC .com

'ကလေးမကကော နှလုံးရောဂါပဲလား'

မမိုးအေးရင်ထဲမှာ ထိတ်ခနဲ ခုန်သွား၏။ သူ့ကိုမေးသော မိန်းမကြီးသည် ဆင်းရဲနွမ်းပါးပုံရကာ ရောဂါကလည်း ရင့်နေပုံရသည်။ မျက်တွင်းဟောက်ပက်ဖြစ်၍ နေသည်။

'ကျွန်မ ကျွန်မ၊ ဘာမှ မဖြစ်ပါဘူး'

မမိုးအေးက တိုးတိတ်စွာ ပြောလိုက်သည်။ ရင်ထဲကတော့ ခုန်လှပြီ။ တကယ်များ နှလုံးရောဂါရနေပြီလား။ နှလုံးရောဂါက ရုတ်တရက် သေသွားနိုင်သလား။ သည်အချိန်မှာတော့ သူ မသေချင်သေးပေ။ မေမေ့ဆီ ပြန်ရဦးမည်။ သူ လုပ်ချင်ရာလုပ်သည်ကို မကျေနပ်ဘဲနှင့် ခွင့်ပြုခဲ့သော မေမေ့ကို တောင်းပန်ရဦးမည်။ သည်မျှကြာအောင် မေမေနှင့် အဆက်အသွယ် ပြတ်နေသည်မှာ မကောင်းချေ။ မေမေသည် တစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာတွေ ရှိချင်ရှိမည်။ လေးလေး၏ မိဘများက မေမေ့ကို တိုက်ခိုက်နေသည် မဟုတ်လား။ မမိုးအေးစိတ်ထဲမှာ ပူလာသည်။ နေမကောင်းဘူးဆိုလျှင်တော့ မေမေ နေမှာမဟုတ်။ ဘယ်လောက်ပဲ စိတ်ဆိုးနေနေ ပြေးလာမှာပါ။ မေမေ့ကို တွေ့ချင်လိုက်တာ။ ဒါပေမယ့် မေမေ မလာစေချင်။ သူကသာ သွားတွေ့ချင်သည်။ ရိုးရိုးအားနည်းတာပဲ ဖြစ်မှာပါ။ ဆေးရုံမှာ နှစ်ရက် သုံးရက်နေလို့အားပြည့်လာရင် ဆင်းနိုင်မှာပဲ။ သည်တော့မှ တောင်ကြီးကို အမြန်ဆုံးပြန်ရမည်။ အဝတ်တွေ သိမ်းဆည်းနေတာ ပြီးလောက်ပြီထင်၏။ အဆင်သင့်ပါပဲ။

ညနေဘက်တွင်တော့ အဆောင်မှ သူငယ်ချင်းများရော ကိုဖေခင်ပါ အစုံအညီ ရောက်လာကြသည်။ သည်လိုဆိုတော့လည်း မမိုးအေး၏ ခုတင်သည် ဧည့်သည်အများဆုံးဖြစ်နေကာ ဆူညံစည်ကား၍ နေ၏။ အားရှိစရာပင်။

'မိုးက တစ်ညလုံးမအိပ်ဘဲ အစောကြီးထပြီး ပစ္စည်းတွေ သိမ်းတော့ တာကိုး၊ သိပ်အားနည်းနေတယ် မဟုတ်လား၊ ဒါကြောင့် မူးလဲတာ'

BURMESE CLASSIC .com

မြမြက ပြောပြသည်။

'ကိုဖေခင် မိုး မေမေ့ဆီ ပြန်မလို့'

'ကောင်းပါတယ် မိုးရယ်'

ကိုဖေခင်သည် အပြစ်ရှိသူလို မမိုးအေးကို ငေး၍ ကြည့်နေမိသည်။ သူတို့သည် စိတ်အလိုဆန္ဒများကိုဆန့်ကျင်၍ မလိုအပ်ဘဲ အတွေးခေါင်မိခဲ့ကြပြီလား။ သူတို့၏ အတွေးအခေါ်များသည် သဘာဝတရားကို လွန်ဆန်နေပြီလား။

'မိုး ဘာရောဂါ ဖြစ်လာတာလဲ ဟင်'

မမိုးအေးက သူတို့ကိုပင် ပြန်မေးရပြန်သည်။

'ဘာမှ မဖြစ်ပါဘူး၊ တို့တွေ ဆေးရုံရောက်တော့ အသိဆရာဝန်တစ်ယောက်နဲ့ တွေ့တယ်၊ အဆင်ပြေသွားတာပေါ့၊ သွေးအားသိပ်နည်းနေလို့တဲ့၊ သွေးနီဥ နည်းနေတာတဲ့၊ မိုးကို သွေးသွင်းပေးဦးမယ်ထင်တယ်'

'မိုးကို ဆေးရုံရောက်အောင် ဘယ်လိုလုပ် ခေါ်လာကြလဲ'

'ကားပေါ်ပွေ့တင်ခဲ့ရတာပေါ့ဟ၊ အိမ်ရှင်က ကားနဲ့ လိုက်ပို့တယ်၊ မိုးရဲ့ကိုယ်က ပေါ့ပေါ့လေးပဲ'

မမိုးအေးသည် သူငယ်ချင်းတစ်စု၏ ရိုင်းပင်းကူညီမှုကို ကျေးဇူးတင်သည်နှင့်အမျှ အားလည်းနာလှသည်။ တတ်သမျှ မှတ်သမျှ ယူဆောင်လာသော အစားအစာတွေကိုလည်း မစားရက်အောင် ဖြစ်ရသည်။ သူတို့ တွေသည် ဘဝကို အတူလျှော်ခတ်နေကြသော ဘက်တော်သားတွေပါပဲလား။

'မိုးရဲ့ မေမေဆီ စာရေးရမယ်၊ အန်တီခင်တို့ဆီလဲ အကြောင်းကြားရမယ်'

မြမြက ပြောသည်။

'ဟင့်အင်း ဘယ်သူ့ဆီမှ မပြောနဲ့၊ မိုး နေကောင်းသွားမှာပဲ၊ နေကောင်းရင် တောင်ကြီးကို ပြန်မယ်၊ မေမေ ဝမ်းသာသွားမှာပဲ'

BURMESE CLASSIC .com

ကိုဖေခင်ကတော့ တစ်ချိန်လုံး ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေသည်။ မမိုးအေးကို ဆေးရုံတင်ပြီးတော့ သူငယ်ချင်းများက လာအကြောင်းကြားကြသည်။ ဆေးရုံကို ချက်ချင်းလိုက်လာခဲ့သည်။ သို့သော် သူအပေါ်တက်ခွင့်မရခဲ့။ ဆေးရုံအောက်မှာ တစ်ချိန်လုံး ထိုင်စောင့်နေခဲ့ရသည်။ မမိုးအေးအတွက် သူ့မှာ တာဝန်များစွာ ရှိလေသည်။

သူငယ်ချင်းတွေ ပြန်သွားပြီးမှ ကိုဖေခင်က နေရာမှထသည်။ မမိုးအေး၏ လက်ကလေးများကို ဆုပ်ကိုင်ပြီး အားပေးလိုက်သည်။

'ကျွန်တော်တို့ဟာ ထာဝရမိတ်ဆွေပါ မမိုးအေးရယ်၊ ကျွန်တော် မမိုးအေးအပေါ်ထားတဲ့ စေတနာနဲ့အချစ်ဟာ ဘယ်တော့မှ မပျက်ပြယ်စေရပါဘူး'

မမိုးအေးကလည်း မျက်ရည်များ ဝေ့ဝဲရင်းက ခေါင်းညိတ်ပြသည်။

'ကျွန်မ သံသယမဖြစ်ပါဘူး ကိုဖေခင်'

ကိုဖေခင်က မမိုးအေး၏ လက်ကလေးကို ယုယစွာ ဆုပ်ကိုင်နှုတ်ဆက်လိုက်သည်။

မမိုးအေး၏ လက်ကလေးများသည် အေးစက်ဖျော့တော့ လျက်ပင်ရှိနေသေးသည်။

www.burmeseclassic.com

# ၇

တစ်ပတ်ခန့် အနားယူလိုက်ရသဖြင့် အားပြည့်၍လာသည်။ နှုတ်ခမ်းလေးများလည်း သွေးရောင်လျှမ်းစပြုလာသည်။ ဆေးရုံမှာ သက်သက်သာသာ နေရသည့်အတွက် စိတ်ရောလူပါ ပြန်လည်လန်းဆန်း လာသည်။ စာမဖတ်ရသည့်အတွက် ပျင်းသလိုလို ရှိသော်လည်း ဘေးမှ လူနာများနှင့် စကားပြောရခြင်း၊ မထနိုင်သူများကို ကူညီရခြင်းတို့အတွက် ငြီးငွေ့နေစရာ အချိန်မရပေ။ ပြီးတော့ လူတွေသည် ထင်သည်ထက်ပင် ဆင်းရဲနွမ်းပါးလှကာ ဘဝကို ခက်ခက်ခဲခဲ ရုန်းကန်ရင်ဆိုင်နေရသည်ကိုလည်း မျက်ဝါးထင်ထင် မြင်ရပြန်သည်။ ရောဂါ၏ ဖိစီးမှုကို ဆေးဝါးအာဟာရဖြင့် မခုခံနိုင်ဘဲ တဖြုတ်ဖြုတ် ကြွေသွားသူတွေ၏ အဖြစ်ကိုလည်း ရင်နာစဖွယ် တွေ့နေရလေသည်။

ကိုဖေခင်က ‘မမိုးအေး ဘဝအကြောင်းသိချင်လို့ ဘယ်လောက်ပဲ ဆင်းရဲခံတယ်ပြောပြော၊ ဟန်ဆောင်ဆင်းရဲတာပဲ ရှိတော့မပေါ့’ တဲ့။ သူပြောတာ ဟုတ်လေမလား။ သူ့ဘေးမှ လူနာချို့သည် အိမ်မှ ဆန်ပြုတ်တစ်ခွက်ပင် လာမပို့နိုင်ချေ။ ညှော်သည်လာချိန်တွင် စောင်ကိုတင်းတင်းခြုံကာ

BURMESE CLASSIC .com

အိပ်နေသူတွေလည်း ရှိသေးသည်။ အိမ်မှာ ကျန်ခဲ့သူများသည် ဆေးရုံမှ လူနာအတွက် အချိန်ပေးနိုင်ဟန်မတူပေ။ ဒါကြောင့်လည်း မေမေက ပြောတာပဲ၊ 'ဆင်းရဲတယ်ဆိုတာ လက်တွေ့ကြုံဖူးမှ ခါးမှန်းသိမယ်'တဲ့။ သြော် သူတို့မှာတော့ ချို သည် ခါးသည်ကိုပင် တွေးတောနေဖို့အချိန်ရမည် မထင်။ လောကမှာ ချမ်းသာသူတွေရှိနေလို့ ဆင်းရဲသူတွေများနေတာလား မသိ။ ချမ်းသာနေသူများသည် ဆင်းရဲသူများ၏ တရားခံများသာ ဖြစ်၏။ အားလုံးမှာ တာဝန်ရှိသည်ပင်။

အန်တီခင်သည် မမိုးအေးထံ နေ့စဉ်ရောက်လာတတ်သည်။ ကြက်သွန်ဖြူကို ဆားပြားရိုက်ကာ ကြက်သားနှင့် ခပ်လေးလေး ချက်ထားသော မြူစွမ်ပြုတ်သည် အရသာရှိလှသည်။ ပန်းကန်ကိုကိုင်ကာ ဇွန်းဖြင့် ပါးစပ်ထဲရောက်အောင် ခွံ့ကျွေးသည်မှာလည်း ကြည်နူးစရာ ကောင်းလှသည်။ သည်အချိန်မှာ မေမေ့ကို ပို၍ သတိရ၏။ မေမေသည် ငယ်ငယ်ကတည်းက သူ့ကို တစ်ခါမျှ ထမင်းခွံ့မကျွေးခဲ့ပေ။

'မိုး မနက်ဖြန်ဆို ဆေးရုံက ဆင်းရတော့မှာ၊ တစ်ရက်နှစ်ရက် နေပြီးရင် တောင်ကြီးကို ပြန်မယ်၊ ခုလောက်ဆို မေမေလဲ စိတ်ဆိုး ပြေမှာပဲ၊ မေမေ့ကို ရန်ကုန်ခေါ်ခဲ့ရဦးမယ်၊ အန်တီခင်တို့၊ အဘွားလေး တို့နဲ့ တွေ့ပေးရမယ်၊ မေမေဟာ ခုချိန်မှာတော့ စိတ်တွေပြောင်းနေ လောက်ပါပြီ၊ မေမေတစ်ယောက်တည်း နေရတဲ့ဘဝကို ငြီးငွေ့ဖို့ကောင်းပြီ'

'အန်တီခင်လဲ ဆုတောင်းပါတယ်ကွယ်၊ မမဆွေကို အန်တီခင် ချစ်တာပဲ'

ထိုနေ့က ပစ္စည်းအချို့ကိုသိမ်း၍ အဆောင်မှ သူငယ်ချင်းများ လာလျှင် ပြန်ပေးလိုက်ဖို့ စီစဉ်၏။ သည်နေ့တော့ သူငယ်ချင်းများ ကလည်း အလာနောက်ကျသည်။ သူတို့မှာလည်း ဆေးရုံကိုလာရ သည်မှာ မလွယ်လှ။ အလုပ်မှ ပြန်ရောက်လျှင် နားချင်ဦးမည်။

မမိုးအေး မျှော်နေဆဲမှာ မြမြသည် ရှေ့ဆုံးမှ ဝင်လာ၏။ သူ့နောက်မှ မခင်နွဲ့နှင့် ကိုဖေခင်တို့ ပါလာသည်။ သူတို့နောက်မှာတော့ အို မေမေပါလား။

BURMESE CLASSIC .com

အန်တီခင်သည် ထမင်းချိုင့်များကိုသိမ်းနေရာမှ မေမေ့ကို မြင်လိုက်ရသဖြင့် အံ့အားသင့်ပြီး ကြည့်နေလေသည်။ မမိုးအေး၏ ရင်တွေကတော့ များစွာလှုပ်ရှားလာကာ လက်ကလေးများပင် တုန်၍လာသည်။ မေမေသည် ဖြည်းလေးစွာ လျှောက်လာနေ၏။ ကြည့်စမ်း မေမေ ပိန်သွားလိုက်တာ၊ အသားတွေလည်းမည်းလို့ အဘွားကြီးကျနေတာပါပဲလား။

မေမေသည် မမိုးအေး၏ ခုတင်နားရောက်ကာနီးမှ ခပ်သုတ်သုတ်လေး ပြေးလာ၏။ မေမေ့ အသွင်သည် ယခင်ကနှင့် မတူတော့ပေ။ မာန်မာနကင်းစင်ကာ မိခင်တစ်ယောက်က သမီးတစ်ယောက်ဆီကို တွေ့လိုဇောဖြင့် တကယ်ပြေးလာပုံပင်တည်း။ မမိုးအေးသည် လက်ကိုဆန့်တန်း၍ မေမေ့ကို ဆီးကြိုလိုက်သည်။ မေမေသည် မမိုးအေး၏ လက်ကလေးများကို ဖမ်းယူဆုပ်ကိုင်ပြီး ခေါင်းကလေးကိုပါ ရင်ခွင်ထဲ ဆွဲသွင်းလိုက်လေသည်။ မေမေ ငိုလေပြီ။ မေမေ ငိုတာ နှစ်ခါတောင် ရှိပါပြီကော။ လေးလေးနှင့် စကားအခြေအတင်ပြောကြစဉ် တစ်ခါက မေမေ ငိုဖူးသည်။ ယခုတစ်ခါ ငိုသည်။ မေမေ အချစ်အတွက် ငိုတတ်ပါပြီ။

'သမီး မာမီ့ဆီကို ဘာလို့အကြောင်းမကြားလဲ သမီးရယ်'

မမိုးအေးသည် မျက်ရည်ကြားမှ ပြုံး၍ နေသည်။

'သမီး မေ့မေ့ဆီ လာမလို့ဘဲ၊ ဆေးရုံကဆင်းဆင်းချင်း လာမလို့ပါ'

'ဘာပဲ ဖြစ်ဖြစ် သမီးနေမကောင်းတာ မာမီ အနားမှာ ရှိသင့်တာပေါ့'

မမိုးအေးသည် မျက်ရည်များကျရင်းမှ ဝမ်းသာစွာ ပြုံးပြန်သည်။

'သမီးသိပါတယ်၊ မေမေဟာ သမီးတစ်ယောက်တည်းရှိတာ ပစ်မထားနိုင်ဘူးဆိုတာကို၊ ဒီမှာ အန်တီခင်လေ မေမေ၊ သမီးကို အန်တီခင်က လာပြုစုနေတယ်'

အန်တီခင်သည်လည်း မျက်ရည်များကြားမှ ပြုံး၍နေ၏။ ကျန်လူများကတော့ အဝေးကို ရှောင်နေသည်။ မေမေသည် အန်တီခင့်ကိုလည်း လှိုက်လှဲစွာ နှုတ်ဆက်သည်။ အဘွားလေးအကြောင်းကိုလည်း

BURMESE CLASSIC .com

မေးသည်။ တွေ့ချင်ကြောင်းလည်း ပြောသည်။ မေမေ့ မျက်လုံးများသည် မျက်ရည်များကြားမှပင် ရီဝေရွှန်းလဲ့၍နေသည်။ ဒေါသရိပ်တွေ မတွေ့ရတော့ပေ။

'သမီး မနက်ဖြန် ဆေးရုံက ဆင်းရမယ်၊ မေမေနဲ့သမီး တစ်ခါတည်း တောင်ကြီးကို လိုက်ခဲ့မယ်'

မေမေသည် မမိုးအေး၏ ဘေးတွင်ထိုင်ရင်း မမိုးအေး၏ လက်ကလေးများကို ဆုပ်နယ်ကာ ပြောသည်။

'သမီးလိုက်ဖို့ မလိုတော့ဘူး၊ မာမီ ရန်ကုန်ကို တစ်ခါတည်း ပြန်လာခဲ့တာ၊ သမီးက ရန်ကုန်မှာ အလုပ်လုပ်နေတယ်ဆိုတော့ သမီးနားမှာ မာမီရှိဖို့လိုတယ်၊ ပွဲရုံကိုလဲ လေးလေးရဲ့ မိဘတွေဆီ အပ်လိုက်ပြီ။ သမီးပြောလိုပဲ မာမီ ဒါတွေအတွက် စိတ်အဆင်းရဲ မခံတော့ဘူး၊ အိမ်ကိုလဲ ရောင်းဖို့ စီစဉ်ခဲ့တယ်၊ ဒီမှာ အခန်းလေး တစ်ခန်းငှားပြီး သမီးလုပ်စာပဲ စားနေတော့မယ်လေ'

မမိုးအေးသည် ကြည်နူးစွာရယ်လိုက်၏။

တကယ်တော့ မေမေသည် မမိုးအေး၏ လုပ်စာကို စားဖို့လိုမည် မဟုတ်ပေ။ မေမေ သည်မှ ဆင်းရဲမသွားနိုင်ဘူးဆိုတာ မမိုးအေးသိသည်။ မေမေသည် စည်းစိမ်ဥစ္စာအတွက် လိုက်လေမောလေ ဖြစ်ရသော ဘဝကို သူ့ဘာသာနားလည်ပြီး ကျော်ခိုင်းခဲ့ပြီး ဖြစ်ရသည်။ ဘာပဲပြောပြော မမိုးအေးကတော့ သမီးလုပ်စာပဲ စားတော့မည်ဟူသော စကားတစ်ခွန်း အတွက် လွန်စွာ ကြည်နူးရသည်။

'သမီး နေမကောင်းဘူးဆိုတာ မေမေ ဘယ်လိုလုပ်သိလဲ'

'သမီး သူငယ်ချင်းက စာရေးလို့လေ၊ ဟို မောင်ဖေခင်ဆိုတာ မိန်မရသွားပြီဆို'

'ဟုတ်တယ် မေမေ'

'မေမေ ရန်ကုန်ဆင်းဖို့ ပြင်ဆင်နေတုန်း အဲဒီ မောင်ဖေခင် ဆီက စာရတာပဲ၊ မောင်စောနိုင်လဲ လာလိမ့်ဦးမယ်၊ သူ့ခမျာ သမီးကို

သိပ်သံယောဇဉ်ရှိတာ၊ သူက ပြောတယ်လေ၊ မိုးမှာ အလုပ် လုပ်ချင်စိတ် ရှိတာ သမားရိုးကျ ဘောင်ထဲက ရုန်းထွက်ချင်တာကို တားလို့ရမှာမဟုတ်ဘဲ မတားပါနဲ့တော့တဲ့'

'ဟုတ်လား၊ ကိုစောနိုင်ကို သမီး ခင်ပါတယ်၊ သမီး တောင်ကြီး ကို ပြန်လာချင်တာ သူတို့နဲ့လဲ တွေ့ရအောင်လို့'

အန်တီခင်က ပြုံးပြီးကြည့်နေသည်။ မမိုးအေးက မေမေ့ကို ကြည့်ပြီး မေးချင်လှသောစကားတစ်ခွန်းကို မမျိုသိပ်နိုင်ဘဲ မေးလိုက်လေသည်။

'လေးလေးကကော မေမေ'

မေမေအနည်းငယ် တုံ့ဆိုင်းသွားသည်။

'သူလား၊ ပွဲရုံကို သူ့မိဘတွေဆီအပ်ပြီး မာမှိဆီ လိုက်လာမယ် ပြောတာပဲ'

ထိုစကားကိုပြောစဉ် မေမေ့ မျက်နှာသည် ရှက်သွေးဖြန်းသွား လေသည်။ အန်တီခင့်ကိုလည်း မလုံမလဲ လှန်း၍ကြည့်လိုက်သည်။ ယခုမှ မေမေ၏ ရိုးသားမှုကို တွေ့ရ၏။

'ဆေးရုံက ဧည့်သည်တွေနှင်နေပြီ၊ မေမေတို့ပြန်ကြတော့ နက်ဖြန်ခါ သမီးကို လာကြိုနော်၊ ဪ အန်တီခင်လဲ လာခဲ့ပါ'

အန်တီခင်က မျက်စောင်းထိုးရင်း ခေါင်းညိတ်ပြသည်။

'မေမေ ဘယ်မှာတည်းလဲဟင်'

'မြို့ထဲက အသိတစ်ယောက်ဆီမှာ'

အန်တီခင်သည် မေမေ့ကို မဝံ့မရဲကြည့်၏။

'ကျွန်မတို့အိမ်လိုက်ခဲ့ပါလား မမဆွေ'

'ကောင်းသားပဲ'

မေမေသည် မမိုးအေး၏ နဖူးလေးကို ညင်သာစွာ နမ်းလိုက်သည်။ မမိုးအေး၏ ပါးပြင်ပေါ်တွင် သွေးရောင်လေးများ လွှမ်းလာသည်အထိ ရှိန်းမြမြခံစားရ၏။ ကလေးဘဝကလဲ သည်လိုပဲ မမိုးအေး

ကို နမ်းခဲ့တာပါပဲ။ သားသမီးကို မနမ်းဖူးတဲ့ မိခင် ရှိမည်မထင်။ ယခုအကြိမ် မေမေ့ အနမ်းကို ခံယူရသည်မှာ ဘာနှင့်မျှ မတူ။ ကြည်နူး နှစ်သိမ့်မှုကို နက်ရှိုင်းစွာ ခံစားရသည်။ ပျောက်ဆုံးနေသော အဖိုးတန် ရတနာတစ်ခုကို ပြန်တွေ့ရသလိုပင်။

လောဘ ဒေါသ မာန်မာနတွေဖြင့် ပိတ်ဖုံးနေခဲ့သော မေမေ့ အသည်းနှလုံးထဲမှ ချစ်မေတ္တာသည် ပြန်လည် နိုးကြားလာခဲ့ပေပြီ။ မေမေ မအိုသေး။ မေမေသည် အေးချမ်းသာယာသောဘဝကို ယခုမှ အစပျိုးပေလိမ့်မည်။ ချစ်မေတ္တာရနံ့တို့ဖြင့် ထုံမွှမ်းအပ်သော လူ့လောကကို ယခုမှ မေမေကြုံတွေ့ရတော့မည်။ ထိုအခါ သမီးတစ်ယောက်၏ မဆို စလောက်သော လုပ်စာလေးကို မြည်းစမ်းရုံဖြင့် လူ့ဘဝ၏ ပြီးပြည့်စုံသော အဖြစ်ကို မေမေ ခံစားရပါစေမည်။

မြမြတို့လူသိုက် ပြန်ဝင်လာကြသည်။ ကိုဖေခင်သည် နောက်နားမှ ရပ်ကာ မမိုးအေးကို ကြည်နူးနှစ်သိမ့်စွာ ကြည့်နေသည်။ သူချစ်သော မမိုးအေးအတွက် တာဝန်ကျေစွာထမ်းဆောင်လိုက်ရလေပြီဟု သူ ကျေနပ် နေပုံရလေသည်။

မေမေတို့ အားလုံး မမိုးအေးကို နှုတ်ဆက်ကာ ထွက်ခွာသွား ကြ၏။ မမိုးအေးသည် ခုတင်ပေါ်မှ ဆင်းကာ ဝရံတာသို့ထွက်လာ ခဲ့သည်။ ဆေးရုံမှ ထွက်ခွာသွားသော မေမေ့ကို စောင့်၍ ကြည့်လိုသေး သည်။ မေမေသည် အားလုံး၏နောက်မှ အေးဆေး ငြိမ်သက်စွာပင် လိုက်ပါသွား၏။ မမိုးအေးသည် မေမေ့ကျောပြင်ကို ကလေးငယ် တစ်ယောက်လို တမျှော်တခေါ် လိုက်၍ကြည့်နေမိသည်။

ယခုတော့ မေမေသည် မမိုးအေး၏ မေမေ။ တလောကလုံးမှာ နှစ်ယောက်တည်းသာရှိသော မမိုးအေးနှင့် မေမေပါပဲ။

**၃၀၊ ၈၊ ၁၉၇၈။**

**မိုးမိုး(အင်းလျား)**

www.burmeseclassic.com

## စာရေးသူ၏
## စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း

| | |
|---|---|
| ၁၉၄၄ အောက်တိုဘာလ ၂၄ | အမည်ရင်း ဒေါ်စန်းစန်းကို ဒိုက်ဦးမြို့၌ အဖ ဦးထွန်း အမိ–ဒေါ်မြရှင်တို့မှမွေးဖွားသည်။ |
| ၁၉၅၂ | ဒိုက်ဦးမြို့ အစိုးရအထက်တန်းကျောင်းတွင် စတင်ပညာသင်ကြားသည်။ |
| ၁၉၅၆ | စတုတ္ထတန်း စကောလားရှစ်ဆု ရသည်။ |
| ၁၉၅၉ | သတ္တမတန်း ကျောင်းသူဘဝတွင်ကဗျာများ စတင်ရေးသားသည်။ ကျောင်းစာကြည့်တိုက်နှင့် နံရံကပ်စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ |
| ၁၉၆၀–၁၉၆၄ | အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ဆုရရှိခဲ့သည်။ |
| ၁၉၆၄ | တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ |
| ၁၉၆၅ | ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သင်္ချာအဓိကဖြင့် တက်ရောက်သင်ကြားခဲ့သည်။ |
| ၁၉၆၅ မတ် | တိုင်းရင်းမေဂျာနယ်တွင် ရွက်လှေပန်းလေးကိုယ့်ဘဝကဗျာကို စတင်ရေးသားခဲ့သည်။ |
| ၁၉၆၈ ဇန်နဝါရီမှ | မြောက်ဥက္ကလာပမြို့နယ် အ မ က နိုဝင်ဘာ (၂၃)တွင် မူလတန်းပြဆရာမ အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ |
| ၁၉၆၉ နိုဝင်ဘာ ၆ | မျိုးညွန့် (စာပေလောက) နှင့် လက်ထပ်သည်။ |
| ၁၉၇၀ မေ | တိုင်းရင်းမေဂျာနယ၌တွင် ပြင်ဆင်ချယ်သမျက်လုံးအလှ ဆောင်းပါးကို စတင်ရေးသားခဲ့သည်။ |

www.burmeseclassic.com

| | | |
|---|---|---|
| ၁၉၇၂ | စက်တင်ဘာ | [illegible] အိမ်နီးချင်း အမည်ရှိ ပထမဦးဆုံး ဝတ္ထုတိုကို ရေးသားခဲ့သည်။ |
| ၁၉၇၂–၇၈ | | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သုတေသန ဌာနခွဲတွင် သုတေ သန လက်ထောက် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ |
| ၁၉၇၄ | အောက်တိုဘာ | ပျောက်သောလမ်းမှာ စမ်းတဝါးအမည်ရှိ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကို ရေးသားခဲ့ သည်။ ယင်းဝတ္ထုဖြင့် ၁၉၇၄ ခုနှစ် အမျိုးသားစာပေဆု ရခဲ့သည်။ |
| ၁၉၇၅ | ဖေဖော်ဝါရီ | ပွင့်တချို့ ကြွေတချို့ကို ရေးသားခဲ့သည်။ |
| ၁၉၇၅ | ဩဂုတ် | ရွက်လှပန်းကို ရေးသားခဲ့သည် |
| ၁၉၇၆ | မေ | ငပလီဇာတ်လမ်းကို ရေးသားခဲ့သည်။ |
| ၁၉၇၆ | အောက်တိုဘာ | အချစ်ဆိုသောအရာကို ရေးသားခဲ့သည်။ |
| ၁၉၇၇ | မေ | ဘယ်သူလာကူပါ့မယ်ကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | ဧပြီ | မှတစ်ပါးအခြားမရှိပြီကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | ဇူလိုင် | သဗ္ဗေသတ္တာ အဝေရာဟောန္တုကို ရေးသား ခဲ့သည်။ |
| ၁၉၇၈ | နိုဝင်ဘာ | မှ တစ်ဆင့်ကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | | ပျောက်သောလမ်းမှာ စမ်းတဝါးကို ရုရှား ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |
| ၁၉၇၉ | ဩဂုတ် | ရွှေတိဂုံမြင်လျှင်ကို ရေးသားခဲ့သည်။ |
| ၁၉၇၉ | ဒီဇင်ဘာ | ငြိမ်းကိုရှက်ပါကို ရေးသားခဲ့သည်။ |
| ၁၉၈၀ | ဧပြီ | ဂျိုးကို ရေးသားခဲ့သည်။ |
| ၁၉၈၀ | ဇွန် | မဂ္ဂဇင်းဝတ္ထုရှည်များကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကို ရရှိခဲ့သည်။ |
| ၁၉၈၀ | အောက်တိုဘာ | သမုဒ္ဒရာ ခုနှစ်စင်း မြစ်မင်းတစ်ဆယ့် |

www.burmeseclassic.com

| | | |
|---|---|---|
| | | [illegible] ရေးသားခဲ့သည်။ |
| ၁၉၈၀ | | ဘယ်သူလာ ကူပါ့မယ်ကို ရုရှားဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။ |
| ၁၉၈၁ | ဖေဖော်ဝါရီ | ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေကို ရေးသားခဲ့သည်။ |
| ၁၉၈၁ | ဒီဇင်ဘာ | ပန်းရိုင်းတစ်ရာကို ရေးသားခဲ့သည်။ |
| ၁၉၈၂ | မေ | ဝတ္ထုတိုများ ၁ ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။ |
| ၁၉၈၂ | စက်တင်ဘာ | ဝေဒနာကြာနီပွင့်ကို ရေးသားခဲ့သည်။ |
| ၁၉၈၂ | ဒီဇင်ဘာ | သုံးလွန်းတင်မှုကြိုးကို ရေးသားခဲ့သည်။ |
| ၁၉၈၂ | | မှတစ်ပါး အခြားမရှိပြီနှင့် ပျောက်သောလမ်းမှာစမ်းတဝါး တို့ကို ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |
| ၁၉၈၃ | ဇွန် | နာမကျန်းသည် အိုနှင်းဆီကို ရေးသားခဲ့သည်။ |
| ၁၉၈၃ | ဩဂုတ် | မြန်မာပြည်မှာ နေကြသည် ဝတ္ထုတိုများစာအုပ်ကို ထုတ်ဝေခဲ့သည်။ ကြွေရင်အတူတူကြွေမယ်ကို ရေးသားခဲ့သည်။ |
| ၁၉၈၅ | ဇွန် | မီးရောင်အောက်ကို ဝင်လျှင်ကို ရေးသားခဲ့သည်။ |
| ၁၉၈၅ | အောက်တိုဘာ | မေတ္တာကမ်းနား အချစ်သစ်ပင်ကို ရေးသားခဲ့သည်။ |
| ၁၉၈၅ | ဒီဇင်ဘာ | ထိုနေ့က မီးမလာပါနှင့် မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်း ဝတ္ထုရှည်များကို ထုတ်ဝေခဲ့သည်။ |
| ၁၉၈၆ | ဇူလိုင် | ဝတ္ထုတိုများ ၂ ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ |

www.burmeseclassic.com

| | | |
|---|---|---|
| | | ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။ |
| ၁၉၈၇ | ဧပြီ | ခံတက်နုကလေးတွေ ညှိုးချိန်တန်တော့ကို ရေးသားခဲ့သည်။ |
| ၁၉၈၈ | | **Afro-Asian Writers** မှ ထုတ်ဝေသော **Lotus** မဂ္ဂဇင်းတွင် စကားမဆိုဝံ့အောင် ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည်။ |
| ၁၉၈၉ | ဩဂုတ် | အိမ်နီးချင်း ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် **Fujinno Tomo** အမျိုးသမီးမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ |
| ၁၉၈၉ | ဩဂုတ် မှ | စံပယ်ဖြူမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ |
| ၁၉၉၀ | မတ် | အဖြစ် ဆောင်ရွက်ခဲ့သည်။ |
| ၁၉၉၀ | မတ် ၁၃ | ကွယ်လွန်သည်။ |

www.burmeseclassic.com

